မိုးမြင့်စာပေ

# ငွေပင်းရုဂ

(မြန်မာပြန်)

# အမှောင်လမ်း

# CONTRABAND

DENNIS WHEATLEY



# ငွေပင်းရာဇာ (မြန်မာပြန်)

# အမှောင်လမ်း

## CONTRABAND

DENNIS WHEATLEY



**ဒို့တာဝန်အရေးသုံးပါး**

ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

စည်းကမ်းလိုက်နာဘေးကင်းကွာ
စည်းကမ်းရှိမှ တိုးတက်မည်
စည်းကမ်းကိုက်ညီ ဘေးကင်းသည်

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ်ပေါက်ရေးသည်ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# အမှောင်လမ်း

## ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | – | ၁၁၇၉/ ၂၀၀၃ (၈) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | – | ၁၀၁၅/ ၂၀၀၃ (၈) |
| ထုတ်ဝေကာလ | – | ၂၀၀၃ ခုနှစ်၊ အောက်တိုဘာလ |
| အုပ်ရေ | – | ၁၀၀၀ (ပထမအကြိမ်) |
| တန်ဖိုး | – | ၇၀၀ ကျပ် |
| ကွန်ပျူတာစာစီ | – | ပုဂံကွန်ပျူတာ(ဘားလမ်း) |
| မျက်နှာဖုံးပုံနှိပ်သူ | – | ဦးကျော်စိန် (၀၂၉၀၉) |
| အတွင်းပုံနှိပ်သူ | | ကျောက်စိမ်းအော့ဖ်ဆက် |
| | | ၁၇၁၊ ၃၃ လမ်း။ ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | – | ဦးမိုးမြင့် (၈၁၄၄၃) |
| | | ပန်းတိုင်စာပေ၊ |
| | | အမှတ် ၁၆၀၊ ဗညားဒလလမ်း |
| | | မင်္ဂလာတောင်ညွှန့်၊ ရန်ကုန်မြို့ |


# နေမင်းရာဇာ (မြန်မာပြန်)

# အမှောင်လမ်း

အသစ်စက်စက်ဘာသာပြန်အက်ရှင်ဝတ္ထုစ/ဆုံး

**CONTRABAND**

**by**

# DENNIS WHEATLEY

ပြန်ဆိုရေး


**မိုးမြင့် စာပေ**

အမှတ်–၇၅(၄လွှာ)၊ ဓမ္မစိန္တာလမ်း၊

ကျောက်မြောင်း၊ တာမွေစာတိုက်၊

ရန်ကုန်။

## နေမင်းရာဇာ (မြန်မာပြန်) ၏

### ရေးသားထုတ်ဝေပြီးသော (ဘာသာပြန်အက်ရှင်ဝတ္ထုများ)

၁။ ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား

၂။ ဂျိုဂျိုစစ်ဆင်ရေး

၃။ ရဲရင့်သူတို့၏ အောင်ပွဲ

၄။ ကျားတကော့ကျား

၅။ မာဖီးယားကံတရား

၆။ မီးကုန်ယမ်းကုန်

၇။ သွေးလမ်း

၈။ စစ်နှင့်မုန်တိုင်းခရီး

၉။ တစ်ယူသန် တစ်ဇောက်ကန်း

၁၀။ နာဇီစပိုင်

၁၁။ သွေးစွန်းသော လှယမင်း

၁၂။ ဟင်းမလား၏လင်းယုန်

၁၃။ လျှို့ဝှက်စစ်ဆင်ရေး

၁၄။ ကြမ်းကြမ်းရမ်းရမ်းလှုပ်လှုပ်ရှားရှား

၁၅။ အမှောင်လမ်း



### အဓိကဇာတ်ဆောင်များ

ဂရေဂရီဆောလပ်စ် – ဗြိတိသျှလျှို့ဝှက်ထောက်လှမ်းရေးမှူး

လော့ဂါဗင်ဖေါတက်စ်ကျူ – ဗြိတိသျှဒုစရိုက်သမား

ဆာဗီနီ – လော့ဂါဗင်၏လက်ရင်းတပည့်

ဆာပလ်လီနော့ဂဝိန်းတပ်စ် – ဂရေဂရီဆောလပ်စ်၏ဆရာ

ဂျော့စ်ရဒ် – ဂရေဂရီ၏တပည့်

ဂယ်ရီဝဲလ်စ် – စကော့တလန်ယဒ် ရဲမှူး

မောရီးဖတ် – စကော့တလန်ယဒ်ရဲချုပ်

### အဓိကနေရာများ

ဒီယူဝီလ်လီ – ပြင်သစ်နိုင်ငံမြို့တစ်မြို့။

မောင့်ကပ်ပဲ(လ်) – ပြင်သစ်နိုင်ငံ ဒေသတစ်ခု

လန်ဒန် – အင်္ဂလန်မြို့တော်

## အခန်း (၁)

ဂရေဂရီဆောလပ်စ်သည် သူ့အပန်းဖြေခရီး နောက်ဆုံးနေ့သန်းခေါင် အချိန်လောက်တွင် ထိုမိန်းမပျိုကို ပထမဦးဆုံးအကြိမ်တွေ့မြင် မိသည်။ ပြင်သစ်နိုင်ငံ၊ နော်မန်ဒီပြည်နယ်၊ ဒီယူဗီလ်လီမြို့တွင်ဖြစ်သည်။

အပန်းဖြေရာသီကာလ မဟုတ်သောကြောင့် မြို့တစ်ခွင်တွင်ညှိုးသည် ရှင်းလင်းနေသော်လည်း ကာစီနို လောင်းကစားခန်းမထဲတွင်မူ အတော်အတန် လူပြည့်နေသည်။ လောင်းကစားဝိုင်းများတွင် ပြင်သစ်၊ အင်္ဂလိပ်၊ အမေရိကန် ကျား၊ မများ တိုးဝှေ့နေသလိုလက်ဘာင်၊ ဆကာင်ဒီနေဗီယာ သို့မဟုတ် ဆလပ်လူမျိုးပုံပေါက်သူများလည်း ကြိုကြားတွေ့ရသည်။

အမျိုးသမီးများ အများစုမှာ အသက် ၄၀ ဝန်းကျင်အရွယ်များဖြစ်သည်။ ကြေးစားမယ်များမှန်းသိသာသော အနုအလှလေး တစ်ချို့လည်း မြင်ရသည်။

ဂရေဂရီသည် လောင်းကစားဝိုင်းသို့ ယခုမှ ရောက်လာသော



အမျိုးသမီးကို နှစ်ခါပြန်ကြည့်မိသည်။ ထို့နောက် သူမအဖော်ကိုငုံ့ကြည့်လိုက်သည်။ သူမ၏အဖော်သည် လောင်းကစားပွဲတွင် ဝင်ထိုင်နေပြီး သူသည် လူပုလေးတစ်ယောက် မဟုတ်ချေ။ သို့တိုင်အောင် ခန္ဓာကိုယ်အချိုးအစားက မပြေပြစ်ချေ။ သူ၏ခန္ဓာကိုယ်မှာကလေးတစ်ဦး၏ ခန္ဓာကိုယ်ကဲ့သို့ သေးကွေးကြုံလှီသည်။ သို့သော်သူ၏ ခေါင်းမှာမူ ထုထည်ပမာဏကြီး၏။ အားအင်ပြည့်၏။ နောက်သို့ လှန်ဖီးထားသော ငွေရောင်ဆံနွယ်များက သူ့ကို ဘုန်းကြီးရဟန်းဆန်ဆန် နူးညံ့သိမ်မွေ့နေပုံ ပေါက်စေသည်။ သို့သော်တင်းတင်းစေ့ထားသော ပါးစပ်နှင့် ဖျော့လွန်းသော အပြာရောင်မျက်လုံးများက နူးညံ့သိမ်မွေ့မှုကို ချေဖျက်လိုက်သည်။

သူ့ကြောင့် မိန်းမပျိုကို သတိထားကြည့်မိသည်ဟု ဆိုလျှင်ပို၍ မှန်မည်။ ဂရေဂရီသည် ထိုလူစဥ့်မမှီသော ပုဂ္ဂိုလ်ကို သိသည်။ ထိုသို့ သိသည်ကလည်း မဆန်းချေ။ ဂရေဂရီ အလုပ်ကိုက ထိုသို့သော ထင်ရှားသော ပုဂ္ဂိုလ်များကို သိရှိရေးပင်ဖြစ်သည်။

ဂရေဂရီဆောလပ်စ်သည် ကျောင်းသင်ခန်းမှသည် စစ်တလင်းသို့ တန်းတန်းမတ်မတ် ရောက်ခဲ့ရသူဖြစ်သည်။ စစ်ပွဲတစ်ပွဲတွင်ရရှိခဲ့သော ဒဏ်ရာကြောင့် ထောက်လှမ်းရေးဌာနသို့ ရောက်လာရသည်။ စစ်ပြီးကာလတွင်မူ သူ့ကို ပဲရစ်မြို့တွင် ဆက်လက်တာဝန်ချထားခဲ့သည်။ ထိုနေရာတွင် တာဝန်ထမ်းဆောင်နေစဉ်က ထင်ရှားသော ပုဂ္ဂိုလ်တော်တော်များနှင့် အထိအတွေ့ရှိခဲ့သည်။

ဥရောပအလယ်ပိုင်းတွင် ငွေကြေးကျဆင်းသောကာလတွင် ဂရေဂရီသည် ထောက်လှမ်းရေးအဖွဲ့မှ ထွက်ခဲ့သည်။ ဗီယင်နာမြို့ရှိ ဗြိတိသျှဘဏ်လုပ်ငန်းတစ်ခုတွင် ထိပ်တန်းလျှို့ဝှက်လုပ်ငန်း

များ ဆောင်ရွက်ပေးခဲ့သည်။ ထိုအလုပ် လုပ်ငန်းပြတ်သောအခါတွင် စာနယ်ဇင်းသမား ဖြစ်လာသည်။

နှစ်နှစ်လောက်အကြာတွင်မူ လန်ဒန်မြို့ နေ့စဉ်ထုတ် သတင်းစာကြီးတစ်စောင်၏ အရှေ့ဖျားပိုင်း စစ်သတင်းထောက် ဖြစ်လာသည်။ အရှေ့ဖျားပိုင်းတွင် တာဝန်ထမ်းဆောင်ပြီး ပြန်ရောက်လာသောအခါတွင် စာတိုပေစ အနည်းငယ် ရေးသားဖြစ်ခဲ့သည်မှလွဲ၍ အခြားအလုပ် မရှိခဲ့ချေ။ ထိုနောက်တွင်မူ ဗြိတိန်နိုင်ငံ၏ အကြီးမားဆုံး စီးပွားရေးလုပ်ငန်းကော်ပိုရေးရှင်းကြီးတစ်ခုနှင့် ဆက်သွယ်မိခဲ့သည်။ ထိုကော်ပိုရေးရှင်းကြီးက ထိပ်တန်းလျှို့ဝှက်လုပ်ငန်းကြီးတစ်ခု ဆောင်ရွက်ပေးစေချင်ခဲ့သည်။

ဂရေဂရီသည် ယင်းတို့၏ ကမ်းလှမ်းချက်ကို လက်ခံလိုက်သည်။ ကမ်းလှမ်းချက်ကို လက်ခံလိုက်သည်နှင့် ပထမဦးဆုံးလုပ်ကိုင်ရသော အလုပ်ကား ပြင်သစ်နိုင်ငံ နော်မန်ဒီနယ်မြေတွင် ရက်သတ္တပတ်နှစ်ပတ်မျှ အပန်းဖြေခြင်းပင်ဖြစ်သည်။ သူသည် မနက်ဖြန် အင်္ဂလန်သို့ ပြန်ပြီး ပထမဆုံးသော အစီရင်ခံစာ တင်ရန် ရည်ရွယ်ထားသည်။

မိန်းမပျိုလေးသည် သူမ အဖော်ထိုင်နေသော ကုလားထိုင်နောက်တွင် ရပ်မြဲရပ်နေခဲ့သည်။ ဂရေဂရီသည် သူမကို ခိုးကြောင်ခိုးဝှက် ကြည့်မိသည်။ သူမနှင့် ကုလားထိုင်ပေါ်မှ အဖိုးကြီး၏ ဆက်ဆံရေးကို တွက်ဆကြည့်မိသည်။ ရိုးသားသော ခင်မင်မှုလော၊ ရွှေရောင်ငွေရောင်သန်းသော အကြင်နာများလော.... ဆန်းစစ်ကြည့်နေမိသည်။

သို့တိုင်အောင် ကုလားထိုင်ပေါ်မှ ပုဂ္ဂိုလ်သည် ဆန့်ကျင်ဘက်



သတ္တဝါနှင့် သာယာတတ်သော ဥာဉ်ရှိသူ မဟုတ်မှန်း ဂရေဂရီ ကောင်းကောင်းသိသည်။ သူသည် လူမှုအသိုက်မြုံနှင့် သီးသီးကင်းကင်းရှိအောင် ဖြတ်တောက်နေထိုင်နေသူ ဖြစ်သည်။ ထိုကဲ့သို့ နေထိုင်သည်မှာ နှစ်ပေါင်းများစွာပင် ကြာနေပြီ။ ခရီးသွားလာသည့်အခါတွင်ပင် လူကြား ရောရောနှောနှော မရှိချေ။ သူ၏ ကိုယ်အင်္ဂါချို့ယွင်းမှုကြောင့် ပွဲတိုးရမှာကို ကြောက်ခြင်းလည်း ဖြစ်နိုင်သည်။ သူသည် အလွန်တရာ ငွေကြေးချမ်းသာသော်လည်း အပျော် မယားအမြှောင်ထားသည်ဟု လုံးဝမကြားဖူးချေ။

သူမနှင့် အဖိုးကြီး၏ ဆက်ဆံရေး မည်သို့ပင်ဖြစ်ပစေ၊ အဖိုးကြီးအတွက် ကြေးမသေးကြောင်း သိသာသည်။ သူမ ဝတ်ဆင်ထားသော လက်ဝတ်ရတနာများက အတု ဖြစ်ကောင်းဖြစ်မည်။ ရွှေငွေစိန်ကျောက်တို့ကိုကား အတုလုပ်၍ ရမည်။ သို့သော် တန်ဖိုးကြီးသော အဝတ်အစားများကို အတုလုပ်၍ မရချေ။ သူမ ဝတ်ဆင်ထားသော အဝတ်အစားများ၏ ကာလပေါက်ဈေး မနည်းမှန်း ဂရေဂရီ တွက်ဆမိသည်။ ထို့အပြင် သူမ အလွန့်အလွန် လှပချောမောသည်။

ဂရေဂရီသည် စိတ်အနှောင့်အယှက်ဖြစ်ပုံဖြင့် မျက်မှောင်ကုပ်လိုက်မိသည်။ သူ မနက်ဖြန် အင်္ဂလန် ပြန်တော့မှာကို နာတာပဲဟု တွက်လိုက်မိသည်။ သူ ဒီယူဗီလ်လီ ရောက်ခါစကသာ သူမကို မြင်ခဲ့လျှင် သူမနှင့် အကျွမ်းတဝင် ရောပြီးသား ဖြစ်နေရော့မည်။ သူမသည် အတော် ခင်မင်စံရာကောင်းမည့်သူ ဖြစ်ပုံရသည်။

ဂရေဂရီဆောလပ်စ်သည် သူတော်စင်တစ်ဦး မဟုတ်ချေ။ သို့သော် အရေးထားလောက်သည်ဟုသာ ထင်မှတ်အရေးထားမိသည့် အမျိုးသမီးများမရှိချေ။မရှိသည်မှာ အတော်ကြာပြီဟုဆိုလျှင် မှန်သည်။

ဤအမျိုးသမီးသည် သူ့ စိတ်ဝင်စားတတ်သော အမျိုးသမီးမျိုး၊ သူ့စိတ်ကို လှုပ်ရှားစေနိုင်သော အမျိုးသမီးမျိုးဖြစ်သည်။

'လောင်းကြေးချပါ'

ဒိုင်၏အသံကြောင့် သူ မိန်းမပျိုကို အငေးလွန်သွားကြောင်း ဂရေဂရီ သိလိုက်သည်။ ဂရေဂရီသည် သူ နှစ်သက်ရာ အကွက်ပေါ်ကို တိုကင်ပြားများ ချလိုက်သည်။

မိမိကိုယ်မိမိ ဆုံးမလိုက်မိသည်။ အရူးလို ၁၆ နှစ်သားလို ကျင့်နေမိသည်။ သတိမထားလျှင် ရက်သတ္တပတ် သုံးလေးငါးပတ်လုံးလုံး သူမမျက်နှာကိုသာ မြင်နေတော့သည်။ ဤသို့အဖြစ်မျိုး ယခင်က ကြုံဖူးခဲ့သည်။ သို့ကြောင့် ဖန်လာမည့် ပြဿနာကို မစခင်ကပင် ရှင်းသည့်အနေဖြင့် အိမ်ပြန်အိပ်လိုက်က ကောင်းမည်ဟု ဆုံးဖြတ်လိုက်သည်။

ဂရေဂရီသည် ဖဲချပ်များကို တွန်းထုတ်လိုက်ပြီး တိုကင်ပြားများ ကောက်ယူလိုက်သည်။ မတ်တပ်ရပ်လိုက်သည်။

စားပွဲမှ ထွက်လာချိန်မှာပင် ရိုးစင်းသော လှုပ်ရှားမှုတစ်ခုကို သတိပြုမိလိုက်သည်။ ဖဲဝေရန် စောင့်နေသော အဖိုးကြီးသည် သူ၏ အိပ်ဆောင်နာရီကို ဆွဲထုတ်လိုက်သည်။ သို့သော် နာရီဒိုင်ခွက်ကို မကြည့်ချေ။ သူ၏လက်ဝါးပြင်ပေါ်တွင်သာ ကိုင်ဆောင်ထားသည်။ သူ၏ ပခုံးကို ကျော်ကြည့်နေသော မိန်းမပျိုလေးက ခေါင်းတစ်ချက်ဆတ်လိုက်သည်။ ထို့နောက် စကားတစ်ခွန်းမျှ မပြောဘဲ စားပွဲမှ လှည့်ထွက်ခဲ့သည်။ ခပ်သုတ်သုတ် လျှောက်သွားသည်။

သန်းခေါင်အချိန်တိတိ နီးပါးလောက်ရှိသည်။ ဂရေဂရီသည် ကျောခိုင်းထွက်သွားသော မိန်းမပျိုကို ကြည့်၍ အဖြေထုတ်



ကြည့်သည်။ သူမနှင့် အဖိုးကြီး စကားတစ်လုံးမျှ မပြောလိုက်ကြောင်း သေချာသည်။ အဖိုးကြီးက သူမကို တစ်နေရာရာ စေလွှတ်နေသည်လော။ ချိန်းဆိုထားချက် တစ်ခုခုကို သတိပေးနေသည်လော။ မည်သို့ပင်ဖြစ်စေ သူမ ကာစီနိုခန်းမထဲက ထွက်ခွာသွားနေသည်။ နောက်ပြီး တစ်ယောက်တည်း ထွက်ခွာသွားနေသည်။

ဤအခွင့်အရေး စွန့်လွှတ်ရမည်မှာ နှမြောစရာပင်။ မိုက်ရာကျမည်ဟုပင် ဆိုနိုင်သည်။ မှန်သည်။ မိန်းမပျိုလေးကို လိုက်၍ မိတ်ဖွဲ့ဖြစ်လျှင်ပင် ခင်မင်ရမည့်အချိန် သိပ်မရှိချေ။ နောက် ၁၂နာရီကာလအတွင်း၌ ဖြစ်ပျက်သွားနိုင်သည့်အရာ များစွာရှိသည်။ ဆောင်ရွက်နိုင်သည့်အချက် အလျှံအပယ်ကြွယ်၏။ ဂရေဂရီသည် ကာစီနိုတံခါးဝသို့ ခြေလှမ်းကြဲကြဲဖြင့် လျှောက်သွားသည်။

သူမ ခြံထည်လှမ်းပြီး ထွက်မလာခင်မှာပင် ဂရေဂရီသည် ညဉ့်ကြိုကောင်တာမှ သူ၏ အပေါ်ဝတ်ကုတ်အင်္ကျီနှင့် ဦးထုပ်ကို ယူ၍ ဝတ်ဆင်ပြီး ဖြစ်နေသည်။ ကာစီနို၏ ဝင်ပေါက်နှင့် မလှမ်းမကမ်းတွင် သူ့အတွက် တက္ကစီတစ်စင်း အသင့်စောင့်ဆိုင်းနေပြီးဖြစ်သည်။

ဂရေဂရီသည် သူမကို ချဉ်းကပ်စကားပြောရန် မသင့်ကြောင်း သူ့ကိုယ်သူ သိမိသည်။ သူ့အသက်အရွယ်က သူ့ကို ဟန့်နေ၏။ လူငယ်မဟုတ်သောကြောင့် ကလေးကလားဆန်ဆန် ဝင်မပူးရဲချေ။ လိပ်ပြာမလုံ။

သူမကို စောင့်ဆိုင်းနေသော ကား မတွေ့ရ၍ ဂရေဂရီ အံ့ဩသွားသည်။ သူမသည် ကာစီနို လှေကားထစ်အတိုင်း ဆင်းသွား၏။ တောင်ဘက်သို့ ချိုးလိုက်သည်။ ပန်းခြံစည်းရိုးအတိုင်း

လျှောက်သွားသည်။ ဂရေဂရီသည် သူမကို ငါးမိနစ်မျှ အချိန်ပေးလိုက်ပြီးမှ တက္ကစီကားပေါ် တက်လိုက်သည်။ တက္ကစီကား ဒရိုင်ဘာအား ပြင်သစ်စကားနှင့် ကျွမ်းကျွမ်းကျင်ကျင် ပြောလိုက်သည်။

တက္ကစီကားသည် ကတ္တရာလမ်းအတိုင်း မောင်းလာသည်။ မိန်းမပျိုလေးကို လှမ်းမြင်ရသောအခါတွင် ဘီးလိုမ့်ရုံမျှအထိ အရှိန်လျှော့ချလိုက်သည်။ ခဏအကြာတွင် သူမသည် နော်မန်ဒီလမ်းမကြီး၏ အဆုံးကို ချိုးကွေ့လိုက်သည်။ တက္ကစီကားက တရှိန်ထိုးလိုက်လာသည်။ လမ်းထောင့်သို့ရောက်မှ အရှိန်ပြန်လျှော့ချလိုက်သည်။ ဂရေဂရီ အသာလှမ်းကြည့်လိုက်သည်။ နော်မန်ဒီဟော်တယ်ဘေးရှိ နာမည်ကြီး ရတနာဆိုင်ကြီးတစ်ခုရှေ့တွင် ကြီးမားလှသော ဇိမ်ခံကားကြီးတစ်စင်း ရပ်နေသည်ကို တွေ့ရသည်။ မိန်းမပျိုလေးသည် ထိုကားပေါ်သို့ တက်နေသည်။

'အဲဒီကားနောက်လိုက်'

ဂရေဂရီသည် သူ၏ တက္ကစီကားမောင်းသမားကို အမိန့်ပေးလိုက်ပြီး ခုံကို နောက်မှီထိုင်လိုက်သည်။

ဇိမ်ခံကားကြီးသည် လူသူကင်းမဲ့နေပြီဟုဆိုသော လမ်းများအတိုင်း တိတ်ဆိတ်စွာ ဖြတ်သန်းသွားသည်။ မြို့လယ်ခေါင်လမ်းမကြီးကို ဖြတ်ကျော်ခဲ့သည်။ ထို့နောက် ထရိုဗီလ်လီမြို့ဘက်သို့ ဦးတည်သော လမ်းသို့ ထွက်ခဲ့သည်။ ဗီယူဝီလ်လီမြို့သည် ယခင်က ထရိုဗီလ်လီမြို့၏ ဆင်ခြေဖုံးမျှသာ ဖြစ်သည်။ ထို့ကြောင့် ယင်းမြို့နှစ်ခုသည် တစ်မိုင်မျှသာ ကွာဝေးသည်။

ထရိုဗီလ်လီမြို့၏ ဆိပ်ကမ်းသို့ ရောက်သောအခါတွင် ဇိမ်ခံကားကြီး ရပ်တန့်သွားသည်။ ဂရေဂရီ၏ တက္ကစီကားသည် ယင်း



နောက် ကိုက် ၂၀၀ ကျော်အကွာ အဆောက်အဦး၏ မှောင်ရိပ်တွင် ရပ်တန့်လိုက်သည်။ ဂရေဂရီသည် သူ၏အင်္ကျီအဖြူ ရင်ဘတ်ဖုံးသွားအောင် ကုတ်အင်္ကျီ၏ ကော်လာကို ပိတ်လိုက်သည်။ သူ့မျက်နှာ ကောင်းကောင်းဖုံးသွားအောင် ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆွဲဆောင်းလိုက်ပြီး ပြတင်းပေါက်မှ ခေါင်းပြူကြည့်လိုက်သည်။

မိန်းမပျိုလေးသည် ဇိမ်ခံကားပေါ်မှ ဆင်းသက်ပြီး ဇိမ်ခံကားကို ပြန်လွှတ်လိုက်ပုံရသည်။ ဇိမ်ခံကားကြီးသည် ဂငယ်ကွေ့ ကွေ့လိုက်ပြီး ဒီယူဝီလ်လီလမ်းမကြီးဘေးတွင် တည်ရှိသော အိမ်တော်ကြီးများ၊ ဟိုတယ်ကြီးများဘက်သို့ မောင်းနှင်သွားသည်။

လူသူကင်းမဲ့နေသော အဆောက်ခွန်ရုံးနောက်မှ လူတစ်ယောက် ထွက်လာသည်။ မိန်းမပျိုနှင့် ထိုသူ နှုတ်ဆက်လိုက်ကြသည်။ မိန်းမပျိုလေးသည် ကမ်းနား အငှားယာဉ်ဂိတ်တွင် ထိုးဆိုက်ထားသော တစ်စင်းတည်းသော တက္ကစီကို လှမ်းခေါ်လိုက်သည်။ သူမသည် အမျိုးသားအား တက္ကစီကားပေါ်သို့ တွန်းတင်လိုက်ပြီး တက္ကစီကားမောင်းအား လေသံဖြင့် လိပ်စာ ပြောလိုက်သည်။ ထို့နောက် သူမလည်း ကားပေါ်ဘက်လိုက်သည်။ တက္ကစီကားသည် မြို့လယ်ခေါင်သို့ ဦးတည်ထွက်ခွာသွားသည်။ ဂရေဂရီသည် ထိုင်ခုံကို နောက်မှီထိုင်လိုက်သည်။ သူ၏ တက္ကစီကားသည် ရှေ့မှ တက္ကစီကားနောက်သို့ လိုက်သွားသည်။

ခေတ်ဟောင်း လမ်းသိမ်လမ်းကောက်အချို့ကို ဖြတ်သန်းမောင်းနှင်လာပြီး ခဏအကြာ ဂရေဂရီ၏ တက္ကစီကား ရပ်တန့်လိုက်ပြန်သည်။ မိန်းမပျိုတို့ စီးနင်းလာသော ကားသည် လမ်းကျဉ်းလေးတစ်ခု၏ ထောင့်ချိုးမီးထွန်းထားသော တံခါးပေါက်တစ်ပေါက် ရှေ့

တွင် ရပ်တန့်နေသည်။ တက္ကစီကားပေါ်မှ မိန်းမပျိုနှင့် အမျိုးသားတို့ ဆင်းသက်နေကြသည်။ အမျိုးသားသည် လေသူရဲများ ဝတ်ဆင်လေ့ရှိသော သားရေဂျာကင်ကို ဝတ်ဆင်ထားကြောင်း ဂရေဂရီ လှမ်းမြင်လိုက်ရသည်။

'စောင့်နေ'

ဂရေဂရီသည် ကားမောင်းသမားကို အမိန့်ပေးပြီး ကားပေါ်မှ ဆင်းသက်လိုက်သည်။ တံခါးကို အသာပြန်ပိတ်လိုက်သည်။ တက္ကစီကားမောင်းသမားက ပြုံးလိုက်သည်။

'ခြေသံလေးလည်း ဖွဖွနင်းနော် ဆရာ.... ခိုးစားတဲ့သူတွေက နားပါးတတ်တယ်'

မိမိအား မယားလင်ငယ်နေသည်ကို လိုက်ချောင်းသည့် လင်ကြီးဟု မှတ်ပုံရကြောင်း ဂရေဂရီ ထောင်းကနဲ ဒေါသထွက်သွားသည်။ သို့သော် ချက်ချင်းပင် စိတ်ကို ပြန်ထိန်းပြီး မဲ့ပြုံးပြုံးလိုက်သည်။

'လူဖြစ်ကံခေတာ ဒါမျိုးပဲ နေမယ်'

ဂရေဂရီသည် ပြောပြောဆိုဆိုပင် ခြေသံဖွဖွဖြင့် လျှောက်လာခဲ့သည်။

မိန်းမပျိုတို့ စီးနင်းလာခဲ့သော တက္ကစီကားမှာ ဆက်လက်မောင်းထွက်သွားခဲ့သည်။ တက္ကစီကား ရပ်တန့်သောနေရာမှာ အပေါစား စားသောက်ဆိုင်တစ်ဆိုင် ဖြစ်ပုံရသည်။ ဆိုင်ထဲတွင် တိတ်တဆိတ် လက်ဖက်ရည်သောက်နေသူ အနည်းငယ်သာရှိသည်။ ယင်းတို့ထဲတွင် မိန်းမပျိုနှင့် လေသူရဲဂျာကင် ဝတ်ဆင်ထားသည့် အမျိုးသား မပါချေ။ မျက်စိလျှင်သော ဂရေဂရီသည် လမ်းမှ



နေ၍ အပေါ်ထပ်အခန်းများသို့ တက်သည့် သီးခြားတံခါးပေါက်တစ်ပေါက် သတိပြုမိလိုက်သည်။

သူ စိတ်မရှည်စွာ ပခုံးတွန့်လိုက်သည်။ သက်သက်မဲ့ အလုပ်ရှုပ်မိခဲ့ပြီ။ မိန်းမပျိုလေး၏ သဘာဝအမှန်ကို တွက်ဆမိလိုက်သည်။ ဤအိမ်ကား အတွဲတွေကို အခန်းငှားသော အိမ်မှန်း သေချာသည်။ ဤမျှ လှပသောမိန်းမပျိုက ဤမျှ အပေါစားဆန်သော နေရာတွင် သူ့ချစ်သူနှင့် ချိန်းတွေ့နေသည်ဟူသော အချက်ကို အံ့ဩမိသည်။ သို့သော်လည်း မိန်းမများ အချစ်မူးလျှင် တဲနှင့်တိုက်ကို ခွဲမသိတတ်တော့ချေ။ ဤကောင်မလေးကို အဖိုးကြီး ပိုင်ကောင်း ပိုင်မည်။ သို့သော် လွတ်လပ်ခွင့်နှင့်ပတ်သက်ပြီး သဘောတူထားချက် ရှိပုံရသည်။ ယခု သဘောတူထားသောကာလ ဖြစ်နေပုံရသည်။

ဂရေဂရီ လှည့်ပြန်ရန် ဟန်ပြင်လိုက်ချိန်မှာပင် စားသောက်ဆိုင် အပေါ်ထပ်အခန်းမှ အော်သံတစ်ချက် ပေါ်လာသည်။ ပြတင်းပေါက်လိုက်ကာများကြောင့် အသံပိတ်ပြီး အုပ်အုပ်လေးသာ ပေါ်သော်လည်း ဂရေဂရီက နားပါးသည်။

ဂရေဂရီ၏မျက်နှာပေါ်တွင် အပြုံးတစ်ပွင့် ယှက်ဖြာသွားသည်။ သူသည် လေ့ကားအတိုင်း တဟုန်ထိုး ပြေးတက်သွားသည်။ မီးရောင် သဲ့သဲ့ထိုးထွက်နေသော တံခါးချပ်ကို ကိုယ်တစောင်းတိုက်ချလိုက်သည်။

အပေါ်ထပ်အခန်းမှာ အောက်ထပ်စားသောက်ခန်းကဲ့သို့ပင် ခပ်ညစ်ညစ်သာ။ အခန်းထောင့် တစ်ထောင့်တွင် လူလေးဦး နပန်းလုံးနေကြသည်။ သုံးဦးသည် ပြင်သစ်ဆိပ်ကမ်း အလုပ်သမားများ

ဝတ်ဆင်သော အပြာရောင် ဝတ်စုံကို ဝတ်ဆင်ထား၏။ ယင်းတို့အောက်တွင် ပိပြားနေသော ပုဂ္ဂိုလ်ကား လေသူရဲ ဂျာကင်နှင့် လူပင်။

မိန်းမပျိုလေးသည် ထိတ်လန့်ခြောက်ခြားနေသည့်ပုံစံဖြင့် စားပွဲလေးတစ်လုံးကို ဖမ်းဆွဲထားသည်။ အော်ဟစ်၍ အသံမထွက်နိုင်တော့အောင် တုန်လှုပ်ခြောက်ခြားနေသယောင်ရှိသည်။

ဂရေဂရီသည် အနီးရှိ စားပွဲပေါ်မှ ပုလင်းတစ်လုံးကို ကောက်ဆွဲလိုက်သည်။ ဖင်ပိုင်းကို အုတ်နံရံနှင့် ရိုက်ခွဲလိုက်သည်။ ထိုနောက်ကမ္ဘာပေါ်တွင် အကျည်းတန်ဆုံးသော လက်နက်ဖြစ်သည့် ပုလင်းကွဲကို လည်ပင်းမှ ကိုင်လျက် ရန်ပွဲကြား ခုန်ဝင်လိုက်လေသည်။

❖ ❖ ✳ ❖ ❖



## အခန်း (၂)

ဂရေဂရီရန်ပွဲအတွင်းသို့ ခုန်ဝင်လိုက်ချိန်မှာပင် လူဆိုးတစ်ဦး၏လက်ထဲတွင် ဓါးရောင်လက်သွားသည်ကို တွေ့လိုက်ရသည်။ ထိုဓါးချက်ကြောင့် လေသူရဲ ဂျာကင်နှင့်လူကို ဘုရားခေါ်သွားမည်ဟု မှတ်လိုက်သည်။ သို့သော် ဂရေဂရီ အားကုန်ထိုးနှက်လိုက်သည့် ဖင်ပြတ်ပုလင်းပိုင်းသည် မိုးပြာရောင်ဝတ်ဆင်ထားသူ၏ အပေါ်ရုံအကျႌပါးကို ဖေါက်၍ အသားထဲသို့ စူးနစ်ဝင်သွားသည်။ ထိုသူသည် ငယ်သံပါအောင် ရုတ်တရက် အော်လိုက်ပြီး သူ၏ဓါးကိုလွှတ်ချလိုက်သည်။သွေးချင်းချင်းနီသွားသော လက်မောင်းကို ဖမ်းညှစ်လိုက်သည်။

အခန်းထောင့်တွင် လဲကျနေသော သူပေါ်ကားယားခွနေသော ကျန်လူနှစ်ယောက်ချာခနဲလှည့်၍ ဂရေဂရီကို ရင်ဆိုင်လိုက်သည်။ အနီးဆုံးလူက ခုန်အုပ်တော့မည်အပြုတွင် ဂရေဂရီသည် လွတ်နေသော လက်တစ်ဖက်ဖြင့် ကုလားထိုင်တစ်လုံးကို ဆွဲယူပြီး ပေါက်ထည့်လိုက်သည်။ ထိုသူ၏ ညို့သကြီးကို မှန်သွားသည်။ ထိုသူ ယိုင်ယိမ်းသွားသည်။ စားပွဲတစ်လုံးကို အသဲအသန် ဖမ်းဆွဲလိုက်

သည်။စားပွဲက ခနော်ခနဲ့။ စားပွဲလေးပါ ဝုန်းခနဲ ပြိုသွားသည်။ ကျန်လူက ဓါးတစ်လက်ဆွဲထုတ်ပြီး ကျွမ်းကျင်စွာ လက်ဝိုက်၍ ပစ်ပေါက်ရန် ဟန်ပြင်လိုက်သည်။

သို့သော် သတိလစ်သွားဟု ယင်းတို့ ထင်မှတ်လိုက်သော လေသူရဲဂျာကင်နှင့်သူသည် ဓါးသမား၏ ခြေဆစ်ကို တအားဆွဲချလိုက်သည်။ ဓါးသမားသည် ဓါးမပေါက်နိုင်ခင်မှာပင် ဝုန်းခနဲ ပြုတ်ကျသွားသည်။

လေသူရဲ ဂျာကင်နှင့်လူသည် လူးလဲထလိုက်သည်။ သူ့ရှေ့တွင် ရောက်နေသော မိန်းမပျိုကို ခပ်ကြမ်းကြမ်းတွန်းဖယ်လိုက်ပြီး ဂရေဂရီအား "ကျေးဇူးပဲ"ဟု တစ်ခွန်း အသဲအသန်ပြောပြီး အခန်းထဲမှ တဟုန်ထိုးထွက်ပြေးသွားသည်။

ဒဏ်ရာရထားသော လူဆိုးသည် လက်မောင်းသွေးတိတ်အောင်ကြိုးစားရင်း ပယ်ပယ်နယ်နယ်ဆဲနေခဲ့သည်။ ကျန်လူနှစ်ယောက်က လူးလဲထလိုက်သည် အသားညိုညိုဆံပင်ကောက်ကောက်နှင့်ဓါးသမားက ပြင်သစ်စကားဖြင့် အသဲအသန် အော်လိုက်သည်။

'ပြေးပြီ ... ပြေးပြီ .. လိုက်ဟ'

သူတို့သည် ဂရေဂရီကို တစ်ချက်ပင် ငဲ့မကြည့်ပဲ အခန်းထဲမှ ဝရန်းသုန်းကား ပြေးထွက်သွားကြသည်။

ဂရေဂရီသည် မိန်းမပျိုကို လှည့်ကြည့်လိုက်သည်။ သူမ ထိတ်လန့်နေပုံ မရှိတော့ချေ။ ဂရေဂရီအား ခပ်အေးအေးပင် ကြည့်လိုက်သည်။ ဂရေဂရီ၏ အဖြစ်ကို သဘောကျသည့်ပုံ အပြုံးသဲ့သဲ့ပင်မြင်ရသည်ဟု ဂရေဂရီ ထင်မှတ်လိုက်မိသည်။ ဂရေဂရီ မျက်စ



ချီပြုံးလိုက်သည်။

'လူငယ်တွေ အကျင့်ပျက်ပုံ ပြောမပြောချင်ပါဘူး .. ကျုပ်ဆိုရင် ခင်ဗျားကို နှုတ်မဆက်ပဲ သွားနိုင်မှာ မဟုတ်ဘူး .. အခုတော့ ဟိုလူက သွားပါအုံးမယ်လို့တောင် တစ်ခွန်းဆိုမသွားဘူး .. ကျုပ်ဆို အဲဒီလိုထားသွားခဲ့လို့ ရမှာမဟုတ်ဘူး .. အင်း ပြောရမယ်ဆို ကျုပ်ခင်ဗျားကို ထားကို ထားခဲ့မှာမဟုတ်ဘူး'

'ရှင် ကာစီနိုကတည်းက ကျွန်မနောက်လိုက်ခဲ့တယ် .. ရှင့်ကို ကျွန်မမှတ်မိတယ်'

မိန်းမပျိုလေးသည် ဂရေဂရီ၏ စကားကို လစ်လျူရှု၍ ခပ်အေးအေးပြောလိုက်သည်။

သူမ ပြင်သစ်လူမျိုးဖြစ်ပုံရသည်။ သို့သော် အင်္ဂလိပ်စကားကိုလည်း အင်္ဂလိပ်နှင့်မခြားပြောနိုင်ပုံရသည်။ သူမကို ဤအခါမှသာ အေးအေးဆေးဆေး စိမ်ပြေနပြေ ကြည့်ဖြစ်သည်။ အဝေးနှင့်လျှပ်တပြတ် အမြင်မမှားကြောင်းသဘောပေါက်လိုက်သည်။ သူမအလှကား အနီးကြည့် ရေရှည်အကြည့်လည်းခံသည်။

သူ့အကြည့်ကို သူမက နက်ဝန်းသော မျက်လုံးများဖြင့် မမှိတ်မသုန်တုံ့ပြန်လိုက်သောအခါတွင် ဂရေဂရီ ချက်ချင်းသဘောပေါက်လိုက်သည်။ဤမိန်းမပျိုလေးသည် မအူမလယ် နုနယ်သော မိန်းမပျိုလေးတစ်ဦးမဟုတ်၊ အလွန်ပင်အန္တရာယ်ပေးနိုင်သော အမျိုးသမီးတစ်ဦးပင်။ အခြားမိန်းမများ မနာလိုဝန်တို အားကျမိတတ်သော အမျိုးသမီးမျိုးဖြစ်သည်။ ဤသို့မိန်းမပျိုမျိုးများအတွက် ခေတ်အဆက်ဆက် ယောကျ်ားသားများ သတ်ဖြတ်ခဲ့ကြဘူးသည်။

ဂရေဂရီ ကြက်သီးတဖြန်းဖြန်းထသွားသည်။ ဤသို့သော

အဖြစ်မျိုး မကြုံသည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီ။ ဤသို့သော မိန်းမများရှိနေသောလောကအလယ်တွင် ဤမိန်းမမျိုးတို့ထက် အဆင့်နိမ့်သော မိန်းမများအပေါ်ခံစားချက် မဖြုန်းခဲ့သည်မှာ တော်ပေစွ ဟု မှတ်လိုက်မိသည်။

'တို့ဒီက သွားမှဖြစ်မယ်'

ဂရေဂရီက အေးဆေးစွာ ပြောလိုက်သည်။

သို့သော် သူ့လေသံက အခြေအနေနှင့် အံဝင်ပုံမရချေ။ လူဆိုးများ၏ ပြေးသံလွှားသံ မဆုံးခင်မှာပင် အိမ်နောက်ဖေးဘက်မှ ခြေသံသုတ်သုတ်ကြားလိုက်ရသည်။ နောက်တဒင်္ဂတွင်မူ အခန်းထဲရှိ အရက်စင်ဘေးမှ တံခါးလေးတစ်ချပ် ပွင့်သွားပြီး ခန္ဓာကိုယ် တုတ်ခိုင်သော ထိပ်ပြောင်ပြောင်လူတစ်ဦး အခန်းထဲသို့ တဟုန်ထိုး ပြေးဝင်လာသည်။

ကသောင်းကနင်း ဖြစ်နေသော ပရိဘောဂများကို မြင်လိုက်သည်နှင့်သူ၏ မျက်ပေါက်ကျဉ်းများ အရောင်တောက်သွားသည်။ ပြင်သစ်စကားဖြင့် အော်ကြီးဟစ်ကျယ်လုပ်တော့သည်။

'ဒါဘာလဲ .. ကျုပ်အိမ်မှာ ပြဿနာ လာလုပ်တယ် .. ပရိဘောဂတွေ ပျက်စီးတယ် .. ကျုပ်သွေးတွေ တွေ့ရတယ် .. လူသတ်မှုဖြစ်တာ .. ကျုပ်ရဲတွေခေါ်လိုက်မယ်'

'ပါးစပ်ပိတ်စမ်း .. ဒီကိစ္စမှာ မင်းပါမှာသေချာတယ် .. မင်းပါးစပ်က နောက်ထပ် အသံထွက်လာရင် ငါနဲ့ တွေ့သွားမယ်'

ဂရေဂရီက သူ၏လက်ထဲတွင် ကိုင်ထားဆဲ ပုလင်းဖင်ပြတ်ကို ရမ်း၍ ယောက်လိုက်သည်။

လူထွားကြီးသည် ဂရေဂရီအား ပြူးကြည့်ရင်း သူ၏နှုတ်ခမ်း



ကိုကိုက်လိုက်မိသည်။ သူခြောက်၍ မရသောသူကို တွေ့ကြုံနေကြောင်း သဘောပေါက်လိုက်သည်။ သူသည် လာရာလမ်းအတိုင်း တစ်ချိုးတည်း သုတ်ခြေပြန်တင်သွား၏။

ဂရေဂရီအငြင်းအခုံ အချိန်ဖြုန်းမနေတော့ချေ။ ဤကိစ္စတွင် အိမ်ပိုင်ရှင်မပါဝင်လျှင် ခုဆို တယ်လီဖုန်းသို့ တဟုန်ထိုးပြေးနေမည်။ အချိန်မရွေးရောက်လာနိုင်သည့် ရဲများကို တွေ့ရသည်။ ရဲလက်ထဲရောက်သွားလျှင် သက်သေအဖြစ်နှင့်ပင် ရက်ပေါင်းများစွာ ခြေချုပ်မိနေနိုင်သည်။ ဤလိုအခြေအနေမျိုး ဆိုက်ရန်လားလားမျှ မရည်ရွယ်မိချေ။ သို့သော်လည်း မိန်းမပျိုရှေ့တွင် ခြာခနဲလှည့်ပြေး၍ မဖြစ်သေး။ ဟန်ကိုယ့်ဖို့ဆိုသည့် စကားကရှိသေးသည်။ ထို့ကြောင့် ဂရေဂရီသည် စိတ်ရှိသည့်အတိုင်း တဟုန်ထိုးပြေးခြင်းမပြုဘဲ ပုလင်းပြတ်ကို ဟန်နှင့်ပန်နှင့်ပစ်ချလိုက်သည်။ ထို့နောက် တံခါးကိုဖွင့်၍ ဦးထုပ်ချွတ်၍ ဟန်နှင့်ပန်နှင့် ဦးညွတ်လိုက်သည်။

"ကဲ ... အမျိုးသမီး ခင်ဗျားနဲ့ကျုပ်ပို၍သာယာတဲ့ ပတ်ဝန်းကျင်ကို ရှာဖွေဖို့ အချိန်ရောက်လာပါပြီ ... အောက်မှာ ကျုပ်တက္ကစီကား စောင့်နေပါတယ်"

"ကျေးဇူးတင်ပါတယ် မွန်စီယာ"

သူမသဘောကျဟန် ခပ်ယဲ့ယဲ့ပြုံး၍ သူ့ရှေ့မှ ဖြတ်လျှောက်လိုက်သည်။ အခန်းထဲမှထွက်လိုက်သည်။

ဂရေဂရီ ဦးညွတ်ခိုက်တွင်မူ ဝရန်းသုန်းကားဖြစ်ခဲ့သော အခန်းထောင့်နှင့် သုံးလေးပေအကွာတွင် အနက်ရောင်အိတ်လေး တစ်လုံးကို တွေ့လိုက်သည်။ ဂရေဂရီသည် ထိုအိတ်ကို ကမန်း

ကတန်း ကောက်လိုက်ပြီး အိတ်ထဲသို့ထည့်လိုက်သည်။ ထို့နောက် ရှေ့မှသွားနှင့်သော မိန်းမပျိုနောက်သို့ ခပ်သုတ်သုတ်လိုက်၍ အောက်ထပ်သို့ လျင်မြန်စွာခေါ်လာခဲ့သည်။

လမ်းပေါ်တွင် လူသူကင်းမဲ့နေဆဲသာဖြစ်သည်။ ကိုက်တစ်ရာလောက်အကွာတွင် ရပ်တန့်နေသော သူ၏တက္ကစီကားမှလွဲ၍ တခြားယာဉ် မတွေ့ရချေ။ စားသောက်ဆိုင်တွင်းမှ အာဘောင်အာရင်းသံသံ သကားပြောနေသူအချို့၏ အသံက သူတို့၏ ခြေသံများကို ဖုံးကွယ်လိုက်သည်။

ဂရေဂရီသည် မိန်းမပျို၏ လက်တစ်ဖက်ကို ခပ်တင်းတင်းဆုပ်ကိုင်လိုက်ပြီး ခြေလှမ်းကျဲကျဲဖြင့် တက္ကစီဘေးသို့ လျှောက်လာသည်။

'ဒီယူဝီလ်လီက မက်ထရိုပိုလ် ဟိုတယ်ကို...'

ဂရေဂရီက တက္ကစီကားပေါ်တက်ရင်း ယာဉ်မောင်းကို ပြောလိုက်သည်။ ယာဉ်မောင်းက ပြုံး၍ ခေါင်းဆတ်လိုက်သည်။

ယာဉ်မောင်းက လေသူရဲနှင့် လူဆိုးများ၏ ပြေးတမ်းလိုက်တမ်းပွဲအကြောင်း တစ်ခွန်းမျှ မဟာခဲ့သောကြောင့် သူမမြင်ရာ ဆန့်ကျင်ဘက်သို့ ပြေးသွားခဲ့သည်ဟု ဂရေဂရီ မှတ်ယူလိုက်သည်။ တက္ကစီကားသမား ပြုံးနေသည်ကိုမူ သူ ဘာမှ မပြောလိုက်တော့။ ပြုံးသမျှ မျက်နှာနှစ်ခြမ်းကွဲသွားအောင် ပြုံးစမ်းပါစေ။ မိန်းမပျိုလေး သူ၏လက်ထဲ ရောက်နေပြီ ယင်းက အဓိက။ နောက်ပြီး မိန်းမပျိုကလည်း တကယ့်မိန်းမ။ သူ့ဘေးမှာ ထိုင်နေရသည်နှင့်ပင် တကိုယ်လုံး နွေးထွေးသွား၏။ ကြည်နူးရ၏။ သူမအလှ သူမထံမှ လွင့်ပျံလာသော မွှေးနံ့သာတို့က မှောင်မဲနေသော တက္ကစီကားနောက်ခန်း



ကို အသာယာဆုံးသော လောကကြီး ဖြစ်နေစေပုံရသည်။ ပြဿနာကား ဤမိန်းမပျိုကို မည်သို့ ဆက်လက်ထိန်းထားမည်နည်း။

'ဒါနဲ့ မင်းကို ဘယ်လိုခေါ်စေချင်သလဲ'

ဂရေဂရီက ရုတ်တရက် မေးလိုက်သည်။

'ကျွန်မနာမည် ဆာဗီနီပါ'

'သိရတာ ဝမ်းသာပါတယ်... ဒါပေမယ့် ဆာဗီနီက နာမည်တစ်လုံးပဲ ရှိသေးတယ်.... ကျန်တဲ့ တစ်လုံးရော'

'ရှင်ဟာ အတော်စပ်စုတဲ့ လူပဲ... ဒါပေမယ့် ရှင့်ကို ပြောဖို့ လိုတယ်လို့ မထင်ဘူး... ကျွန်မတို့ မကြာခင် ခွဲကြရမှာပဲ.... နောက်ထပ် တွေ့ဖို့လည်း အကြောင်းမရှိပါဘူး'

'မှန်ပါတယ်... ဆာဗီနီလို့ပဲ သိစေချင်ရင် ဆာဗီနီလို့ပဲ ခေါ်ပါ့မယ်... ဒါပေမယ့် ခုလတ်တလောတောင် ရဲတွေက ငါတို့ရဲ့ပုံစံကို စစ်ချက်ယူနေမယ်ထင်တယ်... ဒီတော့ ဒီည အချုပ်ထဲ မအိပ်ချင်ရင် သူတို့နဲ့ ကင်းကင်းနေဖို့လိုတယ်'

'ရှင် အဲဒီလို ထင်သလား'

'အတိအကျပဲ... ဒါကြောင့်လည်း ဒီလူ့ကို မက်ထရိုပိုလ်ဟိုတယ် မောင်းခိုင်းတာပေါ့.... အခု ရောက်ပြီ'

ဂရေဂရီသည် တက္ကစီသမားအား ဘောက်ဆူးများများ ပေးလိုက်သည်။ ထို့နောက် သူမနောက်မှနေ၍ ဟိုတယ်ထဲသို့ လျှောက်ခဲ့သည်။

'ရှင့်ကို ခဏတော့ ထားခဲ့မယ်'

ဟိုတယ်ဝင်ပေါက်သို့ ရောက်သည်နှင့် သူမက ပြောပြောဆိုဆို အမျိုးသမီးအခန်းဘက်သို့ လျှောက်သွားသည်။

ဂရေဂရီသည် ထိုမျှ လွယ်လွယ်ကူကူ အလှည့်ခံရရန် မရည်ရွယ်မိချေ။ သူ ဟိုတယ်ဧည့်ခန်းထဲ ဝင်ထိုင်လိုက်လျှင် သူမ အသာလစ်ထွက်သည်ကို မြင်မည်မဟုတ်ချေ။ ထို့ကြောင့် သူသည် တံခါးကို မြင်သာသောနေရာတွင် ရပ်လိုက်သည်။ ပြဿနာခန်းထဲမှ ကောက်ယူခဲ့သော ပိုက်ဆံအိတ်ကို စစ်ဆေးကြည့်ရှုလိုက်သည်။

အိတ်ထဲတွင် ပါရှိသောပစ္စည်းများကို လျင်မြန်စွာကြည့်ပြီး ပြုံးလိုက်သည်။ အတော် ကျေနပ်သွားသည်။ ထို့နောက် ထိုအိတ်ကို သူ၏ အကျႌအိတ်ထဲသို့ ပြန်ထိုးထည့်လိုက်ပြီး စီးကရက်တစ်လိပ် မီးညှိလိုက်သည်။ ဆာဗီနီကို စောင့်ဆိုင်းလိုက်သည်။

သူမ ခဏအကြာတွင် ပြန်ထွက်လာသည်။ သူ၏ အပေါ်ဝတ်ကုတ်အကျႌကို အခန်းထဲတွင် မထားခဲ့ကြောင်း တွေ့ရ၍ ကျေနပ်သွားသည်။ သူခေါင်းထဲတွင် ဝင်လာသောအကြံတစ်ခုကို အကောင်အထည်ဖော်၍ ရသည်။ ယင်းတို့ ဧည့်ခန်းထဲသို့ အဝင်တွင် ဂရေဂရီသည် သူမ၏ လက်မောင်းကို ဖမ်းကိုင်ပြီး လေသံဖြင့် ပြောလိုက်သည်။

'တို့ ဒီအထဲမှာ မထိုင်ဘူး.... ဒီအချိန်မှာ လူသိပ်နည်းတော့ တို့ကို သတိပြုမိမှာ သေချာတယ်... ဟိုတစ်ဘက်ပေါက်က ထွက်ပြီး နော်မန်ဒီဟိုတယ်ကို ဆက်သွားမယ်'

'နော်မန်ဒီမှာ အခုထက် လူများစရာ ဘာအကြောင်းရှိလဲ'

သူမက စောဒက တက်လိုက်သည်။

'ဒါထက်များစရာ အကြောင်းမရှိပါဘူး.... ဒါပေမယ့် တက္ကစီကားက ငါတို့ကို ဒီပို့ခဲ့တာ သူသာ အစစ်အဆေးအမေးအမြန်းခံရရင် ရဲတွေ ဒီကို ချက်ချင်းရောက်လာမှာ'



'ဒါဖြင့် ရှင့်သဘောပဲ'

သူတို့သည် ကိုက်နှစ်ရာ သုံးရာသာကွာသည့် ဟိုတယ်သို့ ဆက်လျှောက်ခဲ့သည်။ နော်မန်ဒီဟိုတယ် ဝင်ပေါက်သို့ ရောက်သောအခါတွင် ဂရေဂရီ သူမကို မျက်နှာချင်းဆိုင်လိုက်သည်။

'ကဲ.... နားထောင် ဆာဗီနီ.... တို့ အခြေအတင်ပြောနေရရင် ငါတို့ကို အာရုံ ပြုလာကြမိလိမ့်မယ်၊ ငါ ဒီမှာ တည်းနေတယ်.... ဒီတော့ ပြဿနာဖြစ်လို့ မဖြစ်ဘူး.... မင်း နားလည်တယ် မဟုတ်လား.... ငါပြောသလို လုပ်.... မဟုတ်ရင် ရဲလက်ထဲ ရောက်သွားပြီး ဒီည အချုပ်ခန်းတစ်ခန်းထဲ မသက်မသာ နေရကိန်းဆိုက်မယ်'

'ဒါပေမယ့်.....'

ဆာဗီနီက ကန့်ကွက်ရန် စကားစလိုက်သည်။

'ဒါပေမယ့် မနေနဲ့.... အဲဒီ လေသူရဲချာတိတ်ကို ပြဿနာခန်းထဲ ခေါ်သွားတာ မင်းပဲ.... အဲဒီတော့ ရဲတွေက တွေ့ချင်ရင် မင်းကို တွေ့ချင်လိမ့်မယ်... အခုလောက်ဆို သူ အသတ်ခံရင် ခံရပြီး ဖြစ်နေမှာကို မမေ့နဲ့.....'

ဂရေဂရီက ခပ်ပြတ်ပြတ် ပြောလိုက်သည်။

'ကောင်းပြီလေ'

သူမ ဗလုံးဗထွေးဖြင့် ပြောလိုက်သည်။

ဂရေဂရီသည် သူမကို ဓါတ်လှေကားဆီသို့ တိုက်ရိုက်ခေါ်ဆောင်လာပြီး သူ၏အခန်းထဲသို့ တက်လာသည်။ သူမ ထပ်မံကန့်ကွက်ခြင်း မပြုဘဲ အေးအေးဆေးဆေး လိုက်လာသည်။

'ကဲ.... မင်း သိသမျှ ငါ့ကို ပြောပြသင့်တယ် ထင်တယ်'

ဂရေဂရီသည် ဟိုတယ်ခန်း၏ နှစ်ထပ်တံခါးကို ပြန်ပိတ်ရင်း

မေးလိုက်သည်။

သူမသည် သူမ၏ နက်ဝန်းသော မျက်လုံးများဖြင့် အေးဆေးတည်ငြိမ်စွာ ကြည့်ရင်း မေးလိုက်သည်။

'ဘာကို ဘာ့ကြောင့် ပြောရမှာလဲ'

'တစ်ခုခု ဖြစ်နေတာတော့ ငါသိတယ်.... ဘာဖြစ်နေမှန်း ငါသိချင်တယ်'

ဂရေဂရီက ခပ်မာမာ ပြောလိုက်သည်။

သူသည် သူ့အိတ်ထဲမှ ပိုက်ဆံအိတ်ကို ထုတ်ယူပြီး ဆက်ပြောလိုက်သည်။

'ဒီဟာလေးက မင်းအသိကို နှိုးဆွပေးမယ် ထင်တယ်'

အိတ်ထဲတွင် ဖရန့်ငွေ ၂၄၄၀။ ဝန်ထမ်းကဒ်ပြားတစ်ခုနှင့် ကြေးနန်းတစ်စောင် ပါရှိသည်။ ဂရေဂရီသည် ကြေးနန်းကို ဖြန့်၍ ဖတ်လိုက်သည်။

'ဒီကြေးနန်းကို ခဲတံနဲ့ ရေးထားတာ အမျိုးသမီးလက်ရေး မှတ်တယ်.... ကြေးနန်းပို့လွှာပေါ်မှာပဲ ရေးသားထားတော့ ပို့ရသေးတယ်ပုံ မရဘူး.... ကြေးနန်းမှာ ရေးထားတာကတော့.....'

'ကိုရာကာဖေး ဒီလာကလို ချီကာလေ့စ်... ခြောက် ၄၁ ၄၄ ၁၁ ၁၅ ထို့နောက် ၄၆ ခုနစ်..... ၄၃ ၄၇ ရှစ် ၄၃..... နောက်ထပ် ၄၇။ သင်္ကေတစကားလုံးနဲ့ ရေးထားတော့ အဓိပ္ပာယ်အကူ သိပ်မပြုဘူး ဒါပေမယ့် စိတ်ဝင်စားစရာတော့ ကောင်းပါတယ်... ကဲ ပြောပါအုံး မင်း ဘာသိလဲ'

ဂရေဂရီက ထပ်ပြောလိုက်သည်။

သူမသည် ဂရေဂရီကို ခနဲ့တဲ့တဲ့ ပြောလိုက်သည်။



'ကျွန်မ သိတယ်ဆိုလည်း ဘာလို့ ရှင့်ကို ပြောရမှာလဲ... အဲဒါအပြင် ရှင့်အခန်းထဲမှာ နေပြီး သိက္ခာကျရမှာနဲ့ စာရင် ရဲတွေကို တွေ့ဆုံအမေးအမြန်းခံလိုက်တာက သက်သာမယ် ထင်တယ်'

ဂရေဂရီ၏ မျက်နှာပေါ်တွင် အပြုံးတစ်ချက် ရုတ်တရက် လန့်ဖြန့်သွားသည်။

'ဘာဖြစ်လို့လဲ..... တို့နှစ်ယောက်လုံး လူဆိုးတွေပဲ မဟုတ်လား'

'ဟုတ်ပါတယ်.... နောက်ပြီး ရှင်ဟာ သွေးအေးပါတယ်ဆိုတဲ့ အင်္ဂလိပ်လူမျိုးတွေနဲ့ ခြားနားပြီး အတော်စိတ်လှုပ်ရှားလွယ်တဲ့ အင်္ဂလိပ်ဖြစ်ပုံရတယ်၊ ဒါပေမယ့် ရှင့်ခံစားချက်တွေအတွက် ကျွန်မ အချိန်မရှိဘူးလို့ပဲ ပွင့်ပွင့်လင်းလင်း ပြောပါရစေ'

သူမက အဓိပ္ပါယ်ပါပါ ပြုံး၍ ပြောလိုက်သည်။

'မရှိဘူးလား.... ရှိတယ် ..... လို့ ထင်ပါတယ်'

ဂရေဂရီက သူမ၏ လက်တစ်ဖက်ကို လှမ်းယူပြီး နမ်းလိုက်သည်။

'တကယ့်ကို မရှိပါဘူး.... ရှင်ဟာ ခင်မင်စရာ ကောင်းတဲ့လူ ဖြစ်ပုံရပါတယ်... ဒါပေမယ့် ခုနေမှာတော့ ဒါတွေကို ကျွန်မ အရေး မထားနိုင်ဘူး'

'ဟုတ်လား'

ဂရေဂရီသည် သူမနားသို့ ပို၍ တိုးကပ်လိုက်သည်။ သူ့နှုတ်ထက် မျက်လုံးက စကားကျွမ်းနေပုံရသည်။ ထိုအချိန်မှာပင် ကုတင်ဘေးရှိ စားပွဲထက်မှ တယ်လီဖုန်းသံ စူးရှစွာ ပေါ်လာသည်။

တယ်လီဖုန်းမှာ သူမနောက်နားလေးမှာပင် ဖြစ်သည်။ သူမ

သည် စကားပြောခွက်ကို သွက်သွက်လက်လက်ပင် ကောက်ကိုင်လိုက်သည်။

'ဟယ်လို.... တော်သေးတာပေါ့... ကျေးဇူးပဲ.... ဒါပဲနော်'

သူမ တယ်လီဖုန်းကို ပြန်ချလိုက်သည်။

'ကျွန်မ ထင်တဲ့အတိုင်းပါပဲ..... အဲဒါ ကျွန်မကို ဆက်သွယ်တဲ့ဖုန်းပါ.... ရှင် ကျွန်မနဲ့အတူ ကာဆီနိုထဲမှာ တွေ့ခဲ့တဲ့ ကျွန်မ မိတ်ဆွေတွေဟာ ကျွန်မ လျှပ်ရှားမှုကို သိနိုင်တဲ့နည်းတွေ အများကြီး ရှိတယ်... ကျွန်မ ဒီရောက်နေကြောင်း ဟိုတယ်က လူတစ်ယောက် အကြောင်းကြားလိုက်တယ်... ကျွန်မ ရဲနဲ့ ပြဿနာ မဖြစ်အောင် အားလုံး စီစဉ်ပြီးပြီလို့ ပြောတယ်'

သူမက ဂရေဂရီကို လှည့်ပြောရင်း လျောင်ပြီး ပြုံးလိုက်သည်။

'ရှင် နားလည်တယ် မဟုတ်လား.... ကျွန်မ မိတ်ဆွေဆီ ကျွန်မ ပြန်ရမယ်၊ ဒီအဖြစ်အပျက်လေးဟာ အတော် သဘောကျစရာပဲ... ကျွန်မကို ကူညီတဲ့အတွက် ကျေးဇူးတင်ပါတယ်.... ဒါပေမယ့် ဇာတ်လမ်းက ပြီးနေပြီ'

ဂရေဂရီက ပြုံးလိုက်သည်။

'မင်းကို အတင်းအကျပ်ကြီး ပြောရမှာ စိတ်မကောင်းပါဘူး... ဒါပေမယ့် မင်းအဲဒီလို မှားခေါ်သွားတဲ့လူဟာ စကော့တလန်ယပ်(ဒ်)စုံထောက်တစ်ဦးဖြစ်လို့ ပြဿနာမအေးနိုင်ဘူးလို့ပဲ ပြောပါရစေ'

ဂရေဂရီသည် ပိုက်ဆံအိတ်ထဲမှ ဝန်ထမ်းကဒ်ပြားကို ထုတ်ပြလိုက်သည်။

'အဲဒါကို ပြင်သစ်ရဲတွေသာ သိသွားရင် မင်းမိတ်ဆွေ ဘာလုပ်လုပ် သူတို့ မင်းကို စစ်ဆေးမေးမြန်းမှာပဲ... ဒါ့ကြောင့် မင်းပြော



သလို ပွဲမပြီးသေးဘူး အခုမှ စနေတာလို့ပဲ ပြောပါရစေ'

ဂရေဂရီက အေးဆေးစွာ ပြောလိုက်သည်။

## အခန်း (၃)

'ရှင် ကျွန်မ အလိုမတူပဲ ကျွန်မကို ဒီမှာ.... ချုပ်ထားဖို့ ရည်ရွယ်သလား'

ဆာဗီနီ၏ မျက်လုံးမှ အပြုံးပျောက်ကွယ်သွားသည်။ သူမသည် အလိုလိုနေရင်း နောက်သို့ လှည့်ကြည့်လိုက်သည်။ သို့သော် ဂရေဂရီ ပိတ်ဆို့ရပ်နေသော တံခါးပေါက်မှ လွဲ၍ အခြား ထွက်ပေါက်မရှိချေ။

အချိန်မှာ သန်းခေါင်ကျော်မနက် တစ်နာရီပင် ဖြစ်သည်။

ကြုံတောင့်ကြုံခဲ ဤအဖြစ်ကို လက်လွှတ်ခံရန် မရည်ရွယ်သော ဂရေဂရီ၏ စိတ်အရိပ်မျက်လုံးတွင် ရေးရေးပင် မပေါ်ချေ။ ဤအလှပဂေးကို ဘုရားပေးသော ရတနာဟု သတ်မှတ်မိသည်။ ဤရတနာနှင့် ကြည်နူးခွင့်ရမည့် အချိန်ကာလကို ရွှေနာရီများအဖြစ်ပင် ယုံမှတ်မိသည်။ သူမကို သူ ထိုက်ထိုက်တန်တန် ရခဲ့သည်ဟု ယူဆမိသည်။ သူမကို သိုဝှက်ထား၍ ရဲနှင့်ပင် ပြဿနာ ပေါ်နိုင်



သော်လည်း သူမ ထိုက်တန်ရာ အခကို ပေးရမည်ပင်။ သို့သော် တစ်နာရီ နှစ်နာရီကာလ ကြာလည်း အကြောင်းမဟုတ်။ ဂရေဂရီသည် အခု အခုဆို၍ ရေကြည်သောက်လိုသောဆန္ဒ မပြင်းထန်တက်အောင် အရွယ်က ရင့်နေပြီ... အသိက သာလွန်နေသည်။ သူသည် ကြီးမားကျယ်ပြန့်သော ကုတင်ကိုကွေ့၍ သူမနားသို့ လျှောက်သွားသည်။

'မင်း အဲဒီလေသူရဲကို မျှားခေါ်သွားပြီး ထောင်ပေးလိုက်တာ မဟုတ်လား'

ဂရေဂရီက မေးလိုက်သည်။

'ရှင်ပြောတာ မဟုတ်ဘူး'

ဂရေဂရီက သူမ၏ ကန့်ကွက်ချက်ကို လက်တစ်ဘက်ဖြင့် ယမ်းခါပယ်ချလိုက်သည်။

'ငါ ကြားဝင်လိုက်လို့ သူ လွတ်သွားမယ် ထင်ပါတယ်.... ဒါပေမယ့် အတိအကျတော့ ပြောလို့မရဘူး... ဟို လူသရမ်းတွေ လက်ချက်နဲ့ အသက်ထွက်ရင် ထွက်နေလိမ့်မယ်'

'မထွက်ပါဘူး.... ဘာမှ မဖြစ်ပါဘူး... ကျွန်မမိတ်ဆွေက ဖုန်းဆက်တုံးက ပြောပြီးပြီ'

'ဟုတ်ပြီ... အဲဒါ ဝန်ခံချက်ပဲ... ဆာဗီနီ.... အဲဒီ လူသတ်ကောင်တွေဟာ မင်းမိတ်ဆွေရဲ့လူတွေ.... မင်း သိနေတယ်ဆိုတာ ထင်ရှားတာပဲ'

ဂရေဂရီက အားရပါးရ ပြုံး၍ ပြောလိုက်သည်။

သူမ၏ မျက်လုံးနက်များ အရောင်လက်သွားသည်။

'ရှင်ဟာ သိပ်တော်ပါတယ်.... ဒါပေမယ့် တစ်ခါတစ်ခါကျ

တော့ တော်လွန်းသိလွန်းတတ်တာက အန္တရာယ်ပေးတတ်တယ်'

'ခြိမ်းခြောက်တာလား.... မင်း ကျေးဇူးကန်းတာပဲ... ငါသာ မကယ်ခဲ့ရင် အခုဆို မင်း အချုပ်ထဲရောက်နေမှာ.... ကျေးဇူးကန်း တာထက်တောင် ဆိုးသေး.... မင်း အဖမ်းမခံရအောင် မင်းကို တစ်ညလုံး စောင့်ရှောက်ထားဖို့ ရည်ရွယ်တဲ့ စေတနာကို စော်ကား တယ်'

'ကျွန်မ အဖမ်းခံစရာအကြောင်း မရှိဘူးလို့ ကျွန်မမိတ်ဆွေ တွေက ပြောတယ်'

'မင်းရဲ့ ပုံစံကို စားသောက်ဆိုင်ပိုင်ရှင်က ဖွင့်ချမှာကို မင်း မေ့နေတယ်... မင်း ဒီဟိုတယ်က ထွက်ဖို့ ကြိုးစားတာနဲ့ အဖမ်းခံ ရဖို့ သေချာတယ်'

'ဘာလို့ အဖမ်းခံရမှာလဲ'

သူမက တစ်လုံးချင်း မေးလိုက်သည်။

'မင်း လူတွေသတ်ဖို့ ကြိုးစားတဲ့လူဟာ ငါတို့ ဗြိတိသျှ စကော့ တလန်ယဒ်(ဒ်) စုံထောက်အဖွဲ့က စုံထောက်မှန်း မမေ့နဲ့လေ.... ငါတို့ ဗြိတိသျှစုံထောက်တွေ ဥရောပတိုက်မှာ အမှုထမ်းရင် ဒေသ ရဲတွေကို အကြောင်းကြားပြီးမှ လှုပ်ရှားတယ်၊ အခုလောက်ဆို မင်းရဲ့ ပုံစံကို ရဲတိုင်းသိပြီး နေရာအနှံ့ ပြူးပြဲရှာနေမှာပဲ'

သူမ တဒင်္ဂ တိတ်ဆိတ်သွားသည်။ ထို့နောက် သက်ပြင်းကြီး တစ်ချက် မှုတ်ထုတ်လိုက်ပြီး ကုလားထိုင်ပုလေး တစ်လုံးပေါ်တွင် နွမ်းနွမ်းလျလျ ထိုင်ချလိုက်သည်။

'ကျွန်မ သိပ်ပင်ပန်းနေပြီ'

သူမသည် မျက်လုံးကို လက်နှင့် ပွတ်သပ်ရင်း ညီးတွားလိုက်



သည်။

'ရှင်ပြောတာ မှန်ပုံရပါတယ်၊ ဒါပေမယ့် ကျွန်မ အခြေအနေကို အခွင့်အရေးယူတာကတော့ လူကြီးလူကောင်းမပီသရာ ရောက်တယ်'

ဂရေဂရီသည် သူမကို အတန်ကြာ စူးစိုက်ကြည့်လိုက်သည်။ သူမ၏ စောစောက မာန်ထည်ထည် အသွင်ပျောက်နေပြီး အားကိုး ရာမဲ့ ကလေးသူငယ်ကဲ့သို့ ခပ်ကုပ်ကုပ်လေး ထိုင်နေသည်။ သူမမှာ လူစွန့်စားမလေးဖြစ်မှန်း သေချာသည်။ သို့သော် သူ ထင်မိသကဲ့သို့ ကြေးစားမယ်တစ်ယောက် မဟုတ်မှန်း သိသာသည်။ ဟုတ်ခဲ့လျှင် ဤမျှ လွယ်လွယ်ကူကူ မာန်ကျသွားရန် အကြောင်းမရှိချေ။

ဂရေဂရီသည် သံတမန်ကောင်းတစ်ဦးကဲ့သို့ အလျှော့အတင်း လုပ်ရန် ဟန်ပြင်လိုက်သည်။ နတ်ဘုရားတို့သည် သူတို့မချင် သော အချိန်ကျမှ မ,လေ့ရှိကြသည်။ သူတို့ ပြယုံသာပြထားသော ကာလ တွင် အခွင့်အရေး ထပ်တိုးမယူလိုချေ။ သူတို့ပေးသလောက် အခွင့် အရေးဖြင့် ယာယီကျေနပ်ရမည်ဟု သဘောပေါက်လိုက်မိသည်။

ဂရေဂရီက ပြုံးလိုက်သည်။ သူမ ပခုံးပေါ် လက်တစ်ဖက် တင်လိုက်သည်။

'မပူပါနဲ့ကွယ် မင်းနဲ့ကိုယ် အနာဂတ်မှာ များများတွေ့ရလိမ့် မယ်လို့ မျှော်လင့်တယ်၊ ဒါကြောင့် စကတည်းက မလန့်သွား စေချင်ဘူး၊ ငါ မင်းကို ကူညီချင်တာ သက်သက်ပါ၊ ဒီတစ်ည ဒီမှာ နားလိုက်တာ မင်းအတွက် အကောင်းဆုံးဖြစ်မယ်လို့ မှတ်တယ်.... မင်း ငါ့ အိပ်ယာပေါ်အိပ်လို့ ရတယ်... ငါတော့ ဟိုဘက်ခန်းထဲမှာ ကြုံသလိုပဲ အိပ်လိုက်မယ်'

သူမ ဖြေးလေးစွာ ခေါင်းညိတ်လိုက်သည်။ ဂရေဂရီ သစ္စာရှိမည်ကို ဒွိဟ မပွားမိချေ။

'ရှင့်ကို ကျွန်မ ကြောက်စရာ မလိုဘူးလို့ သဘောပေါက်ပါတယ်၊ ကျွန်မရဲ့ ခင်မင်မှုကို တကယ်လိုချင်တယ်ဆိုရင် ရှင်ပြုတဲ့ အပြုအမူ မှန်ပါတယ်လို့ပဲ ဆိုပါရစေ'

'တို့ ခင်မင်မှု မြန်မြန် ရှင်သန်ပွင့်လင်းပါစေ'

ဂရေဂရီက တုံ့ပြန်ပြောကြားလိုက်သည်။ ထို့နောက် အဝတ်စားဗီဒိုမှ အဝတ်အစားအချို့ကို ထုတ်ယူလိုက်သည်။

"မင်းဒီထဲက ကြိုက်တဲ့ ညဝတ်အဝတ်အစားကို ဝတ်လို့ရတယ်' သော့ကိုတော့ သော့ပေါက်ထဲ တပ်လျှက်ပဲ .. မင်းသော့ခတ်ချင်လည်း ခတ်လို့ရတယ် .. ဒါပေမယ့် မင်းစိုးရိမ်စရာမရှိပါဘူး .. မင်းရဲ့ဘဝဟာ တော်ဝင်သရဖူက ရတနာတွေထက်တောင် လုံခြုံမှုရှိသေးတယ် .. နောက် (၈)နာရီလုံးလုံးမင်းဘာမှ ပူစရာမရှိဘူး .. ဒါပေမယ့် ဒီအခန်းက ထွက်သွားပြီးနောက်တော့ .. မင်းဟာငှါရဲ့ ပစ်မှတ်ပဲ'

ဂရေဂရီ၏စကားကြောင့် သူမ မျက်ခုံးနှစ်ဘက်မြင့်သွားသည်။

'အဲဒါ စိန်ခေါ်တာလား'

'အမှန်ပဲ .. မင်းနဲ့မင်းမိတ်ဆွေကြီးရဲ့ ဆက်ဆံရေးကို ငါမသိဘူး .. ဒါပေမယ့် မင်းကို သူ့လက်ထဲကရအောင်ယူဖို့ ငါပိုင်းဖြတ်ထားတယ် .. အဲဒီလို ကြိုးစားလို့ သေသေ'

ဂရေဂရီသည် ဆာဗီနီကို တတွတ်တွတ်ပြောရင်း သူ့အတွက်လိုအပ်မည့် စောင်နှင့်ခေါင်းအုံးများကို စုလိုက်သည်။ ထို့နောက် တံခါးဝသို့လျှောက်သွားသည်။



'ဝွတ်နိုက်'

ဂရေဂရီသည် အရေးပေါ်ပြင်ဆင်လိုက်သောနေရာတွင် လဲလျောင်း၍ ထိုညနေ အဖြစ်အပျက်များကို ပြန်လည်သုံးသပ်လိုက်သည်။

သူသည် လန်ဒန်မြို့မှ အဖွဲ့အတွက် နော်မန်ဒီဒေသကို ကင်းထောက်လာခဲ့သည်။ သို့သော် သူ့ခရီး အကျိုးမဲ့ ရိပ်သာပြခဲ့သည်။ ယင်းကားပြီးခဲ့သော ညနေကအဖြစ်အပျက်ကြုံသည့် ကာလအထိ ယူဆချက်ဖြစ်သည်။သို့သော် ထိုအဖြစ်အပျက်နှင့် သူလိုက်လံထောက်လှမ်းနေသော ကိစ္စတကယ်ပင် ဆက်စပ်မှုရှိ၊ မရှိ မသေချာသေးချေ။

စကော့တလန်ယာဒ်မှ စုံထောက်သည် အခြားအကြောင်းပေါင်းတစ်ထောင်မကအတွက်နှင့် ဒီယူဝီလ်ကိုရောက်နေခြင်းဖြစ်နိုင်သည်။ သို့သော် ဆာဗီနီနှင့်ထူးဆန်းသော လူ၏ဆက်စပ်မှုကို သူစိတ်ဝင်စားမိသည်။

ထိုလူပုလေးဆန်ဆန်ပုဂ္ဂိုလ်ကို ဂရေဂရီသည် ကောင်းကောင်းသိသည်။သူသည် ဒုစရိုက်မှုပေါင်းစုံ၏ ရာဇာတစ်ဦးဖြစ်သည်။ လတ်တလောကိစ္စသည်လည်း သူ့လက်ချက်ဖြစ်နိုင်သည်။ မည်သို့ပင်ဆိုစေ တစ်သန်းမှာတစ်ယောက်ရှားမှရှားသော မိန်းမကို ဂရေဂရီတွေ့ကြုံရပြီဖြစ်သည်။ ဂရေဂရီသည် အတန်ကြာအတွေးလွန်နေခဲ့သည်။ ထိုနောက်တစ်ဘက်သို့ စောင်းအိပ်လိုက်သည်။ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားသည်။

ဂရေဂရီသည် နေမြင့်အောင် အိပ်တတ်သော အကျင့်ရှိသည်ကိုးနာရီလောက်မှသာ ထဖြစ်သည်ကများသည်။သို့သော် မနက် ၈

နာရီခွဲလောက်တွင် အခန်းတံခါးဖွင့်သံကြား၍ နိုးသွားသည်။ တံခါးဝမှ ခေါင်းပြူကြည့်နေသော ဆာဗီနီကိုတွေ့ရသည်။

'ရှင့်ကို အနှောင့်အယှက်ပြုမိတာတောင်းပန်ပါတယ် .. ဒါပေမယ့် ကျွန်မနိုးနေတာကြာပြီ ဗိုက်လဲ ဆာနေပြီ'

'ဟုတ်ပြီ .. ငါ့ကို ဆယ်မိနစ်အချိန်ပေး .. မနက်စာအတွက် ဘာရမလဲကြည့်ရမယ် .. ဒီမနက်ကြည်ကြည်လင်လင်ရှိရဲ့လား'

'ရှိပါတယ်'

'သူမပြုံး၍ တံခါးပြန်ပိတ်လိုက်သည်။

ဂရေဂရီရေမိုးချိုး ကိုယ်လက်သန့်စင်ပြီးနောက်တွင် ဆာဗီနီ ရေချိုးခန်းထဲ ဝင်ရောက်သွားသည်။ ဂရေဂရီကတယ်လီဖုန်းဖြင့် မနက်စာလှမ်းမှာလိုက်သည်။

နာရီဝက်လောက်အကြာတွင် မနက်စာ အစားအသောက်များကို လင်ဗန်းတစ်ချပ်ဖြင့် သယ်ဆောင်လာသော စားပွဲထိုးတစ်ယောက်ရောက်လာသည်။သူနှင့်အတူ ဟိုတယ်အလုပ်သမားတစ်ဦးပါလာသည်။ အလုပ်သမားလက်ထဲတွင် သေတ္တာတစ်လုံးပါလာသည်။ သူသည် ထိုသေတ္တာကို ဂရုတစိုက်ချလိုက်သည်။

'ဒီသေတ္တာအခုပဲရောက်လာတယ် .. လူကြီးမင်းဆီ ချက်ချင်းပို့ပါလို့ ခိုင်းလိုက်တယ်'

ထိုသူထွက်ခွာသွားသောအခါတွင် ဂရေဂရီသည် သေတ္တာကိုကြည့်ရှု့လိုက်သည်။ သေတ္တာမှာ သူ့ကို လိပ်မူထား၏။ သေတ္တာကို သော့မခတ်ထားချေ။ သေတ္တာကို ဖွင့်ကြည့်လိုက်သောအခါတွင် အထဲတွင် စာရွက်တစ်စောင် တွေ့ရသည်။

'မစ္စတာ ဆောလပ်စ် ..



ကျုပ်မိတ်ဆွေလေးကို စောင့်ရှောက်ထားတဲ့အတွက် ကျေးဇူးတင်ပါတယ် .. တချို့လူတွေသာ ကျုပ်လိုစွန့်ပစ်ခံရတဲ့အဖြစ်ကြုံရင် အကြီးအကျယ် ဒေါသထွက်မှာပါ .. ဒါပေမယ့် ကျုပ်အနေနဲ့ လူငယ် သဘာဝကိုနားလည်မှု အပြည့်ရှိပါတယ်။ သည်းခံနိုင်ပါတယ် .. ခင်ဗျားကို စိတ်ပျက်သွားတဲ့ အခြေအနေမျိုးမရှိပါစေနဲ့လို့ မျှော်လင့်ပါတယ်။

အခုတော့ သူလည်းအိမ်ပြန်ချင်တယ်ထင်ပါတယ် .. အဲဒါအတွက် တစ်စုံစာ အဝတ်အစားအပြည့်အစုံပို့လိုက်ပါတယ် .. သူဒီမွန်းတည့်လောက်မှ ကျုပ်ဆီပြန်ရောက်မလာရင်တော့ ခင်ဗျားဟာ ယဉ်ကျေးမှုကို နားမလည်တဲ့လူလို့ သတ်မှတ်ပြီး ကောင်းကောင်းဆုံးမဖို့ ပြင်ဆင်ရပါလိမ့်မယ်။

ဒီစာ ဘယ်သူ့ဆီက လာမှန်းဆာဗီနီသိမှာသေချာလို့ ကျုပ်လက်မှတ်မထိုးတော့ပါဘူး။

ဂရေဂရီပြုံးလိုက်သည်။ ဒီစာ မည်သူထံမှ လာကြောင်း ဆာဗီနီကို သူလည်း မေးမြန်းရန် မလိုချေ။ စာရဲ့အလိုရ မဆောင်ရွက်ရင် စာထဲတွင်ခြိမ်းခြောက်ထားသည့်အတိုင်း သူ့ကို ကောင်းကောင်းနှာ မည်မှန်းသဘောပေါက်မိသည်။ သို့တိုင်အောင် ဆီဗီနီကို အလွယ်တကူ လွှတ်ပေးရန် မရည်ရွယ်မိချေ။

ဂရေဂရီသည် ထိုစာရွက်ကို အိတ်ထဲသို့ ထည့်လိုက်ပြီး ရေချိုးခန်းတံခါးခေါက်လိုက်သည်။မနက်စာနှင့်အဝတ်အစားသေတ္တာပါ ရောက်နေကြောင်း အကြောင်းကြားလိုက်သည်။

ခဏအကြာတွင် ဆာဗီနီ ရေမိုးချိုးပြီး ထွက်လာသည်။ မနေ့ည က ဝတ်ဆင်ထားခဲ့သော အဝတ်အစားကိုသာ ဝတ်ဆင်ထား၏။

မနက်စာဝိုင်းမှာ နှစ်ယောက်တည်းနဲ့ အတော်ပျော်စရာကောင်းနေခဲ့သည်။ အလာပသလ္လာပပြောရင်း လွယ်လွယ်ကူကူ ရီမောမိနေခဲ့ကြသည်။

စားသောက်ပြီးသောအခါတွင် ဂရေဂရီသည် အဝတ်အစားသေတ္တာကို လက်ဖြေ့ယမ်းပြလိုက်သည်။

'ကဲ .. မင်း အဝတ်အစားလှယ်လိုက်အုံး .. ပြီးတော့ ဘာလုပ်ကြမလဲ .. မင်းဘယ်လိုဖြုန်းဖို့ ရည်ရွယ်လဲ'

သူမ မျက်နှာ ချက်ချင်းတည်သွားသည်။

'ကျွန်မ မိတ်ဆွေဆီပြန်သွားရမယ် .. မဟုတ်ရင် သူစိတ်ဆိုးလိမ့်မယ် သူစိတ်ဆိုးရင်း မကောင်းဘူး'

ဂရေဂရီသည် မျက်ခုံးတစ်ဘက်မြှင့်လိုက်သည်။

'မင်းရဲနဲ့ ပြဿနာမကင်းသေးဘူးနော် .. မင်းတစ်ယောက်ထဲထွက်သွားရင် မနေ့ညက ကိစ္စအတွက် မင်းကို ဖမ်းနိုင်သေးတယ်'

'အဲလို ဖမ်းမယ်ဆိုရင် ရှင်နဲ့အတူရှိနေတုံးလဲ ဖမ်းမှာပဲ'

ဂရေဂရီက ခေါင်းခါရမ်းလိုက်သည်။

'ငါနဲ့အတူ နေလို့ကတော့ မပူရပါဘူး .. ငါကြောင့် စကော့တလန်ယာဒ်က စုံထောက်လွတ်သွားတာ မဟုတ်လား .. အဲဒီကျေးဇူးကိုထောက်ကြမှာပဲ .. ဒါကြောင့် ငါနဲ့အတူရှိနေတုံးလာဖမ်းရင် တောင်မင်းတစ်ယောက်တည်း အဖမ်းခံရတာလောက်ဆိုးမှာ မဟုတ်ဘူး နောက်ပြီး ဝံပုလွေကတောကျွမ်းတာ ဝံပုလွေကို လမ်းပြနိုင်းရင် လွတ်ဖို့ အခွင့်အလမ်းပိုများတယ်။

'ဟုတ်ကောင်း ဟုတ်ပါလိမ့်မယ် .. ဒါပေမယ့် ကျွန်မမိတ်ဆွေ .. ကျွန်မ ပြန်မရောက်ရင် ပြဿနာရှာလိမ့်မယ်'



ဂရေဂရီသည် စိတ်အားထက်သန်စွာ ရှေ့သို့ ကိုင်းညွတ်လိုက်သည်။

'မင်းကို ငါပြောတာ သဘောပေါက်စမ်းပါ .. မင်းဒီကနေထွက်သွားချင်တယ်ဆို ထွက်သွားပါ .. ငါမတားပါဘူး .. မင်းကို ရဲလက်ထဲအပ်ဖို့လည်းမရည်ရွယ်ဘူး .. ဒါပေမယ့် မင်းအခုထွက်သွားရင် မင်းနဲ့ငါ တစ်သက်တွေ့ရတော့မှာ မဟုတ်တော့ဘူး .. ဒီနေ့ဟာ ငါခွင့်ကုန်တဲ့ရက်နောက်ဆုံးနေ့ပဲ .. ဒီညနေငါးနာရီသင်္ဘောနဲ့ ငါ အင်္ဂလန်ကို ပြန်မှာ .. မင်းကို ဘေးမသီရန်မခအောင် စောင့်ရှောက်ပေးလို့ မင်းခင်မင်ပါ့မယ်လို့ မင်းပြောခဲ့တယ် .. မဟုတ်လား။ အခုမင်းပြောတဲ့အတိုင်း မြဲအောင်ပြုဖို့ပဲလိုတယ် .. မင်းအပြန်နာရီနည်းနည်းလွန်တာလောက်ကိုတော့ မင်းအဖိုးကြီး ခွင့်လွှတ်သင့်ပါတယ် .. တို့တစ်နေရာရာလျှောက်လည်ပြီး စားမယ်၊ သောက်မယ်ကွာ .. ညနေလေးနာရီလောက်ဆို မင်းပြန်တော့ပေါ့ .. ငါ ကတိပေးပါတယ်။

'ရှင်ဟာ စိတ်ကောင်းနှလုံးကောင်းရှိပါတယ် .. ဒါပေမယ့် ဒီကိစ္စက ရှင့်အတွက် အန္တရာယ်ဖြစ်နိုင်တယ်'

သူမက တစ်စက္ကန့်မျှ တုံ့ဆိုင်းဆိုင်း ဖြေလိုက်သည်။

'အန္တရာယ်ကို ကြောက်တာလောက်နဲ့တော့ လုပ်ချင်တာ မလုပ်ပဲနေတဲ့ အကျင့်မရှိဘူး .. မင်းလည်း အဲဒီလိုအကျင့်မရှိမှန်း သိသာပါတယ် .. မင်းနဲ့ငါအမျိုးတူတယ်မဟုတ်လား အန္တရာယ်ကို အမှီသဟဲပြုပြီး ဝေဖြိုးတဲ့သူတွေပါ'

သူမ တဒင်္ဂမျှ ငြိမ်သက်သွားသည်။

'ကောင်းပါပြီလေ .. ရှင့်သဘောပဲ .. ဒါပေမယ့် ဖြစ်ပေါ်လာ

တဲ့ ပြဿနာ အရပ်ရပ်ဟာ ရှင့်ခေါင်းပေါ်ပဲ'

'အို .. အဲဒါအတွက်တော့ မပူလေနဲ့'

ဂရေဂရီသည် ဆာဗီနီကို ဆွဲထူ၍ ပါးပြင်ကို နမ်းလိုက်သည်။

'ကဲ .. အဝတ်အစားမြန်မြန်သွားလှယ် .. ငါလည်းလှယ်လိုက်မယ်'

ဂရေဂရီက ရွှင်မြူးစွာ ပြောလိုက်သည်။

ဂရေဂရီသည် တယ်လီဖုန်းကို ကောက်ကိုင်လိုက်သည်။ ဂိုထောင်တွင် ထည့်ထားသော သူ၏ကားကို ဟိုတယ်၏ဘေးတွင် တည်ရှိသော ရတနာဆိုင်ရှေ့တွင် ရပ်တန့်ထားရန် အမိန့်ပေးလိုက်သည်။

'တို့ သူတို့ကို ဆယ်မိနစ် အချိန်ပေးလိုက်မယ် .. နောက်ပြီး ဟိုတယ်နောက်ဖေးလှေကားကဆင်းရမယ်လေ ဟိုတယ်ဧည့်ခန်းထဲမှာ ရဲကြီးတစ်ယောက်ယောက်က 'မင်္ဂလာမနက်ပါလို့'နှုတ်ဆက်ဖို့ စောင့်ရင်စောင့်နေလိမ့်မယ်'

ဂရေဂရီက သူမကိုပြောလိုက်သည်။

လက်ချင်းချိတ်လျှောက်လာသော သူတို့နှစ်ဦးသည် သန့်ရှင်းရေး အလုပ်သမားနှစ်ဦးနှင့်သာ လမ်းတွင် တိုးမိသည်။ ယင်းတို့သည် ဟိုတယ်ဘေးတံခါးမှနေ၍ စားသောက်ခန်းထဲ ဖြတ်ဝင်လိုက်သည်။ စားသောက်ခန်းမှ နေ၍ ဥယျာဉ်ထဲသို့ ဖြတ်ထွက်ခဲ့သည်။ ဥယျာဉ်အပြင်သို့ ရောက်သောအခါတွင် ဂရေဂရီ ညွှန်ကြားခဲ့သည့်အတိုင်း ရတနာဆိုင်ရှေ့တွင် အသင့်ရပ်ထားသော ကားကိုတွေ့ရသည်။

သူတို့သည် မကြာခင်မှာပင် နာမည်ကြီး ဈေးကြီးတစ်ဈေး



ဖြစ်သော ချန်ဖ်ဒီဟီဗာ ဈေးသို့ရောက်လာသည်။ တကယ့်ချစ်သူရည်းစားစုံတွဲကဲ့သို့ တစ်နာရီကျော်ကျော် ပျော်ပျော်ပါးပါး အချိန်ဖြုန်းလျှောက်သွားခဲ့သည်။ ထို့နောက် နာမည်ကြီးဘုရားရှိခိုးကျောင်းတစ်ကျောင်းကို သွားသည်။

ကျောင်းပေါ်မှ ပြန်ဆင်းလာပြီး ကားဆီသို့လျှောက်ခဲ့သည်။ မြစ်ဝတွင်တည်ရှိသော ဒိုင်ဖ်စ်ရွာလေးသို့ ကားမောင်းခဲ့သည်။

ဒိုင်ဖ်စ်ရွာလေးသည် ဧည့်ဝတ်ကြေမှုတွင် ထင်ရှားသည်။ ဆာဗီနီနှင့်ဂရေဂရီတို့သည် ရှေးဟောင်းပန်းစင်ကြီးများအလယ်တွင် ချထားသော စားပွဲတစ်လုံးတွင် ထိုင်၍ စားသောက်နေခဲ့သည်။ ဆိုင်ရှင်ကိုယ်တိုင်ကပင် ယင်းတို့ကို ဧည့်ခံစားပွဲထိုးပေးနေခဲ့သည်။

ဆာဗီနီသည် စောစောပိုင်းက ကြောင့်ကျစိတ်များ ပျောက်နေခဲ့သည်။သူမ၏ မိတ်ဆွေကြီး ဒေါသထွက်နေမည်ကို စိုးရိမ်ပုံမရတော့ချေ။ သူမသည် ဂရေဂရီအတင်းထိုးကျွေးနေသော တတိယဘဲကင်ကို ရီမောပြီး ပယ်နေခဲ့သည်။ ထိုစဉ် သူမမျက်နှာ ရုတ်တရက် တည်သွားသည်။

'ဘာဖြစ်လို့လဲ'

ဂရေဂရီက ကြောင့်ကျစွာ မေးလိုက်သည်။

သူမသည် ရှေ့သို့ကိုင်းလိုက်သည်။ သူ၏လက်ကို ကမန်းကတန်းကိုင်လိုက်သည်။ မျက်နှာလှလှပေါ်တွင် မျက်မှောင်ကုပ်ရာလေးပေါ်လာသည်။

'ဟိုလူ .. တံခါးပေါက်ကထွက်သွားနေတဲ့လူ .. ရှင်အရမ်းသတိထားရမယ်'

ဂရေဂရီသည် သမင်လည်ပြန် ကြည့်လိုက်သည်။ ဝတ်ကောင်း

စားလှ ဝတ်ဆင်ထားသော အရပ်ရှည်ရှည်၊ ပခုံးကျယ်ကျယ်လူတစ်ယောက်၏နောက်ကျောကို တွေ့လိုက်ရသည်။ ထိုသူနှင့်ပတ်သက်၍ထင်ရှားသောအချက်ကား ခြေတစ်ဘက်ထော့နဲ့ထော့နဲ့ သွားနေခြင်းပင်ဖြစ်သည်။

'ဘယ်သူလဲ'

ဂရေဂရီက မေးလိုက်သည်။

'ထော့ကျိုး .. သူ့ကို အဲဒီလိုပဲ ခေါ်ကြတယ် .. သူဒီကိုမတော်တဆရောက်နေတာလား .. ကျွန်မမိတ်ဆွေက ပို့လိုက်လား မသိဘူး .. ရှင်သတိထားပါ .. ရှင်တစ်ခုခုသာ ဖြစ်သွားရင် ကျွန်မ စိတ်ကောင်းမှာ မဟုတ်ဘူး'

'အန္တရာယ်လား'

'အလွန်အန္တရာယ်ရှိတယ် .. သူ့ကို လူတော်တော်များများကြောက်တယ်'

'အေး .. ငါတော့မကြောက်ဘူး .. ဒါပေမယ့် သတိပေးလို့ကျေးဇူးတင်ပါတယ် .. အထူးသဖြင့် ငါ့အတွက်စိတ်ပူလို့ ကျေးဇူးတင်ပါတယ် .. နေပါအုံး မင်းဘာလို့ ဒီလူမျိုးတွေနဲ့ ပေါင်းသင်းနေလဲ .. မပေါင်းမဖြစ်လို့လား .. မင်းသဘောနဲ့ မင်းပေါင်းနေတာလား'

သူမ ပခုံးတွန့်လိုက်သည်။

'ဒါ့ကျွန်မ ဘဝပဲလေ'

'မင်းအကြောင်းနဲ့ မင်းမိတ်ဆွေအကြောင်း ပြောပြသင့်တယ်လို့ထင်တယ်'

သူမ ပခုံးတွန့်လိုက်ပြန်သည်။



'ကျွန်မကို မေးခွန်းထုတ်မနေပါနဲ့ သိပ်မကြာခင်ကာလမှာ ကျွန်မတို့ လမ်းခွဲရမှာပါ .. ကျွန်မအကြောင်း ဘာမှ မသိလေကောင်းလေပဲ'

'မထင်ပါနဲ့ ဆာဗီနီ .. ငါပြောတာကိုယုံ .. တို့ပြန်ဆုံပါလိမ့်မယ် .. မကြာခင်မှာ ပြန်ဆုံပါလိမ့်မယ်။

'ကျွန်မ မဆုံချင်တာ မဟုတ်ပါဘူး .. ဒါပေမယ့် မဆုံသင့်ပါဘူး .. လတ်တလောကာလမှာ ကျွန်မဟာ လူတွေနဲ့ ကင်းကွာနေတယ် .. ရှင့်အတွက် အန္တရာယ်ရှိလွန်းတယ် .. ကျွန်မနဲ့ တွေ့ဆုံခဲ့တာကို မေ့ပစ်လိုက်ပါ .. မေ့ပစ်လိုက်တာပိုကောင်းပါ့မယ်'

'ငါ့ကိုတစ်ခု ပြောစမ်းပါ .. မင်းမိတ်ဆွေဆိုတဲ့ ပုဂ္ဂိုလ်ဟာမင်းရဲ့ချစ်သူလား'

ဂရေဂရီကမေးလိုက်သည်။

'ပေါက်ကရတွေ မဟုတ်ဘူး .. ဒါပေမယ့် သူဟာ စိတ်ဝင်စားစရာအကောင်းဆုံး၊ စွဲမက်စရာ အကောင်းဆုံး လူတစ်ယောက်ဆိုတာ လောက်တော့ ကျွန်မ မငြင်းချင်ဘူး .. ဒါပေမယ့် သူဟာမိန်းမတွေအတွက် အချိန်မရှိဘူး .. ကျွန်မကို စက်ယန္တရားကြီးက ပင်နယံတစ်ခုလိုပဲ သဘောထားတယ်'

'သံသယမကင်းဖြစ်နေတဲ့ စုံထောက်လေးတွေကို သေတွင်းမျှားဖို့လား'

ဂရေဂရီက ပြုံး၍ မေးလိုက်မိသည်။

"မဟုတ်ပါဘူး .. အဲဒီလိုလုံးဝမဟုတ်ဘူး .. အဲဒီလူဆိုးလို့ရှင်ခေါ်တဲ့သူတွေက သူ့ကိုသတ်မှာ မဟုတ်ပါဘူး .. သူခိုးသွားတဲ့ကြေးနန်းကို ပြန်ယူဖို့သက်သက်ပါ'

သူမသည် သူမအပေါ်အထင်လွဲနေမှုကိုအကြောက်အကန်ငြင်းရင်း ရည်ရွယ်သည်ထက်ပို၍ ပြောမိသွားသည်။ ဂရေဂရီသည် သူမမျက်နှာတစ်ချက်ပျက်သွားသည်ကို သတိထားမိလိုက်သည်။

ထိုကြေးနန်းစာသည် သူ့အိတ်ထဲတွင် အခွင့်အရေးရသည်နှင့် စကားဝှက်ဖော် ပါရဂူတစ်ဦးလက်ထဲအပ်ရန်ဖြစ်ကြောင်း စိတ်ကူးမိသည်။ ဤကြေးနန်းသည် သူလိုက်နေသော ကိစ္စနှင့်ဆက်နွယ်နေသည်ဟု အလိုလိုထင်မြင်မိသည်။

'ဒီကြေးနန်းရဲ့ စကားဝှက်သော့ချက်ကို မင်းသိလား'

ဂရေဂရီကအေးဆေးစွာမေးလိုက်သည်။

သူမသည် စတော်ဘယ်ရီသီးအချို့ကို ကောက်ယူစားလိုက်ပြီးမှ ဖြည်းလေးစွာ ဖြေလိုက်သည်။

'ကျွန်မ သိရင်လည်း ရှင့်ကိုမပြောပါဘူး .. ရှင်ကျွန်မကို အဲဒီကြေးနန်းသာပေးရင် ဒုက္ခတော်တော်ကင်းသွားမယ် .. ကျွန်မအပြန်မှာ ကျွန်မမိတ်ဆွေကို အဲဒီကြေးနန်းပေးနိုင်ရင် သူဒေါသပြေသွားလိမ့်မယ် .. ရှင့်ကိုလည်း ကျေးဇူးတင်လိမ့်မယ် .. ကျွန်မတို့ထပ်တွေ့ဖို့ အခွင့်အရေးရနိုင်တယ်'

ဂရေဂရီက ခေါင်းခါလိုက်သည်။

'ဝမ်းနည်းပါတယ် .. ဒါပေမယ့် မဖြစ်နိုင်ပါဘူး .. မင်းနောက်တစ်နာရီလောက်နေအိမ်ပြန်ရောက်တော့ တစ်ခြားနည်းနဲ့ ပြေလည်မှုရအောင် လုပ်နိုင်ပါလိမ့်မယ် .. ဒီကြေးနန်းကိုတော့ ငါမပေးနိုင်ဘူး .. တို့အဖြစ်အပျက်ရဲ့ အမှတ်တရ ပစ္စည်းအဖြစ် သိမ်းထားတယ်'

သူမ ပခုံးတွန့်ပြီး ကော်ဖီခွက်ကို ကောက်သောက်လိုက်သည်။



'ရှင့်သဘောပဲ .. ဒါပေမယ့် ကျွန်မ အကြံပြုတဲ့အတိုင်းလုပ်တာပိုကောင်းမယ်လို့ထင်တယ်'

'ငါတော့မထင်ဘူး .. ငါဒီည အင်္ဂလန်ပြန်ရမှာ .. မင်းမိတ်ဆွေက ခွင့်ပြုတောင် နောက်တစ်ရက်နှစ်ရက်အတွင်းမှာ မင်းကိုတွေ့လို့ ဖြစ်မှာ မဟုတ်ဘူး။ဒါပေမယ့် သူ့သဘောကျကျ၊ မကျကျ အခွင့်အရေးရတာနဲ့ မင်းကိုတွေ့ဖို့ ရည်ရွယ်တယ် .. ကဲ နောက်တစ်ကြိမ် ပျော်ပျော်ပါးပါး ဆုံတဲ့အထိ'

ဂရေဂရီသည် သူ၏အရက်ခွက်ကို မြှောက်၍ ဆုတောင်းလိုက်သည်။အရက်ခွက်ကို လက်စသပ်သောက်ချလိုက်ပြီး စားပွဲထိုးအား ငွေစာရင်းယူလာရန် လက်ပြလိုက်သည်။

ဂရေဂရီငွေရှင်းနေခိုက်တွင် သူမ မတ်တပ်ရပ်လိုက်သည်။ သူမ အမျိုးသမီးခန်းသို့ ခဏသွားမည်ဟုပြောလိုက်သည်။ ကားထားခဲ့ရာတွင် ပြန်ဆုံရန် သဘောတူလိုက်သည်။ ဂရေဂရီသည်သူမထွက်ခွာသွားသည်ကို ငေးကြည့်နေပြီး မတ်တပ်ရပ်လိုက်သည်။ တိုက်ကပ်နွယ်ပင်များပေါက်ရောက်နေသော မုဒ်ဦးလေးအောက်မှ ဖြတ်၍ ကားဆိပ်သို့ လျှောက်ခဲ့သည်။

သူ့ကားသည် သူရပ်တန့်ထားခဲ့သော နေရာတွင် မရှိချေ။ ကားဘီးပေါက်နေသည်ကို တွေ့သောကြောင့် ဂိုထောင်သွင်းပြီး ကားဘီးလည် နေသည်ဟု အပြာရောင်အပေါ်ရုံ အကျီဝတ်ဆင်ထားသော စက်ပြင်ဆရာတစ်ဦးကပြောလိုက်သည်။ ထိုနောက် ခဏနေပြန်လာပါမည်ဟု ပြော၍ ခပ်သုတ်သုတ်ထွက်ခွာသွားသည်။

ကားဆိပ်ထဲတွင် လူသူကင်းရှင်းနေသည်။ သံသယကင်းမဲ့နေသော ဂရေဂရီသည် ပူပြင်းသော နေရောင်ကြောင့် ရှေးဟောင်းမြင်း

ဈေးဆိုင်ခန်းများ၏ အရိပ်ဆီသို့ လျှောက်ခဲ့သည်။ ထောင့်ချိုးတစ်ခုကို ကွေ့လိုက်သည်နှင့် အရပ်ရှည်ရှည်သဏ္ဌာန်တစ်ခုက ရှေ့သို့ ခုန်ထွက်လာပြီးသူ၏ မျက်နှာ တည့်တည့်ကို အနက်ရောင် အမှုံများဖြင့် ပက်လိုက်သည်။

ငရုပ်ကောင်းမှုံများပင်။ ဂရေဂရီမျက်စိမှိတ် လက်ကာလိုက်သော်လည်း နောက်ကျသွားသည်။ သူ၏မျက်လုံးအိမ်များ ပြင်းပြင်းပူလောင်နာကျင်သွားသည်။ ပါးစပ်၊ နှာခေါင်းထဲသို့ ငရုပ်ကောင်းမှုံများ လုံးဝင်သွားသောကြောင့် အသက်ရှူကြပ်သွားသည်။ သူနောက်သို့ ယိုင်သွားသည်။ မျက်စိကန်းကာကွယ်နိုင်ခြင်းကင်းသောအနေအထားရောက်နေခိုက် ဝမ်းဗိုက်တည့်တည့်သို့ လက်သီးပြင်းပြင်းတစ်လုံးဝင်လာသည်။ သူခါးညွတ်ကျသွားသည်။ မြေကြီးပေါ် မချိမဆန့် လူးလိမ့်သွားသည်။

❖ ❖ ✳ ❖ ❖



## အခန်း (၄)

'အဲဒါ မက်မောစရာကောင်းလှတဲ့ ဆာဗီနီကို နောက်ဆုံး တွေ့ခြင်းပဲ'

နောက်နှစ်ညအကြာတွင် ဂရေဂရီက ပြောလိုက်သည်။

ဆာပလ်လီနော့ဂဝိန်းတပ်စ်သည် ကုလားထိုင်ကို အားရပါးရပင် မှီလိုက်ပြီး ဝါးလုံးကွဲ ဟားတိုက်ရီမောလိုက်သည်။

'ဟာ .. တကယ့်ကြားရခဲခြင်းပဲ ကောင်မလေးက မင်းကို ကောင်းကောင်းလှည့်သွားတယ် .. ဒါကြောင့် မင်းမျက်လုံးတွေ ဒီလောက်နီနေတာကိုး ကဲ .. ဘရန်ဒီလေး သောက်လိုက်စမ်းပါအုံး .. ဘရန်ဒီလေး နောက်တစ်ခွက်'

'ကျေးဇူးပဲဗျာ'

ဂရေဂရီသည် အရက်ခရားကို ကောက်ယူပြီး ဘူးကောင်းဖန်ခွက်ထဲသို့ လောင်းထည့်လိုက်သည်။ ဘရန်ဒီမှာ အကောင်းစား၊ သက်တန်းရင့်ရင့်ပင် ဖြစ်သည်။ သူအရှင်နှင့် မခြားချေ။

ဆာပလ်လီနော့သည် အင်္ဂလန်တွင်းမှာသာ ထွက်ပေါ်တတ်

လေ့ရှိသော ရှားပါးမျိုးဖြစ်သည်။ ၁၈၇၀ ခုနှစ်ဖွားတစ်ယောက်ဖြစ်သည်။ ဝေလပြည်နယ်နယ်စပ်ရှိ အင်မတန်သာယာသော နယ်မြေကြီး တစ်ခုစားခွင့်ရထားသော ပဒေသရာဇ်နွယ်မှ ဆင်းသက်လာသူဖြစ်သည်။ သူသည် ၁၈၉၀ ခုနှစ်ကာလတွင် ထိုနယ်မြေကို အမွေစားခံခွင့်ရလာသည်။ထိုကာလကသူသည် ထိပ်တန်းမြင်းတပ်တစ်ခုမှ အရာရှိ ပေါက်စလေးဖြစ်သည်။သူသည် မိန်းမလှနှင့် မြင်းကောင်းကိုကြည့်တတ်သော အမြင်ရှိသည်။ ထို့အပြင် နှစ်ရင့်အရက်အိုးဟု ဆိုလောက်အောင် နှစ်ရင့်အရက်ကောင်းကောင်းကို အလျှံပယ်သောက်လေ့ရှိသည်။ သူကို မြင်းသမား၊မြွာသမား၊ အရက်သမားဟု လူအတော်များများက စွပ်စွဲကောင်းစွပ်စွဲကြလေ့ရှိသော သူ့ကို ဦးနှောက်သမားဟု မည်သူမျှ မစွပ်စွဲဘူးချေ။

သူသည် ဆွေမျိုးအသိုက်အဝန်းတွင် တော်ဝင် ပုဂ္ဂိုလ်များ အတော်များများရှိသည်။ မြို့စားသုံးယောက်လောက်နှင့် ညီအစ်ကို ဝမ်းကွဲတော်စပ်သည်။ ထို့ကြောင့်သူသည် တော်ဝင်မိသားစု အရေးပါသူ မှန်သမျှကို တရင်းတဲနှီးကျွမ်းဝင်သော်လည်း သာမန်လူတန်းစားတစ်သိန်းမှာ တစ်ယောက်သူ့ကို မသိချေ။သူသည် ပစ်ခတ်နိုင်သမျှ အမဲကို ပစ်ခတ်ခဲ့ဘူးသည်။ တောင်အာဖရိက စစ်ပွဲတွင် ဗစ်တိုးရီးယား တံဆိပ်ကို ထိုက်ထိုက်တန်တန် ရရှိပြီး ကျော်ကြားခဲ့သည်။ သို့သော် မကြာမီ ကာလမှာပင် လူထုမြင်ကွင်းမှ ပြန်လည်ကွယ်သွားပြန်ခဲ့သည်။

သူသည် ကုမ္ပဏီအတော်များများ၏ အတိုင်ပင်ခံ အရာရှိတစ်ဦးဖြစ်လာခဲ့သည်။ သူ၏တစ်ဦးတည်းသော သားသည် ပထမကမ္ဘာစစ်အတွင်း၌ ရရှိသော ဒဏ်ရာဖြင့် ကွယ်လွန်သွားခဲ့သည်။ ဒဏ်ရာ



ရရှိခဲ့သော တိုက်ပွဲမှာ ဆွန်းတိုက်ပွဲတွင်ဖြစ်ပြီးသူ့သားလေးအား စစ်တလင်းမှ ထမ်းထုတ်လာသူမှာ အရာရှိပေါက်စဂရေဂရီပင်ဖြစ်သည်။သို့ဖြင့် ဂရေဂရီသည် ဆာပက်လီနော့နှင့်သိကျွမ်းရင်းနှီးခွင့်ရလာခဲ့သည်။ ဆာပလ်လီနော့သည် ဂရေဂရီအား သူ၏ကုမ္ပဏီများတွင် တစ်နေရာရာ ဝင်လုပ်ရန် တိုက်တွန်းလေ့ရှိသလို ပုံမှန်လုပ်ဆောင်ရမည့် လုပ်ငန်းမျိုးကို ညီးငွေ့ပြီး လွတ်လွတ်လပ်လပ် ငွေရှာလိုသော ဂရေဂရီကလည်း ငြင်းပယ်လေ့ရှိသည်။

သို့သော် ဆာပလ်လီနော့နှင့်ဂရေဂရီ၏တူညီချက်ကား တည့်တည့်တွေးတတ်ကြခြင်းပင်ဖြစ်သည်။ ထို့ကြောင့်လည်း နှစ်ယောက်ပေါင်းသင်းဖြစ်ကြသလို ဗြိတိန်နိုင်ငံ၏ ကုမ္ပဏီကြီးတစ်ခု ပြဿနာကြုံလာသောအခါတွင် ဆာပလ်လီနော့က သူတို့ပြဿနာဖြေရှင်းနိုင်သည့် လူတစ်ယောက်ရှိပါသည်ဟု ပြောဖြစ်ခဲ့သည်။ ဂရေဂရီကို တာဝန်ပေးဖြစ်သည်။

ဂရေဂရီသည် အရက်ခွက်ကို လက်နှစ်ဘက်နှင့် ပွတ်သပ်အပူပေးလိုက်ပြီး အနံ့ကို အားရပါးရ ရှိုက်ရှူလိုက်သည်။ ထို့နောက် ယင်းတို့ညနေစာ စားသောက်ပြီး ထိုင်နေသော စာကြည့်ခန်းကို မျက်လုံး တစ်ချက်ဝေ့ကြည့်လိုက်သည်။

'သူ ကျွန်တော့်ကို လူလည်ကျမသွားနိုင်ခဲ့ပါဘူး'

ဆာပလ်လီနော့သည် သူ၏မျက်လုံးပြာတစ်လုံးကို မှိတ်လိုက်သည်။

'တောသွားပြောချာတိတ် .. ငါကိုယ်တိုင် မိန်းမတွေရဲ့ အပတ်ခံရဘူးပါတယ် .. အပတ်ခံရကြောင်းလည်း ဝန်ခံဖို့ ဝန်မလေးပါဘူး .. သူက ဟိုထော့ကျိုးကို လက်ထောက်ချလိုက်တယ် .. ထော့တျိုး

က လျှန်တိန်လုပ်သွားတာပဲ .. ဟ အဲဒီတုံးက မင်းပုံစံကြည့်ဖို့ ငွေတစ်ထပ်ကြီးပေးရရင်ပေးပါ့မယ် .. မင်းတော်တော်ဒေါသထွက်သွားခဲ့မှာပဲ'

ဆာပလ်လီနော့သည် သူ၏ပေါင်ရှည်ကြီးများကို အားရပါးရရိုက်၍ ဟားတိုက်ရီလိုက်ပြန်သည်။

"သူလက်ထောက်မချခဲ့ပါဘူး .. သူလက်ထောက်ချခဲ့ရင် ထော့ကျိုးက ကျွန်တော့်ကို သမပြီး ကြေးနန်းကို ရှာမှာပေါ့ .. သူမရှာခဲ့ဘူး .. ကျွန်တော့်ဆီမှာ ကြေးနန်းရှိနေတာကို သူသိပုံမရဘူး .. သူ့ဆရာညွှန်ကြားချက်အတိုင်း ကျွန်တော့်လက်ထဲကနေ ဆာဗီနီကို ခေါ်ထုတ်ဖို့လောက်ပဲ စိတ်ဝင်စားနေခဲ့တယ် .. မယုံရင် ဒီမှာကြည့် .. ကြေးနန်း'

ဂရေဂရီက ကန့်ကွက်လိုက်သည်။

'အင်း .. မင်းပြောတာမှန်ရင်မှန်မယ်'

ဆာပလ်လီနော့သည် ကြေးနန်းစာရွက်လေးကို ယူ၍ ဖတ်ရှုလိုက်သည်။

ကိုရော့ ကာဖီဒီလာ ကိုလ်ချီ ကာလေ့စ် ခြောက် ၄၁ ၄၄ ၁၁ ၁၅ ထို့နောက် ၄၆ ခုနစ် ၄၃ ၄၇ ရှစ် ၄၃ နောက် ၄၇ ။

'ခင်ဗျား ဘယ်လို အဓိပ္ပါယ် ပေါက်လဲ'

ဂရေဂရီက မေးလိုက်သည်။

'ဘာမှ အဓိပ္ပါယ်မပေါက်ဘူး .. ဂဏန်းနဲ့ပတ်သက်လာရင် ဘယ်တော့မှ ဉာဏ်မမှီဘူး .. သင်္ကေတဆို ဝေလာဝေး ပြောရမယ် .. ဆိုတာ ဘာအတွက် ဘာဦးနှောက်မှ မရှိခဲ့ဘူး။

'မရှိဘူး .. ဒါပေမယ့် ရှော့ချိုင်းလ်တွေ အားလုံးရဲ့ ဖအေ



ဟာ ခင်ဗျား သူတို့ဆီ အလည်အပတ်လာမယ်ကြားတာနဲ့ အလုပ်တစ်ရက် ဖျက်ပြီး ပိုက်ဆံအိတ်တွေအားလုံး ကြယ်သီးတပ်ပိတ်ပစ်ကျမှာ သေချာတယ်'

ဂရေဂရီက သွားဖြီး၍ ပြောလိုက်သည်။

'ခွေးကောင်လေး ပေါက်ကရ လျှောက်ပြောနေတယ်'

ဆာပလ်လီနော့က အပြုံးဖြင့် တုံ့ပြန်၍ ဆက်ပြောလိုက်သည်။

'ဒါပေမယ့် အခုကိစ္စ ငါတကယ်ပြောနေတာပါ .. ဒီဟာကို ခေါင်းမှန်းပန်းမှန်း မကွဲဘူး .. ရေတပ် လျှို့ဝှက် သင်္ကေတဌာနမှာ တော့ ငါ့မိတ်ဆွေတစ်ယောက်ရှိတယ် .. မနက်ဖြန်သူနဲ့ ဆက်သွယ်ကြည့်လိုက်မယ် .. တစ်ခြားသူကို လုပ်ခိုင်းနိုင်တဲ့ကိစ္စ ဒုက္ခခံပြီး ကိုယ်ဟာကိုယ် လုပ်မနေနဲ့တဲ့ .. အဲဒီစကား မှတ်ထားငါ့လူ .. ကဲ အဲဒီ မိန်းမချောလေးကို မင်းဘာလုပ်လိုက်လဲ ငါ့ကိုမှန်မှန်ပြောစမ်းပါအုံး'

'ပြောခဲ့တာ အမှန်တွေပဲ ဘာမှ ထပ်ပြောစရာ မရှိဘူး'

'တော်စမ်းပါကွာ .. မင်းအခန်းထဲမှာ သူတစ်ညလုံး ရှိနေခဲ့တယ်'

'ဟုတ်ပါတယ် .. ဒါပေမယ့် ကျွန်တော် ကတိပေး .. '

'အဲဒါကို ငါယုံရမယ် ဟုတ်လား .. ဖြစ်နိုင်ပါ့မလား .. မင်းတော့ ရှားမှရှားအကောင်ပဲ'

ဆာပလ်လီနော့သည် သူ၏ ကုလားထိုင်ကို နောက်မှီထိုင်လိုကက်သည်။

'ကဲ.. ဒီကိစ္စကို ရှင်းရှင်းလင်းလင်းပြောစမ်းပါ ... မင်းပြေးရင်းလွှားရင်း တို့နဲ့ပတ်သက်တာကို ဟာတ်ထိုးမိတယ်လို့ ယူဆသလား

.. ဒါမှမဟုတ် တို့နဲ့ တစ်ပြားသားမှ မပတ်သက်တဲ့ ခိုးကြောင်ခိုးဝှက် ကိစ္စတစ်ခုကို ကြံတာလို့ ယူဆသလား'

ဂရေဂရီက ပခုံးတွန့်လိုက်သည်။

'ကျွန်တော်တပ်အပ်မပြောနိုင်ဘူး .. ကျွန်တော်တို့နဲ့ ပတ်သက်တာဖြစ်ရင်လည်းဖြစ်မယ် .. မဖြစ်ရင်လည်း မဖြစ်ဘူး ဘယ်လိုပဲဖြစ်ဖြစ် ဒီအစကို ဆက်လိုက်ဖို့ ဆုံးဖြတ်ထားတယ်'

'ဒီအစ .. ဒီသဲလွန်စ မဟုတ်ပါဘူး .. ဒီမိန်းမလှလို့ မင်းဆိုလိုတာမဟုတ်လား ငါ့လူ ....'

'မှန်ပါတယ် .. ဒါပေမယ့် သူ့ကို လိုက်ရင် ပတ်သက်ရာကို ရောက်မယ် .. လို့ထင်တယ် .. သူ့လူတွေက စကော့တလန်ယာဒ်က စုံထောက်တစ်ယောက်ကို တိုက်ခိုက်တာဆိုတာ မမေ့နဲ့'

'မှန်တယ် .. ဒါပေမယ့် စုံထောက်တောင်မှ နားရက်ရှိသေးတာပဲ မင်းကောင်မက သူ့ဓာတ်ရှပ်ကို သက်သက်ဖုံးဖိလိမ်သွားတာလဲ ဖြစ်နိုင်တယ် .. အလိမ်အညာမှာ မိန်းမတွေက ရာဇာတွေပဲ .. သိပ်တော်ကြတယ်'

ထိုအချိန်မှာပင် စားပွဲထိုးက အရက်ပုလင်းသစ်တစ်မျိုးကို ယူဆောင်လာသည်။ ဆာပလ်လီနော့၏ အကြိုက်နှစ်ရင့်အရက်ပင် .. ဆာပယ်လီနော့သည် ကိုယ်တိုင် အရက်ပုလင်းဖေါက်၍ အရက်ငှဲ့ထည့်လိုက်သည်။ ဂရေဂရီအား တစ်ခွက်ကမ်းပေးလိုက်သည်။

"ကြီးကြီးကျယ်ကျယ် ကိစ္စတစ်ခုကို ခြေရာခံမိပြီလို့မင်းဘာလို့ ယူဆတာလဲ .. အပေါ်ယံ ကြည့်လိုက်ရင် စုံထောက်တစ်ယောက်ပါဝင်ပတ်သက်သွားတဲ့ သာမန် ရန်ပွဲတစ်ခု အဆင့်ပဲရှိတယ်'

' ဟုတ်ပါတယ် .. အပေါ်ယံ ကြောကကြည့်ရင်တော့



ဟုတ်တယ် .. ဒါပေမယ့် လွန်ခဲ့တဲ့ နှစ်နှစ်သုံးနှစ်လောက်က ဖြစ်ပျက်ခဲ့တဲ့ ကြံစည်မှုကြီး တစ်ခုကိုမှတ်မိလား ဂိုဏ်းတစ်ခုက သေနတ်သမား အဖျက်သမား၊ ရှို့မီးသမားတွေ အသုံးပြုပြီး ရုပ်ရှင်ထုတ်လုပ်မှုလုပ်ငန်းကြီးတစ်ခုလုံးကို အပိုင်စီးဖို့ ကြိုးပမ်းတဲ့ကိစ္စလေ'

'မှတ်မိပါတယ် .. သူတို့ ဂျွန်ဘန်ဘိုရော့နဲ့ အခြားလူအတော်များများကို သတ်ဖြတ်ခဲ့တယ် မဟုတ်လား .. အဲဒီကိစ္စတစ်ခုလုံးကို ကြီးကြပ်ကွပ်ကဲခဲ့တဲ့ ထရန်စ်ကွန်တီနယ်တယ် အီလက်ထရစ် ကုမ္ပဏီဥက္ကဋ္ဌ ဟင့်စ်မန်းလည်း ရဲလက်ကထွက်ပြေးရင်း သေဆုံးသွားတယ် မဟုတ်လား'

'ဆူရီပြည်နယ်က စိမ့်သော တစ်ခုမှာ ရေနစ်သေသွားတယ်လို့ ဆိုပေမဲ့ အထောက်အထား မရှိခဲ့ဘူး .. ဒါပေမယ့် ဟင့်စ်မန်းက ရုပ်ပြခေါင်းဆောင်သက်သက်ပါ – အဲဒီကြံစည်မှု နောက်ကွယ်မှာ သူထက်ဆိုးဝါးတဲ့ခေါင်းဆောင်တစ်ယောက်ရှိခဲ့တယ် .. တွက်ဆလို့ မရအောင် ကြွယ်ဝချမ်းသာပြီး လွန်ခဲ့တဲ့နှစ်ကာလအတွင်းက ဖြစ်ပွားခဲ့သမျှမှာ ပါဝင်ခဲ့တဲ့ လော့ဂါဗင်းဖေါ့တက်စ်ကျူလေ'

'ဘာဒန်ဗိုရဲ့ညီလား'

ဆာပလ်လီနော့၏မျက်ခုံးများမြင့်တက်သွားသည်။

'ဟုတ်တယ် .. ဒန်ဗာမြို့စားရဲ့ အမွှာညီပဲ .. ဒန်ဗာ ကလူတော်လူမွန်တစ်ယောက်ဖြစ်ပေမယ့် ဂါဗင်ကတော့လူဆန်းကြီးဖြစ်နေတယ် .. လူပုလည်း မဟုတ်ဘူး .. ဒါပေမယ့် အတော့ကို အရုပ်ပုတယ် .. ခေါင်းကကြီးမားနေပြီး ခန္ဓာကိုယ်ကျတော့ လူပျိုပေါက်အရွယ်ဝင်ခါစကလေးလောက်ပဲရှိတယ် .. သူဟာ အငယ်ဖြစ်နေတဲ့

အပြင် ချို့ယွင်းချက်ပါရှိနေလို့ နယ်စားခွင့်မရခဲ့ဘူး . . အဲဒီအချက်ကြောင့် စိတ်ဖေါက်ပြန်သွားတယ်လို့ဆိုတယ် .. သူတို့ ကလေးဘဝက ဒန်ဗာကို သတ်ဖို့ တောင်ကြံခဲ့တယ်လို့ ဆိုကြတယ်'

'ဟုတ်လား .. ငါသူတို့နှစ်ယောက်လုံးကို သိတယ် .. ဒန်ဗာကို အခုထိကောင်းကောင်းသိတယ် .. ဒါပေမယ့် ဂါဗင်ကို မတွေ့ရတာနှစ်ပေါင်းတော်တော်ကြာပြီ .. ဂါဗင်က ခရီးအရှမ်းသွားတယ်လို့ဆိုတယ် .. ရောက်ရာနေရာမှာလည်း လူတွေနဲ့ကင်းကင်းနေတတ်တယ် .. သူ အင်မတန် ချမ်းသာကြွယ်ဝတာမှန်တယ် .. ငွေတွေကလည်း ဒုစရိုက်မှု မှန်သမျှလုပ်ပြီး ရလာတဲ့ငွေတွေပဲ .. လူတွေကို အဆိပ်အတောက်လိုမုန်းတီးတယ် ..သန်းပေါင်းများစွာ ကြွယ်လာအောင် ကိုယ်ကျင့်တရားကိုအကြိမ်တစ်ရာမက ရောင်းစားခဲ့တယ် .. လက်နက်ကုန်ကူးကာ ၊ မူးယစ်ကုန်ကူးတာ၊ လူကုန်ကူးတာ သူမလုပ်ဘူးတာမရှိဘူး။ဒါပေမယ့် မြေအောက်လောကမှာ အတော်ဩဇာညောင်းလို့ သူ့ကို ဖမ်းဖို့ပိုင်ပိုင်နိုင်နိုင် အထောက်အထား မရနိုင်ဘူး .. သူက လူမဟုတ်ဘူး စိတ်မနှံ့တဲ့နတ်ဆိုးတစ်ကောင်ပဲ .. မျက်မှောက်ကာလ ဥရောပတိုက်ရဲ့ အထက်မြတ်ဆုံးအရက်စက်ဆုံး ဒုစရိုက်ဦးနှောက်ရှင်လို့ သူ့ကို သတ်မှတ်ရင် မှားမှာမဟုတ်ဘူး'

ဂရေဂရီ ခေါင်းဆတ်လိုက်သည်။

'ဆဘီနီရဲ့မိတ်ဆွေဆိုတာသူပဲ'

❖ ❖ ✳ ❖ ❖



## အခန်း (၅)

'ဘုရားရေ .. အစကတည်းက ပြောပါလားကွ'

ဆာပလ်လီနော့သည် ကုလားထိုင်တွင် မတ်ခနဲထိုင်ရင်း မချင့်မရဲဆိုလိုက်သည်။

'ကျွန်တော်က စာရေးဆရာဗီဇရှိတော့ ကောင်းကွက်ကို နောက်ဆုံးအထိချိန်တဲ့အကျင့်ရှိတယ် .. ကျွန်တော် စာရေးရမှာကို မပျင်းရင် လျှို့ဝှက်သဲဖိုဝတ္ထုတွေရေးပြီး သန်းကြွယ်သူဌေးဖြစ်နိုင်တယ် .. ဒါပေမယ့် အဲဒါထားပါလေ .. ကျွန်တော်ကြီးကြီးကျယ်ကျယ် ကိစ္စတစ်ခုကို ခြေရာခံမိပြီဆိုတာ သဘောပေါက်ပြီလား'

ဆာပလ်လီနော့က အရက်ခွက်ကို ကောက်မော့လိုက်သည်။

'ငါလုံးဝဥသုံသဘောတူတယ် .. ငါတို့ ရင်ဆိုင်နေရတဲ့ကိစ္စမှာ ဂါဗင်ဖောတက်စ်ကျူခေါင်းဆောင်ဖြစ်နေရင် ငါ မအံ့ဩပါဘူး မင်းမှန်တယ် ဒီကိစ္စကိုဆက်ပြီးလိုက်သင့်တယ်လို့ ယူဆတာမှန်တယ် ... မင်းဘာဆက်လုပ်မလဲ'

'ကျွန်တော် လေယာဉ်ပျံတစ်စင်းလိုချင်တယ် .. လေယာဉ်ပျံကမြန်ရမယ် ... ကိုယ်ထည်ခိုင်ခန့်ပါစေ .. နောက်ပြီး ဆူညံမှု

အသက်သာဆုံး အင်ဂျင်နဲ့ ဖြစ်ရမယ်'

'မင်းလိုချင်တာ တစ်ဒါဇင်လောက်တောင် ရနိုင်တယ်'

'တစ်စင်းတော်ပါပြီ .. ကျေးဇူးပဲ'

'လေယာဉ်မှူးရော လိုချင်လား'

'မလိုဘူး .. ကျွန်တော်ကိုယ်တိုင်မောင်းမယ် .. ဒါကြောင့် ကိုယ်ထည်ခိုင်ခိုင်ခန့်ခန့်အပြင် ခေတ်မီ ကိရိယာတွေအားလုံးပါတဲ့ လေယာဉ်ပျံဖြစ်စေချင်တယ် .. အော်တို မက်တစ်ပိုင်းလော့ပါတဲ့ လေယာဉ်လိုချင်တယ်'

'ခုခေတ် လေယာဉ်ပျံအများစုက အော်တိုပိုင်းလော့ပါပါတယ် ဘယ်လိုပဲ ဖြစ်ဖြစ်လေ .. အကောင်းဆုံး လေယာဉ်ပျံရစေမယ် .. မနက်ဖြန်ဟက်တွန်လေယာဉ်ကွင်းမှာ အသင့်ရှိနေမယ် .. နောက်တော့ရော ..'

'ဒီကြေးနန်းကို ခင်ဗျားရဲ့မိတ်ဆွေ အဖြေထုတ်နိုင်မထုတ်နိုင် ကြည့်မယ် .. သိပ်တော့ မထင်ဘူး .. ဂဏန်းတွေ နံပါတ်တွေကို သဘောပေါက်ရခက်နေတယ် .. ဘာပဲဖြစ်ဖြစ် ခြောက် ခုနှစ်၊ ရှစ်ကတော့ ရက်စွဲတွေဖြစ်ပုံရတယ် .. မနက်ဖြန် ၆ ရက်နေ့ တစ်ခုခု ဖြစ်မယ်ထင်တယ် .. ဖြစ်မဖြစ်တော့ မသိဘူး မနက်ဖြန်ညမှာတော့ ကြေးနန်းမှာပါတဲ့ ကာလေ့စ်မြို့က ဒီလာကိုလ်ချီကာဖီးမှာ အသင့်ရှိနေဖို့ ရည်ရွယ်တယ်'

'ကောင်းတယ် .. ဒီကိစ္စမှာ ရဲတွေပါဝင်နေတော့ မင်းရဲတွေနဲ့ အတတ်နိုင်ဆုံး ပူးပေါင်းသင့်တယ်လို့ ထင်တယ်'

'ရဲတွေက သူတို့ကိစ္စထဲ အရပ်သားတွေ ဝင်တိုးလာရင် သိပ်မကြိုက်တတ်ဘူး'



'မှန်တယ်... ဒါပေမယ့် အတိုက်ခိုက်ခံရတာ သူတို့လူဖြစ်နေတော့ သူတို့နဲ့ တို့ လိုက်နေတာခြင်းတူတူ မတူတူ သတင်းကတော့ ပေးဖို့လိုမယ်... ရဲချုပ်ကြီးကတော့ စကော့တလန်ရောက်နေတယ်... ဒုရဲချုပ်ကို ဖုန်းဆက်ပြီး မနက်ဖြန်ကျရင် စကော့တလန်ယာဒ်မှာ မင်းနဲ့ တစ်ယောက်ယောက်တွေ့ဖို့ စီစဉ်လိုက်မယ်'

ဂရေဂရီ ပခုံးတွန့်လိုက်သည်။

'ခင်ဗျား သဘောပဲ.... ဒါပေမယ့် အကျိုးရှိမယ်လို့တော့ မထင်ဘူး'

နောက်တစ်နေ့မနက် ၁၁ နာရီအချိန်တွင် ဆာပလ်လီနော့သည် ဂရေဂရီထံသို့ ဖုန်းဆက်လိုက်သည်။ စကားဝှက်ကြေးနန်းကို ရေတပ်ဌာနမှ ပုဂ္ဂိုလ်များ ဉာဏ်မမီ၊ အဖြေမထုတ်နိုင်ကြောင်း သူလိုချင်သော လေယာဉ်ပျံအသင့်ရှိနေပြီဖြစ်ကြောင်းနှင့် ၁၂ နာရီအချိန်တွင် စကော့တလန်မှ စုံထောက်ချုပ် မောရီးဖတ်နှင့် တွေ့ဆုံရန် အချိန်းအချက်ပြုထားကြောင်း အကြောင်းကြားလိုက်သည်။

၁၂ နာရီ ငါးမိနစ်အချိန်တွင် ဂရေဂရီသည် စုံထောက်ချုပ်၏ အခန်းထဲသို့ ရောက်လာသည်။ ရုံးခန်းမှာ အေးစက်နေပြီး စိတ်မချမ်းမြေ့စဖွယ် ကောင်းနေသည်။ အခန်းထဲတွင် စိတ်ရှင်နေသော အရာမှာ အခန်းရှင်တစ်ဦးတည်းသာ ဖြစ်ပုံရသည်။

စုံထောက်ချုပ် မောရီးဖတ်သည် အလွန်တရာ ခန္ဓာကိုယ်ကြီးထွားသူ ဖြစ်သည်။ အနည်းဆုံး ၁၈ စတုံမျှ ရှိမည်ဟု ထင်ရသည်။ ဂရေဂရီသည် ကမ္ဘာကျော်ပုဂ္ဂိုလ်ကြီးများ ဝင်ထွက်သွားလာနေသည်ကို ဘက်ကင်ဟန်နန်းတော် တံခါးဝမှ ရပ်ကြည့်ရင်း ဝင်လာသော အင်စပတ်တော်ကြီးကို မြင်ယောင်မိသည်။

စုံထောက်ချုပ် မောရီးဖတ်သည် ခန္ဓာကိုယ်ကြီးထွားသည့်တိုင် အောင် ပျက်ယွင်းနေသည့် လက္ခဏာမရှိချေ။ သူသည် သူ့လုပ်ဖော် ကိုင်ဖက်များကဲ့သို့ပင် ခြေမြန်လက်မြန် လှုပ်ရှားနိုင်ပြီး သူ့လက်သီး ချက်တစ်ချက်မိလျှင် နွားသိုးပင် ဖင်ထိုင်ကျသွားမည်ဟု ဂရေဂရီ တွက်ဆမိသည်။ သူ၏မျက်နှာမှာ ကလေးငယ်တို့၏ မျက်နှာကဲ့သို့ ဝိုင်းစက်နီတွက်နေသည်။ မျက်လုံးပြာများက ဖော်ရွေသည်။ ဆံပင် မှာ နီညိုရောင်ပြေးနေသည်။

'ထိုင်ပါခင်ဗျား'

မောရီးဖတ်က သူ့စားပွဲတစ်ဘက်တွင်ရှိသော ကုလားထိုင်ကို လက်ဖြေ့ယမ်းပြပြီး ပြောလိုက်သည်။ ထို့နောက် စီးကရက်တစ်ဘူး ကို ဂရေဂရီရှေ့သို့ တွန်းပို့လိုက်သည်။

'သောက်ပါအုံး'

'ကျေးဇူးပဲ'

ဂရေဂရီသည် စီးကရက်တစ်လိပ်ကို မီးညှိလိုက်သည်။ ထို့ နောက် သူ့အဖြစ်အပျက်ကို ပြောပြလိုက်သည်။ သို့သော် ကြေးနန်း စာကို ရရှိထားကြောင်း ထိန်ချန်ထားလိုက်သည်။

ဂရေဂရီ ပြန်ထွက်ခွာသွားသည်နှင့် မောရီးဖတ်သည် တယ်လီ ဖုန်းကို ကောက်ကိုင်လိုက်သည်။

'ဝဲလ်စ်လား... မင်းကို ထရိုဗီလီမှာ ကယ်ခဲ့တဲ့ငတိ အခုပဲ ငါ့ဆီ လာသွားတယ်.... နာမည်က ဂရေဂရီဆောပ်စ်ပဲ ပန်ကာပဲ.... တို့နဲ့ အလုပ်တွဲလုပ်ချင်ပုံပြတယ်.... ငါ လက်မခံဘူး... ဝဲလ်စ် မင်း တော် တော်ကံကောင်းတာပဲ၊ ခုကိစ္စမှာ လောဂါဗင် ဖောတက်စ်ကျူ ပါနေ တယ်... ဒီကိစ္စသာ မင်း အကိုင်အတွယ်မှန်ရင် မင်းရာထူးတိုးဖို့



သေချာတယ်... ငါ့ဆီ ချက်ချင်းတက်လာခဲ့အုံး... သူ့ကို နေ့ည မျက်ခြေမပျက်စေနဲ့..... နောက် သူ ကြေးနန်းကို မတွေ့ဘူးလို့ ငြင်းတယ်... မင်း ပိုက်ဆံအိတ်သက်သက်ကို ကောက်ရတယ်တဲ့... ဒီကောင် ညာနေမှန်း ငါ သဘောပေါက်တယ်... သူ့နောက် ခြေရာခံလိုက်ရင် တစ်နေ့ရာတော့ ပေါက်မှာသေချာတယ်'

## အခန်း (၆)

ဂရေဂရီသည် စကော့တလန်ယာဒ်မှနေ၍ ဂလိုချက်စတာလမ်း အိမ်နံပါတ် ၂၇၂ ပထမထပ်တွင် တည်ရှိသော သူ၏ အခန်းသို့ ပြန်ခဲ့သည်။

ဂရေဂရီသည် ယနေ့အခန်းထက် သားနားသောအခန်းကို ငှားရမ်းနေနိုင်သည်။ သို့သော် ဤအဆောက်အဦး၏ ပိုင်ရှင်မှာ စစ်ကာလအတွင်းက သူ၏ကိုယ်ရေးဖြစ်ခဲ့သော ဂျော့ရှဒ်၏ တိုက်ဖြစ်သည်။ ထိုကာလကတည်းကပင် ဂျော့ရှဒ်သည် သူ၏ လက်ရုံးဖြစ်လာသည်။

မစ္စတာရှဒ်သည် သူ့တိုက်၏ အပေါ်ထပ်ကို တက္ကသိုလ်ကျောင်းသားများကို ငှားရမ်းထားပြီး မြေညီထပ်တွင် ကုန်စုံဆိုင်ပိုင်ရှင်အတွက် တောက်တိုမယ်ရ လုပ်ကိုင်ပေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်းမှု ပြုသည်။

ဂရေဂရီ အိမ်ပြန်ရောက်လာသောအချိန်တွင် ငွေဓားရိုးတပ်ဘရာစုနှစ် ဓားများကို တိုက်ချွတ်နေသော ရှဒ်ကို တွေ့ရသည်။



ရှဒ်သည် အလုပ်မရှိအလုပ်ရှာ တကုပ်ကုပ်လုပ်နေရမှ ကျေနပ်သူဖြစ်သည်။

သူ၏ ခန္ဓာကိုယ်မှာ သာမန်အရွယ်အစားမျှသာ ဖြစ်သည်။ ရွှေဝါရောင်ဆံပင်ကို တိုတိုညှပ်ထားသည်။ သို့သော် ရှေ့ပိုင်းတွင်မူ ဆံပင်တစ်ဖုတ်ကို ရှည်ရှည်လွှတ်ထား၏။ ထိုဆံပင် တစ်ဖုတ်ကိုပင် ဆီရွှဲရွှဲလိမ်း၍ နဖူးပေါ်တွင် ခွေလိပ်တင်ထားတတ်သည်။ နှုတ်ခမ်းမွေးထားထားသည်။ ထိုနှုတ်ခမ်းမွေးက သူ့သွားများမကောင်းကြောင်းကို ကောင်းကောင်းကာကွယ်ထားပေးသည်။ မျက်လုံးများမှာ ပြာလဲ့နေ၏။ ဖော်ရွေမှု ပွင့်လင်းမှု အပြည့်ရှိသည်။

'ပြင်သစ်ကို လိုက်ချင်လား'

ဂရေဂရီက သူ့ကို မေးလိုက်သည်။

'လိုက်ချင်တာမှ တစ်ပိုင်းသေလို့ ဘယ်လိုလဲ အင်မတန်ပျော်မြူးစရာကောင်းတဲ့ ပါရီမြို့ကြီးကိုလား... ကောင်မလေးတွေလက်ကိုင်ပဝါလောက်သေးတဲ့ ဘစ်ကနီတွေဝတ်ပြီး နေပူစာလှုံတဲ့ ကမ်းရိုးတန်းတစ်နေရာရာကိုလား'

စစ်သားလူထွက်က သူ့နှုတ်ခမ်းတွင် ထားသော ဂိုးလ်ဖလိပ်စီးကရက်ကို ဖြုတ်ရင်း မေးလိုက်သည်။

'မဟုတ်ဘူး.... အခုက အလုပ်ကိစ္စ... ငါ့ကိုယ်ပိုင် စစ်ပွဲလေး တိုက်ခိုက်နေတယ်'

'ဟုတ်လာပြီ... ဒီတစ်ခါ ဘယ်သူ့ကို သွားတီးမှာလဲ'

'အဲဒါက ပြဿနာ.... ဘယ်သူ့တီးရမှာမှန်း မသိသေးဘူး'

'အေးလေ... ဘယ်သူ့ဖြစ်ဖြစ် ကျွန်တော့်အတွက်တော့ မထူးပါဘူး... ဆရာ သူတို့ကို ပစ်မှတ်ထားပြီဆိုကတည်းက သူတို့ကိုယ်

စား ရင်တုန်မိတယ်... သနားစရာပဲ၊ ကျွန်တော်တို့ လက်နက်ယူသွားမှာလား'

'ယူတာ ကောင်းမယ်ထင်တယ်... ကိစ္စမပြီးခင် လိုလိမ့်မယ်ထင်တယ်'

ရှဒ်သည် ရှူးဒေးနှစ်လက်အား မီးဖိုအထက် နံရံတွင် ပြန်ချိတ်လိုက်သည်။ စာရေးစားပွဲအံဆွဲကို ဖွင့်၍ အော်တိုမက်တစ် ပစ္စတိုလ်နှစ်လက်ထုတ်ယူလိုက်သည်။ နှစ်လက်စလုံး ကောင်းစွာ အမဲဆီထိုးတိုက်ချွတ်ထားသည်။ ရှဒ်သည် သေနတ်နှစ်လက်ကို တမြတ်တနိုး ပွတ်သပ်လိုက်သည်။

c၊တို့ အဝတ်ပုံ တစ်စုံစီလောက်ပဲလိုတယ်.... ညအိပ်ညနေနေခဲ့ရင် လိုရမယ်ရပေါ့... ဒါနဲ့ တို့လေယာဉ်ပျံနဲ့ သွားမှာနော်'

ဂရေဂရီနှင့် ရှဒ်တို့ ဟက်တွန်လေယာဉ်ကွင်းသို့ ရောက်သောအခါတွင် သူတို့ကို အသင့်စောင့်ဆိုင်းနေသော နှစ်ယောက်စီးလေယာဉ်ပျံလေးတစ်စင်းကို တွေ့ရသည်။ လေယာဉ်ပျံမှာ ဆာပလီနော့ကို မှာထားခဲ့တာ အချက်အလက်အားလုံး ပြည့်စုံသော လေယာဉ်အသစ်ပင်ဖြစ်သည်။

ညနေ ၅ နာရီထိုးရန် ၁၅ မိနစ်အလိုတွင် ဂရေဂရီနှင့် ရှဒ်တို့ ပျံတက်ခဲ့ကြသည်။

ဂရေဂရီသည် ကာလေ့စ်မြို့သို့ တိုက်ရိုက်ပျံသန်းခဲ့သည်။ သို့သော် ချက်ချင်းဆင်းသက်ခြင်း မပြုချေ။ သူသည် အရှေ့ဘက် ဒန်ကစ်ကမ်းခြေအထိ ပျံသန်းပြီး အောက်မှ မြေပြင်ကို ဂရုတစိုက်ကြည့်ရှုလာခဲ့သည်။ ဒန်ဇာထံသို့ ရောက်သောအခါတွင် အနောက်တောင်တက်သို့ ဆက်လက်ပျံသန်းခဲ့သည်။ ဂရစ်နက်စ် အငူသို့



ရောက်မှ ကာလေ့စ်မြို့သို့ ပြန်ကွေ့ခဲ့သည်။ ကာလေ့စ်လေဆိပ်လေးကို ည ၇ နာရီအချိန်တွင် ရောက်ရှိ ဆင်းသက်လာသည်။

ဂရေဂရီသည် လေယာဉ်ပျံကို ထိုးဆိုက်ပြီးသည်နှင့် လေယာဉ်ဆီ အပြည့်ဖြည့်လိုက်သည်။ ထိုညတွင်းချင်းပင် အင်္ဂလန်သို့ ပြန်ကောင်းပြန်မည်ဟု သတိပေးထားခဲ့သည်။ ထို့နောက် တက္ကစီတစ်စီးငှားရမ်း၍ မြို့တော်ခန်းမသို့ လာခဲ့သည်။ မြို့တော်ခန်းမသို့ ရောက်သောအခါတွင် ဒီလာကိုလ်ချီ ကာဖေးတည်ရာကို စုံစမ်းသည်။

မည်သူမျှ သိပုံမရချေ။ နောက်ဆုံးတွင် မှိုတက်ဖုံတက်နေပုံရသော ဌာနလေးတစ်ခုသို့ ရောက်လာသည်။ အဖွားကြီးတစ်ဦးလယ်ဂျာစာအုပ်တစ်အုပ်တွင် ရေးမှတ်နေသည်ကို တွေ့ရသည်။ ထိုအခါကျမှ ဒီလာကိုလ်ချီသည် ဘိုလုံမြို့သွားလမ်းအတိုင်း တစ်ကီလိုအဝေးတွင် တည်ရှိသော အပေါစားစားသောက်ဆိုင် တစ်ဆိုင်မှန်း သိရသည်။

မြို့တော်ခန်းမမှ သူတို့ ထွက်လာသောအချိန်တွင် နေမဝင်သေးချေ။

'တို့အကောင်တွေက မိုးမချုပ်ခင် လှုပ်ရှားမှာ မဟုတ်ဘူး... ဒီတော့ တို့လည်း ထင်ထင်ပေါ်ပေါ်ဖြစ်အောင် သွားလာနေလို့ အကျိုးမရှိဘူး... တို့ တာမိနစ်စ်ဟိုတယ်ကို သွားမယ်... အဲဒီမှာ ညနေစာ စားမယ်'

ယင်းတို့ ညနေစာ စားပြီးချိန်လောက်တွင် မိုးစုန်းစုန်း ချုပ်သွားသည်။ ဂရေဂရီသည် ယာဉ်မောင်းမပါသော ကားတစ်စီးကို ငှားလိုက်သည်။ ကားမှာ စစ်ထရွန် အမျိုးအစားဖြစ်သည်။ အနည်းငယ်ဟောင်းနွမ်းနေသော်လည်း သူ့လုပ်ငန်းအတွက် အံကိုက်ဖြစ်ပုံရ

သည်။

ည ၁၀ နာရီထိုးသောအခါတွင် ဂရေဂရီနှင့် ရှဒ်သည် ကားပေါ် တက်၍ မြို့ပြင်ဘက်သို့ တဖြည်းဖြည်း မောင်းထွက်ခဲ့သည်။ ဂရေဂရီသည် ကားမောင်းရင်းဖြင့် သူ၏ အစီအစဉ်ကို ရှင်းပြသည်။

'ငါ အဲဒီနေရာကို စေ့စေ့စပ်စပ်လေး အနံ့ခံချင်တယ်... ငါ့တို့ကို ကန်မထုတ်မချင်း မထွက်ချင်ဘူး... ငါတို့တွေ မော်တော်ကားနဲ့ အပန်းဖြေခရီးထွက်လာတယ်.... မင်းရယ်... ငါရယ်..... ဘရောင်းဆိုတဲ့ လူရယ်... တို့ ဒီည ဆိုလုဒ်ကိုရောက်ဖို့ ရည်ရွယ်ခဲ့တယ်... ဒါပေမယ့် ဒီကားစုတ်ကြီးက ပျက်သွားတယ်... ကာဖေးကို မရောက်ခင် ကိုက် ၂၀၀ လောက်မှာပေါ့... ငါတို့ ဘရောင်းကို ကာလေ့စ် ပြန်ပို့လိုက်တယ်... စက်ပြင်ဆရာတစ်ယောက် ခေါ်လာဖို့'

'ဘရောင်းကို စောင့်နေရင်း အပျင်းပြေစားသောက်ဖို့ ဒီနေရာထက် ကောင်းတာ ဘယ်မှာရှိလဲ.... ဟုတ်ပြီလား'

'ဟုတ်ပါပြီဆရာ... အရက်ပုလင်းလဲလဲ၊ ကိုယ်လဲလဲ က,ရမဲ့ ဇာတ်မျိုး ဖြစ်နေပြီထင်တယ်'

ရှဒ်က ပြောလိုက်သည်။

ယင်းတို့သည် စကားပြောနေရင်းဖြင့် ကင်မြို့စွန်ကို ရောက်လာသည်။ တစ်ဘက်တစ်ချက်တွင် ကွင်းပြင်များသာ တွေ့ရတော့သည်။ မိနစ်အနည်းငယ် အကြာတွင်မူ တောင်ကုန်းလေးတစ်ခုပေါ်တွင် တည်ရှိသော အထီးတည်းသော အဆောက်အဦးကို တွေ့ရသည်။

'အဲဒီနေရာမှာပဲ ဖြစ်မယ်ထင်တယ်... ဒီတော့ တို့ကားကို



ဒီနေရာမှာ ထားခဲ့မယ်'

ဂရေဂရီက ပြောလိုက်သည်။

ဂရေဂရီသည် ကားအရှိန်ကို လျှော့ချလိုက်ပြီး လမ်းဘေးမြောင်းတိမ်လေးထဲသို့ မောင်းချလိုက်လေသည်။

ခဏအကြာတွင် အထီးတည်းတည်းနေသာ အဆောက်အဦးဆီသို့ တက်လာကြသည်။ သာမန်တောအိမ်ကို အလယ်နံရံများဖြုတ်ထားသော အခန်းကြီးတစ်ခုသာ ဖြစ်သည်။ သို့သော် တံခါးပေါက်ဝတွင် ဒီလာကိုလ်ချီကာဖေးဟူသော ဆိုင်းဘုတ်ကို ချိတ်ဆွဲထားသည်။ ဆိုင်းဘုတ်ရှေ့ မြေပြင်ပေါ်တွင်မူ သံချေးတက်နေသော ကုလားထိုင်များ ချထားသည်။ အဆောက်အဦးပြတင်းပေါက်များကို သစ်သားဖြင့် ပိတ်ဆို့ထားသော်လည်း လေးလံသော တံခါးပေါက်နှင့် ပြတင်းပေါက်အက်ကြောင်းများကြားမှ အလင်းရောင်ဖြာထွက်နေသည်။ သ့က်ရှိ တစ်ကောင်တစ်မြီးမျှ တွေ့ရသလို နက်နက်ရှိုင်းရှိုင်း တိတ်ဆိတ်နေသည်။

ဂရေဂရီသည် တံခါးကို ကန်ဖွင့်ပြီး အထဲသို့ ဝင်သွားသည်။ ရှဒ်က ထပ်ချပ်မကွာ လိုက်ပါသွားသည်။ အခန်းမနံရံတစ်ဘက်တွင် ဘားစင်ရှိပြီး ဘားစင်ထွက်တွင်မူ နှစ်ပရိစ္ဆေဒပေါင်းများစွာကပင် တင်ပြီးနောက် အထိအတွေ့ကင်းနေပုံရသော ပုလင်းအချို့ တန်းစီနေသည်။ အသားညိုညို ခန္ဓာကိုယ် ခပ်ဖိုင့်ဖိုင့် မျက်လုံးမို့မို့နှင့် ပြင်သစ်မလေး တစ်ဦး ကောင်တာနောက်တွင် ထိုင်၍ သိုးမွှေးထိုးနေသည်။ အပေါစား သစ်သားစားပွဲငါးလုံးမှ သုံးလုံးတွင် လက်တစ်ဆုပ်စာ လူများရှိနေသည်။ အုပ်စုတစ်စုက ဒိုမီနို ကစားနေသည်။ ကျန်လူများက အသံအုပ်အုပ်ဖြင့် စကားပြောနေသည်။

ယင်းတို့ ပုံစံများမှာ ပြင်သစ်တောသား၊ သို့မဟုတ် တံငါသည်များနှင့် တူနေသည်။ လေထဲတွင် စီးကရက်ခိုးများ ဝေနေပြီး အပေါ်စားအရက်နံ့ ကြိုင်နေသည်။ ယင်းတို့ကို ကျော်လွှားလာသော အနံ့အသက်ကား ရေမချိုး မိုးမချိုးထားသော ခန္ဓာကိုယ်များ၏ အနံ့အသက်များပင်။

'ဘာ အလိုရှိပါသလဲရှင်'

မိန်းမပျိုလေးသည် ထိုင်နေရာမှ ထရင်း ခရီးဦးကြိုပြု မေးမြန်းလိုက်သည်။ သူမ၏ သိုးမွေးကို ဘေးဖယ်လိုက်သည်။

ဂရေဂရီက ဝီစကီ မှာလိုက်သည်။ သို့သော် ဝီစကီမရှိသောကြောင့် ကော့ညက် ပြောင်းမှာရသည်။ သူမသည် တံဆိပ်မရှိသော ပုလင်းတစ်လုံးမှ အရည်များကို ဖန်ခွပ်ထူထူ နှစ်လုံးထဲ လောင်းထည့်လိုက်သည်။

ဂရေဂရီသည် ရုတ်တရက် ဖော်ရွေသူ အာချောင်သူလေများသူ ဖြစ်သွားသည်။ သူသည် ဘားကောင်တာပေါ် ကိုင်းညွှတ်ရင်း မိန်းမပျိုလေးကို သူတို့ကား ချို့ယွင်းခဲ့ပုံ ပြောပြနေခဲ့သည်။ ကာလေ့စ်မြို့သို့ ခြေလျှင်ပြန်လျှောက်နေသော ဘရောင်း၏အဖြစ်ကို မြင်ပြီး ကျယ်လောင်စွာ ရယ်မောလိုက်သည်။ ထို့နောက် သူတို့အပန်းဖြေခရီးအကြောင်း မပီမသ ပြင်သစ်စကားနှင့် ဆက်လက်ပြောပြနေခဲ့သည်။

မိန်းမပျိုလေးမှာ အတော်ညံ့သော ပရိသတ်ပင်။ သူမသည် အင်မတန်ပျင်းရိသော သတ္တဝါဖြစ်ပုံရသည်။ အမိပ္ပါယ်ကင်းမဲ့သော စကားတစ်လုံးစနှစ်လုံးစ ဝင်ထောက်ခြင်း ခေါင်းဆတ်ခြင်းမျှသာ ရှိသည်။



ယင်းတို့ခရီးအကြောင်း ပြောကုန်သောအခါတွင် ဂရေဂရီနှင့် ရုဒ်သည် ပုလင်းကိုသယ်၍ ထောင့်စားပွဲတစ်လုံးသို့ ပြောင်းလာခဲ့သည်။

ဂရေဂရီသည် ထိုအချိန်အထိ တစ်ခြားဧည့်သည်များကို တစ်ချက်မျှ ငဲ့မကြည့်ခဲ့သေးချေ။ ယင်းတို့ကို လက်ခံလာသည်အထိ အချိန် လုံလုံလောက်လောက် ပေးလိုက်သည်။ သူတို့သည် မိန်းမပျိုအား ဂရေဂရီ ပြောပြသော ခရီးလမ်းကို နားစွင့်ကျေနပ်သည့်ပုံစံဖြင့် သက်တောင့်သက်သာ ထိုင်လိုက်ကြသည်။

ဂရေဂရီသည် အခန်းထောင့်စားပွဲတွင် နံရံကို ကျောပေးသည့်နေရာကိုယူ၍ ရုဒ်ကို အမျှင်မပြတ် စကားပြောရင်း အခန်းထဲရှိ လူများကို မျက်စိ ကစားလိုက်သည်။ တံခါးပေါက်အနီးရှိ စားပွဲတွင် ထိုင်နေသော လူသုံးယောက်ထဲမှ တစ်ဦးသည် ထရိုဝီလ်လီအိမ်မှ ဓားသမားဖြစ်ကြောင်း မှတ်မိသွားသောအခါတွင် သူ အတော်ကျေနပ်သွားသည်။ ကြေးနန်းတွင်ပါရှိသော ကိုရော့ဆိုသည်မှာ သူ့နာမည်ပင် ဖြစ်မည်ဟု ယူဆလိုက်သည်။

ဂရေဂရီသည် သူ၏မိုးကာအင်္ကျီကို နားရွက်ဖုံးအောင် ဆွဲထောင်၍ ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်းလိုက်သည်။ ထို့အပြင် ရုဒ်နှင့် ကွယ်နေအောင် ကုလားထိုင်ကို အနည်းငယ် ရွှေ့လိုက်သည်။ ထိုဓားသမား အမှတ်တမဲ့ လှည့်ကြည့်ပြီး သူ့ကို မှတ်မိသွားမည်ကို မလိုလားချေ။

၁၁ နာရီ ထိုးကာနီးလောက်တွင် ဒိုမီနိုဝိုင်း သိမ်းသွားသည်။ ဒိုမီနိုကစားသူများ ထပြန်သွားသည်။ ဓားသမားအပါအဝင် လူငါးယောက်သာ ကျန်ခဲ့ပြီး ယင်းတို့အားလုံး တစ်စားပွဲတည်း ဝိုင်းထိုင်

လိုက်ကြသည်။

ဂရေဂရီနှင့် ရုဒ်တို့ သောက်နေသော အရက်ပုလင်းများမှာ တစ်ဝက်ကျိုးနေလေပြီ။ ယင်းတို့နှစ်ဦးသည် အင်္ဂလိပ်စကားဖြင့် ပြောဆိုနေခဲ့ကြသော်လည်း ကိုရှော့ သို့မဟုတ် သူ့အဖော် တစ်ယောက်ယောက် အင်္ဂလိပ်စကား တတ်နေမည်ကို စိုးရိမ်သောကြောင့် ယင်းတို့ ရောက်ရှိနေသည့် အကြောင်းရင်းအကြောင်း လေသံပင် မဟချေ။

၁၁ နာရီကျော် အချိန်လောက်တွင် အပြင်ဘက်မှ ကားဟွန်းသံ တစ်ခုကို ကြားလိုက်ရသည်။ ကိုရှော့ ထိုင်နေရာမှ ထလိုက်သည်။

ကိုရှော့ ဆိုင်ထဲမှ ထွက်ခွာသွားသည်။ ထိုအချိန်မှာပင် ကားဟွန်းသံ ပေါ်လာပြန်သည်။ ကားပေါ်မှပုဂ္ဂိုလ် စိတ်ရှည်ပုံမရချေ။

ဂရေဂရီသည် ဘားကောင်တာမှ မိန်းမပျိုအား အမှတ်တမဲ့ဟန် ပြောလိုက်သည်။

'အဲဒါ ငါတို့မိတ်ဆွေကြီး ဘရောင်းလား မသိဘူး... ငါတို့ကား လမ်းဘေးဆိုက်ပြီး တို့ ဘယ်များရောက်သွားလဲလို့ မှတ်နေမယ်.. ငါတို့ ဒီမှာရှိမှန်း သူ သိမှာမဟုတ်ဘူး... တို့ သွားကြည့်ရင် ကောင်းမယ်ထင်တယ်'

ဂရေဂရီသည် ပြောပြောဆိုဆို အိတ်ထဲမှ ငွေစက္ကူတစ်ရွက် ထုတ်ပေးလိုက်သည်။ အရက်သမားဟန် အပြည့်ဖြင့် လေးလံနှေးကွေးစွာ ပိုက်ဆံရှင်းလိုက်သည်။ အရက်ပုံစံ ပီပြင်အောင် မိန်းမပျိုကိုပါ ကြာကြည့်ကြည့်လိုက်သေးသည်။

ရုဒ်က...

'ဘရောင်း စောင့်နေတာကို ဆက်ပြီး ဒုက္ခမပေးသင့်ဘူး'



ဟု ဆို၍ ဂရေဂရီ၏ လက်မောင်းကို ဆွဲထွက်လာခဲ့သည်။

'တော်ပါပေ့... ကိုယ့်လူ... တို့အတွက် ကောင်းသွားတယ်၊ ငါတို့ရဲ့ ဆံပင် ကွေးကွေးကောက်ကောက်နဲ့ ဓားသမား ဘယ်ရောက်သွားလဲ'

အပြင်ရောက်သည်နှင့် ဂရေဂရီက မှတ်ချက်ချ မေးခွန်းထုတ်လိုက်သည်။

သူတို့ ဓားသမားကို မတွေ့ရသော်ငြားလည်း ကိုက် ၅၀ လောက် အကွာတွင် ကားတစ်စီး ရပ်တန့်ထားသည်ကို တွေ့ရသည်။ ယင်းတို့သည် ကာဖေး၏ မှောင်ရိပ်ကို ခို၍ လျှောက်လာခဲ့သည်။ အဆောက်အဦး အဆုံးသို့ ရောက်သောအခါတွင် လယ်ကွင်းတစ်ခုကို ဖြတ်၍ ကားရပ်တန့်ထားရာ လမ်းဘေးသို့ တစ်ကွေ့တစ်ပတ်ကြီး ပတ်ရောက်လာခဲ့သည်။

ယင်းတို့ ပုန်းကွယ်စရာ ချုံပုတ်များ မရှိသောကြောင့် နောက်ဆုံး ကိုက် ၂၀ လောက်ကို မိကျောင်းတွားသွားခဲ့ရသည်။ ထို့နောက် လမ်းဘေးမြောင်းထဲ ဝပ်ချလိုက်သည်။

ကားမှာ စက်အားကောင်းသော ဖိမ်ခံကားမျိုးဖြစ်သည်။ ကိုရှော့သည် မြောင်းနှင့်နီးသော တံခါးဝတွင် ရပ်နေသည်။ ကားထဲတွင် မီးလင်းနေသည်။ ဂရေဂရီသည် ကားနောက်ခန်းထဲတွင် ထိုင်နေသော ခေါင်းကြီးကိုယ်သေး သဏ္ဍာန်ကို မြင်ပြီး နှစ်နှစ်ခြိုက်ခြိုက် ပြုံးလိုက်သည်။ ထို့နောက် လော့ဂါဗင်ဘေးတွင် ထိုင်နေသော ဆာဗီနီကို တွေ့ပြီး အသက်ရှူမှားသွားသည်။ သူမှတ်မိသော အသွင်ထက် ပိုချောနေပုံရသည်။ ဂရေဂရီသည် ရုဒ်၏ လက်မောင်းကို ဖျစ်ညှစ်လိုက်သည်။

'အဲဒီ အဖိုးကြီးကို ကောင်းကောင်းကြည့်ထား... တို့လိုက်နေတာ သူ့ကိုပဲ၊ သူ့နာမည်က လော့ဂါဗင်ဖောတက်စ်ကျူ... ရဟာန်းမင်းကြီးနဲ့ မတူဘူးလား... ဒါပေမယ့် အသွင်နဲ့ စရိုက် ခြားသလား မမေးနဲ့၊ ဥရောပတစ်ခွင်မှာ လည်ပင်းကြိုးကွင်း အစွပ်ခံထိုက်ဆုံးလူပဲ၊ နောက်တစ်ခါမြင်ရင် မှတ်မိပါ့မလား'

ဂရေဂရီက လေသံဖြင့် မေးလိုက်သည်။

'ကောင်းကောင်း မှတ်မိပါတယ် ဆရာ၊ မျောက်တစ်ကောင်နဲ့တောင် တူသေးတယ်၊ ဒါပေမယ့် မျက်ခွက်ကတော့ တကယ့် ဂုဏ်သရေရှိ ပုဂ္ဂိုလ်ကြီး မျက်ခွက်ပဲ၊ နောက်ပြီး သူ့ကောင်မလေးက မလှဘူးလား'

လော့ဂါဗင်သည် ကိုရှေ့အား လေသံဖြင့် ခပ်မြန်မြန် ပြောနေခဲ့သည်။ ဂရေဂရီတို့သည် ယင်းတို့ စကားကို မဖမ်းမိသော်လည်း ဂါဗင်က စာရွက်တစ်ထပ် ကမ်းပေးသည်ကို တွေ့လိုက်သည်။

ကိုရှေ့သည် သူ၏ ဦးထုပ်ကို လက်နှင့်ထိ၍ အလေးပြုလိုက်သည်။ ထို့နောက် ကားတံခါးကို ပိတ်လိုက်သည်။ ကားသည် ဆိုလိုစ်မြို့ဘက်သို့ တရှိန်ထိုး မောင်းထွက်သွားသည်။

ဂရေဂရီသည် ကိုရှေ့ထံမှ စာရွက်စာတမ်းများကို တိုက်ခိုက်လုယူရန် တဒင်္ဂတွေးလိုက်သည်။ သို့သော် ကိုရှေ့ကို တိုက်ခိုက်လျှင် ကာဖေးထဲတွင်ရှိသော သူ့အဖော်လေးဦး ချက်ချင်းရောက်လာရန် သေချာသည်။ ကိုရှေ့နောက် နောက်ယောင်ခံလိုက်ခြင်းက ပို၍ အကျိုးရှိနိုင်သည်ဟု ဆုံးဖြတ်လိုက်သည်။

ကိုရှေ့သည် တဟုန်ထိုးမောင်းထွက်သွားသော ကားနောက်ပိုင်းမှ ဖုန်မှုန့်တို့ ပြယ်သွားရန်လောက်သာ စောင့်နေလိုက်သည်။



ထို့နောက် ကာဖေးသို့ ပြန်လျှောက်သွားသည်။ သို့သော် အတွင်းထဲသို့ ခေါင်းပြူယုံသက်သက်သာ။

ခဏအကြာတွင် သူ့အဖော်လေးဦး အပြင်ထွက်လာသည်။ ယင်းတို့အားလုံး လမ်းအထက်ပိုင်းသို့ လျှောက်သွားကြသည်။ ယင်းတို့ ငါးဦးစလုံးသည် စည်ပိုင်းလိုလို လုံးဝိုင်းဝိုင်းအရာများ ကျောပိုးထားကြသည်။

ဂရေဂရီသည် သူတို့ကို မိနစ်အနည်းငယ်မျှ အချိန်ပေးလိုက်ပြီး နောက်မှ လိုက်သွားသည်။ လမ်းသည် ကုန်းမြင့်မြင့်သို့ ထိုးတက်သွားသော လမ်းဖြစ်သောကြောင့် ယင်းတို့မြင်ကွင်း မပျောက်ရန် လွယ်ကူနေခဲ့သည်။ တောင်ကမ္ဘူထိပ်ရောက်တိုင်း ကြယ်တာရာတို့ကြောင့် လင်းနေသော ကောင်းကင်ကြီးကို နောက်ခံ၍ ထင်နေသည်။ တစ်မိုင်လောက် ခရီးပေါက်လာသောအခါတွင်မူ ကမ်းရိုးတန်းဘက်သို့ ဦးတည်သောလမ်းကို ဖဲ့ဆင်းသွားကြသည်။ ဤနေရာတွင် အနိမ့်ပိုင်းကျသွားသောကြောင့် နောက်ယောင်ခံရ မလွယ်တော့'။

အရပ်လေးမျက်နှာစလုံး အလင်းရောင် ကင်းမဲ့နေပြီး ဆိုလိုစ်ဘာလေ့စ်နှင့် ဂရစ်နက်စ်အစုကြား ထိုတြိဂံဒေသတွင် လမ်းလည်းကင်းမဲ့ ရွာလည်းမရှိကြောင်း ဂရေဂရီ သိသည်။

နှစ်မိုင်မျှ ခရီးပေါက်ပြီးနောက်တွင် ဘိုလိုစ်မြို့ဘက်သို့ ဦးတည်လျှောက်ကြပြန်သည်။ လမ်းပေါ်မှ ဖဲ့ဆင်းပြီး မြက်ခင်းပွင့်ပြင်ကို ဖြတ်သန်းကြပြန်သည်။ အကာအကွယ်မဲ့နေသော ဒေသဖြစ်သောကြောင့် ဤနေရာတွင် နောက်ယောင်ခံရန် ပိုမလွယ်ကူခဲ့ချ။

ဂရေဂရီသည် နောက်သို့ များစွာချန်နေခဲ့သည်။ ယင်းတို့ ချိုင့်ဝှမ်းတစ်ခုမှ တစ်ခု ကူးသွားပြီးမှသာ နောက်မှ လိုက်ရဲခဲ့သည်။ တစ်စုံတစ်ယောက် အမှတ်မဲ့ လှည့်ကြည့်လိုက်ယုံဖြင့် ယင်းတို့ကို ကွင်းကွင်းထင်းထင်း မြင်သွားနိုင်သည်။

နှစ်ကြိမ်မျှ သူတို့ကို မျက်ခြေပြတ်သွားသည်။ သို့သော် နောက်ယောင်ခံ လိုက်ခံနေရမှန်း သံသယ စိုးစဉ်းမျှမရှိသော သူတို့ ဟားတိုက်ရယ်မော စကားပြောနေသောကြောင့် အသံကို နားစွင့်၍ လိုက်နိုင်ခဲ့သည်။

ကာလေ့စ်မြို့၏ မီးပွင့်လေးများပင် နောက်တွင် ကျန်ခဲ့သည်မှာ ကြာပြီဖြစ်သည်။ ယင်းတို့ လွန်ခဲ့သော တစ်နာရီ ကာလ ကတည်းကပင် ကာဖေးမှ ထွက်ခဲ့သည်။ သို့သော် ထိုတစ်နာရီ ကာလပေါက်သည့်ခရီးတွင် လယ်တောအိမ်တစ်အိမ် လူတစ်ယောက်တစ်လေကိုမျှ မတွေ့ခဲ့ရချေ။ ယင်းတို့ တဖြည်းဖြည်း ကုန်းမြင့်ပိုင်းကို တက်လာသည်နှင့်အမျှ လူသူမနေသော အရပ်ကို စီးမိုးနေသော ကပ်ပလ်တောင်ထိပ်သို့ တက်လာနေကြောင်း ဂရေဂရီ သိလိုက်သည်။

ရှေ့မှ သွားနေသောအုပ်စုသည် ရုတ်တရက် တိတ်ဆိတ်သွားသည်။ ယင်းတို့ လမ်းကြောင်းပြောင်းသွားပုံရသည်။ အမှောင်ကို နောက်ခံ၍ ဝိုးဝါးစွာထင်သော သဏ္ဍာန်များကို ထိုညအတွက် တတိယအကြိမ် မျက်ခြေပြတ်သွားသည်။ ဤတစ်ကြိမ်တွင်မူ ရှေ့သို့ ကိုက်တစ်ရာမျှ သုတ်ခြေတင်သော်လည်း သူတို့ကို ရှာမတွေ့ချေ။

ဂရေဂရီသည် သူ့ကုသိုလ်ကံကို ကျိန်ဆဲရင်း အနီးရှိ ကုန်းထိပ်



သို့ တက်ခဲ့သည်။ သူ၏ မိုးကာအင်္ကျီအိတ်ထဲမှ ညကြည့်မှန်ပြောင်း တစ်လက်ကို ထုတ်ယူပြီး ပတ်ဝန်းကျင်ကို ကြည့်ရှုလိုက်သည်။ သူသည် ဆယ်မိနစ်ကာလမျှ အရပ်တစ်ဘက်ပြီး တစ်ဘက်ကို ကြည့်သွားသော်လည်း တစ်စုံတစ်ရာသော လှုပ်ရှားမှုမှ မမြင်ရချေ။ ထို့နောက်တွင်မူ ရှေ့မှ တောင်ကမူတစ်ခု၏ အသွင်ကို ထင်ထင်ပေါ်စေသော နောက်ခံ အလင်းရောင်တစ်ခုကို ၂ ဖာလုံလောက် အကွာတွင် တွေ့ရသည်။

ပထမတွင်မူ ဘိုလိုစ်မှ မီးပြတိုက် မီးရောင်ဟု ထင်လိုက်သည်။ သို့သော် ဘိုလိုစ်မီးပြတိုက် မီးရောင်မှာ ဝေ့ကစားသော မီးမောင်း ဖြစ်သောကြောင့် လှုပ်ရှားနေရမည်ဖြစ်သော်လည်း ယခု မြင်နေရသော မီးရောင်က တည်ငြိမ်နေသည်။

ဂရေဂရီသည် သူ့ဘေးတွင် ရပ်နေသော ရုဒ်ကို စကားတစ်ခွန်းမျှသာ ဆိုပြီး သူ၏ ညကြည့်မှန်ပြောင်းကို အိတ်ထဲသို့ ထိုးထည့်လိုက်ပြီး မီးရောင်ရှိရာ အရပ်သို့ ဦးတည်ထွက်ခွာလာသည်။

ယင်းတို့ နီးလာသည်နှင့်အမျှ ရေးရေးပျပျသာ မြင်ရသော မီးရောင်မှာ သိသိသာသာ လင်းထိန်လာသည်။ ကုန်းမို့ပေါ်သို့ အတက် ခရီးတစ်ဝက်တွင် ဂရေဂရီသည် ရုဒ်ကိုပါ ဆွဲ၍ ရုတ်တရက် ဒူးထောက်ချလိုက်သည်။ ထိုနေရာမှနေ၍ နောက်ဆုံး ကိုက်တရာလောက်ကို မိကျောင်းတွားတွားတက်ခဲ့သည်။ ကုန်းထိပ်သို့ ရောက်သောအခါတွင် ဂရေဂရီသည် ရုဒ်၏ လက်မောင်းကို ကိုင်၍ ဟန့်ရင်း အသံတိုးတိုးဖြင့် ရယ်လိုက်သည်။

ယင်းတို့ ရှေ့တည့်တည့်အောက်တွင် ချိုင့်ဝှမ်းလွင်မြင်ကြီး တစ်ခုကို တွေ့ရသည်။ ယင်းတို့ နောက်ယောင်ခံလိုက်ခဲ့သော သူ

များသည် ယင်းတို့ ကျောပိုးခဲ့သော အက်စ်ဆီတလင်း ဓါတ်ငွေ့မီးများကို ထွန်းညှိနေခဲ့ကြသည်။ စည်နှစ်စည် ထွန်းထားပြီး ချိုင့်ဝှမ်းအစွန်းတွင် တတိယတစ်လုံး ထွန်းနေသည်။ မကြာခင်မှာပင် မီးရောင်ငါးခုစလုံး ထိန်ထိန်လင်းနေသည်။ တီပုံစံ သင်္ကေတပေါ်အောင် ထွန်းညှိထားကြောင်း တွေ့ရသည်။

ဂရေဂရီ ရုတ်တရက် နားစွင့်လိုက်သည်။ လေယာဉ်ပျံတစ်စင်း၏ စက်သံကို ကြားလိုက်ရ၍ ဖြစ်သည်။ ခဏအကြာတွင် အသံတိတ်သွားသည်။ ကြယ်တာရာများ ထွန်းလင်းသော ကောင်းပြင်ပြင်ကို နောက်ခံထားသည့် ဗုံးကြဲလေယာဉ်ပျံကြီးတစ်စင်း၏ သဏ္ဍာန်ကို တွေ့ရသည်။ ဗုံးကြဲလေယာဉ်ပျံကြီးသည် နိမ့်နိမ့်ပျံသန်းနေသည်။ မီးရောင်ညွှန့်များကို ကြည့်၍ လေကြောင်းကို တွက်ဆ ဆင်းသက်လာသည်။

လေယာဉ်မှူးသည် ခပ်လှမ်းလှမ်း တောင်ကုန်းအထိ လေယာဉ်ကို လိမ့်သွားသည်။ လူငါးဦးက သူတို့ကို ကြိုဆိုလေသည်။ ထိုအချိန်မှာပင် ဂရေဂရီသည် နောက်အရပ်တစ်ဘက်မှ ဝေ့ဝဲပျံသန်းလာနေသော လေယာဉ်တစ်စင်း၏ အသံကို ကြားလိုက်ရပြန်သည်။ ထိုလေယာဉ်ပျံလည်း ပထမ လေယာဉ်ပျံနည်းတူ ဆင်းသက်ပြီး ပထမလေယာဉ်အနီးတွင် နေရာယူလိုက်သည်။

နောက် ၁၅ မိနစ်ကာလအတွင်း၌ လေယာဉ်ပျံ တစ်စင်းပြီး တစ်စင်း ဆင်းသက်လာသည်။ တစ်စင်းနှင့်တစ်စင်း တစ်မိနစ်ကျော်ကျော်လေးသာ ခြားသည်။ သို့သော် ဂရေဂရီနှင့် ရုဒ်သည် လေယာဉ်ပျံများထက် မြေပြင်ပေါ်မှ လူများကို အာရုံပြုနေခဲ့သည် ယင်းတို့ အရေအတွက် ၅၀ မျှ ရှိခဲ့သည်။ လေယာဉ်များပေါ်မှ



ဆင်းသက်လာခြင်း မဟုတ်ချေ။ လွင်ပြင်တစ်ဘက်တွင် တည်ရှိသော လှိုဏ်ကြားမှ ထွက်လာကြခြင်းဖြစ်သည်။ ယင်းတို့သည် သေတ္တာ သို့မဟုတ် ဘောထုတ်ကြီးများ ထမ်းလာကြပြီး ပထမဆုံးသော လေယာဉ်ပျံပေါ် တင်နေသည်။

ပထမတွင် ဂရေဂရီသည် ထိုလူများ ထိုပစ္စည်းများ မည်သည့်နေရာက လာနေမှန်း စဉ်းစားမရခဲ့ချေ။ ယင်းနေရာထိ ပေါက်သော ကားလမ်း သို့မဟုတ် လူသွားလမ်းလေး တစ်ခုမျှပင် မရှိချေ။ လမ်းနှင့် နှစ်မိုင်မျှ ကွာသည်။ ထို့ကြောင့် ယင်းပစ္စည်းများကို မော်တော်ကားများဖြင့် သယ်ဆောင်လာခြင်း မဖြစ်နိုင်။ ထို့အပြင် ပစ္စည်းများ စုပုံထားသည့်နေရာလည်း မမြင်ရချေ။ သို့တိုင်အောင် ထိုအထမ်းသမားများသည် မှောင်ရိပ်ထဲ ဝင်ရောက်ပျောက်ကွယ်သွားပြီး အထုတ်ကိုယ်စီဖြင့် ပြန်ထွက်လာလေသည်။

ဂရေဂရီသည် ရုဒ်ကို လက်တို့ပြီး တောင်ကုန်းအတိုင်း တွားလာခဲ့သည်။ ထိုကုန်ပစ္စည်းများ ထူးထူးဆန်းဆန်း ထွက်လာနေသော နေရာကို မြင်နိုင်မည့်နေရာသို့ ရွှေ့ခဲ့ခြင်းဖြစ်သည်။

ကိုက် ၂၀၀ မျှ တွားသွားပြီးသောအခါတွင်မူ ပင့်လာယ်ကမ်းစပ်ဘက်သို့ ဆင်းသည့် တောင်ကုန်းကြားမှ မြောင်းတစ်ခုကို သတိထားမိသည်။ ထိုမြောင်းသည် ကမ်းရိုးတန်းရွာလေး တစ်ခုခုသို့ ပေါက်ရောက်ကြောင်း သဘောပေါက်လိုက်သည်။

ရုဒ်သည် စစ်သည်ဟောင်းကြီး တစ်ဦးဖြစ်သောကြောင့် စစ်ဆင်ရေးတွင် နှုတ်ပိတ်ထားမှု မည်မျှအရေးကြီးကြောင်း ကောင်းကောင်း သဘောပေါက်သည်။ သို့သော် သူ့စိတ်ကို ထိန်းမရတော့၍ စပ်စုမေးမြန်းလိုက်သည်။

'ဘာတွေလဲ ဆရာ'

ရဒ်က လေသံဖြင့် မေးလိုက်သည်။

'မှောင်ခိုတွေလေ ... လွန်ခဲ့တဲ့နှစ်နှစ်ကာလလောက်ကတည်းက ဒီအုပ်စုလက်ချက်ကြောင့် ဗြိတိန်နိုင်ငံဟာ လတိုင်း အခွန်တော်ငွေပေါင်သန်းဝက်လောက် ထိခိုက်နေခဲ့တယ် .. ဒီငတိတွေက ဗြိတိသျှအင်ပိုင်ယာနိုင်ငံတော်ကြီးကို စီးပွားရေးသပ်လျှိုပြီး ဖြိုဖျက်ဖို့ ကြိုးစားနေတဲ့သူတွေပဲ ... မင်း မာရသွန်ပြေးချင်စိတ်ရှိရဲ့ရလား ရဒ်'

ဂရေဂရီကမေးလိုက်သည်။

'အမိန့်က အမိန့်ပဲ ... ပြေးရမယ်ဆို ပြေးရမှာပဲ'

ရဒ်က ပြန်ဖြေလိုက်သည်။

'ကဲ ... ဒါဖြင့်လာ'

ဂရေဂရီသည် မှောင်ရိပ်သို့ ပြန်ဆုတ်သွားပြီး မတ်တပ်ရပ်လိုက်သည်။

'တို့တစ်သက်မှာ တစ်ခါမှ မပြေးဘူးတဲ့ နှုန်းနဲ့ ပြေးဖို့သာကြိုးစားတော့ ... ဂါဗင်ဖေါတက်စ်ကျူရဲ့ လေယာဉ်အုပ်စုကြီး အင်္ဂလန်ခရီးစဉ်မစခင် တို့လေထဲ ရောက်ဖို့ လိုတယ်'

❖ ❖ ✳ ❖ ❖



## အခန်း (၇)

ယင်းတို့ တောင်ကုန်းထိပ်ကွယ်သည်နှင့် ခြေလှမ်းကြဲကြီးဖြင့် ပြေးခဲ့သည်။ ဂရေဂရီထက်ခေါင်းတစ်လုံးပိုပုသော်လည်း ဂရေဂရီထက် ခန္ဓာကိုယ်ထွားကြိုင်းသော ရဒ်သည် ဂရေဂရီကိုမှီရန် မနည်းကြိုးစားရသည်။

မြက်ခင်းပြင်ပေါ် ဖြတ်ပြေးရသည်။ ပထမတစ်မိုင်ကျော်ကျော်ခရီးမှာ အတော် ဒုက္ခများသည်။ လမ်းလည်းမရှိ ဓါတ်မီးလည်းမထိုးရဲသောကြောင့် စမ်းတဝါးဝါး ရမ်းပြေးနေခဲ့ရပါသည်။

သို့သော် လူသွားလမ်းပေါ်ရောက်သည်နှင့်, ဂရေဂရီသည် သူ၏အိတ်ထဲမှ စစ်သုံးဓါတ်မီးကြီးကို ထုတ်၍ မီးထိုးရင်း နှစ်ယောက်သား ယှဉ်ပြေးခဲ့ကြသည်။

ယင်းတို့ကံကောင်းသည် ကတ္တရာလမ်းမသို့ အမောတကောရောက်လာသော သူတို့သည် ကိုက် ၂၀၀မျှပင် မပြေးရသေးခင်မှာပင် ယင်းတို့ နောက်မှမောင်းနှင်လာသော ဟင်းသီးဟင်းရွက်ကားတစ်စီးကို တွေ့လိုက်သည်။ဂရေဂရီသည် ကားကို ဖမ်းတားလိုက်ပြီးမြို့ထဲ ကားကြုံလိုက်ခွင့်အတွက် ဖရန့်ငွေ ၅၀ ပေးလိုက်သည်။

ကားသမားက သူ့ထံကို သူထောပဏာပြုနေချိန်တွင် ဂရေဂရီနှင့် ရုဒ်သည် ကားနောက်ခန်းထဲသို့ ကမန်းကတန်းတွယ်တက်လိုက်ကြသည်။

'ကျွန်တော်တို့ မှောင်ခိုတွေနောက် လိုက်နေတယ်ပေါ့ .. ကျွန်တော်တို့ ဝေါလ်တာလူးတိုက်ပွဲမှာ နမိုလီယံ ကိုရှုံးပြီး ကတည်းက မှောင်ခိုခေတ်ကာလ ကုန်သွားပြီလို့ မှတ်နေတာ'

အမောပြေ အသက်ရှုမှန်လာသည်နှင့် ရုဒ်က ပြောလိုက်သည်။

'မထင်လေနဲ့ .. လွတ်လပ်စွာ ကုန်သွယ်ခွင့်ကြောင့် သူတို့ခေတ်အတော်တော်ကြာကြာ မလှုပ်သာခဲ့ဘူး .. ဒါပေမယ့် အမျိုးသား အစိုးရက ကာကွယ်ကန့်သတ်ချက်တွေ ထုတ်လာတာနဲ့ မှောင်ခိုလုပ်ငန်း ခေါင်းပြန်ထောင်လာတာပဲ ... အခုနေ အင်္ဂလိပ်နိုင်ငံထဲကို ပိုးဖဲ၊ ကတ္တီပါ၊ ကင်မရာနှင့် တခြားပစ္စည်းအတော်များများကို အကောက်ခွန်မဲ့ တင်သွင်းနိုင်တဲ့လူဟာ သူဌေးဖြစ်မှာပဲ။လွန်ခဲ့တဲ့ တစ်နှစ်၊ နှစ်နှစ်တာကာလအတွင်းမှာပဲ မှောင်ခိုလုပ်ငန်းပမာဏဟာ မတရားကြီးထွားလာတယ် .. လုပ်ငန်းကြီးတွေက ဒီကိစ္စကို မကိုင်တွယ်ဘူး .. ဒါပေမယ့် အရှေ့ပိုင်းဒေသလို နေရာတွေမှာ တွင်ကျယ်နေတဲ့ အသေးအမွှားဂိုဏ်းတွေက တစ်ဆင့် တစ်နိုင်ငံလုံး အနှံ့ဆိုင်လေးတွေကို အလီလီခွဲဖြန့်နိုင်တယ် .. အဲဒီလိုအကောက်ခွန်မဲ့ ပစ္စည်းဖြစ်နေတော့ အခွန်ဆောင်ရတဲ့ ပစ္စည်းတွေထက် ဈေးပေါပေါရောင်းပြီး စီးပွားရေးလုပ်ငန်းကြီးတွေကို ထိုးနှက်ဖြိုချနိုင်တယ် .. အဲဒါကြောင့် ဆာပလယ်လီနော့ရဲလူတွေဟာ ဖျတ်ဖျတ်လူးဖြစ်နေတယ် .. လွန်ခဲ့တဲ့ ၁၈လကာလကတည်းက သူတို့ရောင်းအားဟာ တစ်ပတ်ကို သိန်းချီကျနေခဲ့တယ် .. ဒါပေမယ့်



ဒီကိစ္စမှာ အဲဒါထက်ကောက်ကျစ်တဲ့အချက်ပါသေးတယ် .. ဒါကြောင့် ဒီအန္တရာယ်အဖွဲ့အစည်းကို အပြတ်ဖြိုဖို့ ငါ့ကို တာဝန်ပေးလိုက်တာပဲ'

'ဆရာသမား အတော်မြန်မြန်ဆန်ဆန် အောင်မြင်တဲ့ ပုံစံရောက်နေပါလား'

'မအောင်မြင်သေးပါဘူးကွာ .. ငါတို့ ဒီညမြင်တာဟာ သပွတ်အူလို ချည်ထွေးက ချည်တမျှင်ပဲရှိသေးတယ် .. ဒီလူတွေဟာ တကယ့်အုံနဲ့အင်နဲ့ အပြည့် လှုပ်ရှားနေတာဖြစ်ရမယ် .. ဒီဘက်ကမ်းရိုးတန်းတစ်လျှောက်မှာ ဒီလိုစခန်း ဒါဇင်ဝက်လောက်ရှိမယ်ထင်တယ် .. စောစောက တွေ့ခဲ့တဲ့ စခန်းတစ်ခုထဲကို ထပ်တလဲလဲ သုံးနေရင် ပြင်သစ်ရဲက ချက်ချင်းလို့ အနံ့ရလိမ့်မယ် .. ဒီပစ္စည်းတွေကို အင်္ဂလန် ဘယ်နေရာမှာ ချပေးပြီး ဘယ်လိုဖြန့်ချီတယ်ဆိုတာကို စုံစမ်းရမယ်'

'ဒါပေမယ့်အခုလို လေယာဉ်ပျံတွေတသွင်သွင် ပျံသန်းနေတဲ့ကာလမျိုးမှာ သူတို့လုပ်ပုံက မရဲတင်းလွန်းဘူးလား .. သူတို့မီးရောင်ကိုလေယာဉ်တစ်စင်းစင်းက တွေ့သွားနိုင်တာပဲ'

ဂရေဂရီကခေါင်းခါလိုက်သည်။

'မီးလုံးတွေကို ပုံမှန် ပုံစံမပေါ်အောင် ထွန်းထားတာ မတွေ့ဘူးလား .., လေယာဉ်ပျံပေါ်က ကြည့်ရင် လေယာဉ်ဆင်းလမ်းလို့ မသိအောင်ထွန်းညှိထားတာပဲ . နောက်ပြီး ဂါဇင်ဖေါတက်စ်ကျူဟာ တကယ့်လူလည်၊ လူပါး အဲဒီကွင်းပြင်ကို နေ့ခင်းဘက်သွားကြည့်ရင် သံသယဖြစ်စရာ ဘာဆိုဘာမှ မြင်မှာမဟုတ်ဘူး .. လှည်းလမ်းကြောင်းတောင် တွေ့မှာ မဟုတ်ဘူး'

'မှန်ပါတယ် မစ္စတာ ဂရေဂရီ ... ဒါပေမယ့် အဲဒီလေယာဉ်ပျံတွေအတွက် လေယာဉ်ကိုဂိုထောင်တွေ ဘာတွေလိုမှာပဲ မဟုတ်လား .. အဲဒါတွေ မတွေ့ပါလား'

'ဘယ်တွေ့မလဲ .. လေယာဉ်တွေကို အဲဒီမှာမှ ထားပဲ .. လေယာဉ်တိုင်းကို ကိုယ်ပိုင် လေယာဉ်ပျံအဖြစ် မှတ်ပုံတင်ထားပြီး မဲရစ်နဲ့ ဒီနေရာကြားနေရာပေါင်း တစ်ဒါဇင်လောက်မှာ ခွဲထားမှာ သေချာတယ် .. အမိန့်ရတော့မှ ဒီည ငှက်တွေလို ပျံတက်လာပြီး ကုန်စည်တင်ဖို့ ဆင်းသက်တယ် ... ပစ္စည်းတင်ပြီးတာနဲ့ ပင်လယ်ကို ဖြတ်သန်းတော့တာပဲ .. အခုလို ပစ္စည်းတင်တာတွေ နာရီဝက်လောက်တောင် ကြာမယ် မထင်ဘူး .. ဒါကြောင့် လူသူခေါင်တဲ့ ဒီလိုနေရာမှာ သူတို့ကို မိဖို့ဆိုတာ မလွယ်ရေးချမလွယ်ပဲ'

'နာရီဝက် ဟုတ်လား ... သူတို့ မလစ်ခင် မိဖို့ဆိုတာ ကျွန်တော်တို့ တော်တော့ကို ခြေကုန်တင်ရမှာပဲ'

'ငါအလကားသက်သက်ပြောတာကို တွေ့ဘူးသလား'

ဂရေဂရီကမေးလိုက်သည်။

ယင်းတို့စကားပြောနေချိန်မှာပင် လော်ရီကားသည် ကာလေ့စ်မြို့ ဆင်ခြေဖုံးကို ဝင်ရောက်လာသည်။ ဂရေဂရီသည် ရှေ့ခန်းနှင့် ဆက်သွယ်သည့် အပေါက်သို့ တူးသွားပြီး လေယာဉ်ကွင်းအထိ လိုက်ပို့ပေးလျှင် ဆယ်ဖရန့်ထပ်ပေးမည်ဟု ဒရိုင်ဘာကို ကမ်းလှမ်းလိုက်သည်။

ကားမောင်းသမားက လေယာဉ်ကွင်းဝထိ ဆိုက်ဆိုက်မြိုက်မြိုက်လိုက်ပို့ပေးလေသည်။ လေယာဉ်ကွင်းသို့ ရောက်ရှိပြီး ငါးမိနစ်အကြာတွင် သူတို့လေယာဉ်ထဲ ရောက်ရှိနေချေပြီ .. လေယာဉ်



မထွက်ခင်လေးတွင် ဂရေဂရီသည် လေယာဉ်စက်ဆရာတစ်ဦး၏ လက်ထဲတွင် ငွေစက္ကူတစ်ရွက်ထိုးပေးပြီး အငှားကား စွန့်ပစ် ထားခဲ့သောနေရာအား ပြောပြ၍ ကားငှားရုံသို့ ဖုန်းဆက်ခိုင်းလိုက်သည်။ နောက်တဒင်္ဂတွင် ယင်းတို့၏ လေယာဉ်ပျံမိုးပေါ်သို့ ပျံတက် ချေပြီ။

ဂရေဂရီသည်ဂါဗင်၏ လေယာဉ်အုပ်စု စုဝေးနေသောကွင်းသို့ တိုက်ရိုက်ပျံသန်းခြင်းမပြုချေ။ လေယာဉ်ခရီးဖြင့်ထွက်လျှင် ထိုနေရာမှာ အလွန်နီးကပ်နေသောကြောင့် ပျံယင်းအပေါ်သို့ ရောက်လျှင် လေယာဉ်နိမ့်နေအုံးမည်သာ ဖြစ်သည်။ ယင်းတို့ကို တစ်စုံတစ်ယောက်ထောက်လှမ်းနေကြောင်း မှောင်ခိုများရိပ်မိမည်။

ဂရေဂရီ လေယာဉ်အမြင့်ပေ ရရန်အတွက် ပတ်ချာလည် ဝဲပျံတက်လိုက်သည်။ ပေ ၃၀၀၀ အမြင့်သို့ရောက်သောအခါတွင် အနောက်ဘက်သို့ လေယာဉ်ခေါင်း တည့်လိုက်သည်။

မှောင်မိုက်သော ညကာလများဖြစ်၏။ မှောင်ခိုသမားများက ယင်းကို တမင်တကာပင် ထိုညနှင့် ကြေးနန်းကွင် ဖော်ပြထားသောရက်များကို ရွေးထားပုံရသည်။ သို့တိုင်အောင် တိမ်နည်းပါးပြီး ဩဂုတ်လည ကောင်းကင်ယံတွင် ကြယ်တာရာများ လင်းလဲ့နေသည်။ ကြယ်တာရာတို့၏ ပျပျအလင်းရောင်ဖြင့်ပင် ကမ်းရိုးတန်းကို ရေးရေးလှမ်းမြင်ရသည်။

မောင့်ကပ်ပလ်တောင်ပေါ်ကို ဖြတ်ကျော်ပျံသန်းသောအခါတွင်မူ ဂရေဂရီ စိတ်ဓါတ်ကျသွားသည်။ တောင်ကြားလျှိုထဲမှ မီးကြည်များကို မတွေ့ရတော့ချေ။ ထို့ကြောင့် ထိုလေယာဉ်ပျံများ ပျံသန်းထွက်ခွာသွားပြီဟု ယူဆပြီး ပင်လယ်ဘက်သို့ ဦးတည်လိုက်ပြန်သည်။ ယင်းတို့ကို ခြေရာကောက်မိမည်ဟု ထင်မှတ်လိုက်သည်။

ပင်လယ်ပြင်ပေါ်တွင် ငါးမိနစ်မျှ ပျံသန်းမိချိန်လောက်တွင် ရုဒ်က ဂရေဂရီ၏ ပခုံးကိုပုတ်၍ နောက်ပြန် လက်မထိုးပြလိုက်သည်။

ဂရေဂရီကမ်းရိုးတန်းဘက်သို့ လှည့်ကြည့်လိုက်သည်။ သူ၏နောက်တည့်တည့်ကောင်းကင်ယံပေါ်မှ ကြယ်တာရာ အချို့ကွယ်တစ်ခါလင်းတစ်လှည့် ဖြစ်နေသည်ကို တွေ့မြင်လိုက်ရသည်။ မှောင်ခိုလေယာဉ်အုပ်စုပင်ဖြစ်သည်။မှောင်ခိုလေယာဉ်အုပ်စုသည် သူ့နောက်တွင် ရောက်နေသည်။ ထိုအခါမှ ဂရေဂရီသတိရလိုက်သည်။ သူ့ကိုယ်သူ ကျိန်ဆဲလိုက်မိသည်။ လေယာဉ်ပျံများသည် ဆင်းသက်ရန်အတွက်သာ လမ်းညွှန်မီးကျည်လိုအပ်သည်။ ပျံတက်သောအခါတွင် လမ်းညွှန်အလင်းရောင်မရလည်းဖြစ်သည်။လေယာဉ်အားလုံးဆိုက်ရောက်ပြီးသည်နှင့် အခြားလေယာဉ်ပျံများ ပာင်းနေရာကို သတိမထားမိအောင် မီးကျည်များကို ချက်ချင်းညှိမ်းသတ်ပစ်မည်မှာ သေချာသည်။

ဂရေဂရီသည် အမြင့်တိုး ပျံတက်လာခဲ့ပြန်သည်။ မှောင်ခိုလေယာဉ်အုပ်စု၏ အထက်သို့ရောက်ရန် အပြင် ထိုသို့ အမြင့်တက်နေခြင်းကြောင့် မှောင်ခိုလေယာဉ်အုပ်စု သူ့ရှေ့ရောက်သွားစေရန်ဖြစ်သည်။ ဆယ်မိနစ်အကြာတွင် သူသည် ပေ ၅၀၀၀ အမြင့်သို့ရောက်ရှိပြီး ပင်လယ်ပြင်ကို နောက်ခံထားသည့် မှောင်ခိုဗုံးကြဲလေယာဉ်အုပ်စု လေယာဉ်တန်းရှည်ကြီးကို ခပ်ရေးရေး လှမ်းမြင်ရသည်။

မှောင်ခိုလေယာဉ်အုပ်သည်လည်း အမြင့်သို့ ပျံတက်စပြုနေခဲ့သည်။ အင်္ဂလိပ်ကမ်းရိုးတန်းကို တတ်နိုင်သမျှ အမြင့်ဆုံးမှ ပျံ



သန်းဖြတ်ကူးရန် ရည်ရွယ်ပုံရသည်။

ဂရေဂရီသည် ပေ ၅၀၀၀ အထက်သို့ ပျံတက်ခဲ့ပြန်သည်။ အောက်မှ လေယာဉ်အုပ်စုက မြောက်ဘက်သို့ ချိုးနေမှန်း သတိပြုမိသောအခါတွင် သူလည်းလမ်းကြောင်းပြောင်းလိုက်သည်။

မကြာခင်မှာပင် သူ၏ဘယ်ဘက်အောက်ပေထောင်ပေါင်းများစွာတွင် ဗြိတိသျှ ကမ်းရိုးတန်း၏ မီးရောင်များကိုတွေ့ရသည်။

မှောင်ခိုလေယာဉ်အုပ်စုသည် သူ့ရှေ့အတော်လှမ်းလှမ်းသို့ရောက်နေသည်။ သို့သော်သူ့အောက်ဘက်မှာသာ ရှိသေးပြီး အမြင့်သို့ ပျံတက်နေဆဲဖြစ်သည်။ယင်းတို့ နောက်ယောင်ခံ လိုက်နေမှန်း မသိဘဲ အင်္ဂလန်နိုင်ငံတွင်းရှိ မှောင်ခိုကွင်းများသို့ ရောက်ကောင်းရောက်မည်ဟု မှတ်ထင်လိုက်မိသည်။

သို့တိုင်အောင် ပြင်သစ်ကမ်းရိုးတန်းမှာကဲ့သို့ မြင်ကွင်းရှင်းနေခြင်းမရှိချေ။ တဒင်္ဂအကြာတွင် မိုးတိမ်များကြား တိုးဝင်သွားသည်။

ဂရေဂရီသည် လေယာဉ်မောင်းတံကို ရှေ့သို့ ထိုးချလိုက်သည် လေယာဉ်စက်ရှိန်ကို မြှင့်လိုက်သည်။ လေယာဉ် စက်ရှိန်ကို မြှင့်လိုက်လာခြင်းမှာ ဤမျှလိုက်လာခဲ့ပြီးမှ တိမ်ကြားထဲတွင် အစပျောက်သွားမည်ကို စိုးရိမ်သွားသည်။ သို့တိုင်အောင် လေယာဉ်အုပ်စုသည် တိမ်တိုက်များကို အကာအကွယ်အဖြစ်သာ သုံးနေပုံရသည်။ တိမ်တိုက်တစ်သိုက်မှ တစ်သိုက်သို့ ကူးသန်းပျံသန်းသွားသည်။ တဒင်္ဂအကြာတွင်မူ အစွန်းဆုံးလေယာဉ်နှစ်စင်းကိုသာ တွေ့ရသည်။

ဂရေဂရီသည် တိမ်တိုက်ကို ကျိန်ဆဲလိုက်သည်။ အပေါ်သို့

ပျံသန်းခဲ့ပြန်သည်။ သို့သော်အပေါ်တွင်ပို၍ပင် တိမ်ထူနေသည်။ မှောင်ခိုလေယာဉ်အုပ်စုလည်း လုံး၀ စုပ်စမြုပ်စ ပျောက်သွားသည်။

သူသည် မြောက်ဘက်သို့ ဦးတည်၍ ဆက်လက်ပျံသန်းခဲ့သည်။ဆယ်မိနစ်မျှ ဆက်လက်ပျံသန်းသော်လည်း ကုန်းတွင်းပိုင်းသို့ ရောက်လာသည်မှလွဲ၍ မထူးခြားချေ။

ငါးမိနစ်မျှ ဆက်လက်ပျံသန်းသောအခါတွင် တိမ်ထူမှ လွတ်ကင်းသွားသည်။ ရမ်စ်ဂိတ်နှင့်မြောက်ဖေါလန်မြို့မှ မီးရောင်များကို လှမ်းတွေ့ရသည်။ထိုအချိန်မှာပင် သာနက်မြို့ထက်ကောင်းကင်ပြင်ပေါ်တွင် လေယာဉ်ပျံလေးတစ်စီးစီးကို တွေ့သောကြောင့် ဘယ်ဘက်သို့ တအားဝိုက်ကွေ့ချလိုက်သည်။

အပျော်တမ်းလေယာဉ်မှူးကစ်ဦး ညဘက်အမှောင်းသင်ပျံသန်းနေခြင်းဖြစ်ကောင်းဖြစ်သည်။ မှောင်ခိုလေယာဉ်အုပ်စုမှ ခွဲထွက်လာသော လေယာဉ်လည်းဖြစ်နိုင်သည်။

ဂရေဂရီလေယာဉ်ထိန်းချုပ်မောင်းတံကို ခဏလက်လွှတ်လိုက်ပြီး သူ၏ညကြည့်မှန်ပြောင်းကို ထုတ်ယူ၍ လှမ်းကြည့်လိုက်သည်။ ထိုနောက်စိတ်ပျက်စွာ အသံပြုလိုက်သည်။လေယာဉ်ပျံမှာ သူမျှော်လင့်သကဲ့သို့ လေယာဉ်ကြီးမဟုတ်ချေ။ ခရီးသည်တင် လေယာဉ်ပျံလေးမျှသာဖြစ်သည်။ လေးယောက်စီးလေယာဉ်လေးမျှသာ ဖြစ်ပုံရသည်။

ယင်းတို့ ကုန်းတွင်းပိုင်းသို့ ကောင်းကောင်းရောက်ရှိနေပြီး အနောက်တောင်ဘက်သို့ ဦးတည်ပျံသန်းနေသည်။ အထီးတည်းသော လေယာဉ်ပျံသည် ဂရေဂရီတို့လေယာဉ်ပျံ၏ အောက်ဘက်ပေတစ်ထောင်အမြင့်တွင် ပျံသန်းနေသည်။ ဂရေဂရီသည် လေယာဉ်



ပျံကို တဖြည်းဖြည်းနိမ့်ဆင်းခိုက်တွင် ရှည်လျားသော အလင်းပျောက်များကိုတွေ့ရသည်။ မာဂိတ်မြို့၏မျက်နှာစာ ဆိုင်တန်းများမှ အလင်းရောင်မှန်း သိလိုက်သည်။

ကျန်လေယာဉ်ပျံလေးသည် ဘာချင်တန်မြို့ အနီးမှ သစ်တောကြီးဆီသို့ တဖြည်းဖြည်းနိမ့်ဆင်းသွားနေသည်။ ထိုတောအုပ်ကြီးမှာ အချင်းနှစ်မိုင်မျှ ရှိပြီးကြားတွင် ကွက်ကြားရှင်းလင်းနေခြင်းကို ထောက်၍ ယင်းတောသည် ကိုယ်ပိုင်ခြံကြီးဖြစ်ပုံရသည်။

ဂရေဂရီသည် တဖြည်းဖြည်း ဆင်းသက်သွားသော လေယာဉ်ပျံကို ညကြည့်မှန်ပြောင်းဖြင့် စီးကြည့်နေခဲ့သည်။ ခဏအကြာတွင် ထိုလေယာဉ်ပျံသည် သစ်တောအုပ် အလယ်တွင် ပျောက်သွားသည်။

ဂရေဂရီသည် သူ၏ လေယာဉ်ပျံကို ချက်ချင်းပင် တောင်ဘက်သို့ လှည့်လိုက်သည်။ အောက်သို့ တစ်ရှိန်ထိုးဆင်းပြီး ရုတ်တရက် ဦးမော့လိုက်သည်။ စက်သပ်လိုက်သည်။

ဤနေရာတွင် ဓါတ်တိုင်များ ထောင်ချီရှိနိုင်ပြီး ဓါတ်ကြိုးများနှင့်ဝင်တိုက်ရန် အလားအလာရှိသော်လည်း စိ[illegible]ခေါ်ခွန့်စားလိုက်သည်။

ကံကောင်းထောက်မသည်ဟုဆိုရမည်။ သူ့ရှေ့တည့်တည့်တွင် ကွင်းပြင်တစ်ခုကို တွေ့ရသည်။ ဂျုံခင်းဖြစ်ရန်များသည် ရိတ်သိမ်းပြီးပြီလော၊ မရိတ်သိမ်းရသေးလော မသိနိုင်ချေ။ ဂရေဂရီသည် လေယာဉ်ဆင်းမီးကိုဖွင့်လိုက်၍ ညင်သာစွာ သက်ဆိုင်းလိုက်သည်။ လေယာဉ်ပျံသည် ကိုက် ၅၀မျှ သာသာလေးခုန်သွားပြီး မမှောက်မလှန်ပဲ ရပ်တန့်သွားသည်။

'ဒီမှာစောင့်နေ .. အမဲခိုးပစ်တဲ့သူတွေ နောက်လိုက်နေတဲ့ ရွာရဲတွေဘာတွေရောက်လာရင် တို့အပေါ်ကနေ အရေးပေါ်ဆင်းသက်ခဲ့ရတယ် .. ငါ့ခါတ်ဆီသွားရှာနေရတယ်ပြော .. ငါတို့နောက်ယောင်ခံ လိုက်ခဲ့တဲ့ လေယာဉ်က မှောင်ခိုအုပ်စုနဲ့ ပတ်သက်ချင်မှ ပတ်သက်မယ် .. ဒါပေမယ့် ဘယ်လိုပဲဖြစ်ဖြစ် စနည်းနာကြည့်လိုက်မယ် .. ငါနည်းနည်းကြာရင် ကြာမယ်'

ဂရေဂရီက ရုဒ်ကိုလှမ်းပြောလိုက်သည်။

'နားလည်ပါတယ်ဆရာ'

ရုဒ်က [illegible]လိုက်သည်။ ဂရေဂရီလေယာဉ်ပေါ်မှ ခုန်ချလိုက်သည်။

ကွင်းထဲတွင် ရိုးတံတိုများ ပွနေသည်။ သို့သော် မကြာခင်မှာပင် သူသည် ကွင်းအပြင်သို့ ရောက်လာသည်။ မြောင်းတိမ်လေးတစ်ခုကိုကျော်၍ မြေလိမ်မြေကောက်လမ်းတစ်ခုပေါ်ရောက်လာသည်။လမ်းတစ်ဘက်တွင် ဖဲပေမြင့်ပြီး ထူပိန်းနေသော ပုဏ္ဏရိပ်တန်း တစ်ခုရှိသည်။

ကိုယ်ပိုင်မြန်းခြံတစ်ခုဖြစ်မှန်း သိသာသည်။တိတ်တဆိတ် လေယာဉ်ဆင်းသက်ရန်အတွက် အလွန်ကောင်းသောနေရာပင်။

ဂရေဂရီသည် ပုဏ္ဏရိပ်စည်းရိုးအတိုင်းခပ်သုတ်သုတ်ပြေးခဲ့သည်။ စည်းရိုးကို အလွယ်တကူ ကျော်ဝင်နိုင်မည့်နေရာကိုရှာဖွေမိခြင်းဖြစ်သည်။သို့သော် စည်းရိုးကို ကောင်းစွာပြုပြင်ထား၏။ကိုက်နှစ်ရာလောက်ပြေးပြီးမှ သင့်တော်သော နေရာကို တွေ့သည်။

ဂရေဂရီသည် စည်းရိုးကို ကျော်နေသော သစ်ကိုင်းတစ်ကိုင်းကို ဆွဲခို၍ စည်းရိုးအတွင်းသို့ ခုန်ဝင်လိုက်သည်။



ခြံဝင်းထဲတွင်မူ ပိန်းပိန်းမှောင်နေသည်။သို့သော် ဂရေဂရီမီး မဖွင့်ရဲချေ။ သို့ကြောင့် အမှောင်ထဲတွင် ရမ်းသမ်းလှမ်းလိုက်ရာ ပင်စည်တစ်ခုကို ဒူးနှင့်တိုက်မိလိုက်သည်။ ဒေါသတကြီး ဆဲရေးလိုက်ပြီး နောက်မျက်မမြင်တစ်ယောက်ကဲ့သို့ လက်ဆန့်တန်းပြီး လျှောက်လိုက်သည်။မှောင်ပိန်းနေသော တောအုပ်ထဲတွင် သူနင်းမိသော သစ်ကိုင်းခြောက်သံများသာ လွင့်ပျံထွက်လာသည်။

အမှောင်ကို ကျင့်သားရလာသောအခါ ပင်စည်များကို အချိန်မီ မြင်တွေ့ရှောင်တိမ်းလိုက်နိုင်သည်။သို့သော် တောအုပ်သည် သူထင်သည်ထက်နက်နေသည်။ ကိုက်တစ်ရာမျှ သဲတထိတ်ထိတ် လျှောက်ပြီးသာ တောအုပ်တန်းအပြင်သို့ ရောက်သည်။

ကွင်းပြင်ထဲရောက်နေသည်ကို တွေ့သည်။အိမ်တစ်လုံးတစ်လေမျှ မတွေ့ရချေ။ သူသည် ညာဘက်သို့ ချိုးကွေ့လိုက်သည်။ သစ်ပင်များနားကပ်၍ ဆက်လျှောက်ခဲ့သည်။ နောက်ဆုံးတွင် ခြံစည်းရိုးကာထားသော ကျောက်ခင်းလမ်းတစ်လမ်းကို ရောက်လာသည်။

ထိုကျောက်ခင်းလမ်းအတိုင်း ယှဉ်၍ လျှောက်လာခဲ့သည်။ ခဏအကြာတွင် သစ်ပင်အနည်းငယ် အုပ်ဆိုင်းနေသည့် နေရာသို့ ရောက်သည်။ သစ်ပင်များကြားမှ အလင်းရောင်သဲ့သဲ့ကို တွေ့လိုက်သောကြောင့် သစ်ပင်ကိုတွယ်၍ ကြည့်လိုက်သည်။သူ၏ဘယ်ဘက်တွင် ကွင်းပြင်ကြီး တစ်ခုရှိနေသည်။ သူ၏ညာဘက်တွင်မူ သုံးထပ်တိုက်တစ်လုံးကို တွေ့ရသည်။

အောက်ထပ်အခန်းတွင် မီးလင်းနေသည်။ ဆင်ဝင်အောက်တွင်မူ ကျောက်ခင်းလမ်းပေါ်သို့ စူးရှသော ကားမီးရောင်တန်းဖြာကျသွား

သည်။ ဂရေဂရီသည် သစ်ပင်အုပ်ထဲသို့ ကြောင်တစ်ကောင်ကဲ့သို့ နောက်ပြန်ခုန်လိုက်သည်။ စူးရှသော ကားမီးရောင်ကြောင့် မျက်စိကျိန်းသွားသည်။သူ့ကို ကားပေါ်မှ လူများတွေ့မြင်သည်ဟု ထင်လိုက်သည်။သို့သော် ကားသည် တန့်သွားခြင်းမရှိပဲ တဟုန်ထိုးဆက်မောင်းသွားသည်။

ဂရေဂရီသည်ကားပေါ်မှ လူများကို လျှပ်တပြက်သာမြင်လိုက်ရသည်။ ယာဉ်မောင်းသူနှင့် ယာဉ်မောင်းသူ၏ဘေးတွင် ထိုင်နေသူတို့ လေသူရဲဂျာကင်အကျီဝတ်ဆင်ထားသည်ကို တွေ့လိုက်ရသည်။ လေယာဉ်ပျံကိုမောင်းနှင်လာသော လေယာဉ်မှူးများပင် ဖြစ်မည်ဟု ဂရေဂရီတွက်ဆလိုက်သည်။ ကားနောက်ခန်းထဲတွင်မူ လော့ဂါဗင်ဖေါတက်စ်ကျူထိုင်လျက်ပါရှိသွားပြီး သူ၏ဘေးတွင်မူ မိန်းမချောလေး ဆာဗီနီပင်။

ဂရေဂရီသည်ကျေနပ်စွာ သက်ပြင်းမှုတ်ထုတ်လိုက်သည်။ ဤတစ်စီးတည်းသော လေယာဉ်ပျံနောက်လိုက်လာခဲ့ရကျိုးနပ်ချေပြီ။ အင်္ဂလန်နိုင်ငံရှိ လော့ဂါဗင်၏ဌာနချုပ်သို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်လာခဲ့သည်။မှောင်ခိုလေယာဉ်ပျံတစ်စင်းဆင်းသက်သည့်နေရာကို သိရသည်ထက်များစွာ အကျိုးရှိသည်။

ဂရေဂရီသည် ကားသံတိုးတိတ်ပျောက်ကွယ်သွားသည်နှင့် အိမ်ရှေ့ပိုင်းကို လှမ်းကြည့်လိုက်သည်။ မှောင်အတိကျနေသည်။ လူသူကင်းမဲ့နေလျက်ရှိသည်။ သူသည် အိမ်ရှေ့မြက်ခင်းကို လှမ်းကြည့်လိုက်သည်။ သို့သော်မြက်ခင်းပြင်တွင်လေယာဉ်လေးကို မတွေ့ရချေ။ သူသည် အိမ်အစွန်းအထိ ခြေဖျားထောက်လှမ်းသွားပြီး တစ်ခြားအဆောက်အဦးများတွေ့နိုးလှမ်းကြည့်လိုက်သည်။ သို့



သော်လေယာဉ်ထည့်သွင်းထားနိုင်မည့် အဆောက်အဦးတစ်ခုမျှ မတွေ့ရချေ။

အိမ်အစွန်းရှိ ဗယ်ရီချုံပုတ်ပင်များကို ဖေါက်ထွက်လိုက်သောအခါတွင် ဖန်အိမ်စိုက်ခင်းအချို့နှင့် ပြတင်းပေါက်ကင်းမဲ့သော အဆောက်အဦးမြင့်ကြီးနှစ်လုံးကို တွေ့ရသည်။

အဆောက်အဦးမြင့်ကြီး နှစ်ခု၏နောက်တွင်မူ ကားဂိုထောင်မြင့် မြင်းဇောင်းနှင့်သီးခြားအိမ်အချို့ကို တွေ့ရသည်။ ဂရေဂရီသည် အိမ်နောက်ဖေးသို့ ချဉ်းကပ်သွားသည်။လူသူလုံးဝကင်းမဲ့နေပုံရသောကြောင့် ဓါတ်မီးဖြင့် ရဲရဲတင်းတင်းထိုးလိုက်သည်။ ပြတင်းပေါက်တစ်ပေါက်ခြင်းကို လိုက်လံ စစ်ဆေးကြည့်ရှုလိုက်သည်။

နောက်ဆုံးတွင် သူ့ကြံစည်ချက်နှင့်သင့်တော်သော နေရာကိုတွေ့သည် ယင်းကားမှန်တစ်ချပ် ကွဲနေသော ပြတင်းပေါက်ပင်ဖြစ်သည်။ ဂရေဂရီသည် ထိုအပေါက်ထဲသို့ လက်ထိုးထည့်ပြီး တအား ဆွဲထည့်လိုက်သည်။ ပြတင်းပေါက်သစ်သားအက်ကွဲသံများပေါ်လာသည်။ အပြင်ဘက်သို့ လန်ထွက်လာသည်။ ဂရေဂရီသည် အတွင်းသို့ လက်လျှိုလိုက်ပြီး မင်းတုံးဖြုတ်လိုက်သည်။ ပြတင်းပေါက်တစ်ခုလုံးကို ဟင်းလင်းဖွင့်လိုက်သည်။

ထို့နောက်ပြတင်းပေါက်ဘောင်ကို လက်နှစ်ဖက်ဖြင့် လှမ်းဆွဲ၍ အထဲသို့ ခေါင်းပြုလိုက်သည်။ ပြတင်းပေါက်ဘောင်ကို ခိုတက်ရန် အကြံတွင် သူ့နောက်ဘက် ခြေသံသဲ့သဲ့ ကြားလိုက်ရသည်။

❖ ❖ ✳ ❖ ❖

## အခန်း (၈)

ဂရေဂရီသည် ပြတင်းပေါက်အတွင်းသို့ ပြူထားသော ခေါင်းကို လျှပ်တပျက်ထုတ်၍ ချာခနဲလှည့်ကြည့်လိုက်သည်။ သူနှင့် ၆ ကိုက်မျှလှမ်းသော ခြုံဖုတ်ထဲမှ ထွက်လာသော လူတစ်ဦး၏ သဏ္ဌာန်ကို တွေ့လိုက်သည်။

ထိုသူ တစ်ဦးတည်းသာဖြစ်သည်။ လက်နက်ပါပုံ မရချေ။ ခြံစောင့် သို့မဟုတ် အိမ်စောင့်ဖြစ်ပုံရသည်။ ဂရေဂရီသည် သူ့ညာလက်တွင် ကိုင်ထားသော ဓါတ်မီးကို ဆလိုက်သည်။ သူ၏အိတ်ထဲတွင် ပစ္စတိုလ်သေနတ်ရှိနေသော်လည်း တတ်နိုင်လျှင် မသုံးလိုချေ။

'ရှေ့တိုးခဲ့ ရှုတ်ရှုတ်ရှုတ်ရှုတ် မလုပ်နဲ့ နောင်တရကိန်းဆိုက်သွားမယ်'

ဂရေဂရီခြေလှမ်းသုံးလှမ်းမျှ ရှေ့တိုးလာသည်။ထိုသူကို ပိုင်ပိုင်နိုင်နိုင် ရိုက်ထည့်ရန် ရည်ရွယ်မိသည်။ သူ၏ ပိုင်ပိုင်နိုင်နိုင် ရိုက်ရန် ဘယ်လက်ကို ဟန်ပြလိုက်သည်။ သို့သော် ထိုသူက ဖြတ်ခနဲ နောက်သို့ ခြေတစ်လှမ်းဆုတ်၍ ဟောက်လိုက်သည်။



'မကြဲနဲ့ .. ကျုပ်မှာ သေနတ်ပါတယ်'

ထိုအခါကျမှ ကုတ်အကျီ အိတ်ထဲ ထိုးထည့်လိုက်သော ညာလက်ကို လှမ်းမြင်လိုက်သည်။

ဂရေဂရီတွေဝေသွားသည်။ လည်စင်းအဖမ်းခံရခြင်းထက်စာလျှင် တုံးတိုက် ကျားကိုက် တိုက်ပစ်လိုက်ခြင်းသည်။ သို့သော် အကျိုးဘယ်ပုံရှိမည်နည်း။ ထို့အပြင် ဤလူကို အလွယ်တကူ သိပ်ရနိုင်မည့် ပုံမပေါ်ချေ။ အတော်သွေးအေးပုံရသည်။

ဂရေဂရီသည် မီးစင်ကြည့်ကရန် ဆုံးဖြတ်ပြီး ငြိမ်နေလိုက်သည်။ အပိုင်အခွင့်အရေးရလျှင် လက်မနှေးတမ်း။ ထိုအချိန်တွင် ကျောက်ခဲများကို နင်းလိုက်သော ခြေသံကို ကြားလိုက်ရသည်။

ထိုလူလည်းကြားလိုက်သည်။သမင်လည်ပြန် လှည့်ဟန်ပြုသည်။

'ရှောင်ဆရာ .. '

နောက်တစက္ကန့်တွင် အော်ဟစ်သတိပေးသံနှင့်အတူ ထိုသူနောက်ကို ခုန်အုပ်လိုက်သော သဏ္ဌာန်တစ်ခု ပေါ်လာသည်။

ဂရေဂရီဘေးသို့ ခုန်လိုက်သည်။ သို့သော် မျှော်လင့်ထားသကဲ့သို့ တစ်ဘက်လူ၏ သေနတ်မှ ကျည်မထွက်လာချေ။ နောက်မှ ခုန်အုပ်လိုက်သော သဏ္ဌာန်နှင့်သာ လုံးထွေးကျသွားသည်။

တစ်ပတ်လိမ့်သွားရာ ဂရေဂရီသည် သွက်လက်စွာ လှုပ်ရှားလိုက်သည်။ခြံစောင့်ဟုထင်မှတ်သူ၏ ခေါင်းကို ဓါတ်မီးဖြင့် ရိုက်ထည့်လိုက်သည်။ ဓါတ်မီးမှာ ရော်ဘာစွပ်ထားသော ဓါတ်မီးဖြစ်သောကြောင့် ကွဲရန်အလားအလာမရှိချေ။ မကွဲသော်လည်း တစ်ဘက်လူ ပျော့ခွေသွားသည်။ ရဒ်သည် သူ့ပေါ်အိကျလာသော

သင်္ဘောအောက်မှ တွန့်လိမ်ထွက်လာသည်။

'ဘုရား .. ခင်ဗျား ဆော်ထည့်လိုက်တာ တော်တော်ပြင်းတယ် အသေတော့မဟုတ်ပါဘူးနော်'

'မထင်ပါဘူး .. တမင်တကာ ဂျိုးစောင်းကို ဆော်ထည့်လိုက်တာ .. မီးထိုးစမ်းပါအုံး ... ငါ့ဓါတ်မီးတော့ကွဲသွားပြီ'

ရှဒ်သည် သူ၏အင်္ကျီထဲမှာ ဓါတ်မီးတစ်လက် ဆွဲထုတ်လိုက်ပြီး .. သတိမေ့နေသူ၏မျက်နှာကို ထိုးကြည့်လိုက်သည်။ ထိုသူ၏ ရုပ်ခပ်ဖြောင့်ဖြောင့်ပင်။ အသက် ၃၀ အရွယ်ခန့်ရှိမည်။ မုတ်ဆိတ်ရေးရေးလေးရှိသည်။

'ဘာမှ မဖြစ်ပါဘူး .. ခဏနေ သတိရလာလိမ့်မယ် .. ဒီတော့ ကြိုးနဲ့တုတ်ထားလိုက်ရင်ကောင်းမယ် .. ဒါနဲ့ မင်းဘယ်နဲ့ အချိန်မီ ရောက်လာတာလဲ'

ဂရေဂရီသည် ထိုသူ၏ မျက်ခွံကို လှန်ကြည့်၍ ပြောလိုက်သည်။

'ဒီလိုပါအာစရိ .. အာစရိ ချုံတိုးသွားပြီး သိပ်မကြာခင်မှာပဲ နောက်လေယာဉ်ပျံတစ်စင်းလေဟုန်စီးဆင်းလာတယ် .. ကျွန်တော်တို့ဘေးက ကွင်းထဲကိုပေါ့ .. အဲဒါနဲ့ ကျွန်တော်လည်း သွားစပ်စုလိုက်တယ် .. ဒီလူလေ ယာဉ်ပျံပေါ်ကဆင်းပြီး ဒီအိမ်ဘက်ကို သုတ်ခြေတင်လိုက်တာ တွေ့လိုက်တာနဲ့ လိုက်လာတာပဲ'

ရှဒ်က ရှင်းပြလိုက်သည်။

'တော်သေးတာပေါ့ကွာ'

ဂရေဂရီကမှတ်ချက်ချရင်း ထိုသူ၏ ခြေထောက်ကို သူ၏မိုးကာအင်္ကျီခါးပတ်ဖြင့် တုတ်လိုက်သည်။ ထိုအချိန်မှာပင် ထိုသူညီး



သံပြုပြီး အသက်ပြင်းပြင်းရှုလာသည်။

ရှဒ်သည် ထိုသူ၏ လက်များကို တုတ်ရန် သူ၏ခါးပတ်ကို ချွတ်ပေးပြီး ဓါတ်မီးဖြင့် ထိုးလိုက်ပြန်သည်။ ဤတစ်ကြိမ် သတိလစ် နေသော သူ၏ခေါင်းပေါ်သို့ မီးရောင်ကျသည်နှင့် ဂရေဂရီ အာမေဋိတ်ပြုလိုက်မိသည်။

'ဟ .. နေအုံး .. ငါဒီလူကို တစ်နေရာရာမှာ မြင်ဘူးသလိုပဲ'

'ထရီဗီလီမှာ ဆရာနဲ့ ချခဲ့တဲ့ အုပ်ထဲကလား'

'မဟုတ်ဘူး .. ဒါ ငါကယ်လိုက်တဲ့ စုံထောက်ပဲ'

'ဒုက္ခပဲ .. ကွဲတာမှ ဟက်တက်ပဲလို့ ဆိုရမလို ဖြစ်နေပြီ ချစရာရှားလို့ ရဲကိုချမိရတဲ့ ကုသိုလ်ကံနော်'

'အကြောင်းမဟုတ်ဘူး .. သူကိုငါ ကယ်ဖူးတော့ သူထွက်ပြေးမှာ မဟုတ်ဘူး .. သူ့ခြေထောက်က ခါးပတ်ကိုဖြုတ်လိုက်။ သူသတိရလာအောင် ကြိုးစားကြည့်မယ်'

ယင်းတို့နှစ်ဦးစလုံး ရဲစုံထောက်နားတွင် ဒူးထောက်နေစဉ်သူ့ကို နောက်ဘက်မှ တံခါးဖွင့်သံကြားရပြီး ရုတ်တရက်မီးရောင်ထိုးကျလာသည်။

ဂရေဂရီတို့ ချာခနဲလှည့်ကြည့်လိုက်သောအခါတွင် မီးရောင်ထိန်နေသော မီးဖိုဆောင်တံခါးဝတွင် ရပ်တန့်နေသော မိန်းမတစ်ဦးကို မြင်ရသည်။သူမသည် အသက် ၄၀ ဝန်းကျင်ရှိပြီး ရင်အုပ်ကျယ်ကျယ်နှင့်ဖြစ်သည်။ သူ၏ဆံပင်ရှုပ်ထွေးနေပြီး ညဝတ်အင်္ကျီထူထူတစ်ထည်ကို ဝတ်ဆင်ထားသည်။ အပြင်ဘက်မှ အသံများကြောင့် အိပ်ရာမှ ထလာမှန်းသိသာသည်။ သူမ၏လက်ထဲတွင် မတ်ငါးအမျိုးအစားတပ်မတော်သုံး ခြောက်လုံးပြူးတစ်လက်ကို ကိုင်

ထားသည်။ ထိုသေနတ်ဖြင့် ဂရေဂရီတို့အား တည်ငြိမ်တည့်မတ်စွာ ချိန်တွယ်ထားသည်။

'ရှင်တို့ နှစ်ယောက်မတ်တပ်ရပ် လက်မြှောက်လိုက် .. ရှင်တို့ ဘာလုပ်နေကြတာလဲ'

ဂရေဂရီတို့သည် ယောင်တောင်ပေါင်တောင် မတ်တပ်ရပ်လိုက်မိသည်။

'ရှင်တို့ သူငယ်ချင်းက မြေကြီးပေါ်ဘာလုပ်နေတာလဲ'

သူမက ခပ်ထန်ထန်မေးလိုက်သည်။

'သူမတော်တဆ ထိခိုက်သွားလို့ပါ'

ဂရေဂရီသည်ဖော်ရွေသောလေသံဖြင့် ပြောရင်း သူမထံသို့ အသာအယာ လျှောက်သွားသည်။

'အနားမကပ်နဲ့ .. ကျွန်မလက်ထဲမှ သေနတ်ရှိတယ် .. ပစ်ခွင့်လည်းရှိတယ်'

ဂရေဂရီသည်သူမနှင့်မလှမ်းမကမ်းတွင် ရပ်တန့်လိုက်သည်။

ဂရေဂရီသည် သာမန်ယောကျ်ားတို့ထက် သတ္တိရှိသည်။ သို့သော်မိန်းမများလက်ထဲမှ သေနတ်ကိုတော့ ကြောက်သည်။ ထိုမိန်းမများသည် စိတ်လှုပ်ရှားလွယ်သူများဖြစ်သောကြောင့် အကဲခတ် မရခင် လက်မြန်ခြေမြန်ပစ်ရင်ပစ်လိုက်တတ်သည်။

'ကောင်းပြီဗျာ .. ကျုပ် သူခိုးတစ်ယောက်လည်း မဟုတ်ဘူး.. ခင်ဗျားကို ထိခိုက်အောင်လုပ်ဖို့ အိပ်မက်တောင် မမက်ဘူး .. အဲဒီမြေကြီးပေါ်မှာ လဲနေတဲ့သူက ကျုပ်မိတ်ဆွေ နောက်ပြီး ရဲအရာရှိတစ်ဦးပဲ'

အမျိုးသမီး၏ မျက်နှာပေါ်တွင် မယုံသင်္ကာရိပ် လွှမ်းသွား



သည်။

'ဟုတ်သလား ဒါဖြင့် ဘီချင်တွန် ရဲစခန်းက လုပ်ဖော်ကိုင်ဘက်တွေကို တွေ့ဖို့ ဝန်လေးမယ် မထင်ပါဘူး .. ကျွန်မ ဖုန်းဆက်လိုက်မယ်'

သူမက ငေါ့တော့တော့ ပြောလိုက်သည်။

သူမသည် ပြောပြောဆိုဆိုပင် တံခါးဝမှ ဘေးဖယ်လိုက်သည်။ သူတို့သုံးဦးအား သေနတ်ဖြင့် မပြတ်ချိန်ထားရင်းပြောလိုက်သည်။

'သူ့ကိုမ အထဲသွင်းလိုက် ရှင်တို့ကို သေချာကြည့်ချင်တယ် .. မြန်မြန်လုပ် .. ရှင်တို့ကြောင့် ဒီနှင်းတောထဲရပ်ပြီး အအေးမိမခံနိုင်ဘူး'

ရဒ်က စုံထောက်၏ပခုံးကို မလိုက်သည်။ ဂရေဂရီကခြေထောက်ကို ကိုင်လိုက်သည်။ ထိုနောက် စက္ကန့်မပြတ် သေနတ်ဖြင့် ချိန်ထားသော အမျိုးသမီးကြီး၏ ရှေ့မှ ဖြတ်၍ အိမ်ထဲသို့ ဝင်ခဲ့ကြသည်။

ယင်းတို့သည် စင်္ကြံလမ်းတစ်ခုအတိုင်း လျှောက်ပြီး အိမ်၏ ဧည့်ဆောင်သို့ ရောက်လာသည်။ ဧည့်ခန်းဆောင်မှ နေ၍ အပေါ်သို့ တက်သည့်လှေကားကြီးကို တွေ့ရသည်။ မလှမ်းမကမ်းတွင်မှ တယ်လီဖုန်းတင်ထားသော စားပွဲရှိသည်။

'သူ့ကို ဆိုဖာပေါ်တင်လိုက်'

အမျိုးသမီးကြီးကပြောပြောဆိုဆိုပင် တယ်လီဖုန်းဆီသို့ လျှောက်သွားသည်။

ဂရေဂရီတို့သည် သတိလည်လာစပြုနေသော စုံထောက်ကို ဆိုဖာပေါ်သို့ တင်လိုက်သည်။ ဂရေဂရီသည် အမျိုးသမီးကို

ဖုန်းမဆက်ရန် တားသည့်ဟန်ဖြင့် လက်ကာပြလိုက်သည်။

'နေပါအုံးခဏ ... ဒီအချိန်ကြီးမှာ လူတစ်ယောက်ကို ဖမ်းဖို့ အကြောင်းကြားတာကို ရဲတွေသဘောကျမှာ မဟုတ်ဘူး ... သူသတိရလာတဲ့အချိန်ထိစောင့်နေပါ .. သူဟာ ရဲစုံထောက်တစ်ယောက်ပါ ကျုပ်ကျမ်းကျိန်ပြောရဲပါတယ် .. နောက်တစ်မိနစ်လောက်ဆိုသူကိုယ်တိုင် ပြောပြနိုင်ပါလိမ့်မယ်'

အမျိုးသမီးကြီးသည် တယ်လီဖုန်းပေါ်လက်တင်လိုက်သော်လည်း ဖုန်းခွက်ကို ကောက်ယူခြင်း မပြုချေ။

'ဒါဖြင့် အိမ်နောက်ဖေးမှာ ဘာလို့လာပြီး သတိလစ်နေရတာလဲ'

'ကျုပ် တီးထည့်လိုက်လို့ သတိလစ်သွားသော .. အမှောင်ထဲမှာ လူမှားသွားတယ်'

'ကဲ .. ရှင်ရော ဘယ်သူလဲ သိပါရစေရှင်'

အမျိုးသမီးက ခပ်ငေါ့ငေါ့ ပြောလိုက်သည်။

'လော့ဂါဗင်ဖေါတက်စ်ကျုရဲ့ မိတ်ဆွေတစ်ဦးပဲ'

ဂရေဂရီက ခပ်ပြောင်ပြောင်ပင် ပြောလိုက်သည်။

"တကယ်ပြောတာပါ အခုကိစ္စထဲ ဒေသခံရဲတွေပါလာရင်တော့ လော့ဂါဗင် ယမ်းပုံမီးကျ ဒေါပွလိမ့်မယ် ကျုပ်တို့ဆော်ထည့်လိုက်တဲ့လူက စကော့တလန်ကရဲစုံထောက် အဲဒါက တစ်မျိုးတစ်ဘာသာပဲ ဒါပေမဲ့ ဒီကတောသားရဲ တစ်ယောက်ယောက် သူ့ကိစ္စထဲ ဝင်ရှုပ်လာတာမျိုးတော့ ကြိုက်မှာမဟုတ်ဘူး"

ထိုအချိန်မှာပင် ရဲစုံထောက်၏ မျက်လုံးပွင့်သွားသည်။ ရဒ်သည် သူ့အား ဆက်တီပေါ်တွင် ထိုင်ရက်ဖြစ်အောင် ဆွဲထူ



လိုက်သည်။ ရဲစုံထောက်သည် တစ်ချက်မျှ ညီးတွားလိုက်ပြီး ခေါင်းကို လက်နှစ်ဘက်နှင့် အုပ်ကိုင်လိုက်သည်။ ထိုနောက် ခေါင်းမော့၍ ပြုံးကြည့်လိုက်သည်။

'သက်သာသွားပြီလား .. ခင်ဗျားကို ထုထည့်လိုက်တဲ့အတွက် ဝမ်းနည်းပါတယ် .. ဒါပေမယ့် ခင်ဗျားကို တစ်ခြားလူမှတ်ပြီး ဆော်လိုက်တာပါ .. ခင်ဗျား ကျုပ်ကို မှတ်မိတယ်မဟုတ်လား .. လွန်ခဲ့တဲ့ နှစ်ညသုံးညက ထရိုဗီလ်လီရွာမှာ ဆုံခဲ့တယ်လေ'

' ဟုတ်ပါ့ .. မှတ်မိပြီဗျာ ... ကျုပ်ကို ဟိုပြဿနာကြားက ကယ်ထုတ်လိုက်တာလေ .. ဒီထဲ ဖေါက်ဝင်ဖို့ကြိုးစားနေတာ ခင်ဗျားမမှတ်ဘူး .. ဘာလို့ဆိုတာများရှင်းပြစမ်းပါအုံး'

'အချိန်တွေ အများကြီးရှိပါတယ် .. ကျုပ်တို့ ကိစ္စတစ်ခုတည်းကို လိုက်တယ် .. ဒါပေမယ့် လမ်းကြောင်းကွဲနေတယ် .. ခင်ဗျား သတိလစ်သွားတဲ့အချိန်မှာ ကျုပ်တို့ပြဿနာအသစ်တက်လာတယ် ဒီက သေနတ်ကြီး ကိုင်ထားတဲ့အမျိုးသမီးကြီး .. သူ့နာမည်ကျုပ် မသိဘူး'

ဂရေဂရီကပြောလိုက်သည်။

'မစ္စစ်ဘပ်ဒ်'

အမျိုးသမီးကြီးက အသံသေဖြင့် ပြောလိုက်သည်။

အင်း .. ဒီ မစ္စစ်ဘပ်ဒ်က ကျုပ်တို့အားလုံးကို လူဆိုးတွေမှတ်နေတယ် .. ဒေသခံ ရဲတွေကို တယ်လီဖုန်းဆက်ဖို့ တကဲကဲလုပ်နေတယ် .. ကျုပ်တို့ လူကောင်းတွေဖြစ်ကြောင်း ဖျောင်းဖျလိုက်စမ်းပါအုံး'

ရဲစုံထောက်က ခပ်ယိုင်ယိုင်ထလိုက်သည်။

'မစ္စစ်ဘဒ် .. ကျုပ်ဟာ ရဲစုံထောက် ဝဲလ်စ်ပါ .. စကော့တလန်ယာဒ်အတွက် အထူးတာဝန်ထမ်းဆောင်နေပါတယ် .. ဒီမှာ ကျုပ်ရဲ့ဝန်ထမ်းကဒ်ပြား စစ်ကြည့်ပါ .. ခုကိစ္စစိတ်အေးအေးထားပါ'

သူသည် ပြောပြောဆိုဆိုပင် သူ့အိတ်ထဲမှ ကဒ်ပြားတစ်ခုကို ထုတ်ပေးလိုက်သည်။

'ရှေ့မတိုးနဲ့ .. အဲဒါပြလို့ ဘာအကျိုးရှိမလဲ .. ခုလိုကိစ္စအတွက် တမင်သက်သက်လုပ်ထားတဲ့ ကဒ်ပြားဖြစ်မှာပဲ .. တချို့လူတွေက စုံထောက်ဝတ္ထုဖတ်တာကို သရော်တယ် .. ကျွန်မကတော့ဖတ်တယ် . ရှင်တို့လို လူတန်းစားတွေရဲ့လုပ်ပုံကိုင်ပုံတွေကို ဗဟုသုတရစေတယ်'

မစ္စစ်ဘပ်ဒ်က ခပ်မာမာ ပြောလိုက်သည်။

ဂရေဂရီက သွားဖြီးလိုက်သည်။

'ခင်ဗျား မှားသွားပြီ မစ္စဘဒ် ခင်ဗျားရက်ဖလ်ရဲ့ ဝတ္ထုကို အမှတ်ရနေတယ် ထင်တယ် .. အဲဒီထဲမှာ ရက်ဖလ်ကရဲလို ဝတ်လာပြီး သူ့သူငယ်ချင်းကို ကယ်ထုတ်သွားတာလေ'

မစ္စစ်ဘဒ်၏ အေးစက်သော မျက်လုံးများ၌ ကျေနပ်မှုတစ်ချက်လှဲ့သွားသည်။

'မှန်တယ် .. ဇာတ်လမ်းတွေ သိပ်ကောင်းတာပဲ .. အခု အဲဒါမျိုးဇာတ်လမ်းတွေ သိပ်မဖတ်ရတော့ဘူး .. အခု စာပေတွေ စိတ်ပျက်စရာပဲ'

'ခင်ဗျား အကြီးအကျယ် အမြင်မှားနေပြီ .. မစ္စစ်ဘပ်ဒ် . ခင်ဗျား ရဲတွေကို ဖုန်းဆက်ချင်ဆက်ပါ .. ဒါပေမယ့် မလိုအပ်ပဲ အလုပ်ရှုပ်ကုန်ဟာပဲရှိမယ်'



တကယ်သာ ရဲများရောက်လာလျှင် သူ့အပြစ်ပြောမဆုံးအောင်ဖြစ်သွားမည်။ ရဲအဖမ်းခံရသော ရဲအဖြစ် အပေါင်းအသင်းများက ကောင်းကောင်းဟားတိုက်မည်'

'မစ္စစ်ဘပ်ဒ်က ခေါင်းခါလိုက်သည်။'

'ကျွန်မ မှားချင်လည်း မှားမယ် ... မှန်ချင်လည်း မှန်မယ် .. ဒါပေမယ့် ကျွန်မတို့ ခြံထဲ ရှင်တို့ ဘာလုပ်နေတာလဲ သိချင်တယ် အလုပ်ရှုပ်တာကိုတော့ ထည့်မတွက်နဲ့ .. ကျွန်မတို့ အရေးလုပ်ပေးဖို့ အခွန်ဆောင် လစာပေးထားတာပဲ မဟုတ်လား .. အဲဒီတော့ ရှင်နေရာရှင်နေ လှုပ်မယ် မကြံနဲ့ ကျွန်မဖုန်းဆက်လိုက်မယ်'

ယင်းတို့ အထက်လှေကားထစ်မှ မြည်သံ ပေါ်လာသည်။ အားလုံး မော့ကြည့်လိုက်မိသည်။ လှေကားထိပ်တွင် မိန်းမပျိုလေးတစ်ဦး ရောက်ရှိနေပြီး ကျယ်ဝန်းသော လှေကားကြီးအတိုင်း ဆင်းသက်လာနေသည်ကို တွေ့ရသည်။ သူမ ဖိနပ်မစီးထားချေ။ ညဝတ်အင်္ကျီလေးသာ ဝတ်ဆင်ထားသည်။ ကျစ်ဆံမီးကျစ်၍ ထုံးထားသော ဆံထုံးက မီးရောင်တွင် ရွှေရောင်ဖြာနေသည်။ သူမ၏မျက်ဝန်းပြာများ ဝိုင်းစက်ပြူးကျယ်နေသည်။ တစ်စုံတစ်ရာကို ငေးနေသည်။ သူမအိပ်မက်ယောင် လျှောက်နေကြောင်း ဂရေဂရီတို့ချက်ချင်း သဘောပေါက်လိုက်သည်။

❖ ❖ ✳ ❖ ❖

ဝိုင်းမြိုင် စာပေ
တိုက်(၃၅) ရလွှာ၊ မဟာဗန္ဓုလလမ်း၊
ကျောက်မြောင်း၊ တာမွေမြို့နယ်
ရန်ကုန်

## အခန်း (၉)

'သူမနိုးစေနဲ့ .. အသံတစ်စေ့မျှ မပြုကြပါနဲ့ .. လိပ်ပြာလွင့် မတတ်လန့်သွားအုံးမယ်'

မစ္စစ်ဘပ်ဒ်က လေသံဖြင့် ကမန်းကတန်း ပြောလိုက်သည်။

ဂရေဂရီသည် ခြေလှမ်းကြဲကြဲကြီး နှစ်လှမ်းထဲဖြင့် အမျိုးသမီးကြီး၏ ဘေးသို့ရောက်သွားသည် သူမလက်ထဲမှ သေနတ်ကို ညှပ်ယူလိုက်သည်။

'ကဲ အခုတော့ ကျုပ်သေနတ်ကိုင်ထားမယ် မစ္စစ်ဘဒ် .. ကျုပ်တို့အတွက် လက်ဖက်ရည်လေးသာ သွားဖျော်ဗျာ'

အကြည့်ကသာ သေစေနိုင်လျှင် ထိုတဒင်္ဂမှာပင် ဂရေဂရီ ပွဲချင်းပြီးသေခဲ့မည်။ မစ္စစ်ဘပ်ဒ်သည် သူ့ကို အရေဆုတ်ပစ်လိုက်နိုင်သည့် အကြည့်ဖြင့် ကြည့်ပြီး သူ့ကို တွန်းဖယ်ပြီး လှေကားပေါ်သို့ ခြေဖျားထောက်တက်သွားသည်။

အိပ်မက်ယောင်နေသော မိန်းမပျိုလေးသည် လှေကားတစ်ဝက်မျှရောက်နေသည်။ သူမသည် အသက် ၁၈ နှစ် ၁၉ နှစ်ခန့်သာရှိမည်။ ကိုယ်ခန္ဓာသွယ်လျလျလေးဖြစ်သည်။ အချိုးအစားကျသော



ခန္ဓာကိုယ်ကို ညဝတ်အင်္ကျီဖေါက်၍ မြင်နေရသည်။ သူမအသွင်မှာ လူသားထက် အရုပ်လို ပန်းချီကားတစ်ချပ် ပုံစံပိုဆန်သည်။'

ရဲစုံထောက် ဝဲလ်စ်သည် ပါးစပ်ဟောင်းလောင်းဖြင့် ငေးမော ကြည့်နေမိသည်။ သူ၏ တစ်သက်တာတွင် ဤမျှလှသော သူ သို့မဟုတ် အနုပညာလက်ရာကို မတွေ့ဖူးဘူးဟု ထင်မှတ်မိသည်။

မစ္စစ်ဘပ်ဒ်သည် လှေကားပေါ်သို့ တက်ပြီး မိန်းမပျိုလေး၏ လက်မောင်းကို အသာကိုင်လိုက်သည်။ ထို့နောက် တန့်ပင်မတန့် သွားစေပဲလှေကားကို ပြန်တက်စေအောင် ထိန်းပေးလိုက်သည်။

' ဝဲလ်စ်'

ဂရေဂရီက လေသံဖြင့် အလောတကြီး ခေါ်လိုက်သည်။

' ဟင် '

ဝဲလ်စ်သည် စိတ်ညို့ခံထားရာမှ ရုတ်တရက်နိုးသူကဲ့သို့ ကြောင်တောင်တောင် အသံပြုလိုက်သည်။

' သူတို့နဲ့ အတူ အပေါ်လိုက်သွား အပေါ်မှာ တယ်လီဖုန်းရှိ ချင်ရှိအုံးမှာ '

ဝဲလ်စ်က ခေါင်းတစ်ချက် ဆတ်ပြလိုက်ပြီး လှေကားကို ခြေဖျားထောက်တက်သွားသည်။

ယင်းတို့ လှေကားထိပ်တွင် ပျောက်ကွယ်သွားသည်နှင့် ဂရေဂရီသည် မစ္စစ်ဘပ်ဒ်၏ခြောက်လုံးပြူးကို ချိုး၍ ကျည်ဆန်များ ထုတ်ယူထားလိုက်သည်။

'ကောင်မလေး မလှဘူးလား'

'နတ်သမီးလေးကျနေတာပဲ ... မှော်တောင်ဝှေးလေးနဲ့ တောင်

ပဲ တစ်စုံပဲလိုတယ်'

ရဒ်က မှတ်ချက် ချလိုက်သည်။

'ဂရေဂရီက ပခုံးတွန့်လိုက်သည်။

'လုပါတယ် .. ဒါပေမယ့် ဦးနှောက်ရှိမယ် မထင်ဘူး ... ဘယ်လိုပဲဖြစ်ဖြစ်လေ အချိန်ကိုက်ရောက်လာတာကိုပဲ ကျေးဇူးတင်ရတယ်မဟုတ်ရင် ... အမျိုးသမီးကြီးနဲ့ ငြင်းပြီးမှာ မဟုတ်ဘူး'

မစ္စစ်ဘပ်ဒ်နှင့်ဝဲလ်စ် ပြန်ဆင်းလာသောအခါတွင် ဂရေဂရီက မစ္စစ်ဘပ်ဒ်ကို မေးလိုက်သည်။

'ဒီနေရာကို ဘယ်လိုခေါ်လဲ'

'ကဖေ့ခ်ပန်းခြံ .. ဘစ်ချန်တွန်မြို့'

'ဟုတ်ပြီ .. ကဲကျုပ်တို့ ဒီပြင်ကိစ္စတွေ မဆက်ခင် ကျုပ်လူဟာ တကယ့်ရဲမှန်း ခင်ဗျား ကျေနပ်ဖို့လိုတယ် ... အလွယ်ဆုံးနည်းကတော့ ခင်ဗျားကိုယ်တိုင် စကော့တလန် ယာဒ်ကို တယ်လီဖုန်းဆက်ဖို့ပဲ ... ကျုပ်တို့လူဟုတ် .. မဟုတ် အဲဒီက ပြောလိမ့်မယ် .. သဘောတူလား'

'ဝဲလ်စ်က တယ်လီဖုန်း နံပါတ်ပေးလိုက်သည်။သို့သော် သူတို့အတိုင်အဖောက်လုပ်ထားသော တယ်လီဖုန်းကို ပေးသည်ဟု ထင်မှာစိုးသောကြောင့် လန်ဒန်တယ်လီဖုန်းလမ်းညွှန်စာအုပ်ထဲတွင် စကော့တလန်ယာဒ် တယ်လီဖုန်းနံပါတ်ကို ရှာဖွေပြီး အတည်ပြုလိုက်သည်။ ထို့နောက် သူမကိုယ်တိုင် ဖုန်းလှည့်ခေါ်သည်။

တစ်ဘက်မှ အဖြေကို သူမကျေနပ်သွားသောကြောင့် ဆက်ဆံရေးပါပြောင်းလဲသွားသည်။ သံသယမှသည် အားနာစိတ်ဝင်စားသည့် အသွင်ပြောင်းသွားသည်။ သူ့ကို တောင်းပန်လိုက်သည်။



'မလိုပါဘူးဗျာ .. ခင်ဗျား အလုပ် ခင်ဗျား တာဝန်ကျေတာပါ။ အဲဒါထားတော့ .. ကျုပ်တို့အတွက် လက်ဖက်ရည်လေးဘာလေးလုပ်လို့ရမလား .. ကျုပ်တို့တစ်ညလုံး မအိပ်ရသေးတော့ အတော်နွမ်းနေတယ် .. နည်းနည်းလန်းသွားအောင်လေ'

'ရပါတယ် .. ကျွန်မအစားအသောက်နည်းနည်းပြင်လိုက်မယ် .. ကြက်ဥကြော်လိုက်မယ်'

'ကောင်းပါလေ့ .. ရဒ် မစ္စစ်ဘပ်ဒ်ကို လိုက်ကူလိုက်စမ်း .. ငါ .. ဝဲလ်စ်နဲ့ စကားနည်းနည်း ပြောလိုက်အုံးမယ်'

သူတို့ ထွက်ခွာသွားသည် ဂရေဂရီသည် ဆက်တီပေါ်တွင် ထိုင်နေသော ဝဲလ်စ်ဆီသို့ လျှောက်လာသည်။

'ကဲ .. ကျုပ်တို့ ကိစ္စလေး ညှိကြရအောင် .. ခင်ဗျား ကျုပ်ဘက်က အဖြစ်ကို တော်တော်သိနေပြီ .. ခင်ဗျား အဖြစ်ရော ဘယ်လိုလဲ'

'ခင်ဗျား ဒီမနက် စကော့တလန်ယာဒ်မှာ ပြောသွားခဲ့တာတွေလောက်ကိုပဲ ကျုပ်သိတယ် .. ခင်ဗျား ဆာဒပလ်လီနေ့က ဝိန်းကာပ်စ်ကိုယ်စား ဆောင်ရွက်နေမှန်း ခင်ဗျားတိတိကျကျ ပြောမသွားခဲ့ဘူး'

'ဝဲလ်စ်က ပြန်ဖြေလိုက်သည်။'

'ကျုပ်နိုင်ငံတကာ မှောင်ခိုအဖွဲ့အစည်းတစ်ခုကို ဖြိုဖို့ ကြိုးစားနေတယ် .. အခွန်မဲ့ ကုန်စည်တွေကြောင့် အခွန်ဆောင် ကုန်စည်တွေရဲ့ ဝယ်အား မတရားထိခိုက်နေတယ်'

'ဟုတ်ပြီ .. ကျုပ်လည်း မှောင်ခိုဂိုဏ်းကို လိုက်နေတာပဲ .. ပုံမှန်အရဆိုရင် အဲဒါအကောက်ခွန်ဌာနနဲ့ အမြတ်ခွန်ဌာနရဲ့ အလုပ်တွေ .. ဒါပေမယ့် လွန်ခဲ့တဲ့ နှစ်က အစိုးရအနေနဲ့ အခွန်နစ်နာမှု

တရားလွန်များနေလို့ ကျုပ်တို့ ဝင်ပါလာရတာ'

'ဟုတ်ပြီ ခင်ဗျား ကဏ္ဍက ရော'

'ကျုပ် လွန်ခဲ့တဲ့ ဖ ပတ်ကျော်ကစပြီး ဒီကိစ္စကို ထောက်လှမ်းလာရတယ် .. လက်လီဖြန့်တဲ့လူတွေကနေ နောက်ကြောင်းပြန်ကောက်ဖို့ ကြိုးစားခဲ့တယ် .. ဘာမင်ဟန် အထည်ဆိုင်တစ်ဆိုင်က အဝတ်အစားတွေကို ခြေရာကောက်တော့ ရီဂျင့်လမ်းက လက်ကားဆိုင်ကြီးတစ်ဆိုင်ကလာတယ်လို့ သိရတယ် .. အဲဒီလူကိုလွန်ခဲ့တဲ့ ရက်သတ္တပတ် တစ်ပတ်လောက်ကောင်းကောင်းညှစ်လိုက်တော့ .. ပြင်သစ်နိုင်ငံက အမျိုးသမီး ကိုယ်စားလှယ်တစ်ဦးက တဆင့်ဝယ်ခဲ့တယ်လို့ ပြောတယ်'

အမျိုးသမီးကိုယ်စားလှယ်ရဲ့ အသွင်အပြင်ကို ပြောပြတော့ ခင်ဗျား ဒီယူဗီလ်မှာ တွေ့ခဲ့တဲ့ အမျိုးသမီးဖြစ်နေတယ် .. အဲဒီအမျိုးသမီးဟာ လန်ဒန်ကိုရောက်ရင် ချားလ်တွန်ဟိုတယ်မှာ တည်းပြီး အဲဒီချားလ်တွန်ဟိုတယ်မှာပဲ အရောင်းအဝယ်လုပ်ခဲ့တယ်လို့ အဲဒီလက်ကားဆိုင်ရှင်က အစစ်ခံတယ်'

'အဲဒါနဲ့ ကျုပ်လည်း ချားလ်တွန် ဟိုတယ်ကို သွားစုံစမ်းတော့ အမျိုးသမီးနာမည်ကို သိလာရတယ် .. မစ္စဆာဗီနီဇက်န်တီတဲ့ ကျုပ်တို့ ပြင်သစ်ရဲကို ဆက်သွယ်စုံစမ်းတော့ ဆာဗီနီဟာ ပဲရစ်မြို့မှာ ပိုးခြေအိတ်ကုမ္ပဏီတစ်ခုနဲ့ ပတ်သက်နေတယ်လို့သိရတယ်'

'အဲဒီနောက်တော့ အလုပ်က လွယ်သွားတယ် .. ဌာနချုပ်က ကျုပ်ကို ဒီလုပ်ငန်းအတွက် လေယာဉ်ပျံတစ်စီးပေးထားတယ် .. ကျုပ်အင်္ဂလန်က ကုမ္ပဏီတစ်ခုရဲ့ ကိုယ်စားလှယ်ဆိုတဲ့ စာရွက်စာတမ်းကို ကိုင်ပြီး ပဲရစ်ကို ကူးခဲ့တယ်'



အဲဒီ ပိုးခြေအိတ်ကုမ္ပဏီကို ပစ္စည်းဝယ်ချင်လို့ ဆိုတဲ့အကြောင်း ပြချက်နဲ့ ရောက်သွားတော့ သူတို့ **တော်တော့**ကို ဈေးသက်သက်သာသာနဲ့ ပေးနိုင်တာတွေ့တယ် .. လန်ဒန်မှာ ရှိတဲ့ ကုန်ရုံကနေ ပို့ပေးပါမယ်လို့ပြောတယ် .. **ဒါပေမယ့်** ကျုပ်စုံစမ်းကြည့်တော့ လန်ဒန်မှာ ဘာကိုယ်စားလှယ်၊ ဘာကုန်ရုံမှ မရှိဘူး။ ဒီမှာရှိတဲ့ မှောင်ခိုသမားတစ်ယောက်လက်ထဲက ပစ္စည်းထိုးပေးဖို့ ရည်ရွယ်ကြတယ် .. ဘယ်လိုပဲဖြစ်ဖြစ် ကျုပ်ကုန်ပစ္စည်းမှာဖို့ လုပ်ပါတယ် .. ဒါပေမယ့် နောက်ဆုံးကျုပ်မျှော်လင့်တဲ့အတိုင်း လုပ်ကိုင်ခွင့်အပြည့်ရှိတဲ့ အဲဒီ ဆာဗီနီနဲ့ တွေ့ခွင့်ရတယ်'

'အရောင်းအဝယ်သဘောတူလိုက်ပြီးတော့ မိတ်ဖြစ်ဆွေဖြစ်နေ့လည်စာ စားဖို့ ဖိတ်လိုက်တယ် .. ဆာဗီနီအတော်ဖော်ရွေပါတယ်.. မသိရင်တော့ သူ့အပြော သူ့အဆိုတွေကို ကျလောက်ပါတယ် .. ဒါပေမယ့် သူ့အကြောင်းလည်းသိလိုက် ကိုယ်ကိုယ်တိုင်ကရဲတစ်ယောက်ဖြစ်နေတော့ မိန်းမတွေရဲ့ မာယာကို နောကျေနေတယ် .. လိုတစ်မျိုးပြုမူပြီး နောက်တစက္ကန့်မှာ ရေးရေးတောင် အရေးမစိုက်တဲ့ ကျင့်ရှိကြတယ် .. နေ့လည်စာ စားပြီးချိန်လောက်မှာ သူ့ကို တစ်ယောက်ယောက်က ဖုန်းလှမ်းဆက်လိုက်တယ်။ ဖုန်းသွားဆက်နေတုန်းမှာ သူ့ပိုက်ဆံအိတ်ကို ထားခဲ့တယ် .. ကျုပ်အတွက် မဟာအခွင့်အရေးကြီးပဲ .. ကျုပ်လည်း ဘယ်လက်နှေးမလဲ .. သူ့ပိုက်ဆံအိတ်ကို အသာယူပြီး မွှေနှောက်လိုက်တယ် .. အဲဒီထဲမှာ ကိုရှော့ဆီလိပ်မူထားတဲ့ ကြေးနန်းကို တွေ့တယ် .. သူ အဲဒီကြေးနန်းကို ပို့ဖို့ရုံးထဲက ထွက်ခါနီးမှာ ရေးလာခဲ့ပုံရတယ်'

'ကျုပ်ကြေးနန်းကို ကူးယူဖို့ အချိန်မရတာနဲ့ တစ်ခါတည်း

အလစ်သုတ်ထားလိုက်ပါတယ် .. သူပြန်ရောက်လာတော့ ကျုပ်လည်းကျသင့်ငွေတွေ ဘာတွေရှင်းပြီး သွားတော့မယ်အလုပ်မှာ သူက လစ်ကာတစ်ခွက်နဲ့ ကော်ဖီတစ်ခွက်ထပ်မှာလိုက်တယ် .. ဒါနဲ့ စားသောက်ဆိုင်ထဲ လူသူကင်းသွားတဲ့အထိ ဆက်ထိုင်ဖြစ်ကြတယ် .. သူ့ပုံစံက တော်တော် လှိုက်လှိုက်လဲလဲ ရှိလာတယ်'

'နောက်ကျုပ်ကို ဒီယူဝီလ်လီကိုရောက်ဘူးလားလို့မေးတယ် .. ကျုပ်အမှန်အတိုင်း မရောက်ဖူးဘူးလို့ ဖြေလိုက်တယ် .. အဲဒီတော့ ညနေကျရင် အဲဒီကို သွားမယ့်အကြောင်းပြောပြီး .. ကျုပ်ကိုပါ လိုက်စေချင်တဲ့ ပုံစံ .. အင်း .. အဓိပ္ပါယ်ကမ်းလှမ်းချက်လေးတွေ ပြတယ် .. ရိသလို ထိသလို ညိသလိုလေးတွေလဲ .. ပါလာတယ်ပေါ့ .. ညနေပိုင်းမှာ သူတစ်စုံတစ်ယောက်နဲ့ ညနေစာ စားပြီး ညနက်စာအတွက် ကျုပ်နဲ့ တွေ့ကြဖို့ချိန်းတယ် .. ဒီယူဝီလ်လီမှာ သန်းခေါင်အချိန်ပေါ့'

'သူ ဘာရည်ရွယ်မှန်းတော့ ကျုပ်မသိဘူး .. ဒါပေမယ့် သူ့နောက်ကို ဆက်ပြီးတော့ နောက်ယောင်ခံဖို့ အခွင့်အရေးပဲလို့ သဘောပိုက်ပြီး ကျုပ်မှာ လေယာဉ်ပျံရှိတဲ့အကြောင်း၊ အဲဒီလေယာဉ်ပျံနဲ့ လိုက်ပို့ပေးမယ်လို့ပြောလိုက်တယ်'

'အဲဒါနဲ့ အဲဒီညနေငါးနာရီခွဲမှာ လီကောရတ်လေဆိပ်မှာ တွေ့ပြီး လေယာဉ်ပျံနဲ့ ထွက်လာခဲ့တယ် .. ဒီယူဝီလ်ကိုရောက်တော့ လေယာဉ်ကွင်းကနေ မြို့ထဲကို တက္ကစီငှားလာခဲ့တယ် .. ညကျတော့ မဲ့နေရာကို သူလှမ်းပြလိုက်တယ် အဲဒီလတ်တလောကာလနဲ့ ညသန်းခေါင်ကြားကာလမှာ မတွေ့ခင် 'ဟိုအကြောင်းဒီအကြောင်းတွေတော့ အများကြီးပြောပါတယ် .. အဲဒီညမှာ ချိန်းတဲ့အတိုင်း



ကျုပ်သွားစောင့်တယ် .. ကျန်တဲ့အဖြစ်တွေကတော့ ခင်ဗျား သိတဲ့အတိုင်းပဲ '

ဝဲလ်စ်က နိဂုံးချုပ် ပြောကြားလိုက်သည်။

ဂရေဂရီခေါင်းညိတ်လိုက်သည်။

' ကြေးနန်းစာ ခင်ဗျားလက်ချက်မိသွားတာကို ချက်ချင်းသိလိုက်လို့ ခင်ဗျားကို လှည့်ခေါ်သွားတာပဲဖြစ်မှာပေါ့ .. သူ့အနေနဲ့ ကြေးနန်းစာထပ်ရဖို့ ခက်မှာ မဟုတ်ပါဘူး .. ဒါပေမယ့် မူရင်းကိုလည်း ခင်ဗျားလက်ထဲ မရှိစေချင်တာဖြစ်မယ် .. ဒါပေမယ့် ပြန်ယူဖို့ကလည်း လိုအပ်တာ စီစဉ်ရမှာမို့ ခင်ဗျားကို အချိန်ဆွဲအကြောင်းပြထားခဲ့တာပဲ'

'ကျုပ်လည်း သဘောပေါက်ပါတယ် .. ကြေးနန်းကို ခင်ဗျားရလိုက်တယ်မဟုတ်လား .. ကြေးနန်းစာ .. ခင်ဗျားလက်ထဲရောက်နေကြောင်း မောရီးဖတ်ကို မပြောခဲ့ပေမဲ့ ကျုပ်တို့ရိပ်မိပါတယ်'

' ဟုတ်တယ် .. သူက ပူးပေါင်းဆောင်ရွက်ဖို့ သဘောမတူတာနဲ့ ရေငုံနှုတ်ပိတ် နေလိုက်တယ် .. ဒါပေမယ့် ကျုပ်ကြေးနန်းညွှန်းချက်အတိုင်းမနေ့ညနေက ကာဖေးဒီလာကိုလ်ချီကို ရောက်ခဲ့ပါတယ်'

'ခင်ဗျား သွားလိမ့်မယ်လို့ မောရီးဖတ်ရိပ်မိလို့ မနေ့က တစ်နေ့လုံး ခင်ဗျားနောက်ကို ကျုပ်နောက်ယောင်ခံလိုက်နေခဲ့တယ် .. ခင်ဗျားလေယာဉ်ပျံတက်ပြီး နှစ်မိနစ်အတွင်းမှာ ကျုပ်နောက်ကလိုက်ခဲ့တယ် .. ခင်ဗျား ဘယ်ကိုသွား ၊ ဘာလုပ်ဖို့မှန်း မသိပေမဲ့ ကျားကြီးအမြီးဆွဲမိတာဖြစ်နိုင်တယ်လို့ ယူဆမိတယ် .. ခင်ဗျား ဒီပန်းခြံထဲ ဆင်းတဲ့အထိ လိုက်လာခဲ့တာပဲ'

ဂရေဂရီပြုံးလိုက်သည်။

'ခင်ဗျား မှောင်ခိုလေယာဉ်အုပ်စုကို မတွေ့လိုက်ဘူးလား'

'မတွေ့ပါဘူး .. သူတို့လေကြောင်းကနေ မှောင်ခိုသွင်းနေ မှန်းရိပ်မိပေမဲ့ လေယာဉ်အုပ်စုကြီး ရှိမှန်းတောင် မသိခဲ့ဘူး'

'အေးလေ .. ကျုပ်လေယာဉ်ကိုပဲ မျက်တောင်မခတ်ကြည့် ပြီးလိုက်လာတော့ တစ်ခြားလေယာဉ်ကို ဘယ်သတိပြုမိကြမလဲ'

'ခင်ဗျားက ဘာလို့သူတို့နောက် မလိုက်ခဲ့တာလဲ .. သူတို့ အဲဒီပစ္စည်းတွေချတဲ့ နေရာကို ခင်ဗျားသိဖို့ အခွင့်အရေးဆိုတာ အလှည့်တစ်ထောင်မှာ တစ်ကြိမ်ရဖို့ မလွယ်ဘူး'

ဝဲလ်စ်က မချင့်မရဲ ပြောလိုက်သည်။

'မှန်ပါတယ် .. ဒါပေမယ့် .. ပြောသလောက် မလွယ်ဘူး .. သူတို့အုပ်စုကို တိမ်ကြားထဲ မျက်ခြေပြတ်သွားတယ် ..ဒီမှာ ဆင်း သက်တဲ့ လေယာဉ်ပျံလေးကိုပဲ တွေ့ပြီး လိုက်လာခဲ့တာ'

'ဒါဖြင့် ဒါပစ္စည်းလက်ခံတဲ့ စခန်းတစ်ခုပေါ့'

'မထင်ဘူး .. ကျုပ်လိုက်လာတဲ့ လေယာဉ်က ကုန်တင်လေ ယာဉ်မဟုတ်ဘူး .. လော့ဂါဗင်ဖေါ်တက်ကျူးနှင့်ဆာဗီနီ ပါလာတဲ့ လေယာဉ်ပျံပဲ'

'ဟာ .. ဒါဆို ဒီည အချည်းနှီးတော့ မဖြစ်ခဲ့ပါဘူး'

'မဖြစ်ပါဘူး .. ဟိုဘက်မှာ ရှိတဲ့သူတို့စခန်းတစ်ခုကိုလည်း ကျုပ်ခြေရာခံမိခဲ့ပြီ'

'တော်ပါပေ့ .. အဲဒီစခန်းက ဘယ်မှာလဲ'

ဂရေဂရီ၏မျက်လုံးများ ယဲ့ယဲ့လေးမှေးသွားသည်။

'ခင်ဗျားကို အဲဒါမပြောခင် ခင်ဗျားဆီက ကတိတစ်ခုလိုချင်



တယ်'

'ဘာကတိလဲ'

'အဲဒီအုပ်စုကို မိရင်လည်း ဆာဗီနီကို အရေးမယူပါဘူးဆိုတဲ့ ကတိ"

'ဟာ... အဲဒါတော့ မဖြစ်ဘူး၊ ကျုပ် သူ့ပေါ် ဘယ်လို အာဃာတမှ မထားပါဘူး၊ ဒါပေမယ့် သူလည်း ဒီကိစ္စမှာ သိသိကြီး နဲ့ နက်နက်ဝင်နေတာပဲ၊ ဒီမှောင်ခိုပစ္စည်းတွေအတွက် ဗန်းပြအနေ နဲ့ ခြေအိတ်စက်ရုံတစ်ရုံ ထောင်ထားတာပဲ၊ သူဘို့တွေနဲ့ နှစ်ကိုယ့် တစ်စိတ် ပေါင်းသင်းလှုပ်ရှားနေတာပဲ'

'လော့ဂါဗင်ဖော့တက်စ်ကျူအကြောင်း ဘာသိလဲ'

ဂရေဂရီက အေးဆေးစွာ မေးလိုက်သည်။

'သိပ်မသိပါဘူး၊ ဒုစရိုက်မှုမျိုးစုံနဲ့ ပတ်သက်နေမှန်းတော့ သိပါတယ်၊ ဒါပေမယ့် သူ့ကို အရေးယူနိုင်လောက်အောင် အထောက်အထား မပြည့်စုံဘူး'

'အေး.... လူသားအသွင်ယူထားတဲ့ မြွေဟောက်ရှာယ်နတ်ဆိုးလို့ ပြောချင် သဘောပေါက်၊ ဆာဗီနီဟာ သူ့ရဲ့ အကြပ်ကိုင်မှု တစ်ခုခု ကြောင့် ဒီထဲ ရောက်နေတာဖြစ်မယ်... ခင်ဗျား ၆ ပတ်အတွင်း လုပ်နိုင်တာထက် ၂၄ နာရီအတွင်း ကျုပ် ပိုလုပ်နိုင်တယ်ဆိုတာ နားလည်တယ် မဟုတ်လား၊ ဟိုဘက်မှာ စခန်းတစ်ခု တွေ့ခဲ့တယ်... ဘက်မှာ ဌာနချုပ်လို့ ယူဆရမဲ့ နေရာတွေ့ထားတယ်... အဲဒီတော့ ခင်ဗျားတို့ကို အပြည့်အဝ ကူညီရမှုအတွက် အတုံ့အပြန်အနေနဲ့ ဆာဗီနီကို လွှတ်ပေးစေချင်တယ်'

'ခင်ဗျား ဒီည ကံကောင်းတာပါ.... ကံသက်သက်လည်း

မဟုတ်ပါဘူး၊ ခင်ဗျား ကျုပ်တို့ကို နောက်ထပ် ဘာအကူအညီ ပေးနိုင်လို့လဲ'

ဝလ်စ်က တွေးတွေးဆဆ မေးလိုက်သည်။

'ပြင်သစ်ဘက်မှာရှိတဲ့ မှောင်ခိုစခန်းတစ်ခုကို ပြောပြနိုင်တယ်၊ နောက်ပြီး ဆာဗီနီနဲ့ သိကျွမ်းမှုကြောင့် သိရှိနိုင်မယ့် ရှေ့အစီအစဉ် တွေလည်း ရနိုင်မယ်၊ သူ့ကိုစောင့်ပြီး ဖမ်းခဲ့ရင် ဒါမှမဟုတ် အသေး အမွှားအမှုတစ်ခုအတွက် ဖမ်းခဲ့ရင် ကျုပ်တို့ ကြိုးပမ်းမှုကြီးတစ်ခုလုံး အလဟဿ ဖြစ်သွားမယ်၊ နောက်ပြီး ခင်ဗျား သူ့ကို ကယ်လို့မရ တော့ဘူး၊ ခင်ဗျား စုံထောက်မှန်း သူသိသွားပြီ၊ ဒါပေမယ့် ကယ်နိုင် သေးတယ်၊ အခြေအနေကို မြင်တယ်မဟုတ်လား'

'မြင်ပါတယ်၊ ရှခင်းလည်းကောင်းပါတယ်၊ ဒါပေမယ့် သူ့ကို လွှတ်ပေးဖို့တော့ ကျုပ် ကတိမပြုနိုင်ဘူး၊ သူ့ကို အသက်ညှာဆုံး ဖြစ်အောင် ဆောင်ရွက်ပေးပါမယ်လို့ပဲ ပြောနိုင်တယ်'

ဂရေဂရီ မတ်တပ်ရပ်လိုက်သည်။ စီးကရက်တစ်လိပ် ထုတ်ယူ မီးညှိလိုက်ပြီး စိတ်မရှည်စွာ ခေါက်တုံ့ခေါက်ပြန် လျှောက်လိုက် သည်။

'ခင်ဗျား... လုံးဝ သဘောမပေါက်ဘူး၊ ဒီကိစ္စမှာ ဒီကောင်မ လေးက အသုံးခံလေး သက်သက်ပဲ'

'သူဟာ မှောင်ခိုလုပ်ငန်း လုပ်ကိုင်နေတယ်၊ ကျုပ် အထောက် အထား ပြနိုင်တယ်၊ အကောက်ခွန်ကို ရှောင်တိမ်းပြီး မှောင်ခို ပိုးထည်တွေ သွင်းလို့ရအောင် ရုပ်ပြလုပ်ငန်းကြီးတစ်ခု ကြီးကြပ် လုပ်ကိုင်နေတယ်'

ဝဲလ်စ်က ခေါင်းမာစွာ ဆိုလိုက်သည်။



'ပိုးထည်'

ဂရေဂရီက ဒေါသတကြီး အော်ဟစ်ပြီး ချာခနဲ လှည့်ရင်ဆိုင် လိုက်သည်။

'ခင်ဗျား လူတွေက ဒီကိစ္စအကြောင်း ဇစ်ဖစ်မြစ်မြစ် မပြော ထားဘူးလား'

ဝဲလ်စ် မျက်လုံး ကျယ်သွားသည်။ နားမလည်သံဖြင့် မေးလိုက် သည်။

'ခင်ဗျား ဘာကို ဆိုလိုတာလဲ'

'လက်ရှိ တရုတ်ပြည် အခြေအနေကို မသိဘူးလား'

'မသိဘူး၊ အဲဒါနဲ့ ဘာဆိုင်သလဲ'

'ဂျပန်နိုင်ငံဟာ တရုတ်ပြည်မြောက်ပိုင်းဒေသထဲကို မှောင်ခို ပစ္စည်းတွေ အကြီးအကျယ် ခိုးသွင်းနေတယ်၊ အဲဒီလို မှောင်ခိုဝင် ရောက်တဲ့ ကုန်ပစ္စည်းတွေကြောင့် တရုတ်အစိုးရဟာ နှစ်စဉ်နှစ်တိုင်း ဒေါ်လာ သန်းတစ်ရာဖိုး အခွန်အကောက် နစ်နာနေတယ်၊ တရုတ် ပြည်တွင်း စက်မှုလက်မှုလုပ်ငန်းလေးတွေဟာ အဲဒီ ဂယက်ဒဏ် ကြောင့် ပျက်ပြုကုန်ပြီး တစ်ခြားနိုင်ငံက ကုန်စည်တွေနဲ့ အကောက် ခွန်မဲ့ ပစ္စည်းနဲ့ယှဉ်ပြီး မရောင်းသာဘူး၊ ကျုပ်တို့ ဒီမှာ ကြုံနေတာ နဲ့ အတူတူပဲ၊ ဗြိတိသျှဟာ လွတ်လပ်တဲ့ ဈေးကွက်စနစ်နဲ့ အသက် ရှင်နေတာ ကြာပြီ၊ ဒါကြောင့် အခုမှ ကန့်သတ်ချက်ဥပဒေတွေကို ကျုပ်တို့ စီးပွားရေး ပြိုင်ဘက်တွေက လိုက်နာမှာ မဟုတ်ဘူး၊ ကျုပ်တို့ ရန်သူတွေဟာ ကျုပ်တို့ရဲ့ စီးပွားရေးစနစ်သစ်ကို ဖြိုဖို့ အသည်းအသန် ကြိုးစားနေတယ်၊ ဆာဗီနီက အဲဒီအန္တရာယ်ကို ဖြိုနိုင်အောင် သိသည်ဖြစ်စေ၊ မသိပဲနဲ့ဖြစ်ပစေ အထောက်အကူပြု

နိုင်ရင် သူ့စိတ်ဆန္ဒမပါပဲ စက်ရုံထောင်ပြီး ဂါဗင်ဖောတက်စ်ကျူကို အကူအညီပေးခဲ့ရတာလောကို ခွင့်လွှတ်ရမှာပေါ့'

ဝဲလ်စ်က တုံ့တုံ့ဆိုင်းဆိုင်း ဖြစ်သွားသည်။

'သူ့အလိုမပါပဲ လုပ်နေတာကို ခင်ဗျား ဘယ်လိုလုပ်သိလဲ'

'မသိဘူး၊ ဒါပေမယ့် တွက်ဆလို့ရတယ်'

'ကျုပ် တိကျတဲ့အချက်အလက်ကိုပဲ စာရင်းသွင်းချင်တယ်၊ သူ ဒီနိုင်ငံထဲကို ပိုးထည်တွေ မှောင်ခိုသွင်းနေမှန်း ကျုပ်သိတယ်'

ဂရေဂရီသည် ဝဲလ်စ်ကို အေးတိအေးစက် စူးစူးစိုက်စိုက် ကြည့်လိုက်သည်။

'ခင်ဗျား အဲဒီလောက်ပဲ သိလား၊ ဘုရားရေ... ခင်ဗျားလို လူမျိုးစားတွေ အထူးစုံထောက်တွေ လုပ်နေတယ် ဟုတ်လား၊ ကွန်မြူနစ်တွေ နောက်ဆုံး အားအင်စိုက်ခဲ့တာ ဘယ်နေရာလဲ... စပိန်နိုင်ငံ၊ စပိန်နိုင်ငံဟာ ဘာဖြစ်သွားလဲ၊ ကွန်မြူနစ်နိုင်ငံ ဖြစ်သွားတယ်၊ စပိန်နိုင်ငံမှာ တာဝန်ကျေပြီးတော့ အခု ဘယ်ကို မြှားဦးလှည့်နေလဲ.. ပြင်သစ်ကို၊ နေ့စဉ် သတင်းစာကို ဖတ်တတ်တဲ့သူမှန်သမျှ အဲဒီအချက်ကို သိမယ်.... ပြင်သစ်ပြီးရင် ကျုပ်တို့အလှည့် ရောက်လာမယ်၊ ဒီလောက်အရေးကြီးတဲ့ ကာလမှာ ခင်ဗျားက 'တစ်ပိုးတည်းပိုးနေတယ်'

'မှန်ပါတယ်၊ ဒါပေမယ့် ပိုးထည်တွေ ခိုးသွင်းလာနိုင်ရင် တစ်ခြားဟာတွေပါ ခိုးသွင်းလာနိုင်တယ်ဆိုတာကို ခင်ဗျား မမြင်ဘူးလား.... သူတို့ရဲ့ ပထမဆုံးရည်ရွယ်ချက်က ကျုပ်တို့ရဲ့ စီးပွားရေးလုပ်ငန်းတွေ ဒေဝါလီခံရအောင်နှင့် ကျုပ်တို့ အကောက်ခွန်ကြေးတွေ ထက်ဝက်မျှ ကျသွားအောင်ပဲ၊ သူတို့ကို မပိတ်ဆို့နိုင်ရင် ရာ



ထောင်ချီတဲ့ မင်းမဲ့ဝါဒီတွေ လှုံ့ဆော်ရေးသမားတွေကို ပုံချလာလိမ့်မယ်၊ အဲဒီနောက်တော့ သူတို့ရဲ့ လျှို့ဝှက်လက်နက်တိုက်တွေကို တရားမဝင်လက်နက်တွေ၊ ဗုံးတွေ၊ အဆိပ်ငွေ့တွေ ပို့ဆောင်လိမ့်မယ်၊ အင်္ဂလန်နိုင်ငံရဲ့ သာယာစိုပြေ လန်းဆန်းနေတဲ့ နယ်မြေတစ်ခုလုံးကို အကျည်းတန်ညစ်ထွေးသွားအောင် ဆောင်ရွက်သွားကြလိမ့်မယ်၊ ဒီမှာ ကိုယ့်လူ... အသေးအမွှားမှုခင်းကို ခဏမေ့ထားလိုက်စမ်းပါ၊ မဟာသစ္စာဖောက်ကြီးဖြစ်တဲ့ ဂါဗင်ဖောတက်စ်ကျူ စီစဉ်ညွှန်ကြားကြီးကြပ်နေတဲ့ ကွန်မြူနစ်တော်လှန်ရေးကြီး မဖြစ်ပွားအောင် လွတ်လွတ်လပ်လပ် တုံ့ပြန်စမ်းပါရစေ'

❖ ❖ ⁕ ❖ ❖

## အခန်း (၁၀)

ခဏအကြာတွင် မစ္စစ်ဘပ်ဒ်က အခန်းထဲသို့ ခေါင်းပြူကြည့်၍ ခေါ်လိုက်သည်။

'အစားအသောက် ပြင်ပြီးပြီ၊ လူကောင်းသူကောင်းတွေအားလုံး စားပွဲကို ကြွပါ'

ဂရေဂရီ အသာပြုံးလိုက်သည်။ ဝဲလ်စ်အား ပြင်သစ်နိုင်ငံဘက်မှ စခန်းအကြောင်း ပြောပြပြီး ဆက်လက်ပူးပေါင်းဆောင်ရွက်ကြရန် သဘောတူလိုက်ပြီး ဖြစ်သော်လည်း ဆာဗီနီကို လွတ်ငြိမ်းချမ်းသာခွင့်ပေးရန်ကိစ္စ ဆွေးစပ်၍ မရချေ။ အကယ်လည်း ဆာဗီနီ ရဲလက်ထဲရောက်သွားလျှင် ဝဲလ်စ် ဘာမှမတတ်နိုင်ကြောင်းကို ဂရေဂရီ သဘောပေါက်သည်။ သို့သော် ဆာဗီနီကို နောက်နောင် အကျိုးပြုနိုင်ကောင်းသည့် စကားရနိုး မျှော်လင့်ချက် နှုတ်လွန်စေရန် ကြိုးပမ်းနေခဲ့ခြင်းသာ ဖြစ်သည်။ ရလျှင်အမြတ်၊ မရလည်း အရင်းပင်။

မစ္စစ်ဘပ်ဒ် အပါအဝင် သူတို့လေးဦးစလုံး မြိန်ရေယှက်ရေ



စားသောက်လိုက်ကြသည်။ သူတို့ တစ်ညတာ စွန့်စားမှုကြောင့် အတော် ဆာလောင်မွတ်သိပ်သွားဟန်ဖြင့် တစ်ဝတစ်ပြဲ စားလိုက်ကြသည်။ စားပြီးသောက်ပြီးသောအခါတွင် ဝဲလ်စ်က မစ္စစ်ဘဒ်ကို လှည့်မေးလိုက်သည်။

'ကဲ.... မစ္စစ်ဘပ်ဒ်၊ ကျုပ် ရဲအရာရှိတစ်ဦးမှန်း ခင်ဗျား ကျေနပ်သွားပြီဆိုတော့ ခင်ဗျားကို မေးချင်တာလေးတွေ မေးခွင့်ပြုမယ်ထင်တယ်'

'မေးပါလေ.... တရားဥပဒေကို လေးစားလိုက်နာတဲ့ သူတစ်ယောက်ဖြစ်လို့ ဖြေရမဲ့ တာဝန်ရှိတယ်လို့ ကျွန်မ ယူဆပါတယ်'

မစ္စစ်ဘဒ်က ရွှင်မြူးစွာ တုံ့ပြန်လိုက်သည်။

'ကောင်းပြီ..... ခင်ဗျား ဒီကိုရောက်လာတာ ဘယ်လောက်ကြာပြီဆိုတာရယ် ဒီအိမ်ရှင်အကြောင်း သိသလောက်ရယ် ပြောပြစမ်းပါ'

'အိမ်ရှင်တွေအကြောင်းကို ကျွန်မ ဘာမှ မသိသလောက်ပဲ၊ အိမ်ရှင်နာမည်က ဗိုလ်မှူး ဖို့ဝဲလ်ကော့တွန် ဆိုတာရယ်၊ သူတို့ လင်မယားနှစ်ယောက်လုံး အမဲပစ် ဝါသနာပါကြတာရယ်၊ လတ်တလောမှာ တစ်နေရာရာမှာ ကျားသစ်သွားပစ်နေတယ်ဆိုတာပဲ သိတယ်၊ သူတို့မရှိခိုက်မှာ ဒီခြံကြီးကို ကိုယ်စားလှယ်ကတဆင့် ငှားထားတယ်'

'ဟုတ်လား..... ဒါဖြင့် ခင်ဗျားကို အိမ်ရှင်က ငှားထားတာ မဟုတ်ဘူး.... အိမ်ငှားက ခန့်ထားတာပေါ့'

'မှန်ပါတယ်..... သူ့နာမည်က လော့ဂါဗင်ဖော့တကစ်ကျုပါ၊ ခွန်ခဲ့တဲ့ မတ်လလည်ကစပြီး ဒီနေရာကို ငှားရမ်းလိုက်ပြီး က်သတ္တပါတ် အနည်းငယ်အကြာမှာ ကျွန်မကို အလုပ်ခန့်လိုက်

တာပဲ.... ခန့်လိုက်တာလည်း ကျွန်မအတွက် တော်တော် ကံကောင်းသွားပါတယ်'

'ဘာဖြစ်လို့လဲ'

မစ္စစ်ဘဒ်၏ မျက်ခုံးမွှေးနှစ်ဖက် မြင့်တက်သွားသည်။

'ဘာဖြစ်လို့လဲ ဟုတ်လား... ကျွန်မ တော်တော်ကို ဒုက္ခရောက်နေခဲ့တာ၊ ကျွန်မဟာ ဒလ်ဝီခ်မြို့က ဒေါက်တာချယ်ပွန်ရဲ့ အိမ်ဖော်ပါ၊ စောစောက လှေကားပေါ်မှာ တွေ့လိုက်တာ သူ့သမီး မီလ်လီပါ.. သနားစရာလေးပါ၊ သူ့အမေဟာ သူ ငယ်ငယ်ကတည်းက ဆုံးသွားခဲ့တယ်၊ ကျွန်မက သူ့အထိန်းတော်ပါ၊ ကျွန်မတို့ တော်တော် စိတ်ချမ်းသာ ကိုယ်ချမ်းသာ နေခဲ့ကြရပါတယ်၊ ဒါပေမယ့် လွန်ခဲ့တဲ့ နိုဝင်ဘာလမှာ ဒေါက်တာ ဆုံးသွားတယ်၊ သူ့ပစ္စည်းတွေကို ကြည့်လိုက်တော့ သူ တစ်ပြားတစ်ချပ်မျှ မထားခဲ့တာကို တွေ့ရတယ်၊ ထားလည်း ဘယ်ထားနိုင်မလဲ.... ဒေါက်တာက အင်မတန် သဘောကောင်းတာ.... တော်ကြာ ဟိုကိုလှူ ဒီကိုလှူပေးနဲ့ ဆင်းရဲတဲ့ လူနာတွေဆီကဆို တစ်ပြားတစ်ချပ်မျှ မယူဘူး၊ သေတုန်းက အသက် ၅၂ နှစ်ပဲရှိသေးတယ်၊ မသေသေးပါဘူးလို့ ယူဆလို့ပဲလား သူ မသေခင်မှာ မီလ်လီ အိမ်ထောင်ကျမှာပဲလို့ ယူဆလို့လား မသိဘူး ဘာမှ စုစုဆောင်းဆောင်း မရှိခဲ့ဘူး'

'အေးလေ.... ဘယ်လိုပဲဖြစ်ဖြစ် နောက်ဆုံး စာရင်းချုပ်လိုက်တော့ အိမ်တောင်မှ သူ့အိမ် မဟုတ်မှန်း သိရတယ်၊ ပရိဘောဂရောင်းလို့ရတဲ့ ပိုက်ဆံလည်း ရှေ့နေခ ပေးပြီးတော့ ဘာမှ သိပ်မကျန်ဘူး.... မီလ်လီမှာ တစ်ခြားဆွေမျိုးသားချင်းလည်း မရှိတော့ ကျွန်မပဲ တာဝန်ယူရတာပေါ့'



'ကျွန်မ အစုစု အဆောင်းဆောင်းရှိခဲ့လို့ တော်သေးတယ်လို့ ဆိုရမယ်၊ ကျွန်မ အိုနာဘေးအတွက် ဘဏ်မှာ ငွေနည်းနည်း စုထားခဲ့တယ်၊ ဒါပေမယ့် အဲဒီက အတိုးနဲ့ နှစ်ယောက် မစားလောက်ပါဘူး၊ တစ်နှစ်လောက် ထိုင်စားလိုက်ရင် ရှိသမျှ တက်တက်ပြောင်ဖို့ပဲ အဲဒီတော့ အလုပ် ထပ်ရှာရတာပေါ့'

ဝဲလ်စ်က ကိုယ်ချင်းစာမိဟန်ဖြင့် ခေါင်းဆတ်လိုက်သည်။ မစ္စစ်ဘပ်ဒ်က ဆက်ပြောသည်။

'တစ်နေ့ သတင်းစာထဲမှာ ကြော်ငြာတွေ့တယ်၊ ထမင်းချက်လိုချင်တယ်ပေါ့.... အဲဒီမှာပါတဲ့ လိပ်စာအတိုင်း သွားစုံစမ်းတော့ လော့ဂါဗင်ဖောတက်စ်ကျူကို တွေ့ခဲ့တယ်၊ နောက်ဆုံး ကျွန်မလဲ ခန့် မီလ်လီကိုလည်း ကျွန်မနဲ့အတူ နေခွင့်ပေးတာနဲ့ 'အဲဒီအလုပ်ကို ဝင်လိုက်တယ်၊ ဒါနဲ့ပဲ ဒီအိမ်ကို ရောက်လာတယ်'

'ဟုတ်ပါပြီ၊ အဲဒီနောက်ပိုင်း ဘာတွေများ ဖြစ်ခဲ့သလဲ.... မစ္စစ်ဘပ်ဒ်'

ဝဲလ်စ်က ခေါင်းဆက်၍ မေးမြန်းလိုက်သည်။

'လော့ဂါဗင်ဟာ ကျွန်မတို့ကို ဒီနေရာမှာ နေရာလာချပေးပြီးတော့ တစ်လလောက်တောင် မလာတော့ဘူး.... ဒီမှာ နေရာလာချပေးတုန်းကပဲ ကျွန်မကို ခြောက်လုံးပြူးပေးပြီး ခြံထဲ ကျူးကျော်ဝင်ရောက်လာတဲ့သူ မှန်သမျှကို ပစ်ဖို့ ပြောပါတယ်.... တစ်စိမ်းအကပ်မခံနဲ့ပေါ့၊ ကျွန်မတို့က အနီးအနား ရွာတွေထဲသွားပြီး ဈေးဝယ်ဖို့ မလိုအောင်ပါ အားလုံး စီစဉ်ပေးထားခဲ့တယ်၊ နောက်ပြီး တခြားလူတွေနဲ့ ရှုပ်ရှုပ်ယှက်ယှက် ပေါင်းသင်းနေတာတွေကိုလည်း မကြိုက်ဘူးဆိုတာနဲ့ ကျွန်မ မီလ်လီ အိမ်ကုပ်နေကြတာပဲ များပါ

တယ်'

'ကျန်တဲ့ အလုပ်သမားတွေရော မရှိဘူးလား'

'ရှိပါတယ်၊ ခြံအလုပ်သမားတွေ ဘာတွေ ဒါပေမယ့် သူတို့ နေ့ဘက်ပဲ လာပြီး ညဘက်ကျ ပြန်သွားကြလေ့ရှိပါတယ်'

'ဟုတ်ပြီ ဆက်ပြောပါအုံး'

'လွန်ခဲ့တဲ့ ဧပြီလ အကုန်မှာတော့ လော့ဂါဗင် ရောက်လာပြီး တစ်ညအိပ်ပါတယ်၊ နောက်တစ်နေ့မှာ အလုပ်သမားအဖွဲ့ တစ်ဖွဲ့ ရောက်လာပြီး အိမ်နဲ့ တစ်ဘက်စွန်း သစ်ပင်အုပ်နားမှာ ဂိုထောင်ကြီး တစ်ခု ဆောက်ပါတယ်၊ နောက် ရက်အနည်းငယ်ကြာတော့ လော့ဂါဗင်ဟာ လေယာဉ်တစ်စီးနဲ့ ရောက်လာတယ်၊ အဲဒီ လေယာဉ်ပျံကို အဲဒီဂိုထောင်ထဲ ထည့်ထားလိုက်တယ်၊ သူ ညဘက် လေယာဉ်နဲ့ အသွားအပြန် ခရီးနှင်နေတာများတော့ ဒီမှာ တစ်ရက်ပြည့်အောင် နေတယ်လို့ကို မရှိဘူး၊ တစ်ခါတစ်ခါကျတော့ သူနဲ့အတူ ခြေတစ် ဖက်ဆာနေတဲ့ လူတစ်ယောက် ပါလာတက်ပြီး တစ်ခါတစ်ခါကျ တော့ မိန်းမပျိုလေးတစ်ယောက် ပါလာတက်တယ်၊ ဒီည အဲဒီ မိန်းကလေးကလည်း သူနဲ့အတူ ပါလာတယ်၊ သူ့လေယာဉ်ပျံ အတွက် လေယာဉ်မှူးနှစ်ယောက် အမြဲထားတယ်၊ သူဟာ အမြဲတစေ လူကြီးလူကောင်း ပီသယဉ်ကျေးတဲ့လူ.... အဲဒီတော့ သူ မဟုတ်က ဟုတ်ကလုပ်နေတဲ့လူလို့ ဒီညအထိ ကျွန်မ လုံးဝ မစဉ်းစားမိခဲ့ဘူး၊ လော့ တစ်ဦးဖြစ်နေတဲ့အပြင် ချမ်းသာနေမှတော့ ဘယ် ထင်စရာ ရှိလဲ'

ဝဲလ်စ်က ပြုံးယုံသာ ပြုံးလိုက်သည်။

'ခင်ဗျား ဒီလောက်ပဲ ပြောနိုင်သလား မစ္စစ်ဘပ်ဒ်'



'ဟုတ်တယ်.... ဒါပဲပြောနိုင်တယ်၊ ကဲ အခု ကျွန်မ မေးလှည့်... ညဘက်မှာပဲ လေယာဉ်ပျံ ဆင်းတာတွေ၊ ပတ်ဝန်းကျင်က လူတွေနဲ့ အပေါင်းအသင်း မလုပ်စေချင်တာတွေကို ကျွန်မ သံသယမဖြင်မိ တာ အတော်ဆန်းတယ်၊ သူဟာ လော့တစ်ယောက် မဟုတ်ဘူးလား'

'သူက တကယ် လော့ပါပဲ... ဒါပေမယ့် လူတစ်ယောက်မှာ ဘွဲ့ထူးဂုဏ်ထူး ရှိတာနဲ့ ဒုစရိုက်ကောင် မဖြစ်ဘူးဆိုတဲ့ ပုံသေ သဘောထားလို့ မရပါဘူး'

ဂရေဂရီက ဝင်ပြောလိုက်သည်။

'ဒါဖြင့် ကျွန်မတို့ ဒီက မြန်မြန်ထွက်လေ ကောင်းလေပဲ.... ဒီလို သက်တောင့်သက်သာ အလုပ်မျိုး စွန့်လွှတ်ရတာ မလွယ်ပါ ဘူး၊ ဒါပေမယ့် မီလ်လီအတွက် ထည့်တွက်ရအုံးမယ်'

'အဆုံးအဖြတ် မစောစေချင်ဘူး.... မစ္စစ်ဘပ်ဒ် ဒီလူတွေက ခင်ဗျားကိုရော မီလ်လီကိုရော အန္တရာယ်ပြုမဲ့ လူမျိုးတွေ မဟုတ် ပါဘူး၊ ကျုပ်တို့ ဒီရောက်တဲ့အကြောင်း မပြောပြရင် သူတို့ကို ရဲက စိတ်ဝင်စားနေကြောင်း ခင်ဗျားသိတယ်လို့ ထင်မှာမဟုတ်ဘူး၊ ခင်ဗျား ဒီမှာ ဆက်နေရင် ကျုပ်တို့အတွက် အထောက်အကူ အများ ကြီး ရမှာပေါ့.... ခင်ဗျားနဲ့ အဆက်အသွယ်မပြတ် လုပ်နေနိုင်အောင် ကျုပ်တို့ရဲ့ လူတစ်ယောက်ကို လွှတ်လိုက်မယ်၊ သူက ခြံအပြင်ဘက် တစ်နေရာရာမှာ နေပါလိမ့်မယ်၊ လော့ဂါဗင်နဲ့ သူ့လူတွေ ဝင်ထွက် တာကို သူကနေတစ်ဆင့် သတိပေးနိုင်ပါတယ်'

'ရှင်ပြောတာကတော့ ဟုတ်ပါပြီ၊ ဒါပေမယ့် သူတို့က ရာဇဝတ် ကောင်တွေဆိုတော့ တစ်ည မီလ်လီနဲ့ ကျွန်မကို လည်ပင်း မဖြတ်ပါ ဘူးလို့ ဘယ်သူ သိနိုင်မလဲ'

'အို…. စိတ်ချ မလုပ်ပါဘူး၊ သူတို့အလုပ်က ပြင်သစ်ကနေ ပိုးထည်တွေနဲ့ တစ်ခြားပစ္စည်းတွေ မှောင်ခိုတင်သွင်းတဲ့ အလုပ်ပဲ၊ ခင်ဗျားတို့ကို ဘယ်လိုမှ အန္တရာယ်မပြုပါဘူး၊ သေချာပါတယ်၊ နောက်တစ်ချက် ရှိသေးတယ်… ခင်ဗျား အခုနေ အလုပ်ထွက်လိုက်ရင် အလုပ်လက်မဲ့ ဖြစ်သွားမယ်၊ ဒါပေမယ့် ဒီမှာ ဆက်နေပြီး ကျုပ်တို့ကို အကူအညီပေးရင် ဒီကိစ္စ ပြီးပြတ်တဲ့အချိန်မှာ ခင်ဗျားအတွက် ရဲအဖွဲ့ကတဆင့် အလုပ်ကောင်းတစ်ခု ရှာပေးဖို့ ကတိပြုပါတယ်'

မစ္စစ်ဘပ်ဒ်သည် တဒင်္ဂ ထိုအချက်ကို သုံးသပ်လိုက်သည်။

'အဲဒါဆိုရင်လည်း ကျွန်မ အများကြီး စိတ်သက်သာရာ ရတာပေါ့၊ ကောင်းပြီ….. ကျွန်မ ဆက်နေမယ်'

'သိပ်ကောင်းပေါ့'

ဝဲလ်စ်က ပြောပြောဆိုဆို မတ်တပ်ရပ်လိုက်သည်။

'ကျုပ်ဆီမှာ ရာဝရမ်းတော့ မပါဘူး၊ ဒါပေမယ့် ခင်ဗျားက ကျုပ်တို့ကို ကူညီဖို့ သဘောတူထားတော့ ကျုပ် တရားဝင် လိုက်လံကြည့်ရှုတာကို ခွင့်ပြုမယ် မဟုတ်လား….. ကျုပ်တို့ကို နောက်ပိုင်း အကျိုးပြုနိုင်မဲ့ဟာ တစ်ခုခု တွေ့ချင်တွေ့လိမ့်မယ်'

မစ္စစ်ဘပ်ဒ် ခေါင်းညိတ် သဘောတူလိုက်သည်။ သို့သော် ဂရေဂရီက ပခုံးတွန့်လိုက်သည်။

'ဒီနေရာကို လျှို့ဝှက်ဆင်းသက်ဖို့ သက်သက်သာသာ အသုံးပြုတော့ တစ်နာရီထက် ပိုနေလေ့မရှိဘူး၊ ဘာမှ စိတ်ဝင်စားလောက်စရာ တွေ့မယ်မထင်ဘူး၊ ဒါပေမယ့် ခင်ဗျား သဘောပဲ၊ ကျုပ်ကတော့ လန်ဒန်ကို ပြန်တော့မယ်၊ ရှဒ် ပုံစံကြည့်ရတာတော့ မတ်တပ်



အိပ်ပျော်နေသလိုတောင် ဖြစ်နေပြီ'

ရှဒ် သန်းဝေလိုက်သည်။

'အမှန်ပါပဲ ဆရာ… ဒါပေမယ့် ဆရာကတော့ နှင်းရည်ပက်ဖြန်းထားတဲ့ မနက်ခင်း ပန်းလေးကျနေတာပဲ လန်းဆန်းကြည်လင်နေတာပဲ၊ ဘယ်လို အစွမ်းတွေနဲ့များ မအိပ်ပဲ အသက်ရှင်နေနိုင်တာလဲ'

ဝဲလ်စ်က သူတို့ကို လိုက်ပို့သည်။ မနက် ၄ နာရီကျော် အချိန်ဖြစ်သောကြောင့် နွေဦးရာသီ၏ အာရုံ အလင်းသဲ့သဲ့ပင် ဖြစ်နေပြီ။ သစ်ပင်၊ ချုံပုတ် ကွင်းပြင်များကို အတော် သဲသဲကွဲကွဲမြင်နေရသည်။

ယင်းတို့ ဘယ်ဘက် ကိုက်နှစ်ရာလောက်အကွာ သစ်ပင်တစ်အုပ်မှနေ၍ အီဖလ်မျှော်စင် အသေးစားလိုလို ကြိုးမဲ့ကြေးနန်းတိုင်လိုလို အဆောက်အဦးတစ်ခု ထိုးထွက်နေသည်။ သစ်ပင်အမြင့်ထက် ပေ ၅၀ လောက် ပိုမြင့်နေသည်။ ယင်းတို့၏ ညာဘက် မလှမ်းမကမ်းတွင်မူ သစ်သားဂိုထောင်ကြီးတစ်လုံးကို မြင်လိုက်ရသည်။

ဂရေဂရီသည် ထိုအဆောက်အဦးဘက်သို့ မေးဆက်ပြလိုက်သည်။

'အဲဒါ လေယာဉ်ဂိုထောင်ပဲ၊ အဲဒီသစ်ပင်တွေ ကွယ်နေလို့ ညက မမြင်တာ'

'ဒီနေရာဟာ သူတို့အလုပ်နဲ့ တကယ် ကိုက်ညီတဲ့နေရာပဲ၊ အဲဒီအချက်ပြမျှော်စင်ကို မိုင် အတော်ဝေးဝေးက မြင်ရမှာ နယ်မကျွမ်းတဲ့ လေယာဉ်တွေအတွက် အချက်ပြ မီးထွန်းစရာ နေရာကောင်းပဲ'

ဝဲလ်စ်က မှတ်ချက်ချလိုက်သည်။

'ကဲ... အခု အေက ဘာလုပ်မလဲ'

ဂရေဂရီက လှမ်းထွက်ရန် ဟန်ပြင်ရင်း မေးလိုက်သည်။

'ဝဲလ်စ်က ရယ်မောလိုက်သည်။ ထိုည အလုပ်ကောင်းခဲ့၍ အတော်ပင် စိတ်ရွှင်နေသည်။

'အေက ခင်ဗျားပဲ.... ခင်ဗျားက မနက်ဖြန်ကျရင် ချားလ်တွန်ဟိုတယ်ကိုသွားပြီး ဘီ ဖြစ်တဲ့ မိန်းမချောနဲ့ အဆက်ရအောင် ကျိုးစားပေါ့.... သူ အဲဒီမှာပဲ ထပ်တည်းလိမ့်မယ်ထင်တယ်.... ကျုပ်တော့ အနား မသီရဲတော့ဘူး၊ ကျုပ်ကို ရဲမှန်းသိတော့ ကျုပ်ကို မြင်တာနဲ့ ပြေးမှာပဲ၊ ခင်ဗျားက သူနဲ့ တွေ့ဖို့ ကြိုးစားနေတုန်းမှာ စီ ဖြစ်တဲ့ ကျုပ်ကတော့ မစ္စစ်ဘဒ်နဲ့ ခြံကို စောင့်ကြည့်ဖို့ ရဲတစ်ယောက် လွှတ်ဖို့ စီစဉ်တာဆိုတဲ့ ညီးငွေ့စရာ ပုံမှန်အလုပ်ကို သွားပြန်လုပ်ရလိမ့်မယ်'

'ကောင်းပြီလေ.... ဒါဖြင့် ကျုပ်သွားမယ်'

ဂရေဂရီနှင့် ရဒ်သည် သူတို့ လေယာဉ်ပျံ လေဟုန်စီး ဆင်းသက်ခဲ့သော အရှေ့ဘက်တွင်ရှိသော ကွင်းသို့ ဆက်လျှောက်သွားသည်။

ဝဲလ်စ် အိမ်ထဲသို့ ပြန်ဝင်သွားသည်။ အိမ်ထဲရော အိမ်ပြင်တွင်ပါ လိုက်လံကြည့်ရှုသောအခါတွင် ဂရေဂရီ၏ယူဆချက် မှန်ကန်ကြောင်း တွေ့ရသည်။ အမှုနှင့် သက်ဆိုင်ပုံရသော စာရွက်စာတမ်းရော၊ အကောင်အထည် အထောက်အထားပါ တစ်ခုမျှ မတွေ့ရချေ။ ခြံထဲ အနှံ့လျှောက်ကြည့်ပြီး မစ္စစ်ဘဒ်၏ မီးဖိုဆောင်သို့ ပြန်ရောက်လာသောအခါတွင် မနက် ၆ နာရီခွဲနေပြီ၊ မီးဖိုဆောင်ထဲတွင် မီလ်လီကိုလည်း တွေ့ရသည်။



မီလ်လီသည် လွန်ခဲ့သော တစ်နာရီကတည်းကပင် သူ့ပြတင်းပေါက်အနီးမှ ဖြတ်လျှောက်သွားသော ဝဲလ်စ်၏ ခြေသံကြောင့် နိုးလာခဲ့သည်။ ပြတင်းပေါက်မှ လှမ်းကြည့်၍ တစိမ်းတစ်ဦးကို မြင်သောအခါတွင် သူ၏ မွေးစားမိခင်ထံသို့ အထိတ်တလန့် ပြေးလာခဲ့သည်။ မစ္စစ်ဘဒ်က အကျိုးအကြောင်း ရှင်းပြလိုက်သည်။

ဝဲလ်စ် ဝင်လာသောအခါတွင်မူ သူမသည် သူမ၏ မျက်ဝန်းပြာများနှင့် လိုက်ဘက်လှသော မိုးပြာရောင် ဂါဝန်လေးကို ဝတ်ဆင်ထား၏။ မစ္စစ်ဘဒ်က သူမကို ဝဲလ်စ်နှင့် မိတ်ဆက်ပေးလိုက်သောအခါတွင် သူမ ကလေးဆန်ဆန် မျက်လုံးပြူးသွားသည်။ စကော့တလန်ယာဒ်မှ စုံထောက်စစ်စစ်ကြီးကို မျက်မြင်တွေ့နေရသောကြောင့် အင်မတန် စိတ်လှုပ်ရှားသွားသည်။

မီလ်လီအတွက် မနက်စာ ပြင်ဆင်နေခဲ့သော မစ္စစ်ဘဒ်က ဝဲလ်စ်အား မသွားခင် လက်ဖက်ရည်တစ်ခွက်လောက် သောက်သွားရန် ဖိတ်မန္တက ပြုလိုက်ပြန်သည်။ သူမ လက်ဖက်ရည်ဖျော်ရန် ပြင်ဆင်နေခိုက်တွင် ဝဲလ်စ်နှင့် မီလ်လီတို့ ခြံထဲမှ ဘယ်ရီသီးများ သွားခူးရန် စေလွှတ်လိုက်သည်။

ဝဲလ်စ်သည် မီလ်လီနှင့်အတူ ပြန်လည်လိုက်ထွက်ခဲ့သည်။ အိမ်နောက်ဖေးဘက်ရှိ သီးခြား အုတ်ရိုးကာထားသော ခြံလေးကို ရောက်သည်။

မီလ်လီသည် အရှက်အကြောက်ကြီးသည့်အသွင် ရှိခဲ့သည်။ ဝဲလ်စ်ကိုယ်တိုင်မှာလည်း အာစေးထည့်ထားသကဲ့သို့ ပြောစရာရှာမရဖြစ်နေခဲ့သည်။ သာယာလှသော ဤခြံထဲတွင် သူမနှင့် နှစ်ယောက်တည်း ကြာကြာနေလိုပါသော်လည်း အကြောင်းဖန် အချိန်

ဆွဲထားနိုင်အောင် **နှုတ်က** မကြွယ်နိုင်ခဲ့ချေ။

'ရှင့်အလုပ်က **သိပ်**စိတ်ဝင်စားစရာကောင်းမှာပဲ'

နောက်ဆုံး **သူမက** စကားစလိုက်သည်။

'ဆိုပါတော့..... ကိုယ့်ကံကလည်း နည်းနည်းကောင်းပုံရတယ်၊ အထူးတာဝန်ပေးအပ်ခံရတဲ့ စုံထောက်တွေထဲမှာ ကိုယ် အသက်အငယ်ဆုံးပဲ'

'ဒါဆိုရင် သိပ်တော်လို့ ဖြစ်မှာပဲ'

သူမက ရှက်ရွံ့ရွံ့လေး ပြောလိုက်သည်။

ဝဲလ်စ်သည် သူမ၏ အထင်တကြီး တစ်လေးတစ်စား မော့ကြည့်လိုက်သော မျက်လုံးဒဏ်အောက်တွင် ရှက်သွေးဖြာသွားသည်။

'အို... အဲဒီလို မဟုတ်ပါဘူး၊ ကံကောင်းတာ သက်သက်ပါ၊ ကျောင်းနေတုန်းက ကိုယ် တော်ခဲ့တာတော့ ရှိပါကယ်၊ စကောလားရှစ်တောင်ရခဲ့တယ်၊ ဒါပေမယ့်... အခုလို ဖြစ်ထွန်းတာက ဖေ့ဖေ့ကျေးဇူးပါ၊ ဖေဖေက စစ်အတွင်းက ဗြိတိသျှလေတပ်မှာ စက်ပြင်လေ... သူက တကယ်တော်တဲ့လူ၊ တော်လွန်းလို့ စစ်ပြီးတဲ့ကာလမှာ သူ့ကို လေယာဉ်ပျံ ပုံစံအသစ်ထုတ်တဲ့ စက်မှုဌာနမှာ ဆက်ခန့်ထားခဲ့တယ်၊ ကိုယ် လေယာဉ်ပျံနဲ့ ပတ်သက်ပြီး သိသမျှ ဖေဖေ သင်ပေးတာချည်းပဲ၊ လေယာဉ်မောင်းနည်းလည်း သူပဲ သင်ပေးတာ၊ ကိုယ် ချာတိတ်လေးဘဝကတည်းက သင်ပေးခဲ့တာ၊ ရာထူးတက်တာလည်း အဲဒီ**အ**ကြောင်း ပါတယ်၊ ရဲအဖွဲ့မှာ လေယာဉ်မှူးတွေ သိပ်မရှိဘူး၊ **အခုခေတ်**မှာ.... ကိုယ်တို့ နောက်ကျန်နေလို့ မဖြစ်ဘူး၊ ခေတ်နဲ့အမီ လိုက်နေရတော့ လေယာဉ်ပျံမောင်းတက်တာက



အသုံးဝင် လာတယ်'

'လေယာဉ်ပျံမောင်းတတ်တာ သိပ်ပျော်စရာကောင်းမှာပဲနော်'

သူမက ဆိုလိုက်သည်။

'အချိန်ရတဲ့တစ်နေ့ မင်းကို လေယာဉ်စီးဖို့ ခေါ်မယ်လေ.... မင်းလည်း လိုက်ချင်တယ်ဆိုရင်'

ဝဲလ်စ်က ပြောလိုက်သည်။

'ကျွန်မ လေယာဉ်စီးတာကို ကြောက်မယ်လို့ မှတ်ခဲ့တာ.... ရှင်နဲ့ဆိုရင်တော့ မကြောက်ပါဘူး၊ ရှင် ကျွန်မကို ခေါ်မယ်ဆိုရင်ပေါ့'

ဝဲလ်စ်၏ မျက်နှာပေါ်တွင် အပြုံးပန်းတစ်ပွင့် ဝင်းဝင်းကြီးပေါ်သွားသည်။

'ဒါဖြင့် တစ်နေ့ကို သဘောတူလိုက်မယ်၊ ဒါပေမယ့် ဒီကိစ္စကြီးပြီးတော့လောက်မှပဲ ဖြစ်မယ်'

'ဒီကိစ္စက တော်တော် အန္တရာယ်ကြီးသလား'

'အင်း.... ကြီးတယ်လို့ ပြောနိုင်ပါတယ်၊ ဒါပေမယ့် တစ်မျိုးတစ်ဘာသာပေါ့.... ကိုယ့်လုပ်သက် ဆယ်နှစ်အတွင်းမှာ ခပ်ကြမ်းကြမ်းကိစ္စတွေ တော်တော်များများ ကြုံဖူးပါတယ်၊ တစ်နေ့ကပဲ ထရိုဝီလ်လီမြို့မှာ လူဆိုးသုံးယောက်က ကိုယ့်ကို ဝိုင်းဆော်ကြတယ်၊ ဒါပေမယ့် ကိုယ် လွတ်လာပါတယ်'

ဝဲလ်စ်သည် ဂရေဂရီ ကူညီ၍ဟူသော စကားကို ထည့်သွင်းမပြောမိ၍ စိတ်ထဲ တစ်မျိုးဖြစ်သွားသည်။ သို့သော် မိန်းမပျိုလေး အထင်ကြီးစေချင်သော စိတ်ဆန္ဒလေးက သူ့နှုတ်ကို ထိုစကားမရောက်ခင် တန့်စေလိုက်သည်။

မီလ်လီ၏ မျက်လုံးများ ပို၍ ပြူးကျယ်ဝိုင်းစက်သွားသည်။

'ဒါဆို ရှင် အရမ်းသတ္တိရှိ၊ အရမ်း အားရှိလို့ပဲ နေမှာနော်'

ဝဲလ်စ်သည် အလိုလိုနေရင်း ရင်ကော့ပြီး ကြွက်သား အပြိုင်းပြိုင်း ထုတ်နေမိသည့်အဖြစ်ကို ကြုံသည်။

'ဒါတွေက အလုပ်ခွင် ကြုံလေ့အဖြစ်တွေပါ၊ ဒါပေမယ့် ရဲသင်တန်းတွေက အထောက်အကူပြုတာတော့ မှန်ပါတယ်၊ ကိုယ်တို့ကို ဂျူဂျစ်ဆုတို့ နပန်းတို့ ဘာတို့ သင်ပေးတယ်၊ ဒီလို တစ်ခါတစ်ခါ သတ်ပုတ်တာလေး ကြုံရတာကောင်းတယ်၊ ကိုယ့်ရဲ့ မူလတပ်က မိုးပျံတပ်လေ'

'ဟုတ်လား.... မိုးပျံတပ်ကဆိုတော့ ပိုပြီး လှုပ်ရှားစရာကောင်းမှာပဲနော်၊ ဟို ကားသူခိုးတွေ ဘာတွေနောက်လိုက်ရတာ မဟုတ်လား'

'ဟုတ်တယ်၊ အဲဒါတွေ အများကြီး လုပ်ဖူးတယ်၊ ဒါပေမယ့် ကိုယ် အခုလုပ်နေရတဲ့ အထူးတာဝန်လောက် စိတ်ဝင်စားစရာ မကောင်းပါဘူး၊ ဒီကိစ္စသာ အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ရင် ရာထူးထပ်တိုးဖို့ အလားအလာရှိတယ်'

'ဟုတ်လား.... ရာထူးတိုးပါစေလို့ ဆုတောင်းပါတယ်ရှင်၊ ရဲမင်းကြီး ဖြစ်သွားရင် မကောင်းဘူးလား'

ဝဲလ်စ်က ပြုံးလိုက်မိသည်။

'အဲဒါကြီးကတော့ မျှော်လင့်ချက် လွန်တာပဲ၊ ဒါပေမယ့် နောက်နှစ်ပေါင်း ၂၀ လောက်ကျရင် လက်ထောက်ရဲမင်းကြီးတွေ ဘာတွေ ဖြစ်မလားတော့ မပြောတတ်ဘူးလေ.... ဘယ်သူ မှန်းတတ်လို့တုံး.... မဟုတ်လား'



အမှန်ပြောရလျှင် ယင်းတို့သည် အရှုးထွက်သည့် ဘယ်ရီသီး အများစုကို စားသောက်ပစ်ခဲ့ကြသည်။ သို့တိုင်အောင်လည်း မီလ်လီ၏ ခြင်းထဲတွင် နောက်ထပ်ဘယ်ရီသီး တစ်လုံးမဆန့်တော့အောင် ပြည့်နေပြီ။ ယင်းတို့နှစ်ယောက်လုံးထို့ထက် ကြာကြာနေချင်ခဲ့သေးသည်။ ကြည်နူးမှုလေးကို ရေရှည်ဆွဲထားချင်၏။ သို့သော် ရေရှည်ဆွဲထားရန် နည်းလမ်းက မကျွမ်းမိကြချေ။ ယင်းတို့နှုတ်ဆိတ်စွာပင် အိမ်ပြန်ခဲ့ကြသည်။

အိမ်ပြန်ရောက်သောအခါတွင် အသင့်ဖြစ်နေသော လက်ဖက်ရည်ကိုတွေ့ရသည်။ ဝဲလ်စ်သည် ပို၍ ကြာကြာနေရအောင် လက်ဖက်ရည်နှစ်ခွက် သောက်လိုက်သည်။ ဘယ်ရီသီး အချို့ကိုလည်း ထပ်စားလိုက်သေးသည်။ ထို့နောက်တွင်မူ အချိန်ဆွဲနေရန် အကြောင်းပြချက် မရှိခဲ့တော့ချေ။ နှုတ်မဆက်ချင်သော နှုတ်ဆက်ခြင်းဖြင့် နှုတ်ဆက်လိုက်သည်။ မီလ်လီက သူ့ကို ခြံဂိတ်အထိ လိုက်ပို့ပေးမည်ဆိုသောအခါတွင် သာယာမှုလေး နှစ်မိနစ်၊ သုံးမိနစ်လောက် သက်တမ်းရှည်သွားရန် အလားအလာရှိသွားပြန်သည်။

သို့သော် တစ်လမ်းလုံး တိတ်ဆိတ်မှုဖြင့်သာ လျှောက်မိကြသည်။ ဝဲလ်စ်သည် လေယာဉ်ပျံဆီသို့ရောက်သောအခါတွင် လေယာဉ်ဘီးတုံးများကို ဖြုတ်လိုက်သည်။ လေယာဉ်ပေါ် ပြန်တင်လိုက်သည်။

မီလ်လီကသွယ်လျသော လက်လေးကို သူ့လက်ထဲ မရဲတရဲ ထည့်လိုက်သည်။

'ကျွန်မတို့ .. ကျွန်မတို့ မကြာခင် ပြန်တွေ့အုံးမှာလား'

သူပြုံးလိုက်သည်။

'ကိုယ်အတတ်နိုင်ဆုံး အမြန်ဆုံး ပြန်တွေ့ဖို့ မျှော်လင့်ပါတယ် .. ဒီနေရာမှာ လူဆိုးတွေ ရောက်နေတော့ ဒီနေရာကို မျက်ခြေမပြတ် ကြည့်နေဖို့ ကိုယ့် တာဝန်ဖြစ်လာပြီ'

'အဲဒီလို ရှင်မပြတ်စောင့်ကြည့်နေမှန်း သိနေရမှတော့ ကျွန်မတို့ မကြောက်တော့ပါဘူး .. ဒါပေမယ့် ရှင့်ကိုရှင်လည်း ဂရုစိုက်အုံးနော်'

သူက ရိုးရိုးလေး ဆိုလိုက်သည်။

ဝဲလ်စ် ပြုံးလိုက်သည်။

'မပူပါနဲ့ အထူးသဖြင့် မင်းက ဂရုစိုက်စေချင်တဲ့ ဆန္ဒရှိလို့ ပိုပြီး ဂရုစိုက်ပါ့မယ် .. နော် .. စိတ်ချ'

❖ ❖ ✳ ❖ ❖



## အခန်း (၁၁)

ဆာပလ်လီနော့ဂဝိန်းတပ်စ်သည် သူ၏ ခြေတံရှည်ကြီးများကို ညောင်းဆန့်လိုက်သည်။ ဂရေဂရီအား ကျေနပ်စွာ ကြည့်ရင်းအားတက်သရော မေးလိုက်သည်။

'ကဲ .. နေ့လည်စာ စားကြမယ် .. ခင်ဗျားကြီးကို ကောင်မလေးနဲ့ မိတ်ဆက်ပေးရမှာ ခပ်လန့်လန့်ပဲ ... ခင်ဗျားက ဖြတ်ခုတ်ချင်ဖြတ်ခုတ်မှာ .. ဒါပေမယ့် ကျွန်တော်တို့ နှစ်ယောက်လုံးကို ချားလ်တွန်မှာ တစ်ယောက်က နေ့လည်စာ ကျွေးရုံမှာ .. ဒီတော့ ခင်ဗျားဖြစ်တာက အသင့်တော်ဆုံးလို့ ယူဆတယ်'

'မင်းကောင်မလေးကို ဖြတ်ခုတ်မယ်ဟုတ်လား .. အေး မင်းပြောသလောက် ကောင်မလေးက လှနေရင် နောက်ပြီး မင်းဒီယူဝီလ်လီမှာ တုံးကလို အသုံးမကျရင်တော့ ဖြတ်ခုတ်သင့် ခုတ်ရမှာပဲ .. သူချားလ်တွန်မှာ တည်းနေတာသေချာလား'

'သေချာတယ် .. ကျွန်တော်အိမ်ပြန်ရောက်တာနဲ့ တယ်လီဖုန်းဆက်ပြီး စုံစမ်းလိုက်တယ်'

'အခု နေ့လည်စာ စားပွဲမှာ ငါဘယ်လို ပတ်သက်မှန်း ငါတွက်ဆလို့ မရဘူး ... ဘာလို့ ငါ့ကို ဆွဲထည့်ချင်ရတာလဲ'

ဆာပလ်လီနော့က တစ်အောင့်အကြာတွင် မေးလိုက်သည်။

ဂရေဂရီ ပြုံးလိုက်သည်။

'ပထမအချက်က ခင်ဗျားစိတ်ပြေလက်ပျောက်ဖြစ်အောင် .. ဒုတိယအချက်ကတော့ ကျုပ်ချားလ်တွန်မှာ တစ်ယောက်တည်း ယောင်လည်လည်သွားလုပ်နေလို့ မရဘူး .. ဆာဗီနီက ထက်တယ် .. ချက်ချင်းရိပ်ကဲဖမ်းမိသွားလိမ့်မယ် .. ရဲတွေ သူ့ကို ခြေရာခံမိပြီး ကျွန်တော်ရဲတွေနဲ့ ပေါင်းနေတယ်လို့ မှတ်လိမ့်မယ် .. အဲဒီ အတွေးတော့ အဝင်မခံနိုင်ဘူး .. ကျွန်တော့်အစီအစဉ်ကတော့ ဟိုဘယ်စည့်ခန်းထဲဝင်မယ် .. သူဆင်းအလာကို ချောင်းနေမယ်သူ့ကို တွေ့တော့ ,ဟာ တအံ့တသြ မမျှော်လင့်ပဲ တွေတဲ့ပုံပေါ့ .. နေ့လယ်စာ စားဖို့ ခင်ဗျားတို့ မောင့်နေတယ်လို့ အကြောင်းပြမယ် ... အဲဒီအချိန်မှာ ခင်ဗျားကရောက်လာမယ် .. ဒီတော့ ကျွန်တော် ညာနေတာ မဟုတ်ဘူး .. သူနဲ့ တိုက်တိုက်ဆိုင်ဆိုင်တွေ့ဘာလို့ ယုံမယ်'

ဆာပလ်လီနော့က နှာသံပြုလိုက်သည်။

'အဲဒီ အချိန်မှာ ငါက ဘာလုပ်နေရမှာလဲ .. လမ်းပေါ်မှာ ရည်းစားမျှော်နေတဲ့ ကောင်လို ယောင်တောင်ပေါင်ကောင် လုပ်နေရမှာလား'

'အဲဒီလိုလည်း မဟုတ်ဘူးလေ .. ချားလ်တွန်ဘေးမှာ ဂျက်တာရီနီရုံးခန်းရှိမယ် မဟုတ်လား .. ခင်ဗျား အဲဒီမှာ အချိန်ဖြုန်းပေါ့ .. သူတို့လည်း ခင်ဗျားကို မတွေ့တာကြာတော့ ဝမ်းသာမှာပေါ့ .. ဆာဗီနီ ,ခရိပ်အယောင်မြင်တာနဲ့ ဟိုတယ်ဝန်ထမ်းတစ်ယောက်ကို



အကြောင်းကြားခိုင်းလိုက်မယ်'

'သူ နေ့လည်စာ စားဖို့ချိန်းထားပြီး ဖြစ်နေရင်ရော'

'အဲဒီလိုဆိုရင် ခင်ဗျား ကျုပ်ကို အဖော်ပြုရတာနဲ့ပဲ ကျေနပ်ရလိမ့်မယ် .. ဒါပေမယ့် သူအချိန်းအချက်ရှိတယ်ဆိုတောင် ဖျက်အောင်သွေးဆောင်နိုင်တယ်ဗျား'

'အားပါးပါး .. ကိုယ့်ကိုကိုယ် အထင်ကြီးပါ့ကွာ'

ပလ်လီနော့က ရီမောပြီး ဆက်ပြောလိုက်သည်။

'ကောင်းပြီ ဒီကောင်မလေးကို စားပွဲအထိ ခေါ်လာနိုင်ပြီဆိုပါတော့ ဘာဆက်လုပ်မှာလဲ'

'ခင်ဗျားက အကောင်းဆုံး နေ့လယ်စာကိုမှာ .. အကောင်းတကာ့ အကောင်းဆုံးဖြစ်ပါစေ .. ပြီးတော့ ငွေရှင်းလိုက် .. ခင်ဗျားတို့ အသက်အရွယ်ကြီးတဲ့ လူတွေပြုလေ့ပြုထအတိုင်း နေ့လယ်နေ့ခင်း တစ်ရေးတစ်မောအိပ်ဖို့ အိမ်ပြန်ချင်ပြန် .. ကျွန်တော်နဲ့ ကောင်မလေးကိုထားခဲ့'

'အဲဒီတော့ ဘာဖြစ်မလဲ'

'မီးစင်ကြည့်ကရမှာပဲလေ .. ကျွန်တော်တော့ အခွေကြောင်းအမျိုးမျိုးပြပြီး သူ့နားကပ်နေရအောင် ကြိုးစားမယ် .. ဒီညဟာကြေး နန်းစာမှာပါတဲ့ ခုနစ်ရက်ပဲ .. ဒီတော့ သူတို့ ဒီညလှုပ်ရှားဖို့ရှိတယ်ထင်တယ် .. စခန်းသစ်ကဖြစ်ရင်ဖြစ်မယ် .. တစ်ချိန်ချိန်မှာ သူဖုန်းဆက်ရင် ဆက်မယ် .. သူ့နားက မခွဲပဲ နေနိုင်ရင် သတင်းတိုသတင်းစ ရနိုင်ကောင်းတယ်'

ဆာပလ်လီနော့သည် သူ၏ မုတ်ဆိတ်ဖြူကြီးကို အသာအယာသပ်၍ မတ်တပ်ရပ်လိုက်သည်။

'မင်း တကယ်ကံကောင်းနေပါလား .. ငါ့သဘောနဲ့သာဆို မင်
ဒီအမှုအတွက် တစ်ပြားသားမှ တောင်းလို့ရမှာ မဟုတ်ဘူး .. မင်
အတွက် အရသာကြီးပဲ ဖြစ်နေတယ်'

'ဟ အပိုကြေးတောင် တောင်းရင်တောင်းရလိမ့်မယ် .
ကျွန်တော်ချစ်တဲ့ မိန်းကလေးကို ခုတုံးလုပ်ရတဲ့ ကိစ္စဖြစ်နေတယ်

'ဘာ .. မင်းချစ်တဲ့ မိန်းကလေးဟုတ်လား .. မင်းတစ်သက်
လုံး ဘယ်တုံးက ချစ်ဘူးလို့လဲ'

'အခုမှ အစသင်လည်းရပါတယ် .. ကျွန်တော် ဒီလောက်
အသက်မကြီးသေးပါဘူး .. နောက်ပြီး ဆာဗီနီ ထောင်ကျတာကို
တော့ ကျွန်တော်မမြင်ချင်ဘူး'

ဂရေဂရီက ပြောလိုက်သည်။

'အေးကွ .. အဲဒါအတော်ကို ကိုးလိုးကန့်လန့်ကျတဲ့ အချက်
ပဲ .. ဒါပေမယ့် မင်းအချစ်ရူးတာကို ငါလက်မခံဘူး .. ကျန်းမာရေး
အတွက် မကောင်းဘူးလုပ်ငန်းအတွက် မကောင်းဘူး .. မင်းနဲ့လည်း
မလိုက်ဖက်ဘူး'

'ခင်ဗျားကသာ မလိုက်ဖက်ဘူး ပြောနေတယ် .. နောက်
နာရီဝက်အတွင်းမှာ ဆာဗီနီနဲ့ နေ့လယ်စာ စားရမယ်ဆိုတဲ့ အတွေး
က ကျုပ်ကို မိုးမမြင်လေမမြင်ဖြစ်နေစေတယ်'

ဂရေဂရီက အလေးအနက်ပြောလိုက်သည်။

ဂရေဂရီ ချားလ်တွန် ဟိုတယ်ညှော်ခန်းထဲသို့ ရောက်ရှိပြီး ၄
မိနစ်ကျော်ကြာမှသာ ဆာဗီနီ ဆင်းသက်လာနေကြောင်း ဟိုတယ်
ဝန်ထမ်းတစ်ဦးက အရိပ်အကဲပြသွားပြီး ဆာပလ်လီနော့ကို
အကြောင်းကြားရန် ထွက်ခွာသွားသည်။



ဂရေဂရီသည် ဟိုတယ် ဧည့်ခန်းထဲမှနေ၍ ဆိုင်တန်းများသို့
ပေါက်သော ဘေးတံခါးပေါက်သို့ သုတ်ခြေတင်သွားသည်။
ထို့နောက်တပတ်ကွေ့လျှောက်ပြီး ဟိုတယ်ဝင်ပေါက်မကြီးအတွင်း
ကြွားကြွားယားယားဝင်လာသည်။ ဟိုတယ်မှ ထွက်ခါနီး ဆာဗီနီ
နှင့်ပက်ပင်းတွေ့သည်။

'ဟယ်လို ... '

ဂရေဂရီသည် ဆာဗီနီ၏ရှေ့မှ လက်နှစ်ဘက်ကာဆီး၍ ဝမ်း
သာအားရ နှုတ်ဆက်လိုက်သည်။

'တိုက်တိုက်ဆိုင်ဆိုင် ကံကောင်းလိုက်တာကွာ .. မင်းတကယ့်
ပါနော် .. ငါအိမ်မက် မက်နေတာ မဟုတ်ပါဘူး .. '

သူမ ပြုံးလိုက်သည်။ ဂရေဂရီသည် သူမလက်ကို လှမ်းယူပြီး
နမ်းရှိုက်လိုက်သည်။

'အမှန်တကယ် ဆာဗီနီပါပဲ .. ဒီလောက်မြန်မြန်ကြီး ပြန်တွေ့
ရတာ အံ့သြစရာပဲ'

'ကျက်စားတဲ့ နေရာချင်းတူတဲ့သူတွေအတွက် ဒီကမ္ဘာကြီးဟာ
ကျဉ်းကျဉ်းလေးပါ .. မင်းအပြင်သွားမလို့လား .. မသွားရဘူး ..
မင်းကို သွားခွင့်မပြုနိုင်ဘူး'

သူမ မျက်နှာ တည်သွားသည်။

'ရှင် ဒီယူဝီလ်လီမှာ တားခဲ့သလို ကျွန်မကို တားစရာ
အကြောင်း မရှိပါဘူး'

သူမ အပြောတွင် သံသယရိပ် ပါနေသည်။

'မင်းကို အရင်က တားခဲ့တဲ့ အကြောင်းတရား သက်သက်ပဲ
ရှိပါတယ် .. မင်းနဲ့ အမြဲအတူနေချင်တဲ့ ဆန္ဒလေး ဒါမှမဟုတ်

မင်းလန်ဒန်မှာ ရဲမျက်စိကျအောင် လုပ်လိုက်ပြန်ပြီလား .. ကဲလာ ကော့တေးလ်တစ်ခွက်လောက် သောက်လိုက်ပါ'

သူမ ခေါင်းခါရမ်းလိုက်သည်။

'ကျေးဇူးပါပဲရှင် .. ဒါပေမယ့် ကျွန်မ အချိန်မရဘူး .. ကလာ ရစ်ချ်မှာ နေ့လည်စာ စားဖို့ ချိန်းထားတာ အခုတောင် နောက်ကျ နေပြီ'

'သူတို့ကို ဖုန်းဆက်ပြီး အစီအစဉ် ဖျက်လိုက်ပါ .. လုပ်ပါ .. မင်းကို မတွေ့ရတာ နှစ်ပေါင်း တစ်ထောင်လို့မှတ်ရတယ် .. မတွေ့ ရတဲ့ ကာလတစ်လျှောက်လုံး မင်းအကြောင်းပဲ တွေး မင်းအကြောင်း ပဲ မက်နေတာကို မပြောတော့ပါဘူး .. အခု မင်းကို ပြန်တွေ့တော့ လက်မလွှတ်နိုင်ဘူး'

'ဒါအလုပ်ကိစ္စရှင့် '

သူမ ကန့်ကွက်လိုက်သည်။

' မင်းလောက်လှပတဲ့ လူတစ်ယောက်ဟာ အလုပ်ဆိုတဲ့ ငြီး ငွေ့စရာကိစ္စထဲ ဘယ့်နဲ့ကြောင့် မြုပ်နေရတာလဲ .. ဒါမှမဟုတ် ဒီယူဝီလ်လီမှာ တွေ့ခဲ့တဲ့ ငတိကြီးအတွက် တစ်ခုခုလုပ်ပေးဖို့ ရှိနေ ပြန်ပြီလား '

ဂရေဂရီက ခပ်သောသော ပြောလိုက်သည်။

'ကျွန်မ အလုပ်လို့ ပြောရင် ကုန်သွယ်မှု အရောင်းအဝယ်လုပ် ငန်းလို့ ဆိုလိုတာပါ .. ကျွန်မက လုပ်ငန်းသမားတစ်ယောက်ပဲ ပဲရစ်မြို့လုပ်ငန်းကြီးတစ်ခုရဲ့ ကိုယ်စားလှယ်ပဲ .. ဒါပေမယ့် အဲဒါ တွေ ရှင်သိမှာ မဟုတ်ပါဘူး'

'တကယ် အံ့သြစရာပဲ '



ဂရေဂရီသည် အကယ်ဒမီ ရှော့ဖြင့် ပြောလိုက်သည်။

'မင်းလို လူဟာ နေ့တစ်ရူဝ လုပ်ငန်းတစ်ခုမှာ လုပ်ကိုင်နေရ တယ်ဆိုတာ အတော်အံ့မဝင်တဲ့ အတွေးပဲ .. ဒါပေမယ့်လေ .. ခုခေတ်မှာ လူတိုင်းစီးပွားရေးလုပ်ငန်းလုပ်နေကြတာပဲ မဟုတ်လား'

'အစဉ်အဆက် ချမ်းသာလာခဲ့ကြတဲ့ မိသားစု အများစုဟာ ကမ္ဘာ စစ်ကာလအတွင်းက ငွေကြေးဆုံးရှုံးသွားခဲ့ကြလို့ အလုပ်လုပ် ကိုင်ရတဲ့ ကိန်းတွေ ဆိုက်နေကြပြီ။ ဒါပေမယ့် အလုပ်မလုပ်ရရင်ကို ကျွန်မ နေနိုင်မယ်မထင်ဘူ ... အဲဒီလို အလုပ်လက်မဲ့ဘဝလောက် ညီးငွေ့စရာကောင်းတဲ့ ဘဝမရှိဘူး'

သူမက ပခုံးတွန့်၍ ပြောလိုက်သည်။

'အေးလေ .. မင်းဒီနေ့တော့ တစ်နာရီ နှစ်နာရီလောက်ခွင့် ယူရလိမ့်မယ် .. မင်းနဲ့ ချိန်းထားတဲ့ ကိစ္စကို မနက်ဖြန်အထိ ရွှေ့ ခိုင်းလို့ရမှာပေါ့ .. ဒီလောက်သာယာတဲ့ရက်မှာ အလုပ်လုပ်ကိုင်ရ မှာ သိပ်နမြောဖို့ကောင်းတာပဲ'

သူမ တွေဝေသွားသည်ကို ဂရေဂရီသတိပြုမိလိုက်သည်။ ထို့ကြောင့် ဆက်၍ ဖိအားပေးလိုက်သည်။

'ကဲ ..လာပါဒီမှာ ငါ့မိတ်ဆွေတစ်ယောက်နဲ့ နေ့လယ်စာ စား ဖို့ ချိန်းထားတယ် .. အတော်ခင်မင်စရာကောင်းတဲ့ ပုဂ္ဂိုလ်ပဲ .. နာမည်က ဆာပလ်လီနော့ဂပိန်းတပ်စ်တဲ့ ဥရောပတစ်ခွင်မှာ အခန့် ထည်ဆုံး အဖိုးကြီးပဲ .. ဒီနေ့အတွက်တော့ မင်းခေါင်းထဲက အလုပ် ကိစ္စတွေ ဖယ်ပစ်လိုက်စမ်းပါ တို့နှစ်ယောက် မင်းကို ဧည့်ခံပါရစေ'

'ကဲပါလေ .. ရှင့်သဘောပဲ'

ဆာဗီနီက အရှုံးပေးလိုက်သည်။

'ရှင်ဟာ အတော်စိတ်ကြီးတဲ့လူပဲ .. ရှင့်ကို ငြင်းပယ်ရတာ တော်တော်ခက်တယ် .. ဟိုလုပ်ငန်းနေ့လည်စာကလည်း ငြိမ့်ငွေ့စရာကောင်းမှာသေချာပါတယ်'

ဂရေဂရီသည် ဟိုတယ်အလုပ်သမားတစ်ဦးကို လှမ်းခေါ်လိုက်သည်။

'တယ်လီဖုန်းအော်ပရေတာကို ချာရ်ရစ်ခ်ဟိုတယ် ဆက်သွယ်ခိုင်းလိုက်စမ်း'

ဂရေဂရီသည် ဆာဗီနီကို လှည့်ကြည့်၍ မေးလိုက်သည်။

'မင်းသူငယ်ချင်းနာမည် ဘာတဲ့လဲ .. ငါမင်းအတွက် ဆင်ခြေပေးလိုက်မယ် .. ဒီမနက်ဘွန်းစ်လမ်းမှာ တက္ကစီကားတိုက်ခဲ့လို့ ဘာဒဏ်ရာမှ မရပေမဲ့ အတော်ရင်ထိတ်သွားလို့ အနားယူနေတယ်ပေါ့ .. ဘယ်လိုလဲ ဖြစ်မလား'

ဆာဗီနီက ခေါင်းခါလက်ကာလိုက်သည်။

'မဖြစ်ဘူး .. ရှင်ရဲ့ ဇဝနဉာဏ်တော်တော်ထက်ပါတယ် .. ဒါပေမယ့် ကျွန်မဘာသာ ကျွန်မပြောပါ့မယ်'

သူမသည် ပြောပြောဆိုဆိုပင် ဟိုတယ်ဝန်ထမ်းနောက်မှ လိုက်ပါသွား၏။

ဂရေဂရီသည် ကျေနပ်ပြုံး ပြုံးလိုက်သည်။ သူမနှင့်တွေ့ဆုံမည့်သူ၏ နာမည်ကို ရအောင်မကြိုးပမ်းလိုက်နိုင်ခဲ့သော်လည်း တိုက်တိုက်ဆိုင်ဆိုင် တွေ့ဆုံပုံဖမ်းနိုင်ခဲ့သည့်အပြင် နောက်ထပ် တစ်နာရီ၊ နှစ်နာရီလောက် သူမကို ထိန်းထားနိုင်မည်။

ဧည့်ခန်းထဲသို့ ဝင်ရောက်သွားသောအခါတွင် ဆာပလ်လီနော့ကို အသင့်တွေ့ရသည်။ ဆာပလ်လီနော့သည် သူတို့ကို မတ်တပ်



ရပ်၍ ကြိုဆိုလိုက်သည်။

'ခင်ဗျားအတွက်တော့ အနှောင့်အယှက် မဖြစ်ကောင်းပါဘူး နော့ အင်္ဂလန်မှာ ရောက်နေမှန်း လွန်ခဲ့တဲ့ ငါးမိနစ်ကမှ သိခဲ့တဲ့ ကျုပ်မိတ်ဆွေကို ခေါ်လာခဲ့တယ် .. ဒါဆာပလ်လီနော့ပါပဲ .. ငါ့ရဲ့ မိတ်ဆွေဟောင်းကြီးပဲ .. သူကတော့ မဒမ်မွိုင်ဆလီဆာဗီနီ'

ဂရေဂရီတန့်လိုက်သည်။ ဆာဗီနီ၏မျိုးနာမည်ကို မသိယောင်ဖမ်းလိုက်သည်။

'ဇဆန်နီ'

သူမက အေးဆေးစွာ ဖြည့်စွက်ပေးလိုက်သည်။

'ဆာပလ်လီနော့သည် သူမလက်ကိုယူ၍ နမ်းရှိုက်လိုက်သည်။

'မဒမ်မွိုင်ဆလီဇဆန်နီကြောင့်တော့ ဘယ်တော့မှ အနှောင့်အယှက်မဖြစ်နိုင်ပါဘူး .. အနှောင့်အယှက်မဖြစ်တဲ့အပြင် ဒီလိုလှပချောမောလှတဲ့ မိန်းမပျိုလေးက ငါ့လိုအဖိုးကြီးရဲ့စားပွဲကို လာရောက်ချီးမြှင့်တဲ့အတွက် အလွန်အမင်း ဂုဏ်ယူပါတယ်'

ယင်းတို့စားသောက်ခန်းသို့ အဝင်တွင် ဆာပလ်လီနော့သည် သူမ၏နာမည်ကို ရေရွတ်လိုက်ပြန်သည်။

'မင်းနာမည်အရဆို မင်းဟာန်ဂေရီးယန်းလူမျိုးပေါ့ .. ဟိုတုံးက ငါသိခဲ့တဲ့ ဂရော့ဇဆန်နီဆိုတာ တစ်ယောက်ရှိခဲ့တယ် .. အတော်ခင်မင်စရာကောင်းတဲ့သူပဲ .. ဘုရင်ခေတ်က ထိပ်တန်းတပ်ရင်းတစ်ခုက ဗိုလ်ကြီးတစ်ယောက်ပဲ .. အဲဒီကနေ မြင်းတွေယူယူလာပြီး ပြိုင်ပွဲဝင်လေ့ရှိတယ် .. တစ်နှစ် အိုလံပီယာဆုကို ရဖို့မှာ နှာတစ်ဖျားပဲ လိုသွားတယ်'

'အဲဒါ ကျွန်မအဖေပေါ့ .. သူက ဦးအရွယ်လောက်ရှိလိမ့်မယ်'

ဆာဗီနီက လှိုက်လှိုက်လှဲလှဲပြုံး၍ ပြောလိုက်သည်။

'ဟုတ်လား .. သူ အခု ...'

ဆာပလ်လီနော့ ခပ်ဆိုင်းဆိုင်းဖြစ်သွားသည်။

သူမ ခေါင်းခါယမ်းလိုက်သည်။

'သူမရှိတော့ပါဘူး .. စစ်ကြီးစဖြစ်တဲ့ ရက်တွေမှာပဲ ရုရှားစစ်မျက်နှာမှာ ကျဆုံးသွားခဲ့ပါတယ်'

ဆာပလ်လီနော့သည့်စိတ်မကောင်းစွာခေါင်းဆတ်လိုက်သည်။

'အဲဒီ ဆိုးဝါးတဲ့ စစ်ပွဲကြီးကို ပြောမပြောချင်တော့ဘူး .. ငါ့ရဲ့ တစ်ဦးတည်းသောသားရော ... ငါနဲ့ ခေတ်ပြိုင်မိတ်ဆွေတွေအများကြီး ကျဆုံးခဲ့ရတယ် ...သူတို့ တစ်ယောက်ပြီး တစ်ယောက်ကျနေတာ မြင်ရတော့ ဒီစစ်ကြီး ပြီးချိန်မှာတော့ ငါ့မိတ်ဆွေတစ်ယောက်မှ ကျန်မှာ မဟုတ်ဘူးလို့ မှတ်ခဲ့တယ်'

ဂရေဂရီသည် အစားအသောက်မှာယူသည့် ဘက်သို့ အာရုံပြောင်းစကားလမ်းကြောင်း လှည့်လိုက်သည်။ ထိုနောက် ဆာပလ်လီနော့ကို ပြောလိုက်သည်။

'မဒမ်မွိုင်ဆလီဇဆန်နီ အခုစီးပွားရေးလုပ်ငန်းလုပ်နေတယ်လို့ပြောတယ်'

'ဟုတ်လား'

ဆာပလ်လီနော့က အံ့သြဟန်ဖြင့် မော့ကြည့်လိုက်ပြီး ဆက်ပြောလိုက်သည်။

'အေးလေ .. တို့အများစု ဒီကိန်းဆိုက်နေတာပဲ .. အဲဒါလည်း တစ်မျိုးတော့ မဆိုးပါဘူး .. ဒါမဲ့ မင်းတို့ပိုင်ဆိုင်တဲ့ မြေယာကြီးတော့မင်းလက်ထဲရှိသေးတယ်မဟုတ်လား .. သိအစ်မြစ်ပေါ်က ရဲ



တိုက်အိုကြီးကို ငါကောင်းကောင်းမှတ်မိသေးတယ် .. မင်းအဖေဆီတောင် ငါလာခဲ့တယ် .. လေ အမဲပစ်ဖို့'

'ဟုတ်လား .. ရုလိုစကာနီရဲ့တိုက်ကြီး ဦးသိတယ်ဆိုတော့ အတော်စိတ်ဝင်စားစရာပဲ .. ဦးဘယ်တုံးက ရောက်ခဲ့လဲ'

သူမ ပြုံး၍ မေးလိုက်သည်။

'၁၉၀၇ ခုနှစ်မဟုတ်ဘူး .. ၁၉၀၈ ခုနှစ်မှာ ထင်တယ်'

'အာ .. အဲဒါကျွန်မ မမွေးခင်ပဲပေါ့ .. ဒါကြောင့် ကျွန်မ ကို ကလေးအဖြစ်နဲ့တောင် မြင်ဘူးမှာ မဟုတ်ဘူး .. အဲဒီ ရဲတိုက်ကို ကျွန်မကောင်းကောင်းမှတ်မိပါတယ် .. ဒါပေမယ့် ကျွန်မအသက် ကိုးနှစ်အရွယ်မှာ စွန့်ခဲ့ကြရတယ်'

'ဒါဖြင့် အဲဒီရဲတိုက် မင်းတို့မပိုင်တော့ဘူးပေါ့'

'ဟုတ်ကဲ့ .. မပိုင်တော့ဘူး .. ကျွန်မတို့ ငွေတွေအားလုံး ငွေကြေးတန်ဖိုးကျတဲ့ ကာလမှာ ဆုံးရှုံးခဲ့တယ် .. ကျွန်မနဲ့ ကျွန်မအမေဟာ ပက်စ်မြို့ရဲ့ နောက်ဖေးလမ်းတွေပေါ်မှာ သူတောင်းစားတွေအဖြစ်နေခဲ့ရသေးတယ်'

'အဲဒီနောက်ပိုင်းတော့ ကံကောင်းလာပုံရတယ် .. မင်းဘယ်လိုလုပ်ပြီး လုပ်ငန်းရှင်ကြီး ဖြစ်လာလဲ'

ဂရေဂရီက ပြုံး၍ မေးလိုက်သည်။

'ကျွန်မ မေမေရဲ့မိတ်ဆွေဟောင်းကြီး တစ်ဦးက ကူညီတာပါ .. ရှင်ဒီယူဝီလ်လီမှာ တွေ့ခဲ့တဲ့လူပေါ့ .. သူဟာ အင်မတန်ချမ်းသာတယ် .. သဒ္ဒါတရားလည်း ထက်သန်တယ် .. ၁၉၂၂ ခုနှစ်မှာ သူ ဘူဒါပက်စ်မြို့ကို ရောက်လာခဲ့တယ် .. ကျွန်မတို့နဲ့ တွေ့ပြီး ကျွန်မတို့နေထိုင်နေတဲ့ ဆင်းရဲသားရပ်ကွက်က ခေါ်ထုတ်သွားခဲ့တယ် ..

ကျွန်မအမေကို စရိတ်ကောင်းကောင်းထောက်ပံ့ခဲ့တယ် .. ကျွန်မကို စာသင်ဖို့ အင်္ဂလန်၊ ပြင်သစ်ကို လွှတ်ခဲ့တယ် .. ကျွန်မတို့ ပိုင်ဆိုင်သမျှဟာ သူ့ကျေးဇူးပဲ ပြင်သစ်နိုင်ငံမှာ လုပ်ငန်းတစ်ခုထောင်ပြီး ကျွန်မကို ခန့်တော့ ကျွန်မ ဝမ်းသာအားရ လက်ခံခဲ့တယ်'

ဂရေဂရီ ခေါင်းညိတ်လိုက်သည်။ လော့ဂါဗင်ဖေါ်တက်စ်ကျူနှင့်အလှူအတန်းသည် ပြဒါးတစ်လမ်း သံတစ်လမ်းပင်။ သို့သော် ၁၂ နှစ် ၁၃နှစ်အရွယ်မှာ ဆာဗီနီသည် အနာဂတ်အလားအလာကောင်းပြနေခဲ့ကောင်းသည်။ ယင်းကြောင့် အရှည်မျှော်တွေးပြီး လော့ဂါဗင် စေတနာထားလိုက်ပုံရသည်။

'မင်းအမေရှိသေးလား'

ခဏအကြာတွင် ဂရေဂရီမေးလိုက်မိသည်။

သူမ ခေါင်းညိတ်လိုက်သည်။

'ဟုတ်ကဲ့ ရှိပါသေးတယ် .. ဒါပေမယ့် အခုတော့ ငယ်ငယ်တုံးကလို အစေခံအများကြီးနဲ့ ကြီးကြီးကျယ်ကျယ် ခမ်းခမ်းနားနားတော့ မနေရဘူးပေါ့ .. ကျွန်မကျောင်းနေတုံးကတော့ မေမေက ဘူဒါမြို့မှာ အခန်းငှားနေခဲ့တယ် .. ကျွန်မလုပ်ငန်းလုပ်လာပြီး လစာလည်းကောင်းကောင်းရနေတော့ မေမေ့အတွက် မြို့တော်ပြင်ပနားမှာ အိမ်ကောင်းကောင်းတစ်လုံးငှားထားပေးတယ် .. မေမေ့အကြိုက်ဥယျာဉ်တွေ ဘာတွေနဲ့ပေါ့'

ဆာဗီနီနှင့်ပတ်သက်၍ သူ့သုံးသပ်ချက် မှန်ကန်သည်ဟု ဂရေဂရီလက်ခံလိုက်သည်။ လတ်တလောအချိန်တွင် လော့ဂါဗင် အလိုအတိုင်းလိုက်ပါဆောင်ရွက်မှု မပြုလျှင် သူနှင့်သူ့မိခင်သည် ဆင်းရဲသည့်ဘဝသို့ သံသရာတစ်ပတ်လည်ပြန် ရောက်သွားမည်မှာ



သေချာသည်။

နေ့လယ်စာ စားပြီးချိန်လောက်တွင် ဂရေဂရီသည် ဆာဗီနီအား မျက်လုံးချင်းဆိုင်၍ ပြုံးကြည့်လိုက်သည်။

'ကဲ .. နေ့ခင်းပိုင်း အလုပ်လုပ်ဖို့ စိတ်ကူးရှိလဲ မင်းနဲ့ ဟာမ်တွန်ဖြစ်ဖြစ် တစ်ခြားတစ်နေရာ ဖြစ်ဖြစ် အပျော်စီးကားမောင်းရအောင်'

'မဖြစ်ပါဘူး .. ကျွန်မလုပ်စရာ အလုပ်ရှိသေးတယ် .. ကင်ဆင်တန်စတိုးဆိုင်ကြီးက လူတစ်ယောက်နဲ့ တော်ဝင်နန်းတော်ဟိုတယ်မှာ ချိန်းထားတယ် .. ညနေ ၃ နာရီခွဲအချိန်မှာ'

'ဟိုတစ်ယောက်ကို ရက်ချိန်းဖျက်သလို ဖျက်လိုက်ပါ'

'ဖျက်လို့ မဖြစ်ဘူး .. အဲဒီလူပဲ နေ့လယ်စာ မစားခင်က ဖုန်းဆက် ပြီး အချိန်ရွှေ့လိုက်တာ'

'ဒါဖြင့် ဒီညရော ညစာကိုယ်နဲ့ စားမှာလား'

'မဖြစ်ဘူး .. ကျွန်မချိန်းထားတာရှိတယ်'

'ဒါဖြင့် မနက်ဖန်ရော'

'မနက်ဖန် ပြင်သစ်ကို ပြန်မယ် .. ခဏလာတာ သက်သက်ပဲ'

'မင်းကို ဒီလိုကြီးတော့ မလွှတ်ပေးနိုင်ဘူးကွာ .. အဲဟိုလူနဲ့တွေ့ပြီးတော့ရော'

'အင်း .. အဲဒီအချိန်တော့ ဖြစ်နိုင်ကောင်းတယ် .. ရှင်တွေ့ချင်သပဆိုရင်'

'ကောင်းပြီး .. ကိုယ်ကိုယ်တိုင် တော်ဝင်နန်းတော်ဟိုတယ်ကို လိုက်ပို့ပေးမယ် .. ပြီးတော့ လာကြိုမယ် .. ညနေ ၄ နာရီအချိန်ဆိုရင် ဘယ်နဲ့နေမလဲ'

'ရပါတယ် .. ကျွန်မကိစ္စက နာရီဝက်ထက်ပိုမှာ မဟုတ်ဘူး'

ခဏအကြာတွင် ဆာပလ်လီနော့က အရေးတကြီးကိစ္စရှိ၍ မသွားမဖြစ်သွားရပါမည်ဟု အကြောင်းပြ၍ စားပွဲမှထသည်။

ဆာဗီနီနှင့် လက်ဆွဲနှုတ်ဆက်နေချိန်တွင် ထူးထူးခြားခြား လေးနက်စွာ ပြောလိုက်သည်။

'ကလေးမင်းအဖေရဲ့မိတ်ဆွေတစ်ယောက်ဖြစ်လို့ မင်းအဖေ ခင်ခဲ့သလိုပဲ ခင်နိုင်ပါတယ်လို့ ပြောပါရစေ .. ငါ့အမှတ် ၆၄ ချားလ် တွန်ဟော့စ်လမ်းမှာနေပါတယ် .. မင်းအင်္ဂလန်ရောက်တဲ့အခိုက် ငါ့ အိမ်၊ ငါ့အစေခံတွေကို အသုံးပြုနိုင်ပါတယ် .. မင်းအကူအညီလိုရင် နေ့နေ့၊ ညည အချိန်မရွေး ဖုန်းဆက်ပါ'

ဆာဗီနီ၏မျက်နှာပေါ်တွင် နွေးထွေးသော အပြုံးတစ်ပွင့် ပွင့် လန်းသွားသည်။

'အဲဒီလိုဖော်ရွေမှုက ဟန်ဂေရီကို သတိရစေတယ် .. အင်္ဂလိပ် လူမျိုးတိုင်းဟာ တစ်စိမ်းတွေပေါ် အကြင်နာ မရှိတတ်ပါဘူး'

'အဲဒါမှန်ပါတယ် .. ဒါပေမယ့် အကြောင်းသင့်ရင်တော့ မိတ်ကောင်းဖြစ်မှန်း ပြနိုင်တတ်ကြပါတယ် .. တစိမ်းတွေဟာ အာဏာပိုင်တွေနဲ့ ပြဿနာတက်လေ့တက်ထရှိကြလို့ အဲဒါမျိုး အခက်အခဲရှိရင် ပြေလည်အောင် လုပ်ပေးနိုင်ပါတယ်'

'ကျွန်မ မမေ့ပါဘူး .. ဆာပလ်လီနော့'

သူမ ကတိပြုလိုက်သည်။ ခဏအကြာတွင် သူမနှင့် ဂရေဂရီ သည် တက္ကစီကား တစ်စင်းပေါ် ရောက်နေချေပြီ။

ဂရေဂရီသည် သူမကိုတော်ဝင်နန်းတော်ဟိုတယ်ရှေ့တွင် ချပေးခဲ့ပြီး ဂလိုချက်စတာလမ်းရှိ သူ၏အိမ်သို့ ခရီးဆက်ခဲ့သည်။



အိမ်သို့ရောက်သောအခါတွင် ရုဒ်၏လက်ထဲသို့ ငါးပေါင်ငွေ စက္ကူတစ်ရွက်ထိုးထည့်ပြီး ပန်းများ၊ သစ်သီးများ၊ ကိတ်မုန့်များ အဝယ်လွှတ်လိုက်သည်။

'နောက်ပြီး သူ့ကို မြင်ဖူးကြောင်း တစ်မေးတစ်မိတ်၊ တစ်ထောင့်အရိပ်ပေးမိရင် မင်းကိုလည်ပင်းညှစ်သတ်ပစ်မယ်'

ဂရေဂရီက ရွှင်မြူးစွာ ဆိုလိုက်သည်။

'ဒါဟိုကာလေ့စ်လမ်းပေါ်မှာ မျောက်အိုကြီးနဲ့ အတူတွေ့ခဲ့ တဲ့ ဗန်းပွင့်ကြီးပေါ့'

ရုဒ်က စိတ်ဝင်စားစွာ မေးလိုက်သည်။

'ဟုတ်တယ် .. ငါ့လူ နောက်ပြီး နောက်တစ်ခါ သူ့ကို ပန်းပွင့် ကြီးလို့ ခေါ်ရင် အသုဘယာဉ်စီးရလိမ့်မယ်မှတ်'

'အလှအပကို တင်စားလိုက်တာပါ .. ဆရာ .. ဆရာကတော့ တကယ့်ဖိုးကံကောင်းပဲ .. ဒါနဲ့ သူလက်ဖက်ရည်နဲ့ အီကလယ် ကြိုက်မယ်ထင်လား'

'အေး .. အီကလယ်နဲ့ တစ်ခြားအစားအသောက်အမျိုးကြီးကို ကြိုက်မယ် .. ကဲ သွားဝယ်တော့ တို့နာရီဝက်အတွင်း ပြန်ရောက် လာမယ်'

ဂရေဂရီသည် ဧည့်ခန်းကို မျက်စိတစ်ချက် ကစားလိုက်သည်။ နှစ်ယောက်ထိုင်ခုံပေါ်မှ မှီအုံးကို မလိုအပ်ပဲ ခါလိုက်သည်။ ထို့နောက်သူ့ကားဆီသို့ ပြေးဆင်းခဲ့သည်။

ညနေ ၄ နာရီအချိန်တွင် တော်ဝင်နန်းတော်ဟိုတယ်ရှေ့သို့ ပြန်ရောက်လာသည်။

ကြာကြာမစောင့်ရချေ။ သူမသည် အရပ်ပုပု တုတ်ခိုင်ခိုင်

လူတစ်ယောက်နှင့်ထွက်လာသည်။လမ်းပေါ်တွင် အပြန်အလှန်နှုတ်ဆက်ပြီး လမ်းခွဲလာသည်။ ဂရေဂရီသည် ထိုသူ့မျက်နှာကို အသေအချာကြည့်လိုက်သည်။ နောက်တစ်ခါတွေ့လျှင် သေချာပေါက်မှတ်မိမည်။သို့သော် ဤသူသည် မှောင်ခိုပစ္စည်းဝယ်ယူနေကြောင်းအလျင်းသိမည့်ပုံ မရှိသော ရိုးရိုးအဝယ်တော်သာဖြစ်နိုင်သည်။

ဆာဗီနီကားပေါ်သို့ ရောက်သည်နှင့် ဂရေဂရီကားခေါင်းထွက်လာသည်။

'ကျွန်မကို ဘယ်ခေါ်မလို့လဲ'

သူမက မေးလိုက်သည်။

'မင်းကို ငါ့အခန်းမှာ လက်ဖက်ရည်တိုက်မလို့ .. ကန့်ကွက်လိုပါသလား'

ဂရေဂရီက ပြုံး၍ မေးလိုက်သည်။

သူမ တွေဝေသွားသည်။

'အခုမှ သိကျွမ်းတဲ့ မိန်းမပျိုကို ခုလို ရှင့်အခန်းချက်ချင်းခေါ်တဲ့ အကျင့်ရှိလား'

ဂရေဂရီ ရီမောလိုက်သည်။

'မခေါ်ပါဘူး .. ဒါပေမယ့် မင်းနဲ့ငါက အခုမှ သိပြီး သိကျွမ်းတာမဟုတ်ပါဘူး .. တို့ဒီယူဝီလ်လီက အခန်းမှာ တစ်ညအတူတူနေခဲ့တယ်မဟုတ်လား နောက်ပြီး အပြင်မှာ လူရှုပ်ပါတယ် .. ငါ့အခန်းမှာဆို အေးအေးဆေးဆေး စကားပြောနိုင်တာပေါ့'

'ဟုတ်ကောင်းဟုတ်လိမ့်မယ် .. ဒါပေမယ့် နောက်တစ်ခါ တွေ့ရင် မလွှယ်ဘူးဆိုတဲ့ သဘောရှင်ပြောခဲ့တယ် မဟုတ်လား'

ဆာဗီနီက ဂရေဂရီကို မျက်စောင်းဖြင့် မေးလိုက်သည်။



'မလွယ်ဘူးဆိုတာ ခက်တာလို့ ပြောတာပဲ .. မင်းတို့ မိန်းမတွေ အဓိပ္ပါယ်ကောက် တကယ်ခက်တာပဲ .. ကဲ .. ဒီမှာ ရောက်ပြီ'

ဂရေဂရီသည် ဆာဗီနီအား သူ၏အခန်းသို့ ဦးဆောင်ခေါ်ဆောင်သွားသည်။ အခန်းတံခါးဖွင့်လိုက်သည်နှင့် ဆာဗီနီအာမေဋိတ်ပြုလိုက်သည်။

'လှလိုက်တာရှင်'

တကယ်လည်း အခန်းတစ်ခုလုံး ပန်းများဖြင့် လှပဝေဆာနေသည်။ရဒ်အကောင်းဆုံးလက်စွမ်းပြထားသည်။

ဂရေဂရီသည် သူမကို ဆက်တီတွင်နေရာချပေးလိုက်သည်။

'စီးကရက်'

ဂရေဂရီစီးကရက်ဗူးကို လှမ်းတည်ရင်းပြောလိုက်သည်။

'ပြီးတော့မှ လက်ဖက်ရည်ပေါ့'

ယင်းတို့ နေသားတကျဖြစ်ပြီးခါစမှာပင် ရဒ်သည် အစားအသောက်မျိုးစုံခင်းကျင်းထားသော လင်ဗန်းများတင်ဆောင်လာသည့်လက်တွန်းလှည်းလေးကို တွန်း၍ ဝင်လာသည်။

'ဘုရားရေ .. ကျွန်မ ဒါတွေအားလုံးစားရမှာလား ... ရှင်ကလဲ လူအယောက် ၂၀ စာလောက်ရှိတယ်'

'မပူပါနဲ့ .. ရဒ်က ကိတ်မုန့်ဆို သိပ်သဘောကျတာ .. တို့မစားသမျှ သူအပြတ်ရှင်းတာပဲ'

'မင်္ဂလာပါ .. မစ္စ .. မစ္စတာဂရေဂရီရဲ့စကားကို အလေးမထားပါနဲ့ .. သူက ဒီလိုပဲ ဒေါက်ဖြုတ်တဲ့ အကျင့်ရှိတယ်'

ရဒ်က ပြုံး၍ ပြောလိုက်သည်။

ရဒ်သည် စားပွဲခင်းပေးပြီး နောက် ပြန်လှည့်ထွက်ခွာသွား

သည်။

'ရှင့်ဆီလာသမျှ မိတ်ဆွေတွေကိုသာ ဒီလို အလျှံအပယ်ကျွေးနေရင် ရှင်တော့မလွယ်ဘူး'

ဂရေဂရီသူမကို စူးစမ်းသော အကြည့်ဖြင့် ကြည့်လိုက်သည်။

'မင်းကိုယ့်ကို မိတ်ဆွေ တစ်ယောက်လို့ သတ်မှတ်သလား ဆာဗီနီ'

'ဟုတ်ကဲ့ .. ရှင်ဟာ ကျွန်မမိတ်ဆွေပါပဲ .. ဘာလို့လဲတော့ မသိဘူး မိတ်ဆွေလို့တော့ သတ်မှတ်မိပါတယ်'

'လောကကြီးမှာ တို့မသိတာတွေ အများကြီးပဲ မသိလည်း အကြောင်းမဟုတ်ပါဘူး .. အချိန်ရတဲ့ ကာလဟာ တိုတောင်းလှပါတယ် .. သေနေတဲ့ ကာလသာ တာရှည်တယ် .. ငါပြောတာကို ယုံပါ .. ငါဟာမင်းရဲ့ မိတ်ဆွေပဲ .. ဒါကြောင့် ဒီကိစ္စနဲ့ ကင်းကင်းကွာကွာ ဖြစ်စေချင်တယ်'

သူမ မျက်နှာ တည်သွားသည်။

'ငါ မသိဘူး .. မင်းမဟုတ်ကဟုတ်က လူတွေနဲ့ ပေါင်းသင်းနေတာကိုပဲ ငါသိတယ် .. မင်းနဲ့ ကိုယ်နောက်ဆုံးတွေ့တုံးက ကိုယ်ကြုံခဲ့တဲ့အဖြစ်ကို မင်းသိမှာပေါ့'

ဂရေဂရီက ဆက်ပြောလိုက်သည်။

ဆာဗီနီသည် တစ်ခစ်ခစ်နှင့်စတင်ရီမောလိုက်သည်။ ထို့နောက်မထိန်းနိုင် မသိမ်းနိုင်သည့်ပုံ ဟက်ဟက်ပက်ပက်ရီမောလိုက်သည်။

'ရီ .. ရီ အေး ငါကတော့ သေမတတ်ခံလိုက်ရတယ်'

ဂရေဂရီက ဒေါကန်သည့်ပုံဖြင့် ပြောလိုက်သည်။



'ကျွန်မကို ခွင့်လွှတ်ပါရှင် အဲဒီအဖြစ်ကို ကျွန်မသိလိုက်ပါ ယ် ... အရမ်းစိတ်မကောင်းဖြစ်မိပါတယ်'

ဂရေဂရီက ပခုံးတွန့်လိုက်သည်။

'ငါအပြစ်ဆိုနေတာတော့ မဟုတ်ဘူး .. ဒါပေမယ့် မင်းလူတွေ ဟုတ်ကို မဟုတ်တော့ဘူး .. မင်းမိတ်ဆွေဆိုတဲ့လူကို ငါမြင် င်ချင်းမှတ်မိခဲ့ပါတယ် .. သူဟာ လော့ဂါဗင်ဖေါတက်စ်ကျူပဲ .. လှထိုးဝါးနဲ့တောင် မထိမတို့ချင်လောက်အောင် ညစ်ပတ်စုတ်ပဲ့တဲ့ ကြိုလ်ပဲ'

ဆာဗီနီက ခေါင်းခါယမ်းလိုက်သည်။

'ကျွန်မနဲ့ ကျွန်မအမေအပေါ် ဒီလောက်ကောင်းနေတာသူပဲ သာ မကူညီခဲ့ရင် ကျွန်မ ဘူဒါဘစ်စ်မြို့ အထည်ဆိုင်တစ်ဆိုင် အလုပ်သမားလေး ဒါမှမဟုတ် ဟိုတယ်မယ် ဖြစ်နေလိမ့်မယ်'

'ဟုတ်ရင်လည်း ဟုတ်မယ် .. ဒါပေမယ့် အခုကစပြီး မင်းခြေ မ်းကို မင်းသတိထားစေချင်တယ် .. သူနဲ့ မင်းဘယ်လောက်အထိ တ်သက်နေလဲတော့ ငါမသိဘူး .. ဒါပေမယ့်တတ်နိုင်သမျှ မပတ် က်ပါနဲ့ .. မင်း ဒုက္ခရောက်လိမ့်မယ်'

သူမ ပုခုံးတွန့်လိုက်သည်။

'သူ ဟာ အကြင်နာ၊ သဒ္ဓါပြည့်ဝတယ်'

'သိတယ် .. သိတယ် ..ဒါပေမယ့် အချိန်က ပြလိမ့်မယ် .. ကကယ့်ကျဉ်းထဲ ကျပ်ထဲသာရောက်ရင်တော့ကွာ .. အဲဒါတွေးပြီး ါသေမတတ်ပူမိတယ်'

ဂရေဂရီသည် မြင်းလွှတ်မှ ခေါင်းတံခါးဖိတ်နေသည့် အဖြစ် ကို သဘောပေါက်မိလိုက်သည်။

ရဒ်က လက်ဖက်ရည်ဝိုင်းကို သိမ်းယူသွားပြီးနောက် ဂရေ
က သူ့ကို ပြောဆိုနေခဲ့သော စာအုပ်တစ်အုပ်ကို လိုက်ရှာနေ
ပင် ဆက်တီပေါ်ထိုင်နေသော ဆာဗီနီက လှမ်းခေါ်လိုက်သည်။

'ဒီကိုလာပါအုံးရှင်'

ဂရေဂရီ သူမဆီ သို့လျှောက်လာသည်။

'ဘာလဲ'

သူမသည် ရုတ်တရက် သက်နှစ်ဘက်ကို မြှောက်လိုက်သည်

'ရှင့်ကို ကျွန်မကြိုက်တယ် .. ဂရေဂရီ .. ကျွန်မကို ချစ်
စံပြယောကျ်ားက ရှင့်လိုပဲ စိတ်သဘောကောင်းရမယ် .. လူရိုး
ကောင်းကြီးလည်း မဟုတ်ရဘူး .. သတ္တိလည်းရှိရမယ်'

သူမက ပြောလိုက်သည်။

သူမသည် သူမပေါ်ကိုင်းနေသော ဂရေဂရီ၏လည်ပင်းကို ဖက်
လိုက်သည်။ မျက်နှာနှစ်ခုနီးကပ်သွားသည်။ ဂရေဂရီ၏ရင်သည်
နှစ်ပေါင်းတစ်ဒါဇင်တွင် မကြုံဖူးသေးသည့် အမြန်နှုန်းဖြင့် တဒိန်
ဒိန်းခုန်သွားသည်။ သူမ၏ မျက်နှာကို သူ၏လက်ဖြင့် အသာကို
လိုက်မိသည်။

❖ ❖ ✳ ❖ ❖



## အခန်း (၁၂)

ဂရေဂရီသည် နောက်တစ်နာရီကျော်ကြာမှသာ သူ့ဘဝ၏
အကြီးဆုံးသော အမှားကို ကျူးလွန်မိပြီးနှင့်တူကြောင်း သဘော
ပေါက်လိုက်သည်။

သူသည် အချစ်မူးပြီး ဖွင့်ပြောသင့်သည်ထက် ဖွင့်ပြောလိုက်မိ
ခဲ့သည်။ထို့နောက် ပိုင်ပြီမှတ်ပြီး ဆာဗီနီကို ပြန်ခွင့်ပေးလိုက်သည်။
ညစာစားရန် ချိန်းလိုက်သည်။

သို့သော် ရေချိုးနေရင်း တွေးလေတွေးလေ သူ့အဖြစ်ကို သူ
သဘောမတွေ့လေဖြစ်လာသည်။ စိတ်ထဲ အဖုအထစ်ဖြစ်လာသည်။
သူစည်းရုံးသကဲ့သို့ အစိုးရသက်သေမလုပ်ပဲ တစ်ခါတည်း လစ်သွား
ခဲ့ရင် သူမဖြုန်းစားကြီး ဆုံးဖြတ်ချက် မချနိုင်သေး၊ အချိန်ပေးပါ
အုံးဟု သူမပန်ကြားသွားခဲ့သည်။ ဆင်ခြေသက်သက်ဆိုလျှင်
ဂရေဂရီ၏ဝန်ခံချက်အရ ဂရေဂရီရဲတို့နှင့်ပူးပေါင်းဆောင်ရွက်နေ
မှန်း သိရှိသွားချေပြီ။ တစ်ခါတည်းခြေရာ ပျောက်သွားရန် မခဲယဉ်း
ချေ။

ဂရေဂရီရေချိုးခန်းမှထွက်၍ ကမန်းကတန်းအဝတ်အ
ဝတ်လိုက်သည်။ တက္ကစီကားတစ်စင်းလှမ်းခေါ်သောအချိန်တွင်
မျက်နှာတစ်ခုလုံး ဒေါသဖြင့် မဲနေချေပြီ။

တက္ကစီဖြင့် လာခိုက်တွင် တက္ကစီကားကို ခဏရပ်ခိုင်း
ဆာဗီနီအတွက် သစ်ခွပန်းများ ဝယ်လိုက်သည်။ ဟိုတယ်သို့ ရော
သည်နှင့် ဧည့်ကြိုစားပွဲသို့ တန်းတန်းမတ်မတ်လျှောက်သွား
စာရေးအား သူမအခန်းသို့ ဖုန်းဆက်ခိုင်းလိုက်သည်။

တဒင်္ဂအကြာတွင်မှ သူ့ထင်မှတ်မှု မှန်ကန်ကြောင်း သိလိုက်
သည်။ ဧည့်ကြိုစာရေးက ခေါင်းခါယမ်းလိုက်သည်။

'ဝမ်းနည်းပါတယ်ဆရာ ... မဒမ်မွိုင်ဆလ်လီဆေနီမ
လွန်ခဲ့တဲ့ နာရီဝက်လောက်က ထွက်ခွာသွားပါတယ်'

'အပြီးအပိုင်လား'

ဂရေဂရီက ခက်ထန်စွာ မေးလိုက်သည်။

'သူ့သေတ္တာတွေ ယူသွားပါတယ်'

'လိပ်စာပေးခဲ့သလား'

'မပေးခဲ့ပါဘူး .. ဒါပေမယ့် လူကြီးမင်းက မစ္စတာ ဆောလ
ဆိုရင်တော့ လူကြီးမင်းအတွက် စာတစ်စောင် ပေးခဲ့ပါတယ်'

'ဟုတ်တယ် .. ငါ ဆောလပ်စ်ပဲ .. ကဲ အဲဒီစာပေးစမ်းပါ'

ဂရေဂရီသည် စာအိတ်ကို လျင်မြန်စွာ ဆွဲဖြဲလိုက်သည
အထဲမှ စာရွက်တစ်ရွက် ထွက်လာသည်။

ရှင်ရယ် .....

ရှင်ဟာ ရဲအတွက် အလုပ်လုပ်နေတယ် .. ကျွန်မကို ကယ်
ချင်တဲ့အတွက် ရဲနဲ့ ပူးပေါင်းနေတယ်လို့ ပြောတယ် .. ရှင်ကျွန်



ကို ကောင်းကောင်း မသိလို့သာ အဲဒီအတွေးဝင်တာပါ .. ကျွန်မနဲ့
ကျွန်မအမေအပေါ် ဒီလောက်ကောင်းနေတဲ့ လူကို ကျွန်မ ဘယ်လို
သစ္စာဖောက်မလဲ'

ဒီကိစ္စမှာ ရှင်ပါဝင်နေတာ ကျွန်မအတွက် စိတ်မကောင်းစရာ
ပဲ .. ရှင့်ကို ကျွန်မသိပ်ခင်ပါတယ်.. ဒါပေမယ့် ကျွန်မတို့ သာယာ
ခဲ့တဲ့ တဒင်္ဂကို မေ့ပစ်ကြရပါလိမ့်မယ် .. ကျွန်မတို့ မိတ်ဆွေအဖြစ်
ထပ်တွေ့ဖို့ မလွယ်ပါဘူး'

ဆာဗီနီ

ဂရေဂရီသည် သူမအတွက် ဝယ်ယူခဲ့သော သစ်ခွပန်းဘူးကြီး
ကို ခပ်ကြောင်ကြောင် ကြည့်မိသည်။ ဘာလုပ်ရမလဲ .. သူသည်
ဧည့်ကြိုစာရေးလေးထံ ထိုးပေးလိုက်သည်။

'ပန်းတွေ .. မင်းဟာ မိန်းမရှိရင် ဒါမှမဟုတ် ရည်းစားရှိရင်
အသုံးဝင်မယ်'

ထို့နောက် ဒေါသတကြီး လှည့်ထွက်ခဲ့သည်။

ထိုအခါတွင် နောက်တည့်တည့်တွင် ရပ်နေသော ဂယ်ရီဝဲလ်စ်
နှင့် မျက်နှာချင်းဆိုင်သည့် အဖြစ်ဆိုက်သွားသည်။ ဝဲလ်စ်က လှိုက်
လှိုက်လှဲလှဲ ပြုံးလိုက်သည်။

'ကဲ.. အပျော်တမ်းစုံထောက်ကြီး ဘယ်လိုနေလဲ'

ဝဲလ်စ်က ရွှင်မြူးစွာ စပ်စုလိုက်သည်။

'သေချင်စိတ် ဝင်နေတယ် .. တို့တစ်ခုခု သောက်ရအောင်
ကိစ္စတစ်ခုလုံး ကျုပ်လုပ်လိုက်တာနဲ့ ရှုပ်သွားပြီ'

ဂရေဂရီသည် ကော့တေးလ် ဘားခန်းသို့ ဦးဆောင်လာခဲ့
သည်။

'ကဲ ... အဆိုးဆုံးကို ကြားရအောင် '

အရက်ခွက် ကိုယ်စီဖြင့် စားပွဲလေး တစ်လုံးတွင် ထိုင်မိသည်နှင့် ဝဲလ်စ်က မေးလိုက်သည်။

'နေ့လယ်စာ မစားခင်လေးမှာ သူနဲ့တွေ့ခဲ့တယ်'

ဂရေဂရီက စကားစလိုက်သည်။

'..... ကျုပ် အခန်းကိုခေါ်ခဲ့တယ် .. လက်ဖက်ရည်ဝိုင်းခင်းတယ် .. နောက်တော့ ကျုပ်သတိလက်လွှတ်ဖြစ်ပြီး ၁၆ နှစ်သားလို ကျင့်မိလိုက်တယ်'

ဝဲလ်စ်က သဘောကျစွာ ရီမောလိုက်သည်။

'အလုပ်နဲ့ သာယာမှု မရောထွေးကောင်းဘူးတဲ့ မဟုတ်လား'

'တော်စမ်းပါ .. ခင်ဗျားနားမလည်ဘူး .. သူထောင်ကျတဲ့အဖြစ်ကို မြင်တဲ့အစား ကျုပ် လက်တစ်ဖက်ကို ဖြတ်ခံလိုက်မယ် .. အဲဒီစိတ်နဲ့ ကျုပ်ရင်ဖွင့်လိုက်မိတယ် .. ကျုပ်ရဲ့နဲ့ ပူးပေါင်းလုပ်ကိုင်နေတယ် .. မှောင်ခိုကိစ္စတစ်ခုလုံးကိုသိတယ် စသဖြင့်ပေါ့ .. အဲဒီနောက် အစိုးရသက်သေအဖြစ်နဲ့ သူ့ကိုယ်သူ ကယ်ပါလို့ တိုက်တွန်းလိုက်မိတယ် .. သူဘာမှ ကတိမပေးဘူး .. စဉ်းစားချိန်လိုတယ်လို့ ပြောတယ် .. ညနေ ၈ နာရီမှာ ညနေစာ အတူစားဖို့ သဘောတူခဲ့တယ် .. ကျုပ်တို့ ဘက်လိုက်ဖို့ ဖျောင်းဖျနိုင်ခဲ့ပြီလို့ မှတ်တာ .. အခုရောက်လာတော့ အပြီးအပိုင် လစ်သွားမှန်းသိလိုက်ရတယ်'

ဝဲလ်စ် မျက်လုံးများ မသိမသာ မှေးသွားသည်။

'အဲဒီခံစားချက် ပြင်းထန်နေတဲ့ ကာလမှာ ဘာတွေများထုတ်ပြောလိုက်မိသလဲ'

'အို .. အဲဒီလောက် မပူပါနဲ့ ခံစားချက် ပြင်းပြင်း၊ မပြင်းပြင်း



ကျုပ်က သတိရှိပါတယ် .. ဂါဗင်ဖေါတက်စ်ကျုရဲ့ မှောင်ခိုလုပ်ငန်းအကြောင်း သိတယ်ဆိုရင် ဆိုတဲ့ သဘောပဲ ခြုံငုံပြောလိုက်တယ်. ကလေ့စ့် နားမှာရှိတဲ့ လျှို့ဝှက်စခန်းရော ၊ ဒီဘက်ကွာအက်ပန်းခြံကြီး အကြောင်းလည်း မပြောလိုက်ပါဘူး .. အဲဒီတော့ အဲဒီနှစ်နေရာ စွန့်ပစ်ဖို့ အလားအလာမရှိပါဘူး .. နောက်ဆို ချားလ်တွန်မှာမတည်းတော့မှာတော့ သေချာတယ် .. ကျုပ်ကို တရားဝင်ရဲမှန်းသိသွားတော့ နောက်နောင် သူနှင့်ဆက်သွယ်ဖို့ လွယ်မှာ မဟုတ်ဘူး'

'ကျုပ်က တော့ အဲဒါအတွက်လောက် မပူပါဘူး'

ဝဲလ်စ်က ရုတ်တရက် မျက်လုံးတစ်ဘက်မှိတ်ပြပြီး ပြောလိုက်သည်။

'ကျုမ်တို့အားလုံး အတုံးတွေ မဟုတ်ဘူး .. ခင်ဗျားဘက်ကဟာသွားရင် .. မလွတ်သွားအောင် သူ့နောက်ကို တစ်နေကုန် နောက်ယောင်ခံ လိုက်ဖို့ စုံထောက်နှစ်ယောက်ကို တာဝန်ပေးထားခဲ့တယ် .. သူအခုကွာအက်ခြံကို ဦးတည်တဲ့လမ်းပေါ်ရောက်နေတယ်လို့ အဲဒီစုံထောက်တစ်ယောက်ဆီက အခုပဲ သတင်းဝင်လာတယ် .. ကျုပ် ညနေစာ တစ်ခုခုစားပြီးတာနဲ့ အဲဒီကို လေယာဉ်ပျံနဲ့ ဆင်းဖို့ ရည်ရွယ်ထားတယ် .. ခင်ဗျားရေးကြီးသုတ်ပြာ အဝတ်အစားလှယ်ပြီး ညနေစာ စားဖို့ အပြေးအလွှားထွက်သွားတယ်လို့ ခင်ဗျားလူရဒ်ပြောလိုက်တာနဲ့ပဲ ခင်ဗျားကို ဒီမှာ တွေ့နိုင်မယ်လို့ ကျုပ်ထင်လိုက်တယ် .. ခင်ဗျား ကျုပ်နဲ့ လိုက်ချင်လိမ့်မယ်လို့ တွက်မိတယ် .. အဲဒါဆို .. ဒီညနေသူနဲ့ထပ်တွေ့ချင်တွေ့ရမှာပေါ့'

❖ ❖ ✳ ❖ ❖

## အခန်း (၁၃)

ဝဲလ်စ်သည် လေယာဉ်ပျံကို တောင်ဘက်သို့ မောင်းနှင်လိုက်သည်။ ဘေကိုလ်တံငါရွာလေးပေါ် ဖြတ်သန်းပြီးနောက် မြောက်ဘက် အရပ်သို့ ဦးတည်၍ ပင်လယ်ပြင်ဘက်သို့ မောင်းနှင်လိုက်သည်။ ခဏအကြာတွင် ပန်းခြံကြီး ၏အရှေ့ဘက် ကွင်းပြင်များထဲမှ မီးရောင်တစ်ခုကို လှမ်းတွေ့ရသည်။ ဝဲလ်စ်သည် ထိုမီးရောင်ဘက်သို့ ဦးတည်ဆင်းသက်လိုက်သည်။

'ဒီတစ်ခါတော့ ကျုပ်ဘာသာမစွန့်စားတော့ဘူး .. ကျုပ်လူတစ်ယောက်ကိုအောက်ကအချက်ပြခိုင်းထားတယ် .. ခင်ဗျား အရင်ဆင်းခဲ့တဲ့ ကွင်းပဲလေ'

လေယာဉ်ပျံ ရပ်တန့်သွားချိန်တွင် ဝဲလ်စ်က ပြောလိုက်သည်။

ဓါတ်မီးရောင် ပျောက်သွားပြီး အမှောင်ထဲမှ အသံတစ်သံထွက်ပေါ်လာသည်။

'မစ္စတာဝဲလ်စ်'

'ဟုတ်တယ် .. ဆိုင်မွန် နောက်ဆုံးအခြေအနေ ဘယ်လိုလဲ'



'သော်မဆင် လွန်ခဲ့တဲ့ မိနစ် ၂၀ က သတင်းပို့သွားတယ် .. ဘာမှ မထူးခြားဘူးတဲ့ အိမ်ကို စောင့်ကြည့်ဖို့ ပြန်သွားပြီ'

'ကောင်းတယ်'

ဝဲလ်စ်သည် ဂရေဂရီကို သမင်လည်ပြန်လှည့်၍ ပြုံးပြရင်း ပြောလိုက်သည်။

'ကျုပ်တို့ သူ့ထက်ကြိုရောက်နေပြီ .. ဒါပေမယ့် သူမကြာခင်ရောက်လာမှာပါ .. ဆိုင်မွန်က လေယာဉ်ပျံကို ကြည့်ထားလိမ့်မယ် .. ကျုပ်တို့ အိမ်ထဲသွားပြီး မစ္စစ်ဘဒ်ကို တိတ်တိတ်နှုတ်ဆက်ရအောင်'

ဂရေဂရီသည် အာလုပ်သံပြု၍ လေယာဉ်ပေါ်မှ ဆင်းသက်လိုက်သည်။

ညမှာ အဲတော်ပင် မှောင်မိုက်နေသည်။ မှောင်ခိုသမားများ လှုပ်ရှားရန် နှစ်သက်သော ညမျိုးသာဖြစ်သည်။

ဝဲလ်စ်နှင့် ဂရေဂရီသည် သစ်ပင်များကြားမှ ကွေ့ပတ်လျှောက်လာခဲ့ကြသည်။ နောက်ဆုံး အိမ်၏ သဏ္ဌာန်ကို ရှေ့ကိုက်တစ်ရာလောက်တွင် ရေးရေးလှမ်းမြင်ရသည်။

အနီးအနားရှိ ချုံပုတ်အချို့မှ ဇီးကွက်အော်သံ ထွက်ပေါ်လာသည်။ ဂရေဂရီက ထိုအသံကို တုပအော်လိုက်သည်။ ချက်ချင်းပင် သူတို့၏ ဘယ်ဘက်မှ ချုံတိုးထွက်ပေါ်လာသော သဏ္ဌာန်တစ်ခုကို တွေ့ရသည်။

'အားလုံး အေးဆေးပဲဆရာ'

ထိုသူက လေသံဖြင့် ပြောလိုက်သည်'

'ကျေးဇူးပဲ သော်မဆင် တို့အိမ်နောက်ဖက်ပတ်သွားတုံးမင်း

ဒီကပဲ စောင့်နေ'

ဂရေဂရီတို့သည် သစ်ပင်ရိပ်များကို အကာအကွယ်ယူ၍ အိမ်၏နောက်ဘက်သို့ ခြေဖျားထောက်လာခဲ့သည်။ စားသောက်ခန်းထဲတွင် မီးလင်းနေသည်။

ဝဲလ်စ်သည် အိမ်နောက်ဖေး တံခါးကို အသာခေါက်လိုက်သည်။အထဲမှ ပြန်ထူးသံ ပေါ်မလာချေ။ နောက်တစ်ကြိမ် ခပ်ပြင်းပြင်း ခေါက်လိုက်သည်။ အတွင်းမှ ခြေသံသဲ့သဲ့ ကြားရပြီး တံခါးပွင့်သွားသည်။ တံခါးဝတွင် ရပ်နေသော မီလ်လီကို တွေ့ရသည်။

'ဟယ်လို .. ရှင့်ကို ဒီလောက်မြန်မြန် ပြန်တွေ့မယ်လို့ မထင်မှတ်ခဲ့ဘူး'

သူမက ဝမ်းသာအားရ ဆိုလိုက်သည်။

'ကိုယ်လည်း မထင်ခဲ့ဘူး .. ခုလောက်ဆို မင်းအိပ်နေပြီမှတ်တာ'

'ခုမှ ဆယ်နာရီပဲ ရှိသေးပါတယ်.. တစ်ခါတစ်ခါတော့ အိပ်ရာထဲ အစောကြီးဝင်ပြီး ရေဒီယိုနားထောင်တတ်တယ်'

'ကိုယ်လည်း လေဒီယိုနားထောင်ရတာ ကြိုက်ပါတယ် .. ဒါပေမယ့် အိပ်ရာထဲက နားထောင်ဖို့ အခွင့်အရေး သိပ်မရတတ်ပါဘူး'

ဝဲလ်စ်က ပြုံး၍ ပြောလိုက်သည်။

ဤအရေးမပါသော စကားများကို စိတ်မရှည်တတ်သော ဂရေဂရီက ဝဲလ်စ်နောက်မှောင်ရိပ်ထဲမှ ထွက်လာသည်။ ဂရေဂရီကို မမြင်ဘူးသော မီလ်လီ နောက်သို့ တွန့်သွားသည်။ ဝဲလ်စ်က မိတ်ဆက်ပေးလိုက်သည်။



'ရှင်တို့ နှစ်ယောက်လုံး အိမ်ထဲလာလေ .. ရှင်တို့ ညစာများစားချင်ကြမလား မသိဘူး .. ကျွန်မတွေးမိဖို့ကောင်းတယ်'

သူမက ဖိတ်မန္တက ပြုလိုက်သည်။

'အို .. နေပါစေ .. ကျေးဇူးပါပဲ .. ကိုယ်တို့ လွန်ခဲ့တဲ့ တစ်နာရီလောက်ကပဲ ကောင်းကောင်းစားလာခဲ့ကြပြီးပြီ.. ကိုယ်တို့ လိုက်နေတဲ့လူတစ်ချို့ ဒီညပဲ ဒီကို ပြန်ရောက်လာလိမ့်မယ်လို့ လာပြီး သတိပေးတာပါ .. ဘာမှ ထူးထူးခြားခြား ဖြစ်မှာတော့ မဟုတ်ပါဘူး .. ဒါပေမယ့် ကိုယ်တို့အနားမှာ ရှိမှန်းသိတော့ မင်းတို့ နည်းနည်း စိတ်သက်သာရအောင် လာပြောတာပါ'

ဝဲလ်စ်က ပြောလိုက်သည်။

'အို .. ကျေးဇူးပဲရှင် .. ဒါပေမယ့် သူတို့လာမယ်ဆိုတာ ကျွန်မတို့ သိပြီးပါပြီ .. အဲဒီနိုင်ငံခြားအမျိုးသမီးက ဖုန်းဆက်လိုက်တယ် .. သူတို့အတွက်ညစာ ပြင်ထားဖို့ပဲ .. ရှင်တို့ လူကို ကျွန်မက ပြောမယ်အလုပ်မှာ ရှင်တို့ရောက်လာတာပဲ'

မီလ်လီက ပြောလိုက်သည်။

'သူ ဘယ်ကဖုန်းဆက်မှန်းသိလား'

'ကန်တာဘူရီက သူကိုယ်တိုင် ဆက်တာမဟုတ်ဘူး ဓါတ်ဆီဆိုင်က လူတစ်ယောက်ကို ဆက်ခိုင်းလိုက်တာပါ'

'ဒါဆို မကြာခင် ဒီရောက်လာမှာပေါ့'

'ဟုတ်ကဲ့ .. ဒါပေမယ့် ရှင်တို့ လက်ဖက်ရည် တစ်ခွက်တော့ ခပ်သော့သော့ မော့ဖို့ အချိန်ရနိုင်ပါတယ်'

'နေပါစေ'

ဝဲလ်စ်က ခေါင်းယမ်းလိုက်ပြန်သည်။

'ကိုယ်တို့ ချုံပုတ်ထဲကပဲ ပြန်စောင့်နေမယ် .. မင်းအဒေါ်ကို အကျိုးအကြောင်း ပြောလိုက်ပါ'

'ကောင်းပြီလေ .. ဒါနဲ့ ရှင့်ကို ဒီည ထပ်တွေ့အုံးမှာလား .. တွေ့ရမယ်ဆိုရင် .. မအိပ်ပဲ စောင့်နေမလို့'

'တွေ့ခွင့်ရမယ်တော့ မထင်ဘူး .. အဲဒီတော့ အိပ်လိုက်ပါတော့ .. အိပ်မက်လှလှ မက်ပါစေ'

'ရှင်လည်း အိပ်မက်လှလှ မက်ပါစေ ... အေးလေ အိပ်ခွင့်ရရင် ပြောတာ ... အိပ်ခွင့်ရပါစေလို့ ဆုတောင်းလိုက်ပါတယ် ဂွတ်နိုက်'

ဝဲလ်စ်နှင့် ဂရေဂရီတို့လှည့်ထွက်လာသောအခါတွင် သူမတံခါးမပိတ်သေးပဲ ရပ်ကြည့်နေခဲ့သည်။ ဝဲလ်စ်၏ နောက်ကျောပြင်ကို သာ ငေးငေးမောမော ကြည့်နေမိခဲ့သည်။

ဂရေဂရီတို့ ချုံပုတ်များကြား ပြန်ရောက်ပြီး ဆယ်မိနစ်ခန့် အကြာတွင် သစ်ပင်ကြားမှ မီးရောင်တွေ့လိုက်ရသည်။ တစ်နေ့ညက လန်ဒန်မြို့ကို ထွက်ခွာသွားခဲ့သော ဗိမ်ခံကားကြီးပင်ဖြစ်ပြီး ကားပေါ်တွင် ခရီးသည် တစ်ဦးသာ ပါရှိသည်။

'ဂါဗင် မပါဘူး ... သူဘယ်ရောက်သွားလဲ မသိဘူး'

ဆာဗီနီတစ်ယောက်ထဲ ကားပေါ်မှ ဆင်းသက်လာသည်ကို ကြည့်၍ ဂရေဂရီလေသံဖြင့် ပြောလိုက်သည်။

'ဘုရားပဲသိမယ် .. နေ့ခင်းလောက်က ချားလ်တွန်ဟိုတယ်က ထွက်သွားတယ် .. သူ့နောက်ကို နောက်ယောင်ခံဖို့ စုံထောက်တစ်ယောက်ချထားခဲ့တယ် .. ဒါပေမယ့် မီးပွိုင့်မှာ ကားပိတ်မိပြီး မျက်ခြေပြတ်သွားတယ် ခုထိတော့ ပြန်ရှာမတွေ့သေးဘူး'



ဝဲလ်စ်ကရေရွတ်လိုက်သည်။

အိမ်အောက်ထပ် အိမ်မကြီး၏ ပြတင်းပေါက်မှ မီးရောင်ဖြာထွက်လာသည်။ ဆာဗီနီညစာ စားနေပုံရသည်။ တစ်နာရီမျှ ကြာသောအခါတွင် အိမ်ပေါ်ထပ် ပြတင်းပေါက်မှ မီးရောင်များ တွေ့ရပြီး မိနစ် ၂၀ လောက်အကြာတွင် ပြန်လည် မှိတ်သွားသည်။

'ကျုပ်တို့ အလိုက်မှားပြီထင်တယ်'

ဂရေဂရီက စိတ်သက်သာရာတစ်ဝက် ... ဒေါသတစ်ဝက်ဖြင့် ရေရွတ်လိုက်မိသည်။

'ဒီည ဒီမှာ ဘာမှ မမြင်ဘူး .. ကျုပ်လက်က လွတ်ဖို့ သက်သက်ချားတွန်က လစ်လာတာထင်တယ်'

'ခင်ဗျား ပြောတာ မှန်ကောင်း မှတ်လိမ့်မယ် .. ဒါပေမယ့် ကြေးနန်းစာကိုလည်း မမေ့နဲ့ ကြေးနန်းစာအရဆို ဒီညလည်း သူတို့ အစီအစဉ်ရှိပုံရတယ်'

'ဟုတ်ရင်လည်းဟုတ်မယ် .. ဒါပေမယ့် သူတို့ ... သူတို့စခန်းတွေမှာ ဌာနတွေ အများကြီးရှိမှာပေါ့ .. အဲဒီကြေးနန်းစာထဲက နံပါတ်တွေအားလုံး တစ်မျိုးစီပဲ မဟုတ်လား'

'ရှူး .. ဘာသံလဲ'

'ဝဲလ်စ်က ဂရေဂရီ၏လက်မောင်းကို ဖြစ်ညှစ်လိုက်သည်။ စက်သံတိုးတိုးလေးတစ်ခုကို ကြားလိုက်ရသည်။ ယင်းတို့အပေါ်သို့ မော့ကြည့်လိုက်မိသည်။ လေယာဉ်ပျံဟု ထင်မှတ်လိုက်သည်။ သို့သော်ခဏအကြာတွင်မူ ခြံ၏အနောက်ဘက်စွန်း ဂိတ်တံခါးမကြီးမှ ဝင်လာသော ကားတစ်စင်း၏ ရှေ့မီးရောင်ကို တွေ့လိုက်ရသည်။

ကားမှာ စက်အားကောင်းသော အမိုးဖွင့် ပြိုင်ကားပင်ဖြစ်

သည်။ ကားထဲတွင် လူနှစ်ဦးထိုင်နေသည်။ ယင်းတို့သည် အိမ်ရှေ့တွင် မရပ်ပဲ ကားဂိုထောင်သို့ တိုက်ရိုက် မောင်းနှင်သွားသည်။

ဂရေဂရီတို့သည် ထိုလူသစ်များကို မြင်ရအောင်နေရာပြောင်းလိုက်သည်။ သို့သော်ကားဂိုထောင်ကို လှမ်းမမြင်ရခင်မှာပင် ကားမီးများ ပိတ်လိုက်ပြီးဖြစ်သည်။

အမှောင်ထဲတွင် ဓါတ်မီးတစ်လက်လင်းလဲ့သွားသည်။ ကားကိုဂိုဒေါင်ထဲ ထည့်သွင်းပြီး ဂိုထောင်တံခါးပြန်ပိတ်ထားမှန်း မီးရောင်ဖြင့် မြင်ရသည်။ ထို့နောက် မီးရောင်သည် သူတို့ဘက်သို့ ရွေ့လျားလာသည်။ ခြေသံများကြားရသည်။ သူတို့သည် ပို၍ မှောင်သော အရိပ်ထဲသို့ နောက်ဆုတ်လိုက်သည်။ လူနှစ်ယောက်ဖြတ်သန်းသွား၏။ အနီးဆုံးလူက ခြေတစ်ဖက်တရွတ်ဆွဲသွားသည်။ မြက်ခင်းပြင်ကို ဖြတ်လျှောက်ပြီး လော့ဂါဗင်၏ လေယာဉ်ပျံထည့်သွင်းထားသော လေယာဉ်ဂိုထောင်သို့ ရောက်သွားသည်။

လေယာဉ်ဂိုထောင်ထဲမှ မီးတစ်လုံးပွင့်သွားသည်။ ထိန်လင်းသော မီးရောင်အောက်တွင် သဏ္ဍာန်နှစ်ခုကို ကွဲကွဲပြားပြား မြင်ရသည်။ နှစ်ဦးစလုံး လေသူရဲ ဝတ်စုံများ ဝတ်ဆင်ထားသည်။တစ်ယောက်က တစ်ဦးထက်ခေါင်းတစ်လုံး ပိုမြင့်နေသည်။

'ထော့ကျိုး .. အဲဒီခွေးမသားလည်မြိုကို ညှစ်ချင်လိုက်တာ.. ကျုပ်မျက်နှာထဲ ပစ်ထည့်တဲ့ ငရုတ်ကောင်းမှုန့်ကြောင့် ကံကောင်းလို့ မျက်စိ မကန်းတယ်'

ဂရေဂရီကလေသံဖြင့် ကြိမ်းဝါးလိုက်သည်။

လေယာဉ်ပျံကို မြက်ခင်းပြင်ပေါ်သို့ တွန်းထုတ်လာသည်။ ဂိုထောင်မှ မီးကို ပိတ်လိုက်သည်။ ထော့ကျိုးနှင့် အဖော်လေယာဉ်



ပျံ ပေါ်တက်သွားသည်။ ခဏအကြာတွင် စက်သံမြည်ပြီး ပန်ကာလည်လာသည်။ လေယာဉ်ရှေ့သို့ ပြေးထွက်သွားသည်။'

'လာ .. မြန်မြန် ... ခြေကုန်မတင်နိုင်ရင် မျက်ခြေပြတ်သွားမယ်'

ဂရေဂရီက သတိပေးလိုက်သည်။

သူနှင့် ဝဲလ်စ်သည် ဝဲလ်စ်၏လေယာဉ်ပျံ ထားခဲ့သောကွင်းပြင်သို့ တဟုန်ထိုးပြေးလာခဲ့ကြသည်။

ကျယ်လောင်သော စက်သံကြီးသည် တိတ်ဆိတ်သော ညဥ့်ယံကို ဖျက်ဖြိုလိုက်သည်။

ဂရေဂရီထိုင်ခုံတွင် နေသားမကျခင်မှာပင် လေယာဉ်ပျံသည် လေထဲသို့ ထိုးတက်နေခဲ့သည်။

ထော့ကျိုးတို့ လေယာဉ်ပျံသည် အနောက်တောင်ဘက်သို့ ဦးတည်နေမှန်းသူတို့ လေယာဉ်ပျံ မနိုးခင်ကြားလိုက်သော လေယာဉ်ပျံသံကြောင့် သိလိုက်သည်။ သူတို့ ထိုအရပ်ဘက်သို့ ဦးတည်လိုက်သည်။ ပေနှစ်ရာအမြင့်သို့ မရောက်ခင်မှာပင် ဂရေဂရီသည် သူ၏ညကြည့်မှန်ပြောင်းဖြင့် ကြယ်တာရာစုံသော ညကောင်းကင်ကို ကြည့်ရှု့နေခဲ့သည်။

'တွေ့ပြီ'

ခဏအကြာတွင် သူအော်လိုက်သည်။

'တောင်ဘက်ကို နည်းနည်းပိုကျတယ် ... ဟို မိုးကုပ်စက်ဝိုင်းစွန်းအထက်နားလေးက ကြယ်နားမှာ'

ရှေ့မှ လေယာဉ်ပျံသည် အမြင့်သို့ ပျံတက်နေသည်။ ဝဲလ်စ်သည်အကွာအဝေးကို အနေတော်ဖြစ်စေရန်အတွက် ပေ ငါးရာ

အမြင့်မှ ဆက်လက်ပျံသန်းလာခဲ့သည်။ လေယာဉ်နှစ်စင်းလုံး အမှောင်ချပျံသန်းနေသောကြောင့် ယင်းတို့ ပစ်မှတ်ကို တွေ့ရန် မလွယ်ချေ။ သို့သော် ဂရေဂရီ၏ အကူအညီဖြင့် လှမ်းတွေ့လိုက်သည်။

သူတို့ ဆယ်မိနစ်ကျော်မျှ ပျံသန်းလာပြီးသောအခါတွင် လူသူအရောက်အပေါက်နည်းလှသော ရိုမန်နီစီမံ့တောမြေအထက်ကို ရောက်ရှိသည်။

ဝဲလ်စ်သည် ပေနှစ်ထောင်မြင့်မှ ပျံသန်းနေခဲ့သည်။ သို့သော် ရှေ့မှ လေယာဉ်ပျံမှာလည်း သူတို့လေယာဉ်ပျံကဲ့သို့ မြန်ဆန်ပြီး ပို၍ မြင့်စွာ ပျံသန်းနေခဲ့သည်။

ခဏအကြာတွင် ယင်းတို့ ဘယ်ဘက်တွင် အဆက်မပြတ်လည်ပတ်နေသော ဆုံလည် မီးအလင်းတန်းကို တွေ့ရသည်။ ယင်းတို့ ဒန်ကီနက်စ်မီးပြတိုက် အထက်သို့ ရောက်နေမှန်း ဂရေဂရီ သိလိုက်သည်။

တဒင်္ဂအကြာတွင် ဝဲလ်စ်က အော်ဟစ်ပြီး အောက်ဘက်တည့်တည့်သို့ လက်ညှိုးထိုးပြလိုက်သည်။ စိမ့်တောမြေအမှောင်ထဲတွင် 'တီ'ပုံသဏ္ဌာန်ထွန်းညှိထားသော မီးတန်းနှစ်ခုကို ရေးရေးလေး လှမ်းမြင်ရသည်။

ထော့ကျိုးတို့လေယာဉ်ပျံသည် ထိုမီးရောင်သို့ ဆင်းသက်နေသည်။ ဝဲလ်စ်သည် အောက်မှ လူများလှမ်းမမြင်စေရန်အတွက် အနောက်ဘက်သို့ ကွေ့ချလိုက်သည်။ တစ်ဘက်မှ လေယာဉ်လေထဲရှိနေသမျှ ကာလပတ်လုံး သူ့လေယာဉ်ပျံသံနှင့် ရောထွေးနေပေမည်။ သူသည် ဘန်ဒါဒါန်မြို့ပေါ်သို့ ရောက်သည်အထိ ဆက်လက်



ပျံသန်းသွားပြီး ပြန်လှည့်လာသည်။ အရှေ့တောင်ဘက်သို့ ပျံသန်းရင်း အမြင့်သို့ ထပ်တက်ခဲ့သည်။ ပေငါးထောင်အမြင့်မှ နေ၍ ပင်လယ်ပြင်ဘက်သို့ ပျံသန်းနေချိန်တွင် တီသဏ္ဌာန်မီးရောင်ကို ဖြတ်သန်းလာခဲ့ပြန်သည်။

'တွေ့ပြီ'

ဂရေဂရီက အော်ဟစ်ပြောကြားလိုက်သည်။

'ဒီထက် နိမ့်နိမ့်ပျံရင် လေယာဉ်သံ ကြားကုန်လိမ့်မယ် .. အဲဒီမီးပြနေတဲ့ နေရာမှာ မဆင်းပဲ တစ်ခြားနေရာမှာ ဆင်းရင်လည်း အန္တရာယ် ကြုံဖို့များတယ်'

ဂရေဂရီက ပြန်လှန်အော်ဟစ်လိုက်သည်။

'ခင်ဗျားဆင်းလေဗျာ .. ခင်ဗျား လေထီးရှိသားပဲ .. ခုန်ချ'

' မဆင်းနိုင်ဘူး .. ကျုပ်တစ်သက်လုံး တစ်ခါမှ လေထီးမဆင်းဖူးဘူး .. အခုမှ အစမပြုနိုင်ဘူး .. ဇက်ကျိုးသေကိန်းကို တွန်းနေပြန်ပြီ'

ဂရေဂရီကတုန့်ပြန် အော်ဟစ်လိုက်သည်။

'အရေးထဲမှ မခုန်လို့ မဖြစ်ဘူး .. ဒီနေရာကိုနေ့ခင်းကြောင်တောင် ပြန်တွေ့မှာ မဟုတ်ဘူး ... ဒီစခန်းကို မှတ်ဖို့ ဒီတစ်လမ်းပဲရှိတယ် .. ခင်ဗျား မခုန်လို့ မဖြစ်ဘူး .. အခုမှ ကျုပ်ကို ကပ်မဖြုတ်နဲ့ဗျာ'

ဂရေဂရီသည် အသူရာတမျှဝေးလံပုံရသော မီးရောင်အစုအဝေးကို လှမ်းကြည့်လိုက်သည်။သူ သတ္တိခေသူမဟုတ်ပါ .. သူ့ဘဝတစ်လျှောက်လုံး စွန့်စားမှုဖြင့် အောင်လံထူခဲ့သည်ပင်။ သို့သော် ဤကိစ္စက တစ်မျိုးပင် စွန့်ရမည်ကို မလန့်သော်လည်း စွန့်

ရကျိုးနပ်ပါမည်လာ .. နောက်ဘာအတွက် စွန့်ရမည်နည်း .. ဆာဗီနီ၏ မျက်နှာလေးသည် သူ့အာရုံထဲ ထင်းထင်းဝင်လာသည်။

'ကျုပ်ခုန်ဆင်းရင် ခင်ဗျား ဆာဗီနီကို လွှတ်ပေးမလား'

ဂရေဂရီက အော်မေးလိုက်သည်။

'မရဘူး .. ကျုပ်လွှတ်ပေးလို့ မရဘူးဆိုတာ ခင်ဗျားသိတယ်'

ဝဲလ်စ်က သံကုန်အော်ဟစ်လိုက်သော အသံက စက်သံကို ကျော်သည်ဆို ရုံကျော်လာသည်။

'လွှတ်ပေးရမယ် .. မလွှတ်ပေးရင် ကျုပ်မဆင်းဘူး'

ဂရေဂရီ အော်ဟစ်သံက လေသံနှင့် စက်သံကို ထွင်းလာသည်။

'ကျုပ်လွှတ်ပေးဖို့ သဘောတူရင် ခင်ဗျား ဆင်းမလား'

ဝဲလ်စ်က အော်ဟစ်လိုက်ပြန်သည်။

'ဆင်းပါ့မယ်ဆို နေမှဗျာ'

ဂရေဂရီက သံကုန်ပြန်ဟစ်လိုက်သည်။

ဂရေဂရီသည် သူ၏ နောက်ကျောကို စစ်ဆေးကြည့် လိုက်သည်။ သူ၏လေထီးအနေအထားမှန်ကြောင်းတွေ့သည်။ သူသည် မတ်တပ်ရပ်လိုက်သည်။တစ်နာရီ မိုင် ၁၅၀ နှုန်း ပျံသန်းနေသော အရှိန်ကြောင့် ယိုင်သွားသည်။

'ခင်ဗျားသူ့ကို လွှတ်ပေးရမယ်'

ဂရေဂရီသည် ဝဲလ်စ်၏ ပခုံးပေါ်ကိုင်းညွတ်၍ နားနားကပ် အော်လိုက်သည်။

'ကဲဆင်းဗျာ .. ကျုပ်အတတ်နိုင်ဆုံးကြိုးစားမယ် .. ကျုပ်ကိုယ်



တိုင် မဖမ်းဘူးလို့ ကတိပေးတယ်'

ဝဲလ်စ်က သမင်လည်ပြန်၍ အော်လိုက်သည်။

ဂရေဂရီသည် လေယာဉ်လေးသို့ကြည့်လိုက်သည်။ နက်မှောင်နေသော အာကာပြင်ထဲ ခုန်ချရမည့် အတွေးက သဲထိတ်စရာပင် .. သူ့ပေါ်သို့ ဖြတ်တိုက်သွားသော လေပြင်းက သူ၏ ဝတ်စုံကို တစ်စမကျန် ဆွဲဆုတ်တော့မည်ကဲ့သို့ အရှိန်ပြင်းပြင်းဖြင့် ခတ်သွားသည်။ မိုက်ကျောပင် တင်းသွားအောင် အကြောက်အလန့်က ရင်ကို လုံးဆော်နေလေသည်။ သူမူးပင် မူးချင်လာသည်။ လွင့်မကျသွားစေရန် လက်နှစ်ဘက်ဖြင့် မြဲမြဲမြံမြံ ကုပ်ထားမိသည်။ ထို့နောက် အသက်တစ်ချက်ပြင်းပြင်း ရှူလိုက်သည်။ မျက်နှာ ရှုံ့မဲ့ပြီး ခုန်ချလိုက်သည်။

❖ ❖ ✻ ❖ ❖

## အခန်း (၁၄)

ဂရေဂရီသည် လေယာဉ်ပျံပေါ်မှ ခုန်ချလိုက်သည်နှင့် လေယာဉ်ပျံသည် ဓါတ်လှေကားကဲ့သို့ မြောက်သွားသကဲ့သို့ ခံစားလိုက်ရသည်။ သူသည် မုန်တိုင်းမိသော ကောက်ရိုးကဲ့သို့ ချာချာလည်သွားသည်ဟု ထင်မှတ်လိုက်သည်။ အောက်သို့ တရှိန်ထိုးကျသည်ကို သိလိုက်သည်။ လေယာဉ်ပျံသည် သူ့အထက် အမှောင်ပြင်ထဲသို့ တဟုန်ထိုးတက်သွားသည်။

လေထီးသမားတို့ ပြဿနာတက်တတ်ပုံကား လေထီးနှင့် လေယာဉ်ပျံ ငြိခြင်းများပင် ဖြစ်သည်ဟု သူကြားဘူးသည်။ ထို့ကြောင့် လေယာဉ်ပျံနှင့်ရှင်းရှင်းရောက်မှ လေထီးကြိုးကို ဆွဲရမည်ဟု ကိုယ့်ကိုကိုယ် သတိပေးမိသည်။ လေထီးကြိုးကို မဆွဲမိစေရန် လက်ကို ဝေးဝေးကားထားလိုက်သည်။

သူ၏ အောက်တစ်မိုင်လောက်တွင်ရှိသော ကမ္ဘာမြေကြီးမှာ ကြောက်လန့်စရာ ကောင်းအောင် နက်မှောင်နေသည်။ သူ၏ ညာဘက်ခပ်လှမ်းလှမ်းသို့ ရောက်ရှိနေသော တီပုံစံမီးရောင်ပျပျမှလွဲ



၍ မည်သည့်ဘက်ကြည့်ကြည့် မီးတစ်ပွင့်မျှ မတွေ့ရချေ။

ကြောက်လန့်ခြောက်ခြားဖွယ်ကောင်းလောက်အောင်ပင် ထိုတီပုံသဏ္ဌာန်မီးရောင်သည် တဟုန်ထိုးကြီးထွားလာနေခဲ့သည်။ ဂရေဂရီသည် ကားထားသော လက်ကို အသဲအသန်ရုတ်၍ လေထီးကြိုး ဆွဲလိုက်သည်။

တစ်စုံတစ်ခုမျှ မဖြစ်ပွားချေ။ သူ ထပ်ဆွဲလိုက်သည်။ သူ့လက်ထဲတွင် လေထီးမောင်းကြိုး လွတ်လွတ်ကင်းကင်း ပါလာသည်။ သို့သော် တစ်စုံတစ်ခုမျှ မဖြစ်။ ဂရေဂရီသည် သမင်လည်ပြန်ကြည့်ရှုရန် အသဲအသန် ကြိုးစားလိုက်သည်။ ချာချာလည်သွားရာမှ မြေကြီးကို မျက်နှာပြုကျနေသည့် အနေအထားသို့ ရောက်သွားသည်။ တီပုံသဏ္ဌာန် မီးရောင်မှာ ပို၍ နီးကပ်လာသည်။ မဟာဘီလူးကြီးတစ်ကောင်က သူ့ကို ကမ္ဘာလုံးနှင့် ကိုင်ပေါက်လိုက်သကဲ့သို့ သူ့ခန္ဓာကိုယ် တရှိန်ထိုး ထိမှန် အစိပ်စိပ်အမွှာအမွှာ ကွဲကြေသွားပေတော့သည်။

ဂရေဂရီသည် ပြင်းထန်စွာ တုန်လှုပ်သွားသည်။ သူ့အား ကယ်မည့်သူ ဝေးသည့်အဖြစ်ပင်။ ဘုရားမှတပါး ကယ်မည့်သူမရှိ။ ဂရေဂရီ၏ နှုတ်ဖျားမှ ဘုရားတသံ ထွက်သွားသည်။ တရှိန်ထိုးကျနေရာမှ ရုတ်တရက် အရှိန်တန့်သွားသည်။ သူ၏လက်မောင်းနှစ်ဖက် ဆွဲဖြုတ်သကဲ့သို့ပင် ခံလိုက်ရသည်။ တုန့်ဆွဲလိုက်သော အရှိန်ကြောင့် အသက်ရှူမှားလောက်အောင် ဗိုက်ကစ်သွားသည်။

လေထီး အိတ်ပွင့်သော်လည်း ငွါးငွါးစွင့်စွင့်ပွင့်ရန် အချိန်လိုသည်ကို ဂရေဂရီ မေ့လျော့ပြီး လေထီးမောင်းဖြုတ်ကြိုးကို တွင်တွင်ဆွဲမိနေခဲ့ခြင်းသာဖြစ်သည်။ ပထမအကြိမ်ဆွဲကတည်းကပင်

လေထီးပွင့်သွားခဲ့ပြီဖြစ်သည်။

သူ၏ ခြေထောက်များသည် သူ၏ ခေါင်းထက် နိမ့်သွားသည်။ ဘာဖြစ်နေမှန်းမသိခင်မှာပင် တွဲလောင်းယမ်းနေခဲ့သည်။ သူ့အပေါ်သို့မော့ကြည့်လိုက်သောအခါတွင် ညကောင်းကင်ယံကဲ့သို့ မှိုပွင့်ကြီးကဲ့သို့ ထိုးတက်ပွင့်နေသော လေထီးကိုတွေ့ရသည်။

လေယာဉ်ပျံပေါ်မှ ခုန်ဆင်းလိုက်ကတည်းက ယခုမှသာ ပတ်ဝန်းကျင်ကို ပီပီပြင်ပြင်ကြည့်ခွင့်ရသည်။ တီပုံသဏ္ဌာန်မီးတန်းမှာ သူ၏ ညာဘက်တွင် အတော်ကြီးမားနေသည်။ သို့သော် မြေပြင်၏နက်မှောင်မှု စိုးမိုးနေသောကြောင့်သာ နီးနေပြီဟုထင်မှတ်မိသည်။ အတွေ့အကြုံမရှိ၍သာ တုန်လှုပ်ခြောက်ခြားသွားခဲ့ခြင်းဖြစ်သည်။

လတ်တလော သစ်ပင်တစ်ပင်ကို ဝင်တိုက်မိမည့် အန္တရာယ်သာ ရှိတော့သည်။ မီးရောင်သည် သူ၏ ညာဘက်ဘေးတွင် တဖြည်းဖြည်းမြင့်တက်လာနေသည်။ သို့သော် နီးကပ်လာခြင်းမရှိချေ။ မှောင်ခိုသမားတို့၏ စခန်းနှင့် ခပ်လှမ်းလှမ်းတွင် ကျမည်ဟု တွက်ဆမိသည်။

သူ၏ ဘယ်ဘက်ဘေးတွင် ငွေရောင်သဲ့သဲ့လေး တွေ့ရသည်။ ကွေ့ကောက်စီးဆင်းနေသော ချောင်းတစ်ခုပေါ်ကျသော ကြယ်တာရာအလင်းရောင်ပြန်မှု မှန်းသိလိုက်သည်။ နောက်တဒင်္ဂတွင်မူ တီပုံသဏ္ဌာန်အလင်းရောင်များ ပျောက်သွားသည်။ မမြင်ရသောတောင်ထိပ်တစ်ခုကွယ်၍ ပျောက်သွားခြင်းပင်ဖြစ်သည်။ သူ၏ ခြေထောက်သည် မြေပြင်ကို အရှိန်ပြင်းစွာ ထိသွားသည်။ နောက်တဒင်္ဂမှာပင် သူသည် မြေကြီးပေါ် ဒလိမ့်ကောက်ကွေးလိမ့်သွား



သည်။ အသက်ရှူမှားမတတ်ပင်။

လေထီး၏ ဒရွတ်ဆွဲမှုကြောင့် ဘေးတိုက်ကြီး ပါသွားနေသော်လည်း မီးရာမြက်ပင်များကို အသဲအသန်ဆွဲဖမ်းထားလိုက်သည်။ မြောင်းနှုတ်ခမ်းတစ်ခုကို ကျော်ပါသွားပြီး ချုံပုတ်ထဲ ရောက်သွားသည်။ သစ်ကိုင်းခြောက်များ ကျိုးသံကြားရသည်။ ဂရေဂရီသည် သူ့မျက်နှာကို လက်မောင်းဖြင့် ကာကွယ်လိုက်သည်။ ထိုအချိန်မှာပင် လေထီးသည် လေကုန်ပြီး မြေကြီးပေါ်ကျသွားသောကြောင့် ဒရွတ်ဆွဲမှုရပ်တန့်သွားသည်။

ဂရေဂရီသည် ပွန်းပဲ့ရာများနှင့် တဒင်္ဂအသက်ရှူမှားငြိမ်သက်နေမိသည်။ ထို့နောက် ထိုင်လိုက်သည်။ လေထီးဆိုင်းကြိုးများကို ဖြုတ်လိုက်သည်။ မှောင်ခိုသမားတို့ စခန်းရှိသော မြောက်ဘက်တောင်ထိပ်ကို လွန်၍ ဖြာနေသောအလင်းရောင်သဲ့သဲ့ကို မြင်ရသည်။

ဂရေဂရီသည် မတ်တပ်ရပ်လိုက်သည်။ အိတ်ထဲမှ ဓါတ်မီးကို ထုတ်ယူပြီး ခလုပ်နှိပ်ကြည့်လိုက်သည်။ မီးလုံးကွဲနေသည်ကို တွေ့၍ ကျိန်ဆဲလိုက်မိသည်။ ထိုတောင်ထိပ်ကို လျှံတက်နေသော အလင်းသဲ့သဲ့မှလွဲ၍ တစ်လောကလုံး ပိန်းပိတ်မှောင်နေသည်။

သူသည် မီးရောင်ဘက်သို့ ခြေဦးတည်ခဲ့သည်။ မြက်ရှည်နှင့် ချုံပုတ်ပင်တို့ကို ပို၍ရင့်သော အမှောင်ကသာ ဖော်ပြနေသည်။ စိမ့်တောတစ်ခွင်လုံးကို ကြက်ခြေခတ် ဖြတ်သန်းနေသော မြောင်းများကို မြင်နိုင်သည့်နည်း မရှိချေ။

သတိဖြင့် ရှေ့တိုးသည့်တိုင်အောင် ခြေလှမ်းတိုင်းနီးနီး ခလုတ်တိုက်နေခဲ့သည်။ ဆယ်ကိုက်မျှ လျှောက်မိလျှင် အတားအဆီး

ကြီးကြီးနှင့် တွေ့ပြီး တိမ်းနေရသည်။

သူသည် ရေနည်းနေသော်လည်း နွံထူနေသော ချောင်းနှစ်ချောင်းကို ဖြတ်ကူးရသည်။ ချောင်းကမ်းပါးသို့ ရောက်သောအခါတွင်လည်း ခါးသွားတစ်မျှ ထက်သော ကျူတောကို တိုးရသည်။

တကယ့်အိပ်မက်ဆိုးပင်.... ခါးလည်ထိ ရေစိုရွှဲနွမ်းလျ၊ ပွန်းပဲ့၊ ဒေါသထွက်နေသည့်ကြားက ရှေ့သို့သာ တွင်တွင်တိုးခဲ့သည်။ သို့တိုင်အောင် ရှေ့မှမီးရောင် နီးလာပုံမရချေ။ မိနစ် ၂၀ ကာလတွင် မိုင်ဝက်ခရီးပင် ပေါက်ဟန်မတူချေ။

ထို့နောက် သံဆူးကြိုးစည်းရိုးတစ်ခုသို့ ရောက်သည်။ သံဆူးကြိုးစည်းရိုးကို ကျော်လိုက်သောအခါတွင် မြက်ပင်ထူသော ကမ္ဘားစောက်သို့ ရောက်သည်။ ထိုကမ္ဘားကို လေးဘက်ထောက် တက်ရသည်။ ကမ္ဘားထိပ်တွင်မူ ညီညာနေသည်။ နောက်တာဒင်္ဂတွင်ပင် မီးရထား ဇလီဖားတုံးကို ခလုပ်တိုက်မိပြီး သံလမ်းနှစ်လမ်းကြားပြင်းထန်စွာ ကျသွားသည်။

ဂရေဂရီ ကျိန်ဆဲရင်း ကုန်းထလိုက်သည်။ ကမ္ဘားစွန်းတစ်ဘက်လောက်တွင် မီးရောင်ကို တွေ့ရသောကြောင့် ယင်းကမ္ဘားအတိုင်း အနောက်မြောက်ဘက်သို့ လျှောက်လာသည်။

မှောင်ခိုသမားများ၏ လျှင်မြန်သွက်လက်မှုကို မြင်ဖူးထားသောကြောင့် ခပ်သုတ်သုတ်လျှောက်လာခဲ့သည်။ တောတိုးရင်း အချိန်ကုန်ရသောကြောင့် မှောင်ခိုသမားများနှင့် လွဲသွားနိုင်သည်။

ကိုက် ၂၀၀ မျှ ခရီးမပေါက်ခင်မှာပင် ဒန်ကွိနက်စ်မြို့မှ တက်လာသော မီးရထားတစ်စင်း၏ အသံကို သူ့နောက်ဘက်တွင် ကြားလိုက်ရသည်။ ဂရေဂရီသည် သံလမ်းဘေးသို့ ခုန်ချပြီး ဝပ်နေလိုက်



သည်။

ရထားမှာ ကုန်တွဲ ၆ တွဲမျှသာပါသော ရထားတိုလေးသာဖြစ်သည်။ ရထားကျော်သွားသည်နှင့် ဂရေဂရီသည် ပုန်းခိုနေရာမှ ထွက်၍ ရထားလမ်းပေါ် တက်လိုက်သည်။ ရထားနောက်သို့ လိုက်လာခဲ့သည်။

ရထားသည် ရှေ့နားလေးမှာပင် ရပ်တန့်သွားသောကြောင့် ဂရေဂရီ အံ့ဩသွားသည်။ သော့သော့လျှောက်နေရာမှ သုတ်သုတ်ပြေးမိလိုက်သည်။

ငါးမိနစ် အကြာတွင်မူ ရထားနောက်ဆုံးတွဲနှင့် ကိုက် ၅၀ အကွာသို့ ရောက်လာသည်။ သူသည် တောင်စောင်းတစ်ဖက်သို့ လျှောဆင်းလိုက်ပြီး တောင်စောင်းအတိုင်း တွားလာခဲ့သည်။ တီပုံ သဏ္ဌာန် လမ်းပြမီးအလင်းရောင်ကြောင့် မြင်ကွင်းတစ်ခုလုံး ပီပီပြင်ပြင် ထင်ရှားနေသည်။ မီးများ၏တစ်ဘက်တွင် လေယာဉ်ပျံကြီးနှစ်စင်းနှင့် ထော့ကျိုးပျံသန်းလာခဲ့သော လေယာဉ်ပျံလေး ရပ်တန့်ထား၏။ ကျန်လေယာဉ်ပျံများ ပျံတက်သွားပြီဖြစ်ပြီး... ယင်းလေယာဉ်ပျံများ ချထားခဲ့သော ကုန်စည်များကို တွေ့နေရသည်။ သူကြည့်နေချိန်မှာပင် လေယာဉ်ပျံကြီးတစ်စင်း ပျံတက်သွားသည်။ မြင်းကောင်ရေ ၂၄၀ အား စက်နှစ်လုံးတပ် ဒီဟာဗီလန် နဂါးလေယာဉ်ပျံဖြစ်သည်။ ပုံမှန်အားဖြင့် ခရီးသည် ၈ ဦး သယ်ဆောင်နိုင်သည်။ ဤနေရာတွင်မူ ကုန်စည် တန်ဝက်လောက် သယ်ဆောင်နိုင်သည်။ လေယာဉ်ပျံတွင် အသံတိတ်ကိရိယာ တပ်ဆင်ထားသောကြောင့် ဤလေယာဉ်ပျံမျိုး ၆ စင်းမျှ ပေတစ်သောင်းအမြင့်မှ ပျံသန်းလျှင်ပင် လူသိမည် မဟုတ်ချေ။

ဂရေဂရီသည် ခြံစည်းရိုးအောက်မှ တိုးဝင်၍ ခြောက်သွေ့နေသော လှိုဏ်တစ်ခုထဲ ဝင်လိုက်သည်။ မကြာခင်မှာပင် လေယာဉ်များဆင်းသက်သော ကွင်းနှင့် ကိုက် ၂၀၀ မျှသာ ကွာဝေးတော့သည်။

ကုန်ရထားပေါ်မှ သေတ္တာများကို လူလေးဆယ်ခန့် အသဲအသန် ချနေသည်။ ယင်းတို့အား တောင်စောင်းအတိုင်း အောက်သို့ လျှောချနေသည်။ တစ်ချိန်တည်းမှာပင် လေယာဉ်များပေါ်မှ ချထားသော သေတ္တာများကို တွဲလွတ်များအပေါ် ပြန်တင်သူက တင်နေသည်။

ဂရေဂရီသည် ဆယ်မိနစ်မျှ ငြိမ်ကြည့်နေသည်။ ထိုအချိန်အတွင်း၌ပင် မှောင်ခိုပစ္စည်းအားလုံး ရထားပေါ်တင်ပြီး တွဲတံခါးများ ပိတ်လိုက်ပြီးဖြစ်သည်။ နောက်ဆုံး လေယာဉ်ပျံတက်သွားခဲ့ပြီး အချက်ပြမီးများကို ငြိမ်းသတ်လိုက်ရာ မီးတုတ်တစ်ခုသာ ကျန်တော့သည်။

ရထား စတင်ခုတ်မောင်းသွားသည်။ လန်ဒန်မြို့တော်ဘက်သို့ တဟုန်ထိုး မောင်းနှင်သွားသည်။

အလုပ်သမားများသည် ဖြစ်ကတတ်ဆန်း ပစ်ပုံထားသော သေတ္တာများကို ကျော်ပိုး၍ မီးကျည်အလင်းရောင် ထွင်းမဖောက်နိုင်သော အမှောင်ထဲသို့ ဝင်ရောက်သွားကြသည်။

ခဏအကြာတွင် မီးကျည်ပါ ဖြုတ်သွားကြသည်။ ဂရေဂရီသည် ယင်းတို့ လူတန်းနောက်သို့ လိုက်သွားရာ မကြာခင်မှာပင် ခြံစည်းရိုးပင်တန်းများဖြင့် ကွယ်နေသော အိမ်တစ်လုံးကို ရောက်ရှိလာသည်။ အိမ်မှာ တစ်လုံးတည်းသာတည်ရှိနေပြီး လမ်းပေါ်သို့ ထိုးထွက်နေသည်။



အိမ်အောက်ဘက် ပြတင်းပေါက်တစ်ပေါက်ကို ခန်းဆီး ပိတ်ထားသော်လည်း အလင်းရောင်ပျပျ ဖောက်ထွက်နေသည်။

ဂရေဂရီသည် ခြံစည်းရိုးတန်းနားသို့ မိကျောင်းသွား တွားတက်တက်သွားပြီး အသာပြူကြည့်လိုက်သည်။ အလုပ်သမားများသည် လော်ရီကားတစ်စင်းပေါ်သို့ သေတ္တာများ တင်နေသည်။ နောက်ဆုံး မီးကျည်ကို ရုတ်တရက် ငြိမ်းသက်လိုက်သည်။ နှစ်မိနစ်အကြာတွင် လော်ရီကားများပေါ်သို့ သေတ္တာများ တင်ဆောင်ပြီးစီးသွားသည်။ အလုပ်သမားများပါ ကားပေါ်တက်၍ ရိုမန်နီမြို့လေးဘက်သို့ မောင်းနှင်ထွက်ခွာသွားသည်။

နောက်ဆုံး လော်ရီကားသံ ပျောက်ကွယ်သွားချိန်မှာပင် အသံတုံတုံတစ်ခု ပေါ်လာသည်။ အသံတုံတုံမှာ ကောင်းကင်ပြင် ခပ်နိမ့်နိမ့်မှ ပေါ်ထွက်လာပြီး တဖြည်းဖြည်း ထိုးတက်သွားသည်။ ထော့ကျိုးလေယာဉ်ပျံဖြင့် လူမသိသူမသိ ထွက်ခွာသွားသော အသံဖြစ်ကြောင်း ဂရေဂရီ သဘောပေါက်လိုက်သည်။ ပတ်ဝန်းကျင်တစ်ခုလုံး ပြန်လည်တိတ်ဆိတ်သွားသည်။ ထိုအရပ်တွင် ဖြစ်ပွားခဲ့သော ဥပဒေမဲ့ လှုပ်ရှားမှု၏ အရိပ်အယောင်ဟူ၍ တစ်မြူတစ်မှုံမျှပင် မတွေ့ရတော့ချေ။

ဂရေဂရီသည် သူပုန်းခိုနေရာမှ ထွက်၍ တိတ်ဆိတ်နေသော အိမ်ရှေ့ဘက်သို့ တိုးတိုးတိတ်တိတ် ကပ်လာသည်။ အောက်ထပ်အခန်းထဲမှ မီးရောင်မဖြာတော့သော်လည်း အပေါ်ထပ် အိမ်ရှေ့ပိုင်း ပြတင်းပေါက်တွင် မီးရောင်တွေ့ရသည်။ လိုက်ကာကို နမော်နမဲ့ဆွဲပိတ်ထားသောကြောင့် လင်းထိန်နေသော မီးတန်းဖြာထွက်နေသည်။

ပြတင်းပေါက်မှာ မြင့်လွန်းသောကြောင့် အတွင်းအခြေအနေကို မကြည့်သာချေ။ သို့သော် ထိုပြတင်းပေါက်မှ ဖြာထွက်သော အလင်းတန်းကြောင့်ပင် အိမ်ရှေ့တံခါးဝရှိ ဆိုင်းဘုတ်ကို ဖတ်ရှု၍ရသည်။ ဓီးကွက်ညိုကြည်းခိုခန်းဟု ဆိုင်းဘုတ်ပေါ်တွင် ရေးသားထားပြီး ရိုမန်နီမြို့၏ တောင်ဘက်ရထားလမ်းနှင့် ကိုက် ၂၀၀, ၃၀၀ အကွာလောက်တွင် တည်ရှိသည်ဟု ဂရေဂရီ တွက်ဆလိုက်မိသည်။

ဂရေဂရီသည် တည်းခိုဆောင်အိမ်ကြီးကို ကျော်ခိုင်း၍ လမ်းအတိုင်း ကိုက် ၁၀၀ မျှ လျှောက်ခဲ့သည်။ ရပ်တန့်၍ စီးကရက်မီးညှိလိုက်သည်။ သူ အတော်နွမ်းလျနေသည်။ ဘက်ရှ်ဖို့မြို့ဆီ ကားကြုံရသည်အထိ မည်မျှလောက် လမ်းလျှောက်ရမည်မှန်း မသိချေ။ ဘက်ရှ်ဖို့မြို့လောက်မှာသာလျှင် မနက်ရထား ဆိုက်နိုင်ကောင်းသည်။

ထိုမြို့ရောက်လျှင် အိပ်နိုင်သည်။ သို့မဟုတ် လမ်းတွင်ကြုံသည့် အရက်ဆိုင်တစ်ဆိုင် နိူးပြီး အိပ်နိုင်သည်။ သို့သော် သူ့လုပ်ကိုင်းလုပ်နည်းကား ဤသို့မဟုတ်ချေ။ ဝဲလ်စ် သူ့အတွက် အတော် စိုးရိမ်ကြောင့်ကြနေပေလိမ့်မည်။ ထိုညကိစ္စကို သိလိုစိတ်ပြင်းနေမည်။ သူရရှိခဲ့သော သတင်းကို တစ်နာရီ၊ နှစ်နာရီစောခြင်း၊ နောက်ကျခြင်းကပင် အကျိုးပြုမှု ကွာခြားစေနိုင်သည်။

သို့ကြောင့် နွမ်းလျနေသည့်တိုင် ပစ်လဲ အိပ်ချလိုက်ချင်သည့်တိုင် ကွက်စ်ပန်းခြံသို့ အမြန်ဆုံး ရောက်အောင်ကြိုးပမ်းမည်ဟု ဆုံးဖြတ်ချက် ချလိုက်သည်။ သူသည် ကုန်းတွင်းပိုင်းသို့ ဦးတည်နေသော လမ်းအတိုင်း ခြေလှမ်းကြဲကြဲဖြင့် လျှောက်ခဲ့သည်။

❖ ❖ ✳ ❖ ❖



## အခန်း (၁၅)

ဤတစ်ချိန်တွင် ကံကောင်းသူက ဂယ်ရီဝဲလ်စ် ပင်။ ဂရေဂရီ ဘုရားတရား တ၍ တဟုန်ထိုးကျနေခိုက်တွင် သူသည် လေယာဉ်ပျံကို အသာကွေ့၍ အနောက်တောင်ဘက်သို့ ပျံသန်းခဲ့သည်။ ကွက်စ်ပန်းခြံထဲ ဆင်းသက်ခြင်းဖြင့် မလိုအပ်သော စွန့်စားမှုများ မလုပ်တော့ရန် ဆုံးဖြတ်လိုက်သည်။ ကွက်စ်ပန်းခြံ မာဂတ်နှင့် ကုမ်စ်ဂိတ်မြို့ အလယ်လောက်တွင် တည်ရှိသော မန်စ်တွန်မြို့ရှိ ဗြိတိသျှ လေတပ်စခန်းတစ်ခုသို့ မောင်းနှင်ခဲ့သည်။ ထိန့်ထိန့်လင်းနေသော ပြေးလမ်းပေါ် ဆင်းသက်ခဲ့သည်။ တာဝန်ကျအရာရှိအား သူ၏ဝန်ထမ်းကတ်ပြား ထုတ်ပြလိုက်သည်။ အရာရှိက သူ့ကို မာဂက်စ်မြို့သို့ ပို့ဆောင်ပေးမည့်ကားပါ စီစဉ်ပေးလိုက်သည်။ မာဂက်စ်မြို့သို့ ရောက်သည်နှင့် ပိုက်ကာလစ်ဟိုတယ်သို့ ဦးတည်လိုက်သည်။ တစ်ခဏတာ သက်တောင့်သက်သာ အိပ်စက်ခွင့် ယူထိုက်လောက်အောင် စွန့်စားခဲ့ပြီးပြီဟု မှတ်လိုက်သည်။

ဂယ်ရီဝဲလ်စ်သည် မနက်စောစောထသော အကျင့်ရှိသည်။ နာရီအနည်းငယ် နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျသွားပြီး အားအင်ပြည့်စွာ နိုးလာခဲ့သည်။

အိပ်ရာထသည်နှင့် မနက် ရေမိုးချိုးလိုက်သည်။ ရေမိုးချိုးရင်း သီချင်းအော်ဆိုချင်စိတ် ပေါက်လောက်အောင်ပင် ရွှင်နေခဲ့သည်။ သို့သော် မနက် ၆ နာရီခွဲမျှသာ ရှိသေးသောကြောင့် တစ်ခြားဧည့်သည်များကို အနှောင့်အယှက်ပြုရာ ရောက်မည်မှာ သေချာသည်။ သူသည် ဂရေဂရီအတွက် ထူးထူးခြားခြား ကြောင့်ကျမှု မဖြစ်ချေ။ လေထီးများကို အမှားအယွင်းမရှိအောင် ထုပ်ပိုးမှန်းကို သူသိသည်။ လေထီး မပွင့်မရှိ ပွင့်ကိုပွင့်မည်ဟု ယုံကြည်ပြီးသားပင်။

တစ်ခါမှ အတွေ့အကြုံမရှိသောကြောင့် ဂရေဂရီ အနည်းငယ် တုန်လှုပ်ကောင်း တုန်လှုပ်နေခဲ့ပေမည်။ သို့သော် ဂရေဂရီကို မောင်သံချောင်းဟု သဘောပေါက် ယုံကြည်ပြီးသားပင်။ မည်သည့် အခက်အခဲမျိုးကြုံကြုံ အလံထူ ထိုးထွက်နိုင်မည်ကို ယုံကြည့်ပြီးသားပင်။

ရေစက်များ ခြောက်သွားအောင် သုတ်ရင်း အတွေးများက မီလ်လီထံသို့ ရောက်သွားသည်။ အတော်လှပ၍ ချစ်စရာကောင်းသော မိန်းကလေးဟု ထင်မှတ်မိသည်။ ဆာဗီနီကို တကယ့်အလှပဂေးဟု မြင်မိသော်လည်း ထိုမျှ လှပသောမိန်းမမျိုးကိုမူ သူ မချစ်ရဲချေ။ လုပ်ငန်းသဘောအရသာ ဆက်ဆံမှု ပြုမိသည်။

အဝတ်အစားလဲရင်းဖြင့် အခြေအနေကို သုံးသပ်လိုက်သည်။ ဂရေဂရီ ရောက်မလာမချင်း သူ ဘာမှ မလုပ်နိုင်သေးကြောင်း



သဘောပေါက်မိသည်။ သာယာလှပသော ဩဂုတ်လ မနက်ခင်းအလဟဿ မကုန်သွားအောင် ဘာလုပ်သင့်သနည်း။ သူ့အတွေးများသည် မီလ်လီနှင့် ကွက်စ်ခြံသို့ ရောက်သွားသည်။ ဆာဗီနီ ထိုအိမ်မှာပင် ညအိပ်ခဲ့သည့်လော။ ဆက်လက်ထွက်ခွာသွားပြီလော။ ရှိ၊ မရှိ စုံစမ်းရန် သူ့တွင် တာဝန်ရှိသည်ဟု ယူဆလိုက်သည်။

ကွက်စ်ခြံသို့ ခရီးပေါက်ရောက်သည့် လိုင်းကားဖြင့်ပင် လာခဲ့သည်။ ကွက်စ် အနောက်ဘက် ဂိတ်အပြင်ဘက်တွင် မစ္စစ်ဘဒ်အား မပြတ်ဆက်သွယ်နေသော လူနှင့် ဆုံသည်။

'အခြေအနေထူးလား သော်မဆင်'

ဝဲလ်စ်က မေးလိုက်သည်။

'ဘာမှ မထူးပါဘူး ဆရာ၊ ဘယ်ဧည့်သည်မှ ထပ်မရောက်လာပါဘူး၊ မနေ့ညက ကားနဲ့လာတဲ့ အမျိုးသမီး ခုထိရှိပါသေးတယ်'

ဝဲလ်စ် ခေါင်းဆက်လိုက်သည်။ သစ်ပင်များ အုပ်ဆိုင်းနေသော ကားဝင်လမ်းအတိုင်း လျှောက်လာပြီး နောက်ဖေးဘက်သို့ ချိုးကွေ့လိုက်သည်။ အိမ်ဘေးတံခါးကို ရောက်သွားသည်။

သူ တံခါးဝသို့ ရောက်ချိန်မှာပင် ဥယျာဉ်ထဲမှ ပဲသီးတောင့်များ ဆွတ်လာသော မစ္စစ်ဘဒ် ရောက်လာသည်။ သော်မဆင်၏ စကားကို အတည်ပြုလိုက်သည်။

'ညစာ စားပြီးကတည်းက အပေါ် တက်အိပ်နေတာ သူ့အတွက် မနက်စာ ပြင်ပေးဖို့ အကြောင်းကြားမယ်၊ လာမနိူးနဲ့လို့မှာထားခဲ့တယ်'

ထိုအချိန်မှာပင် မီလ်လီ အိမ်ထဲမှ ထွက်လာသည်။ ဝဲလ်စ်ကို တွေ့သောအခါတွင် ရှက်ပြုံးပြုံးလိုက်သည်။ ဝဲလ်စ်က ရွှင်မြူးစွာ

ခေါင်းဆတ် နှုတ်ဆက်လိုက်သည်။

'ကျုပ်တို့ အလိုက်မှန်သွားတယ်၊ ဒါပေမယ့် နေ့ခင်းလောက်အထိ စောင့်ရမယ်..... နေ့ခင်း ဒါမှမဟုတ် မစ္စတာ ဆောလပ်စ် ရောက်လာတဲ့အထိပေါ့၊ မွန်းမတည့်ခင် ရောက်မယ်မထင်ပါဘူး၊ အဲဒီတော့ အချိန်နှစ်နာရီ သုံးနာရီလောက် ဖြုန်းနိုင်တယ်.... ဖြုန်းရလိမ့်မယ်၊ ဒီတော့ ကိုယ် တွေးမိတယ်....'

'ဘာ တွေးမိသလဲ'

မီလ်လီက စကားထောက်လိုက်သည်။

'ကိုယ့်လေယာဉ်ပျံက မန်စတွန် လေတပ်စခန်းမှာ ဒီကနေ နှစ်မိုင်လောက်ပဲ ဝေးတယ်... အဲဒါ မင်း အချိန်ရရင် လေယာဉ် လိုက်စီးချင်တယ်လို့ပြောတာ တကယ်လား..... လို့ တွေးနေတာ'

မီလ်လီ၏ မျက်နှာလေး အနည်းငယ် ဖြူရော်သွားသည်။

'ရှင်.... ရှင်နဲ့ဆို ပျော်စရာကောင်းမယ် မှတ်တယ်'

'ခေါ်သွားမယ်နော်..... မစ္စစ်ဘဒ်'

'ဘေးမသီရန်မခ ပြန်ခေါ်လာမယ်ဆိုရင် ကန့်ကွက်စရာ မရှိပါဘူး၊ ဒါပေမယ့် လေယာဉ်တွေက သိပ်စိတ်ချရတာ မဟုတ်ဘူး မဟုတ်လား'

'စိတ်ပူစရာ မရှိပါဘူး၊ ဒီလို နေသာတဲ့ရက်မှာ ကားမောင်း ထွက်ရတာလိုပါပဲ'

မီလ်လီသည် မစ္စစ်ဘဒ်ကို လှမ်းကြည့်လိုက်သည်။

'တကယ်လိုက်သွားမယ်နော်....အန်တီ'

'သွားလေကွယ်.... ကိုယ့်ကိုကိုယ် ဂရုစိုက်ပေါ့.... သွား ပျော် ပျော်ပါးပါးလေး'



ဝဲလ်စ်နှင့် မီလ်လီသည် အိမ်နောက်ဖေးဘက်မှ နေ၍ အိမ်ဘေး လမ်းသို့ ဖောက်ထွက်ခဲ့သည်။ ထိုမှတစ်ဆင့် ခြံကြီး၏ အရှေ့ဘက် တံခါးသို့ လျှောက်လာခဲ့သည်။ နှစ်ယောက်လုံး အတန်ကြာ တိတ်ဆိတ်နေမိသည်။ စကားရှာနေသော်လည်း ဦးနှောက်မှ ထွက်မလာချေ။ ဝဲလ်စ်သည် ယင်းတို့ ညာဘက်ခပ်လှမ်းလှမ်းတွင် အီဖလ် မျှော်စင်ကဲ့သို့သော အချက်ပြမျှော်စင်ကြီး ဆင့်ထားသော မျှော်စင်ကို လှမ်းကြည့်လိုက်သည်။

'အဲဒါ ဘာလုပ်တဲ့နေရာလဲ.... လေယာဉ်တွေကို အချက်ပြတဲ့ စခန်းကလွဲလို့ပေါ့... တစ်ခြား ဘာသုံး'

'အဲဒါ ဝါတာလူးမျှော်စင်လို့ ခေါ်တယ်ထင်တယ်၊ ဝါတာလူး တိုက်ပွဲဖြစ်တဲ့နှစ်မှာ တည်ဆောက်ထားတာပဲ၊ အဲဒီမှာ ခေါင်းလောင်း ၁၂ လုံးရှိတယ်၊ လွန်ခဲ့တဲ့ နှစ်နှစ်သုံးနှစ်အထိ ကန့်နယ်မြေတစ်ခွင်မှာ အသံသာဆုံး ခေါင်းလောင်းတွေပေါ့၊ ကတာဘူရီကျောင်းတော်ကြီးမှာ ခေါင်းလောင်း ၁၀ လုံးပဲ ရှိခဲ့တယ်၊ နောက်ထပ် နှစ်လုံး ထပ်တိုးမှ ဒီမျှော်စင်နဲ့ ညီသွားတယ်၊ အဲ... ဟိုဘက်မှာ မျှော်စင် တစ်ခု ရှိသေးတယ်'

မီလ်လီသည် ပြောပြောဆိုဆိုပင် ဘယ်ဘက်သို့ မျက်လုံး ဝေ့လိုက်သည်။ မြက်ခင်းပြင် ကုန်းမို့မို့မှ ထိုးထွက်နေသော အဆောက်အဦးမြင့်ကြီးတစ်လုံး တွေ့ရသည်။

'ဗိုလ်မှူး... ပိုဝဲလ်ကော့တွန်ရဲ့ အဖေဟာ တကယ့် သဘော ဝါသနာရှင်ကြီးလို့ ပြောတယ်... ပင်လယ်အော်ကို ဖြတ်သန်းသွားတဲ့ သူ့မိတ်ဆွေတွေရဲ့ သင်္ဘောတွေကို ဒီကနေ အချက်ပြလေ့ရှိတယ်၊ ဒီကနေ သစ်ပင်တွေ ကွယ်နေလို့ ပင်လယ်ကို လှမ်းမမြင်

ရဘူး၊ ဒါပေမယ့် တစ်မိုင်လောက်ပဲ လှမ်းတယ်'

'အမြောက်ဟောင်းတွေလည်း တော်တော်စုနဲ့တာပဲ'

ဝဲလ်စ်သည် ကုန်းမို့ထက်တွင် လခြမ်းပုံသဏ္ဌာန် ဖြန့်ချထာ သော အမြောက်ဟောင်းကြီး ၆ လက်ကို လှမ်းကြည့်ရင်း မှတ်ချက် ချလိုက်သည်။

'ဟုတ်တယ်... အချို့အမြောက်ကြီးတွေက တော်ဝင်ရေ သဘော်က အမြောက်တွေ၊ အမြောက်လေးတွေကိုတော့ ကင်းစ်ဂိတ် ရဲတိုက်က ယူလာခဲ့တာ၊ အဲဒီကုန်းမို့ကတော့ ဆက်ဆွန်သင်းချိုင် ဟောင်းလို့ ပြောတယ်၊ ဆက်ဆွန်လူမျိုး ခေါင်းဆောင်ကြီးတ ယောက်ကို ဂုဏ်ပြုတဲ့အနေနဲ့ တည်ထားတာတဲ့.... ဒါကြောင့် ဒီမှ သရဲလည်းရှိတယ်၊ မဖြူရောင်မယ်လို့ ခေါ်တဲ့ အဲဒီသရဲမဟ ညဘက်ကျရင် တောအုပ်နားက လမ်းမှာ လမ်းသလားပြီး အဲ ကုန်းမို့ရောက်ရင် ပျောက်သွားသတဲ့။ အဲဒီလူမျိုးခေါင်းဆောင်ကြီးရဲ အငယ်ဆုံးမယားလို့ ပြောတယ်'

'သူ့ကို တွေ့ဘူးသလား'

'မတွေ့ဖူးပါဘူး၊ ဘယ်သူမှ မတွေ့ကြတာလည်း အတော်ကြ ပြီ ထင်ပါတယ်..... ဘယ်လိုပဲဖြစ်ဖြစ်လေ အဲဒီ တောလမ်းကို ကျွန် မလျှောက်ပါဘူး'

'ကိုယ်ပါရင်ရော'

ဝဲလ်စ်က ပြုံး၍ မေးလိုက်သည်။

သူမ ရှက်သွေးဖြာသွားသည်။

'ဒါဆိုရင်တော့ လျှောက်ရင် လျှောက်မှာပေါ့.... အဲဒါက တစ်မျိုးပဲ'



ခဏအကြာတွင် ဂိတ်တံခါးမကြီးသို့ ရောက်လာသည်။ လယ်ကွင်းများကို ဖြတ်၍ လျှောက်ခဲ့သည်။ နှစ်မိုင်လောက် လျှောက်သောအခါတွင် လေတပ်စခန်းသို့ ရောက်ရှိသည်။

လေတပ်စခန်းသို့ ရောက်သောအခါတွင် လေတပ်အရာရှိတစ်ဦးထံမှ လေသူရဲဝတ် ဂျာကင်တစ်ထည် ငှားလိုက်သည်။ မီလ်လီအား လေယာဉ်ပေါ် တင်ပို့လိုက်သည်။ မီလ်လီမှာ အနည်းငယ် ကြောက်လန့်နေသော်လည်း ပထမဆုံးအကြိမ် လေယာဉ်စီးရမည့် အတွေးဖြင့် စိတ်လှုပ်ရှားနေခဲ့သည်။

အရှေ့ပိုင်း ကန့်ဒေသထက် ကောင်းကင်ယံတွင် တစ်နာရီနီးပါးမျှ ဝေ့ဝိုက်ပျံသန်းနေခဲ့သည်။ ဘရော့စတဲမာဂိတ်နှင့် ဝက်စ်ဂိတ်မြို့၏ ကမ်းခြေများတွင် အပန်းဖြေ နေပူစာလှုံနေသော သူများက ခပ်နိမ့်နိမ့် ပျံသန်းလာသော လေယာဉ်ပျံကို လက်ဝှေ့ယမ်းနှုတ်ဆက်ကြသည်။

'ကဲ.... ဘယ်လိုသဘောရလဲ'

မန်စတွန်လေယာဉ်ကွင်းသို့ ပြန်လည်ဆင်းသက်ပြီးသောအခါတွင် ဝဲလ်စ်က လှည့်ပြန်ကြည့်၍ မေးလိုက်သည်။

'သိပ်.... သိပ်ကောင်းတာပဲ'

မီလ်လီက အသက်ရှူမှားလျက်ပင် ဖြေလိုက်သည်။ သူမ လေယာဉ်မူးမည်ဟု ထင်မှတ်ခဲ့သော်လည်း အရုပ်ကလေးမျှတစ်မျှ သေးငယ်သော မြို့ရွာအိမ်များနှင့် လူများကို ကြည့်နေရသည်ကပင် သဲတဖိုဖို စိတ်လှုပ်ရှားစေခဲ့သောကြောင့် လေယာဉ်မူးရမည်ကိုပင် မေ့သွားသည်။

လေယာဉ်ပျံကို လေယာဉ်ဂိုထောင်ထဲ ပြန်ထည့်ပြီးနောက်

ကွက်စ်ခြံသို့ ပြန်ခဲ့ကြသည်။ မွန်းမတည့်မီ နာရီဝက်လောက် အချိန်တွင် ပြန်ရောက်သွားသည်။

အိမ်သို့ ရောက်သောအခါတွင် မစ္စစ်ဘဒ်၏ ဧည့်ခန်းထဲသို့ ဝင်သွားရာ ဧည့်ခန်းထဲရှိ ပက်လက်ကုလားထိုင်အဟောင်း တစ်လုံးတွင် ခြေပစ်လက်ပစ် ထိုင်နေသော မုတ်ဆိတ်မွေး ငုတ်တို၊ အဝတ်အစား ဘိုသီဘက်သီနှင့် ပုဂ္ဂိုလ်ကို တွေ့ရသည်။ ထိုပုဂ္ဂိုလ်ကား ဂရေဂရီပင်ဖြစ်သည်။ အိပ်ရေးပျက်နွမ်းနယ် နေရာမှလန်းဆန်းသပ်ရပ် လှပနေသော ဝဲလ်စ်ကို မြင်သောအခါတွင် သူ၏ရင်ထဲတွင် ပြန်လည်ပေါ့ပါးလန်းဆန်းသွားသည်။

ဂရေဂရီသည် ခနဲ့ပြုံး ပြုံးလိုက်သည်။

'တော်တော် စိတ်ချမ်းသာ ကိုယ်ချမ်းသာ ဖြစ်နေတယ်ထင်ပါ့.. ဒီမှာပင် အပန်းဖြေ နေထိုင်တော့မယ်ဟု ကြံရွယ်နေသလား ခင်ဗျာ'

ဂယ်ရီဝဲလ်စ်က မျက်ခုံးများ မြင့်တက်သွားသည်။

'ခင်ဗျား ပြန်ရောက်ပြီလား.... မွန်းတည့်လောက်မှ ရောက်မယ်လို့ မှတ်နေတာ'

'ပြန်ရောက်တာပဲ ကံကောင်းတယ်လို့မှတ်.....ကျုပ်မှာတော့ဗျာ လေထီးနဲ့ချက်ခြင်းဆင်းခဲ့ပြီးတော့ နှစ်နာရီအတွင်း ဒီရောက်အောင် ခြေကုန်လျှောက်ခဲ့ရတယ်၊ ခင်ဗျားကတော့ ခင်ဗျား ဘယ်လောက်တော်တဲ့ လေသူရဲမှန်း မီလ်လီကို ကြွားနေတယ်ပေါ့'

မီလ်လီ၏ မျက်နှာ ရဲတွတ်သွားသည်။

'ကျွန်မ.... ကျွန်မ... အန်တီကို သွားရှာလိုက်ဦးမယ်၊ ကျွန်မကို ခွင့်ပြုပါအုံး'

သူမက ဗလုံးဗထွေး ပြောလိုက်သည်။ လွန်ခဲ့သော တဒင်္ဂအထိ



ရွှင်လန်းနေခဲ့သော မျက်နှာလေး ပျက်သွားသည်။

'သွားလေ... ကလေး၊ ဒါပေမယ့် ငါတို့ရဲ့ စုံထောက်သူရဲကောင်းကြီး အစွမ်းပြမိတာ မင်းအပြစ် မပါပါဘူး၊ နောက်ပြီး ငါက သူ့ကို လုပ်သင့် မလုပ်သင့် အမိန့်ပေးနိုင်တဲ့ အခြေအနေမှာ မရှိပါဘူး၊ ငါက သူ့ဆရာကြီး မဟုတ်ပါဘူး'

ဂရေဂရီက စကား လျှောချလိုက်သည်။

မီလ်လီ အခန်းထဲမှ ထွက်သွားသောအခါတွင် ဝဲလ်စ်က မေးလိုက်သည်။

'ဘာတွေ ထူးခဲ့လဲ'

'အဲဒီက ဧးကွက်ညို တည်းခိုဆောင်မှာ ဌာနချုပ်ဖွင့်ထားတယ်၊ စိမ့်တောမြေအလယ်မှာ ဘယ်ဘက်ကသွားသွား မိုင်အတော်ဝေးတဲ့ နေရာပဲ ဒါပေမယ့် ဒန်လီနက်စ်မြို့ကနေ အက်ရှိတိုမြို့ပြေးတဲ့ ရထားလမ်းဘေးနားမှာ'

ဂရေဂရီက သူတွေ့ကြုံခဲ့သမျှကို ပြောပြလိုက်သည်။

'ဟိုဘက် ဒီဘက် ပြောင်းရွှေ့လိုက်တဲ့ ပစ္စည်းသေတ္တာတွေဟာ တစ်ပုံစံတည်းချည်းပဲ'

ဂရေဂရီက နီဂုံးချုပ်လိုက်သည်။

ဝဲလ်စ်က မျက်လုံးများ လင်းလဲ့သွားသည်။

'တရားဝင် ဝင်လာတဲ့ အကောက်ခွန်ဆောင်ဖို့ မလိုတဲ့ ပစ္စည်းတွေကို မှောင်ခိုပစ္စည်းတွေနဲ့ အလဲအလှယ် လုပ်လိုက်တာပဲ.... ကျုပ်တို့ အခု စုံစမ်းရမှာကတော့ အဲဒီ ပစ္စည်းတွေကို နောက်ဆုံး ဘယ်ပို့တယ်ဆိုတာပဲ'

ဂရေဂရီသည် သူ့အိတ်ထဲတွင် ဂရုတစိုက်ထည့်ထားသော

လျှို့ဝှက်သင်္ကေတ ကြေးနန်းစာကို ထုတ်ယူလိုက်သည်။

'နောက်ဆုံး နှစ်ကြောင်းကို ကြည့်စမ်း၊ ခုနှစ်... အဲဒါ မနေ့က ၄၃... ၄၇.... ရှစ်..... အဲဒါ ဒီနေ့ ၄၃ နောက် ၄၇ ပဲ.... အဲဒီဂဏန်းပဲ ပြန်ပါနေတော့ ဒီညလည်း အဲဒီကွင်းကို သုံးမယ်ထင်တယ်၊ ဒါပေမယ့် ဒီတစ်ခါ လေထီးနဲ့ အတတ်ဆန်းတာ မလုပ်တော့ဘူး၊ ဒီညနေ ဘက်ရှ်ဖို့ကို လေယာဉ်ပျံနဲ့ သွားမယ်၊ အဲဒီမှာ ကားတစ်စင်းငှားမယ်၊ ဓိုးကွက်ညိုတည်းခိုခန်းနဲ့ ခပ်လှမ်းလှမ်း မထင်မရှား တစ်နေရာမှာ ဆိုက်ထားမယ်၊ ပြီးတော့ အခြေအနေ သွားကြည့်မယ်၊ ကံကောင်းရင်တော့ ခင်ဗျား လိုချင်တဲ့အချက်ကို ရမယ်ထင်တယ်'

'ကောင်းတယ်၊ ကျုပ်တို့ ရထားပေါ်ကို တစ်နည်းနည်းနဲ့ ရောက်အောင် တက်ရလိမ့်မယ် ထင်တယ်၊ အဲဒါမှ လန်ဒန်မြို့ ဘယ်သူ့ဆီ ပို့မှန်း လိပ်စာကြည့်နိုင်တယ်'

ဝဲလ်စ်က ဆိုလိုက်သည်။

ဂရေဂရီသည် မာဂိတ်ရှိ စိန်ဂျော့ဟိုတယ်သို့ သွား၍ အနားယူရန် ဆုံးဖြတ်လိုက်သည်။ ဝဲလ်စ်က သူ့ကို ည ၇ နာရီတွင် လာခေါ်ရန် သဘောတူလိုက်သည်။

ဂရေဂရီ ထလိုက်ချိန်မှာပင် မစ္စစ်ဘဒ် ဝင်လာသည်။

'ရှင်တို့ နှစ်ယောက်စလုံး လစ်တော့.... ကျွန်မ ဆာဗီနီဆီ မနက်စာ ပို့ပြီးပြီ၊ ခဏနေ ဆင်းလာလိမ့်မယ်၊ သူ ဒီမှာ နောက် နှစ်ရက်သုံးရက် နေအုံးမယ်လို့ ပြောတယ်၊ အဲဒီတော့ ရှင်တို့ နောက် တစ်ခါလာရင် သတိထား၊ သူနဲ့ ပက်ပင်းတိုးနေအုံးမယ်'

'ကျေးဇူးပဲ မစ္စစ်ဘဒ်၊ ကျုပ် အခုပဲ သွားတော့မလို့'

ဂရေဂရီက ပြောလိုက်သည်။ ထို့နောက် ဝဲလ်စ်ဘက်သို့ လှည့်



မေးလိုက်သည်။

'လိုက်မှာလား..... ဝဲလ်စ်'

'သွားတော့သွားမှာပဲ..... ဒါပေမယ့် ခင်ဗျားနဲ့ လမ်းမတူဘူး၊ ကျုပ် ညနေအထိ ဘာမှ လုပ်စရာမရှိတော့ ဒီနေ့ခင်း ဘာချင်တွန်မှာ အချိန်ဖြုန်းမလားလို့'

ဝဲလ်စ်က ခပ်ယောင်ယောင် ပြောလိုက်သော်လည်း ဂရေဂရီက သဘောတူလိုက်သည်။

'သူ့ကို ဘရက်စ်ဖော့စားတော်ဆက်မှာ နေ့လယ်စာ ကျွေးလိုက် ကလေးခိုးမှုနဲ့ အဖမ်းမခံရအောင်တော့ သတိထား'

ဂရေဂရီက သရော်တော်တော် ပြော၍ ထွက်ခဲ့သည်။

မီလ်လီသည် ဝဲလ်စ်၏ ဖိတ်ခေါ်မှုကို လက်ခံလိုက်သည်။ ဂရေဂရီ ပြောသည့် စားတော်ဆက်မှာပင် နေ့လယ်စာ စားပြီးနောက် မြို့တစ်ဘက်ရှိ အနောက်ကမ်းခြေတွင် ရေကူး နေပူစာ လှုံကြသည်။

၇ နာရီလောက်တွင်မှ ဂရေဂရီကို ခေါ်ရန် စိန်ဂျော့ဟိုတယ်သို့ ရောက်လာသည်။ တစ်နေ့ခင်းလုံး အိပ်စက်လိုက်ရ၍ ဂရေဂရီ အား ပြည့်လန်းဆန်းနေခဲ့သည်။

တစ်နာရီအကြာတွင် ဝဲလ်စ်၏ လေယာဉ်ပျံဖြင့် ဘက်ရှ်ဖို့မြို့ သို့ ရောက်ရှိပြီး အငှားကားတစ်စီးဖြင့် ဓိုးကွက်ညိုတည်းခိုဆောင်သို့ ဦးတည်ထွက်ခွာလာသည်။

ထို ၁၅ မိုင် ခရီးပေါက်သောအခါလောက်တွင် နေဝင်ဆည်းဆာ ကျနေချေပြီ။ အနိမ့်ပိုင်းကျသော စိမ့်တောမြေတွင် အမှောင်ပျိုးနေပြီ၊ သူတို့သည် သာမန်ခရီးသွား နှစ်ဦးကဲ့သို့ပင် ဓိုးကွက်ညို တည်းခိုဆောင်၏ စားသောက်ခန်းသို့ ဝင်ခဲ့ပြီး အရက် မှာသောက်

လိုက်သည်။

ဓီးကွက်ညိုတည်းခိုဆောင်သည် မနေ့ညက အမှောင်ထဲတွင် ရေးရေးမြင်ခဲ့ရစဉ်ကထက် သေးငယ်ပုံရသည်။ ဧည့်ခန်းဆောင်တစ်ခုသာရှိပြီး ထိုအခန်းထဲမှပင် အရက်ခန်း စားသောက်ခန်းများ နားနေခန်း ဖြစ်နေသည်။

ထိုဆိုင်၏ ပိုင်ရှင်လည်းဖြစ်၊ ဝန်ထမ်းလည်း ဖြစ်ပုံရသော မျက်နှာနီနီနှင့် လူကြီးက သူတို့ကို စားပွဲထိုးသည်။ မှုန်မှုန်ကုပ်ကုပ် ဖြစ်နေပြီး သဘောဆိုးမည့်ပုံပင်။

အခြေအနေအရ လုပ်ကြံဇာတ်လမ်း ဖန်တီးစွမ်းကြွယ်လှသော ဂရေဂရီက ယင်းတို့သည် လက်နက်ဌာနမှ အရာထမ်းနှစ်ဦးဖြစ်ပြီး လက်နက်စခန်းတည်ရှိရာ လိုက်ဒ်မြို့တွင် ညအိပ်ရမည့်ကိစ္စ ဆိုက်နေကြောင်း ပြောပြသည်ကို ထိုသူက စိတ်မပါဟန်ဖြင့် နားထောင်လိုက်သည်။ ယဉ်ကျေးမှုအရသာ ယင်းတို့တိုက်သော အရက်တစ်ခွက်ကို လက်ခံပြီး ဘားနောက်တွင် ခပ်တည်တည်ကြီး ထိုင်နေခဲ့သည်။

ဝဲလ်စ်က နောက်တစ်ခွက် ထည့်လိုက်သည်။ ထို့နောက် အခန်းတွင်းရှိသော ရှေးဟောင်းနာရီကြီး ကိုးနာရီ မြည်ချိန်တွင် ဂရေဂရီကို လှည့်ပြောလိုက်သည်။

'ကျုပ်တို့ သွားချိန်တန်ပြီ ထင်တယ်'

ယင်းတို့ ကားဆီသို့ ထွက်လာပြီး မောင်းထွက်ခဲ့ကြသည်။

ဓီးကွက်ညိုတည်းခိုဆောင်မှ ထွက်လာသည်နှင့်ပင် မှောင်ရိပ် လေယာဉ်ပျံများ ဆင်းသက်ခဲ့သည့်ကွင်းကို လှမ်းမြင်ရသည်။ ကွင်းမှာ ကားလမ်းနှင့် ရထားလမ်းကြားတွင် တည်ရှိသော ကိုက်



၃၀၀ မျှ ကျယ်ဝန်းသော မြက်ခင်းပြင်ပင် ဖြစ်သည်။

ဂရေဂရီတို့ ကားဆက်မောင်းလာခဲ့သည်။ ခဏအကြာတွင်မူ လမ်းဘေး ဘယ်ဘက်တွင် ကုန်းမို့မို့ တွေ့ရသည်။ ယင်းပေါ်သို့ ကိုက် ၅၀ မျှ ကျော်မောင်းလိုက်သောအခါတွင် လှိုလေးဘစ်ခုသို့ ရောက်သွားသည်။ ကားတစ်စီးကောင်းကောင်း အစပျောက်နိုင်သည့် ထိုနေရာတွင် ခိုအောင်းနေရန် ဆုံးဖြတ်လိုက်သည်။ ကောင်းကောင်း ညဥ့်နက်သွားမှသာ မှောင်ခိုအုပ်စုရောက်ရှိလာမည်မှန်း သဘော ပေါက်မိသည်။

အချိန်ကုန်အောင် စောင့်ဆိုင်းရသည်လောက် အချိန်ကုန်ခဲသော ကာလမရှိချေ။ ၁၁ နာရီခွဲသွားရန် အတော်ကြာကြာ စောင့်ဆိုင်းလိုက်ရသည်။

၁၁ နာရီခွဲသောအခါတွင် ကားမှ ခွာ၍ လေယာဉ်ဆင်းကွင်းနှင့်နီးနီးနားနားတွင် ပုန်းခိုရန် ဆုံးဖြတ်လိုက်သည်။

ယင်းတို့သည် ဓီးကွက်ညိုတည်းခိုဆောင်ဘေးမှ ဖြတ်လျှောက်ခဲ့ပြန်သည်။ ဆိုင်ပြတင်းပေါက်တစ်ပေါက်မှ မီးရောင်သာတွေ့ရတော့သည်။ခဏအကြာတွင် ဂရေဂရီမနေ့ညက တိုးခဲ့သော ချုံထဲသို့ ရောက်ပြန်သည် ထိုနေရာမှ ဆက်လျှောက်လာရာ ရထားလမ်းအောက် တောင်စောင်းသို့ ရောက်လာသည်။ ထိုနေရာမှနေ၍ လေယာဉ်ဆင်းကွင်းတစ်ခုလုံးကို စီးမြင်ရသောကြောင့်ထိုနေရာမှာပင် နေရာယူရန် ဆုံးဖြတ်လိုက်သည်။

ယင်းတို့ မိနစ် ၂၀မျှ ငြိမ်သက်နေပြီးနောက်တွင် ကုန်းတွင်းပိုင်းမှ မောင်းနှင်လာနေသော ကားတစ်စင်း၏ အသံကို ကြားရသည်။ ကားသည် ဓီးကွက်ညို တည်းခိုဆောင်ရှေ့တွင် ရပ်တန့်လိုက်

သည်။ ခဏအကြာတွင်မှ လေယာဉ်ဆင်းကွင်းတွင် လူတစ်စု သဏ္ဍာန်ကို မြင်ရသည်။ ရှူးကနဲမြည်သံ တစ်ချက်ပေါ်လာပြီး ရုတ်တရက် မီးကျည်တစ်ခု လင်းထိန်သွားသည်။ လေယာဉ်ပျံများကို လမ်းပြရန် တီပုံသဏ္ဍာန် မီးကျည်များ ထွန်းညှိရန်အသင့်ပြင်နေသည်ကို တွေ့ရသည်။ ခဏအကြာတွင် မီးကျည်အားလုံး ထိန်ထိန်လင်းနေသည်။

ခဏအကြာတွင် အနောက်မြောက်ဘက်မှ ချဉ်းကပ်လာနေသော လေယာဉ်ပျံတစ်စင်း၏ စက်သံကို ကြားလိုက်ရသည်။

လေယာဉ်ပျံ ဆင်းသက်လာသည်။ မနေ့ညက ကွက်စ်ခြံတွင် တွေ့ခဲ့သော လူလေးဦးစီးလေယာဉ်ပျံပင်ဖြစ်သည်။ လေယာဉ်ပေါ်မှ ဆင်းသက်လာသော အရပ်ရှည်ရှည် သဏ္ဍာန်တစ်ခုကို တွေ့ရသည်။ လူစုဘက်သို့ ထော့နဲ့ ထော့နဲ့ လျှောက်သွားသည်။ လေယာဉ်ပေါ်မှ ကုန်စည်ချ၍ ရထားပေါ်ပြောင်းတင်သည့် ကိစ္စမှာ ထော့ကျိုး၏ တာဝန်ဖြစ်ပုံရသည်။

ထိုနောက် လမ်းပေါ်မှကားစက်သံ အုံးအုံးကြားရသည်။ ဝဲလ်စ်တို့သည် ထိုကားများကို လှမ်းမမြင်ရချေ။ သို့သော် ယင်းစက်သံများသည် ဓါးကွက်ညို တည်းခိုဆောင်နောက်တွင် ရပ်တန့်သွားသည်။ ကုန်စည်များ သယ်ပိုးမည့် အလုပ်သမားများနှင့် တင်ဆောင်လာသော ကုန်တင်လော်လီကားများ၏ အသံမှန်း သိလိုက်သည်။ မကြာခင်မှာပင် လူအယောက် ၃၀ မျှ နှစ်ယောက်တစ်စု၊ သုံးယောက်တစ်စုဖြင့် ကွင်းထဲသို့ ရောက်လာသည်။

အရှေ့ဘက် ကောင်းကင်ပြင်မှ အသံသစ် တစ်ခုပေါ်လာပြန်သည်။ တဖြည်းဖြည်း အသံကျယ်လာသည်။ အချက်ပြမီးများမှိတ်



ထားပြီး ညဘက်ဆင်းသက်မှုတွင် အလေ့အကျင့်ကောင်းစွာရထားသော ဒီဗီလန် လေယာဉ်များတစ်စင်းပြီး တစ်စင်း ဆင်းသက်လာသည်။

လေယာဉ်တစ်စင်း ဆင်းသက်၍ ပန်ကာ ရပ်တန့်သွားသည်နှင့် ထိုလေယာဉ်ပျံသို့ လူတစ်စု ပြေးသွားပြီး ကုန်ပစ္စည်းများ သွက်လက်စွာချလိုက်သည်။နောက်ဆုံး လေယာဉ်ပျံ ဆင်းသက်လာချိန်တွင် ညရထားတစ်စင်းခုတ်မောင်းလာသည်။ ကွင်းပြင်အနီးတွင် ရပ်တန့်သွားသည်။

ဝဲလ်စ်သည် ဂရေဂရီ၏ ပခုံးကို တို့လိုက်ပြီး လှိုဏ်ထဲသို့ နောက်ပြန်ဆင်းလိုက်သည်။

'ကျုပ်တို့ ဒီမီးရောင်နဲ့ ကွယ်အောင် ရထားဟိုဘက်ကိုကူးမှဖြစ်မယ် .. ဒီကနေ တွဲတစ်တွဲထဲ ဝင်ဖို့ ကြိုးစားရမယ်'

ယင်းတို့သည် သံဆူးကြိုး စည်းရိုးကို ကျော်တက်၍ တောင်စောင်းကို တွားတက်ခဲ့သည်။ သံလမ်းတစ်ဘက်သို့ လေးဘက်တွားကူးခဲ့ပြီး ရထားရပ်တန့်ထားရာသို့ ရောက်လာပြန်သည်။

ရထားတစ်ဘက်တွင် အပြင်းအထန် အလုပ်လုပ်နေကြသည်။ ရထား၏ ရှေ့တွဲမှ သေတ္တာများကို အပြင်သို့ တွန်းပစ်ချနေသည်။ ဝဲလ်စ်သည် ကုန်းစောင်းတစ်ဘက်သို့ တွားတက်ပြီး ရထားတွဲ တစ်တွဲကို လှမ်းတက်လိုက်သည်။သို့သော် သော့ခတ်ပိတ်ထားသည်ကို တွေ့ရသည်။ ဂရေဂရီ စမ်းကြည့်သော တွဲလည်း ထိုသို့ပင် ပိတ်ထားသည်ကို တွေ့ရသည်။ ယင်းတို့နှစ်ယောက်လုံး တွဲများပေါ်မှ ခုန်ဆင်းပြီး ခေါင်းချင်းဆိုင်လိုက်ပြန်သည်။

'ဒီဘက်ပေါက်တွေကို ဖွင့်မှာ မဟုတ်ဘူး'

ဂရေဂရီက ရေရွတ်လိုက်သည်။

'ဟုတ်တယ် .. အဲဒီတော့ ချထားတဲ့ သေတ္တာတစ်လုံးကိုပဲ စွန့်စွန့်စားစားကြည့်ရမယ်'

ဝဲလ်စ်က ပြန်လည်ဖြေလိုက်သည်။

ယင်းတို့သည် ရထားဘီးလုံးများကြားမှ တွားဝင်လိုက်သည်။ ခဏအကြာတွင် တွဲဆက်နေရာသို့ရောက်သည်။ မှောင်ခိုသမားများသည် ယင်းတို့နှင့်ပေအနည်းငယ် အကွာတွင် အပြင်းအထန်အလုပ်လုပ်နေသည်။ ပထမဦးဆုံးရောက်ရှိလာသော လေယာဉ်ပျံများ ကုန်စည်များချပြီး ပျံတက်ရန်ပင် ပြင်နေပြီ။

ရထားတွဲများမှ ပစ်ချနေသော သေတ္တာများမှ သေတ္တာတစ်လုံးသည် အောက်အထိ မလျှောပဲ တောင်စောင်းမြက်ခင်းပေါ်တွင် ငြိတင်နေသည်။ ဝဲလ်စ်သည် ယင်းသေတ္တာပေါ်မှအမှတ်အသားများကိုလည်ပင်းဆန့်ကြည့်လိုက်သည်။သို့သော် သူ့ဘက်မျက်နှာပြုသော အပိုင်းမှာ မှောင်ရိပ်ကျနေသည်။

ဝဲလ်စ်သည် ရထားအောက်မှ ခေါင်းပြူ၍ ဟိုဘက်ဒီဘက်ကြည့်လိုက်သည်။ မှောင်ခိုသမားများသည် ကုန်သေတ္တာများကို အသည်းအသန်တွန်းချနေသည်။ ဂယ်ရီဝဲလ်စ် စွန့်စားရန် ဆုံးဖြတ်လိုက်သည်။

သူသည် တွဲအောက်မှ အသာထွက်၍ မတ်တပ်ရပ်လိုက်သည်။ တောင်စောင်းတွင် တင်နေသော သေတ္တာသို့ လှမ်းသွား၏။ကျန်လူများ မြင်ကွင်းသို့ရောက်သွားသည်။ ကျန်လူများမြင်လျှင် သူတို့အဖော်ဟု ထင်မှားလက်ခံကောင်းမည်ဟု ဘုရားတဆုတောင်းလိုက်မိသည်။



ဝဲလ်စ်သည် ထိုသေတ္တာကို မ၍ ကျန်သေတ္တာများဆီသို့ ပစ်ချရန် ဟန်ပြင်ရင်း သေတ္တာ၏ထိပ်တွင် ကပ်ထားသော လိပ်စာကပ်ပြားကြီးကို ဖတ်ရှုရန် ကြိုးစားလိုက်သည်။

'ဟေး .. အဲဒီကောင် ဘာလုပ်နေတာလဲ'

ဝဲလ်စ်၏နောက်ဘက်မှ အသံပေါ်လာသည်။

ရထားမောင်း သို့မဟုတ် မီးထိုးသမား၏ အသံပင်ဖြစ်ပုံရသည်။ ရထားတွဲအောက်မှ ရုတ်တရက်ထွက်လာသော ဝဲလ်စ်ကို မြင်၍ လှမ်းအော်လိုက်ခြင်းပင်ဖြစ်သည်။

မှောင်ခိုသမားများသည် ယင်းတို့၏ သေတ္တာများကို ရုတ်ချင်းပစ်ချ၍ ဝဲလ်စ်ဘက်သို့ လှည့်ကြည့်လိုက်သည်။ စက္ကန့်ပိုင်းအတွင်းမှာပင် တောင်စောင်းအောက်ဘက်မှ အသံတစ်သံ ပေါ်လာသည်။

'ဟော့ကောင် .. ဒီလာစမ်း .. ပစ်ထည့်လိုက်ရမလား'

ဓါတ်မီးတစ်လက် လှဲသွားသည်။ ထော့ကျိုးက အမိန့်ပေးလိုက်ခြင်းမှန်း ရထားအောက်တွင် ဝပ်နေသော ဂရေဂရီ မြင်လိုက်သည်။

ဂရေဂရီသည် သူ့ပစ္စတိုလ်ဒင်ကို ဆုတ်ကိုင်လိုက်မိသည်။ သို့သော် ဤနေရာက အဂ်လန်ထော့ကျိုးကို ပစ်ထည့်လိုက်လျှင် မလိုလားဖွယ်ကောင်းသော အဖြစ်အပျက်များ ကြုံလာနိုင်သည်။ ဂရေဂရီသည် ဓါတ်မီးကိုပြောင်းကိုင်လိုက်ပြီး ကွဲနှစ်တွဲကြားတွင် အသာရပ်လိုက်သည်။ ထို့နောက် ဝဲလ်စ်ပြန်မဖြေနိုင်ခင်မှာပင် ဓါတ်မီးကိုအားကုန်လွှဲပစ်လိုက်သည်။ ဓါတ်မီးသည် ထော့ကျိုး၏ နဖူးတည့်တည့်ကို တန်းတန်းမတ်မတ်ထိမှန်သွားသည်။

'ပြေး ဟ .. ပြေး'

ဂရေဂရီက ဝဲလ်**စ်ကို အော်ဟစ်** သတိပေးလိုက်သည်။

ထော့ကျိုးသည် **ဓါတ်မီး**မှန်သည့် အရှိန်ဖြင့် ပစ်ကျသွားသည်။ ဝဲလ်စ်က ရထားလမ်းဘေး**သို့ ခုန်တက်**လိုက်သည်။ သို့သော် သူ့ကို လှမ်းမြင်ပြီး အော်ဟစ် သ**တိပေး**ခဲ့သော ရထားသမားက ရထား ခေါင်းပေါ်မှ ခုန်**ဆင်း**၍ သူ့**ခါးကို** လှမ်းဆွဲလိုက်သည်။

ထိုအချိန်မှာပင် ထော့ကျိုးလူးလဲထပြီး သူ့လူများကို အော်ဟစ် အမိန့်ပေးလိုက်သည်။ မှောင်ခိုသမား ၆ ဦးခန့် ဂရေဂရီကို ဝိုင်းလာ သည်။

ဂရေဂရီသည် မှောင်ခိုသမားတစ်ဦး၏ နားသယ်စပ်ကို လက် သီးဖြင့် ထိုးလိုက်သည်။ထိုလူခွေကျသွားသည်။ အခြားတစ်ဦးကို ခြေထိုးခံပေးလိုက်သည်။ တောင်စောင်းအတိုင်း ကျွမ်းထိုးမှောက်ခုံ ကျသွားသည်။

ဝဲလ်စ်သည် ရထားသမား လက်မှ ရုန်းထွက်ပြီး ဂရေဂရီကို ကူညီ**ရန်** လှည့်လိုက်သည်။ သို့သော် မှောင်ခိုသမားများ **အရပ်** ရှစ် မျက်နှာမှ ပြေးဝင်လာကြသည်။

'ဝဲလ်စ် အပြင်းအထန် ခုခံတိုက်ခိုက်သော်လည်း မှောင်ခို သမားများကြားတွင် ပိနေသော ဂရေဂရီထံ မရောက်နိုင်ခဲ့ချေ။ နောက်တ**စ်စက္က**န့်အကြာတွင် သူလည်း လူ ၁၂ ယောက်အောက်တွင် ပိပြားသွားသည်။ တစ်ယောက်က သူ့နံကြားကို ကန်ထည့်လိုက် သ**ည်။ နောက်**တစ်ဦးက မှောက်ရက်ကျ**နေ**သော သူကျောပေါ် ဒူး ထောက်ထား၏။သူ၏လက်**နှစ်ဘက်ကို နောက်**ပြန်လိမ်ချိုးထား၏။

❖ ❖ ✳ ❖ ❖



**အခန်း (၁၆)**

အပြင်းအထန် သတ်ပုတ်တိုက်ခိုက်ခဲ့ရ၍ ပွန်းပဲ့မူးဝေနေသော ဂရေဂရီနှင့် ဝဲလ်စ်သည် ဆွဲထူခံလိုက်ရသည်။ ကုန်းဆင်းအတိုင်း တွန်းချခံလိုက်ရသည်။ သူတို့နှစ်ဦးကို သရဲသဘက်စီးနေသည့် မျက်နှာထားနှင့် လူ ၅၀ မျှ ဝိုင်းထားသည်။ လေသူရဲများ၊ ကုန်ထမ်း သမားများနှင့်ရထားသမားများ အားလုံးဝိုင်းရံလာကြသည်။

ထိုလူအုပ်ထဲသို့ အရပ်ရှည်ရှည် သဏ္ဍာန်တစ်ခုက တိုးဝင်လာ သည်။ အုံးအုံးကြွက်ကြွက် ဖြစ်နေသူများကို ဟန့်လိုက်သည်။

'တိတ်စမ်း .. အားလုံးနောက်ဆုတ်ရပ် .. ဒီကိစ္စ ငါရှင်းမယ်'

ပြောလိုက်သူကား ထော့ကျိုးပင် .. လူအုပ်က နေရာပေးလိုက် သည်။စက်ဝိုင်းခြမ်းပုံ ရံလိုက်သည်။

ထော့ကျိုးသည် အကျဉ်းသား နှစ်ဦးကို ပြုံးကြည့်လိုက်သည်။ သူ၏ နဖူးပြင်တွင် ဓါတ်မီးမှန်၍ ဒဏ်ရာမှ သွေးအနည်းငယ် စီး ကျနေသည်။

'မင်း ... မင်း ... မင်း ...'

ထော့ကျိုးသည် ဗလထွားထွားနှင့်လူလေးဦးကို လက်ညှိုးညွှန်လိုက်သည်။

'ဒီကောင်တွေကို တည်းခိုဆောင်ခေါ်သွား .. ကျန်တဲ့လူတွေအလုပ်ဆက်လုပ် .. ဒီကိစ္စကြောင့် နှစ်မိနစ်လောက် နှောင့်နှေးသွားပြီ .. လိုက်မှီအောင် အသဲအသန် လုပ်ကြ'

ဂရေဂရီနှင့် ဝဲလ်စ်အား လူထွားကြီး လေးဦးက အနောက်မှ ကပ်လိုက်လာသည်။

'ဘာမှ အတတ်မဆန်းနဲ့ ဆန်းတာနဲ့ ပစ်သတ်လိုက်မယ်'

စောစောက အတိုက်ခိုက်ခံရမှုကြောင့် အားကုန်နေသောသူတို့သည်။ ယင်းတို့အား ဖမ်းဆီးခေါ်ဆောင်သွားသူများနောက် ဒရွတ်တိုက်ပါသွားနိုင်ခြင်းမှ လွဲ၍ တစ်ခြားဘာမှ မကြံတတ်စွမ်းသေးချေ။

ဧည့်ကြိုတည်းခိုဆောင်၏ ဧည့်ခန်းထဲသို့ပင် သူတို့ကို တွန်းသွင်းလိုက်ပြီး တံခါးဆောင့်ပိတ်လိုက်သည်။ ကောင်တာနောက်တွင် ပိုင်ရှင်လူထွားကြီးရှိနေသေးသည်။ ထရိုဗီလ်လီမှ ဓါးသမားကမူ ဘားကောင်တာကို မှီ၍ ဘရန်ဒီသောက်နေသည်။ သူသည် ဤတစ်ကြိမ်တွင်မူ လေသူရဲဝတ်စုံ ဝတ်ထား၏။

'ဘာဖြစ်တာလဲ'

အခန်းထဲဝင်လာသူများကို ဆီးမေးလိုက်သည်။

'သူလျှိုတွေလေ .. ရထားပေါ်တက်ဖို့ကြိုးစားတုံး ဖမ်းမိထားတာ .. ကာကွယ်ရေး အရာရှိ ဖြစ်မှာပေါ့ .. မကြာခင်သိမှာပါ'

ထော့ကျိုးက အသံမာမာဖြင့် ပြောလိုက်သည်။

ဓါးသမားက လှောင်ပြုံးပြုံးလိုက်သည်။ သူ၏ အကျီလက်



မောင်းကြားမှ ဓါးတစ်လက်ကို ဆွဲထုတ်လိုက်သည်။

'သူလျှိုတွေ ဟုတ်လား ... ကျုပ် ဖြောင့်ချက်ယူပေးရမလား'

'လုပ်မနေနဲ့ ကိုရော့ .. ဒီမှာ ဒါမျိုးမလိုဘူး'

ထော့ကျိုးက ကိုရော့၏ ဓါးကို လက်ခါပြလိုက်သည်။ ထို့နောက် ဂရေဂရီကို ကြည့်လိုက်သည်။

'ကဲ .. မင်းပြောစမ်း ဘာလုပ်ဖို့ ကြံတာလဲ'

ဂရေဂရီသည် လူဆိုးနှစ်ဦးက ညှစ်ကိုင်ထားသည့်ကြားမှ မတ်တပ်ရပ်ရန် ကြိုးစားလိုက်သည်။

'ခင်ဗျားတို့ ဘာလုပ်နေတယ်ဆိုတာ ပြောပါ၊ ကျုပ်တို့ ဘာမှလုပ်နေတာ မဟုတ်ဘူး၊ ဘာမှ ကြံနေတာ မဟုတ်ဘူး၊ စိမ့်တောထဲမှာ လမ်းပျောက်နေခဲ့တယ်၊ မီးရောင်မြင်လို့ အကူအညီတောင်းဖို့ လာခဲ့တယ်၊ ဒါပေမယ့် ကျုပ်တို့ ပါးစပ်မဟနိုင်အောင် ခင်ဗျားတို့ တိုက်ခိုက်ခဲ့တယ်'

'ညာတာ.... ဒီနှစ်ယောက် ညကိုးနာရီလောက်က ဒီရောက်လာတယ်၊ လက်နက်ဌာနကလို့ ပြောတယ်၊ လန်ဒန်မှာ ညအိပ်သွားမလို့လို့ ပြောတယ်'

ဆိုင်ရှင်က ဘားကောင်တာပေါ် ကိုင်းညွတ်ရင်း ပြောလိုက်သည်။

'ဟုတ်တယ်လေ... ဒါပေမယ့် ကျုပ်တို့ ကားလမ်းမှာ ပျက်သွားလို့ ဒီကပြန်လာပြီး ဖုန်းဆက်ဖို့ ကြိုးစားတာ ကျုပ်တို့က ဖြတ်လမ်းမှတ်ပြီး လျှောက်လာတာ လမ်းပျောက်သွားတယ်၊ အဲဒီတာတွေမြောင်းတွေကြား တလည်လည်ဖြစ်နေတာ တော်တော်ကြာပြီ'

ဂရေဂရီက ဟိတ်ဟန်နှင့် ပြောလိုက်သည်။

'ဟုတ်တယ်'

ဝဲလ်စ်က ထော့ကျိုးကို ဘုကြည့်ကြည့်ရင်း ထောက်ခံလိုက်သည်။

'ခင်ဗျားက အစိုးရအတွက် ထိပ်တန်းလျှို့ဝှက်ကိစ္စတစ်ခု ဆောင်ရွက်နေတဲ့အတွက် အလုပ်သမားအုပ်စုနဲ့ အလုပ်ကြပ်ဖြစ်ရင် ဖြစ်မယ်၊ ဒါပေမယ့်... ကျုပ်တို့ကို ဒီလိုဆက်ဆံတာ မသင့်တော်ဘူး။ ခင်ဗျားကျုပ်တို့ကို အခုချက်ချင်း မလွှတ်ရင် ရဲကို အကြောင်းကြား မယ်'

ယင်းတို့ ထော့ကျိုးတို့ကိစ္စပါ လုံးဝမသိပါဟု အတည်ပြော ဟန် ပီပီပြင်ပြင်ပေါက်သော်လည်း ဝဲလ်စ်၏ အသံကြားသည်နှင့် ကိုရှော့သည် ရှေ့သို့ နှစ်လှမ်းသုံးလှမ်း တက်လာပြီး ဝဲလ်စ်၏ မျက် နှာကို စေ့စေ့ကြည့်လိုက်သည်။

ထို့နောက် ရယ်မောလိုက်သည်။ ကြားရသူ စိတ်မချမ်းသာစ လောက်သည့် အောက်ကလီအာ ရယ်သံမျိုးပင်။

'ဘယ်လိုဖြစ်ရတာလဲ'

ထော့ကျိုးက မေးလိုက်သည်။

ကိုရှော့က ပခုံးတွန့်လိုက်သည်။

'ဒီကောင် စကော့တလန်ယာဒ်က စုံထောက်.... ကျုပ်တို့နဲ့ ထရိုဝီလီမှာ ကြုံခဲ့တဲ့ကောင်ပဲ'

ကိုရှော့သည် ပြောပြောဆိုဆိုပင် ဂရေဂရီကို တစ်ချက် ပြ ကြည့်လိုက်သည်။

'အော်.... မိတ်ဆွေဟောင်းကြီးပါလား'

ကိုရှော့သည် ဓါးကို ဖြုတ်ခနဲ ဆွဲထုတ်လိုက်ပြန်သည်



ထရိုဝီလ်လီပွဲတွင် ဂရေဂရီ ဝင်နှောက်လိုက်ပုံကို ချက်ချင်း အမှတ် ရသွားသည်။

ကိုရှော့ ခေါင်းထက်သို့ ဓါးသွား ရုတ်တရက် မြောက်တက် သွားချိန်တွင် ဂရေဂရီက အလိုလို နောက်ပြန်တွန့်လိုက်သည်။ သို့ သော် ပေါက်မည့်ဓါး လက်မှ မလွှတ်ခင်တွင် ထော့ကျိုးက ကိုရှော့ ၏ ဓါးကိုင်လက်ကို ဖမ်းဆွဲလိုက်သည်။

'ဒီမှာ မလုပ်နဲ့ မင်းလေယာဉ်ပျံတွေ ထွက်တော့မယ်၊ လေယာဉ် ပျံတွေနဲ့ စိတ်ချလက်ချ ပြန်သွား၊ ဒီနှစ်ယောက် တို့ကို တစ်သက်လုံး နှောင့်ယှက်နိုင်အောင် ငါ စီစဉ်လိုက်မယ်၊ မနက် မလင်းခင် နှစ် ယောက်လုံး ရှင်းပစ်မယ်၊ ဒါပေမယ့် နောက်ပိုင်းပြဿနာ မတက် အောင် ရှင်းဖို့လိုတယ်'

ထော့ကျိုးက ခက်ထန်စွာ ပြောလိုက်သည်။

ကိုရှော့၏ မျက်နှာသည် ကစားစရာ အလုခံလိုက်ရသော ကလေးငယ်တစ်ဦး၏ မျက်နှာကဲ့သို့ စူပုတ်သွားသည်။ ပခုံးတွန့်ပြီး ဂရေဂရီ၏ ခြေရင်းတွင် တံတွေး ထွေးယုံသာထွေးလိုက်သည်။ ထို့ နောက် ချာခနဲ လှည့်၍ အခန်းထဲမှ ထွက်သွားသည်။

'သူတို့ကိုယ်ကို ရှာဖွေကြည့်စမ်း'

ထော့ကျိုးက အမိန့်ပေးလိုက်သည်။ သူ့လက်ပါးစေ လေးဦးက ဂရေဂရီနှင့် ဝဲလ်စ်၏ အိတ်များကို မွှေနှောက်လိုက်သည်။

ပစ္စတိုများ၊ ညကြည့်မှန်ပြောင်းများ၊ လက်နှိပ်ဓါတ်မီးများ စာများနှင့် ငွေများ ထွက်လာသည်။ အရက်စားပွဲပေါ် ပုံသွားသည်။ ထော့ကျိုးသည် စာများကို လျှပ်တပြက် ကြည့်လိုက်ပြီး သူ၏အကျႌ အိတ်ထဲသို့ ထိုးထည့်လိုက်သည်။

'ငါ့လေယာဉ်ပျံကို ခေါ်သွား'

ထော့ကျိုးက အမိန့်ပေးလိုက်သည်။

မှောင်ခိုကွင်းသို့ ပြန်ရောက်သောအခါတွင် မြေပြင်ပေါ်တွင် လေယာဉ်ပျံလေးစီးသာ ကျန်တော့သည်ကို တွေ့ရသည်။ အလုပ်သမားများသည် ရထားတွဲမှ ချခဲ့သော ကုန်သေတ္တာများကို လော်ရီကားများဆီသို့ သယ်ဆောင်နေသည်ကို တွေ့ရသည်။ ရထားမှာမူ မရှိတော့ချေ။

လူလေးဦးစီး စက်တစ်လုံးတပ် လေယာဉ်ပျံလေးသည် ဒီဟာဗီလန် လေယာဉ်ပျံများနှင့် ခပ်လှမ်းလှမ်းတွင် ရပ်တန့်ထား၏။ ထော့ကျိုးသည် သူ့လေယာဉ်ပျံပေါ်တွင် တက်သွားပြီး ကြမ်းပြင်ကပ်နေသော အံဆွဲထဲမှ ကြိုးတစ်ခွေ ဆွဲထုတ်လာသည်။

'သူတို့ကို ကြိုးတုတ်ပြီးတော့ လေယာဉ်နောက်ခန်းထဲတင်လိုက်'

ဂရေဂရီနှင့် ဝဲလ်စ်တို့၏ ခြေနှင့်လက်များကို ကြိုးခိုင်ခိုင် တုတ်ပြီးနောက် လေယာဉ်နောက်ခန်းထဲ ထိုးတင်လိုက်သည်။ သူတို့ကို လူတစ်ယောက် စောင့်ကျန်ခဲ့စဉ် ထော့ကျိုးက ယာဉ်များကို ကြီးကြပ်ရန် ထွက်ခွာသွားသည်။

ခဏအကြာတွင် ကျန်လေယာဉ်ပျံများပါ တစ်စင်းပြီးတစ်စင်း ထွက်ခွာသွားသည်ကို ကြားရသည်။ မှောင်ခို လေယာဉ်ကွင်းကြီးမှာ မှောင်အတိကျနေသည်။ လော်ရီကားများ ထွက်ခွာသွားသံကို ကြားရသည်။ မှောင်ခိုသမားများအားလုံး ထွက်ခွာသွားပြီးမှ ထော့ကျိုးသည် လေယာဉ်ပျံသို့ ပြန်ရောက်လာသည်။ လေယာဉ်မှူး ထိုင်ခုံတွင် ဝင်ထိုင်လိုက်သည်။



လေယာဉ်ပျံတံခါးကို ဆွဲပိတ်ပြီး စက်နှိုးလိုက်သည်။ လေယာဉ်သည် ရှေ့သို့ တဟုန်ထိုး ပြေးသွားသည်။ တစ်ချက်နှစ်ချက် ခုန်ပြီးနောက်တွင် စက်သံမှန်မှန်ဖြင့် ထိုးတက်သွားသည်။

ခရီးစဉ်မှာ သိပ်မကြာလှချေ။ ဆယ်မိနစ်လောက်အကြာတွင် လေယာဉ်ပျံသည် ပြန်လည်ဆင်းသက်လာသည်။ အရေးပေါ်ကွင်းတစ်ခုကိုပင် ဆင်းသက်နေပုံရသော်လည်း ထော့ကျိုး၏ ကျွမ်းကျင်မှုကြောင့် တစ်ချက်တစ်လေမျှ ခုန်သွားခြင်း မရှိချေ။ လေယာဉ်စက်သံ ရပ်သွားသည်နှင့် အပ်ကျသံကြားရမတတ် တိတ်ဆိတ်သွားသည်။ ထို့နောက် ထော့ကျိုးသည် လေယာဉ်တံခါးကို ဖွင့်၍ အောက်သို့ ဆင်းသက်လိုက်သည်။ မလှမ်းမကမ်းမှ ဓါတ်မီးရောင်တစ်ချက်ပေါ်လာသည်။ အမှောင်ထဲတွင် အသံတစ်သံ ပေါ်လာသည်။

'သူလာနေပြီ'

'ကောင်းတယ်.... သူတို့နှစ်ယောက်လုံး ဒီထဲမှာ.... လေယာဉ်ပေါ်က ချပြီး အထဲခေါ်ခဲ့'

ထော့ကျိုးက အမိန့်ပေးလိုက်သည်။

ထော့ကျိုး၏လက်ထောက် လေယာဉ်မှူးသည် နောက်ခန်းထဲရှိ ဝဲလ်စ်၏ ပခုံးကို ဆွဲမပြီး လေယာဉ်တံခါးဝမှ အောက်ထိုး တွန်းချလိုက်သည်။ အောက်မှ လူနှစ်ယောက်က ဆီးဖမ်းပြီး မြေပြင်ပေါ်ချပေးလိုက်သည်။ ခဏအကြာတွင် ဂရေဂရီလည်း ထိုပုံစံဖြင့်ပင် လိုက်ပါလာ၏။

ဂရေဂရီသည် ပက်ဝန်းကျင်ကို လှည့်ပတ်ကြည့်လိုက်သည်။ လေပြေလေး တိုက်ခတ်နေသည်။ လေထဲတွင် ပင်လယ်ဆားရနံ့ပါနေသည်။ မည်သည့်အရပ်မှာမှ မီးရောင် မမြင်ရချေ။ သစ်ပင်အုပ်

ရိပ်ရိပ်ကိုလည်း မတွေ့ရချေ။ အထက်မှ အုပ်မိုးနေသော ကြယ်တာရာပြင်ကိုသာ မြင်ရသည်။

သူ ဆက်လက်မကြည့်ရှုနိုင်ခင်မှာပင် သူတို့၏ ခြေထောက်မှ ကြိုးများကို ဖြေလိုက်ပြီး ဆွဲထူလိုက်သည်။ ထော့ကျိုး၏ လက်ထောက်လေယာဉ်မှူးနှင့် လူသစ်နှစ်ဦးတို့က သူတို့ကို ရံ၍ ခေါ်လာကြသည်။ တစ်ချက်တစ်ချက် ဓါတ်မီးဖြင့် လမ်းကြည့်လာခဲ့သည်။

ခဏအကြာတွင် သံဆူးကြိုးစည်းရိုးသို့ ရောက်သည်။ ထိုစည်းရိုးကို ကျော်သောအခါတွင် မတ်စောက်သော ကုန်းမို့သို့ ရောက်သည်။ ကုန်းထိပ်တွင်မူ အပြိုင်ပြေးနေသော ရထားသံလမ်း နှစ်စုံကို တွေ့ရသည်။ တစ်ဘက်ကုန်းစောင်းမှ လျှောချပြီးနောက် ခြံစည်းရိုးသံတန်းများကို ဖြတ်သန်းခဲ့ပြန်သည်။ ကွင်းပြင်တစ်ခုထဲ ရောက်လာသည်။

ကွင်းပြင်အတိုင်း ကိုက်နှစ်ရာမျှ လျှောက်ပြီးနောက် ကုန်းမြင့်တစ်ခုကို ဆင်းသက်လာပြန်သည်။ သစ်သားစည်းရိုးတစ်ခုသို့ ရောက်သည်။ အစောင့်တစ်ဦးက တံခါးမကြီးကို ဖွင့်လိုက်သည်။ အုတ်ခင်းလမ်းတစ်ခုသို့ ရောက်လာသည်။ အုတ်ခင်းလမ်းအတိုင်း လျှောက်လာရာ နောက်ဖေးဥယျာဉ်လေးတစ်ခုကို ဖြတ်သန်း၍ အိမ်လေးတစ်လုံးသို့ ရောက်လာသည်။

အိမ်တစ်ခုလုံး မှောင်မဲနေသော်လည်း အံမဝင်သော တံခါးပေါက်၏အောက်မှ မီးရောင်တန်းတစ်ခု ဖြာထွက်နေသည်။ ထော့ကျိုးသည် တံခါးကို သုံးချက်ကျဲကျဲ ခေါက်လိုက်သည်။ ထို့နောက် နှစ်ချက်ဆင့် ခေါက်လိုက်သည်။

တံခါးဖွင့်လိုက်သူ၏ ရုပါက နှစ်လိုဖွယ် သိပ်မရှိချေ။ ကုပ်



ချောင်းချောင်း၊ ခပ်ထိုင်းထိုင်း ပုံစံပေါက်နေသည်။ နားရွက်ကထူသည်။ နှာခေါင်းက ကျိုးနေသည်။ တစ်ချိန်က လက်ဝှေ့သမားဖြစ်ခဲ့ပုံရသည်။

အခန်းထဲတွင် ရှေးဟောင်းပုံစံ မီးလင်းဖိုတစ်ခုနှင့် နံရံတစ်ခုနှင့်ကပ်နေသော အိမ်သုံးမီးဖိုကို တွေ့ရသည်။ အခန်းတစ်ဘက်တွင်မူ ဘီဒိုအကြီးစားထက်ပင် ကြီးပုံမရသော အခန်းတစ်ခန်းတွေ့ရသည်။ စတိုခန်း ဖြစ်ပုံရသည်။ ဧည့်ခန်းရော မီးဖိုဆောင်ပါတွဲနေသည့် အခန်းပင်။

နှာကျိုးသည် တံခါးပြန်ပိတ်ပြီး မင်းတုံးပါ ထိုးလိုက်သည်။ ထို့နောက် အကျဉ်းသားနှစ်ဦးကို တစ်လှည့်စီ အကဲခတ်ပြီး မေးလိုက်သည်။

'သူတို့လား'

'ဟုတ်တယ်'

ထော့ကျိုးက ဖြေလိုက်သည်။ ထို့နောက် ဂရေဂရီတို့အား နံရံကပ်ကပ်နေအောင် ထိန်းထားရန် ကျန်လူများကို အချက်ပြလိုက်ပြီး ကုလားထိုင်စုတ်တစ်လုံးပေါ် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ လေပူတစ်ချက် မှုတ်ထုတ်လိုက်သည်။

'ဒီကိစ္စ လွန်လာပြီထင်တယ်၊ ခင်ဗျားတို့ ပြဿနာ မတက်ချင်ရင်.....'

ဝဲလ်စ်က ဒေါသတကြီး စကားစလိုက်သည်။

ထော့ကျိုးသည် သူ့ကို တစ်ချက်လှမ်းကြည့်ပြီး လက်ကာလိုက်သည်။

'ဒီကိစ္စ ငါနဲ့ မဆိုင်ဘူး၊ ဆရာကြီးရဲ့ ညွှန်ကြားချက်အတိုင်း

မင်းတို့ကို ခေါ်လာတာပဲရှိတယ်၊ အဲဒီတော့ နောက်မှ ပြောဖို့ လေ ချွေတာထား.... သူမကြာခင် ရောက်လာလိမ့်မယ်'

ထော့ကျိုးသည် အိတ်ထဲမှ စီးကရက်တစ်လိပ် ထုတ်ယူပြီး မီးညှိလိုက်သည်။ သူ၏ စီးကရက်ရှိုက်သံသာလျှင် အကျယ်ဆုံး အသံဟု ဆိုရလောက်အောင် အခန်းထဲတွင် နှစ်မိနစ်နီးပါးမျှ ပကတိ တိတ်ဆိတ်နေခဲ့သည်။

ထို့နောက် ရုတ်တရက် တံခါးခေါက်သံ ပေါ်လာသည်။ အသံ ရှည်သုံးချက်၊ သံတို နှစ်ချက်။

ထော့ကျိုးသည် ထိုင်နေရာမှ ထ၍ တံခါးမင်းတုံး ဖြုတ်လိုက် သည်။ ထို့နောက် တံခါးကို ဟင်းလင်းဖွင့်လိုက်သည်။ တံခါးဝတွင် ထူးဆန်းသော သဏ္ဌာန်ကို တွေ့လိုက်ရသည်။

ဝဲလ်စ်သည် လော့ဂါဗင်ဖောတက်စ်ကျူကို တစ်ခါမျှ မမြင်ဖူး သောကြောင့် တံခါးဝမှ သဏ္ဌာန်ကို ပြူးကြည့်လိုက်မိသည်။ အရွယ် ရောက် လူကြီးတစ်ဦး၏ ခန့်ညားသော ဦပဓိရုပ် အပြည့်ရှိသော ခေါင်းကို အရွယ်မရောက်သေးသော လူငယ်လေးတစ်ဦး၏ ခန္ဓာကိုယ်တွင် တပ်ဆင်ထားသကဲ့သို့ အတော်ပင် အချိုးမကျသော အသွင်ဖြစ်သည်။

လော့ဂါဗင်ဖော့တက်စ်ကျူသည် အခန်းထဲသို့ လျှောက်ဝင်လာ ခဲ့သည်။ အသာအယာ ခေါင်းဆတ်လိုက်ပြီးနောက် ထော့ကျိုး ထိုင် နေခဲ့သော ကုလားထိုင်တွင် ထိုင်ချလိုက်သည်။ ကုလားထိုင်မှာ အတော်နိမ့်သော ကုလားထိုင်ပင်ဖြစ်သည်။ သို့သော် လော့ဂါဗင် ဖော့တက်စ်ကျူ၏ လူစဉ်မမှီသော ခန္ဓာကိုယ်မှ ခြေထောက်များ သည်ကြမ်းနှင့် လွတ်နေခဲ့သေးသည်။



'ထရိုဝီလ်လီက လူကြီးမင်းနှစ်ယောက်.... ရဲစုံထောက် ဝဲလ်စ် နဲ့ မစ္စတာ ဂရေဂရီဆောလပ်စ် ခင်ဗျားတို့ဟာ အတော်နားလည်မှု မရှိတဲ့ သူတွေပဲ.... အတော့်ကို နားလည်မှုမရှိတဲ့ သူတွေပဲ'

ဂရေဂရီသည် ရှေ့တိုးရန် ကြိုးစားလိုက်သည်။ သို့သော် သူ၏ ဘေးတစ်ဘက်တစ်ချက်မှ လူများက ချုပ်ထား၏။

'ဒီမှာ လော့ဂါဗင်... အခုတောင် ခင်ဗျား ပြစ်မှုကြီးနေပြီ၊ ခုထိ လွတ်နေတာ ကံကောင်းတယ်မှတ်.... ဒါပေမယ့် ခင်ဗျားက ကံကို တောင် အကဲစမ်းလွန်းနေပြီ၊ ခင်ဗျားအကြောင်းကို စကော့တလန် ယာဒ်က ကောင်းကောင်းသိတယ်၊ ကျုပ်တို့ကို မလွှတ်ပေးလို့က တော့ ခင်ဗျားအတွက် တော်တော်မလွယ်ဘူးလို့ မှတ်'

ဂရေဂရီက ဒေါသတကြီး ပြောလိုက်သည်။

'ခင်ဗျားဆီက အကြံဉာဏ်လိုတဲ့အခါမှာ ကျုပ်တောင်းပါ့မယ်'

လော့ဂါဗင်က အေးဆေးစွာ ပြောပြီး ဆက်ပြောလိုက်သည်။

'ခင်ဗျားတို့ဟာ အင်မတန်မှ အလိုက်ကန်းဆိုးမသိတဲ့ လူတွေ ပဲ.... လို့ ကျုပ်ပြောနေခဲ့တယ်..... ဆာဗီနီ နောက်ကို လိုက်ခဲ့တာ လည်း အတော် အလိုက်ကန်းဆိုး မသိတာပဲ၊ နောက်တစ်နေ့ ကျုပ် သတိပေးတာကိုလည်း လစ်လျူရှုရအောင် အသိတရား ခေါင်းပါး ခဲ့တယ်.... ခုတစ်ခါ.....'

လော့ဂါဗင်သည် အတော်စိတ်မချမ်းမြေ့သည့်ပုံဖြင့် ခေါင်းကို တွင်တွင် ခါယမ်းလိုက်သည်။

'ခင်ဗျား အခု ကျုပ်တို့ကို ဘာလုပ်မလို့လဲ'

ဝဲလ်စ်က စိတ်မရှည်ဟန်ဖြင့် အော်လိုက်သည်။

လော့ဂါဗင်သည် ဝဲလ်စ်ကို ဖြည်းလေးစွာ လှည့်ကြည့်လိုက်

သည်။

'ခင်ဗျားတို့နဲ့ ပတ်သက်ပြီး ကျုပ် ဘာလုပ်မယ်ဆိုတာကို ဒွိဟ ပွားနေစရာများ ရှိနေသလား ရဲစုံထောက်ကြီး.... ခင်ဗျားတို့ နှစ်ယောက်လုံးဟာ ကျုပ်ကိစ္စကို ဝင်စွက်ဖက်ခဲ့ကြတယ်.... ပဲရစ်မြို့မှာ ရှိတဲ့ ဆာဗီနီရဲ့ စက်ရုံကို ဖော်ထုတ်ခဲ့လို့ ကျုပ် အဲဒီစက်ရုံကို ပိတ်လိုက်ရပြီ၊ အဲဒီစက်ရုံ ပိတ်လိုက်ရလို့ ကျုပ် ဘာမှ မထိခိုက်ပါဘူး၊ လုပ်ငန်းအစီအစဉ် ပြောင်းလွဲရလို့ ကသီလင်တဖြစ်ဘာ တစ်ခုပါပဲ၊ နောက်ပြီး ရိုမန်နီစိမ့်တောမှာ ကျုပ်လူတွေ လှုပ်ရှားဆောင်ရွက်နေတာတွေကို ခင်ဗျားတို့ မြင်ခဲ့ပြီးပြီ.... ခင်ဗျားတို့ အသိလွန်နေပြီ၊ ကိုယ့်သတ်ဝရမ်းကို ကိုယ်လက်မှတ်ထိုးခဲ့ပြီးပြီ..... အဲဒီတော့ ကျုပ်မှာ တစ်ခြားရွေးချယ်စရာ လမ်းမရှိဘူး'

'ခင်ဗျား ကျုပ်တို့ကို သွေးအေးအေးနဲ့ သတ်လို့မရဘူး'

လောဂါဗင် ပခုံးတွန့်လိုက်သည်။

'ကျုပ်ကို ဘာကများ ဟန့်တားမလဲ.... ပြောစမ်းပါအုံး အင်မတန့် စပ်စုတတ်တဲ့ လူငယ်နှစ်ဦးရဲ့ ဘဝနဲ့စာရင် ကျုပ်ရဲ့ လုပ်ငန်းဟာ အဆများစွာ ပိုတန်ဖိုးရှိပါတယ်'

'ခင်ဗျား ကြိုးပေးခံရမယ်၊ ခင်ဗျား လုပ်ရပ်တွေကို စကော့တလန်ယာဒ်က သိတယ်၊ ကျုပ်တို့နှစ်ယောက်ကို သဲလွန်စ တစ်ခုမှ မကျန်အောင် သတ်ဖြတ် ဖျောက်ဖျက်လို့မရဘူး၊ ခင်ဗျားကို အနေးနဲ့ အမြန်မိမှာပဲ'

ဂရေဂရီက အော်လိုက်သည်။

'ကျုပ်ကို ဘယ်ကိစ္စအတွက်မှ မိစရာ မရှိပါဘူး၊ နောက်ပြီး ခင်ဗျားတို့နှစ်ယောက် သေတာကိုလည်း ကျုပ်ကို တရားခံ ရှာလို့



မရပါဘူး၊ ခင်ဗျားတို့နှစ်ယောက်လုံး သဲလွန်စ တစ်စေ့မှ မကျန်ပဲ ပျောက်ကွယ်သွားကြမှာပါ'

ဝဲလ်စ်က နှာခေါင်းရှုံ့လိုက်သည်။

'ဥပဒေထက် လည်တယ်မှတ်ပြီး လူသတ်နဲ့တဲ့လူတွေ ထောင်ထဲမှာ အများကြီးပဲ'

'ဟုတ်လား'

ဂါဗင်၏ နှုတ်ခမ်းထောင့်တွင် ခနဲ့ပြုံးတစ်ပွင့် ပေါ်သွားသည်။

'ခင်ဗျားတို့ ဘယ်ရောက်နေမှန်း သိလား'

'သာနက်စ် နယ်ထဲမှာ'

'မဟုတ်ဘူး၊ ကျုပ် သာနက်စ်မြို့နယ်နဲ့ ခမ်လှမ်းလှမ်း ပက်ခ်ဝဲလ်ပင်လယ်အောင်နဲ့ မိုင်ဝက်လောက်အကွာမှာ ရှိတယ်၊ အဲဒီလို ပြောတော့ ခင်ဗျားတို့အတွက် အဓိပ္ပါယ်ရှိမလား'

'ကျုပ်တို့ ဒီကလွတ်ရင် ခင်ဗျားရဲ့ စခန်းတစ်ခုကို ထပ်သိနေမယ်ဆိုတဲ့ အဓိပ္ပါယ်တော့ ရှိတယ်'

ဝဲလ်စ်က ခပ်ထေ့ထေ့ ပြောလိုက်သည်။

'ခင်ဗျားတို့ ဒီက မလွတ်ပါဘူး၊ အဲဒါကြောင့် အဲဒီအသိဟာ ခင်ဗျားတို့ကို အကျိုးမပြုပါဘူး၊ ပက်ခ်စ်ဝဲလ်ပင်လယ်အော်ရဲ့ ထူးခြားချက်ကို ခင်ဗျားတို့ သိပုံမရဘူး'

'ပက်ခ်စ်ဝဲလ်ပင်လယ်အော်ဟာ အတော်တိမ်တယ်၊ ဒီရေကျရင် နှစ်မိုင်လောက်အထိ ဆင်းသွားတယ်၊ တက်လာရင်လည်း လူပြေးနိုင်သမျှ အမြန်နှုန်းလောက်နဲ့ တက်လာတယ်၊ သောင်ပြင်လည်း သိပ်ကောင်းတာပဲ.... ကျုပ် ဆန့်ဝစ်ခ်မြို့ကို အလည်ရောက်တုံးက အဲဒီသောင်ပြင်ပေါ်မှာ မြင်းစီးခဲ့တယ်'

ဂရေဂရီက တွေးတွေးဆဆဟန်ဖြင့် ဖြည်းလေးစွာ ပြောလိုက်သည်။

'အင်မတန်ကောင်းတဲ့ သောင်ပြင်ကြီးပဲ'

လော့ဂါဗင်က ခေါင်းညိတ်၍ ဆက်ပြောလိုက်သည်။

'အဲဒါက ကမ်းစပ်ကနေ မိုင်ဝက်လောက်အတွင်းကို ပြောတာ၊ အဲဒါက လွန်သွားရင်တော့ နွံတွေပဲ၊ အပေါ်က ကြည့်လိုက်ရင်တော့ အင်မတန် မာကြောလှပတဲ့ သောင်ပြင်ကြီးပဲ.... အဲဒီသောင်ပြင်ကြီးကို ညအချိန်ဖြတ်ကူးရင် အင်မတန် အန္တရာယ်များတာပဲ၊ အထူးသဖြင့် နွံမြေဖြစ်နေတဲ့ နေရာတွေကို မသိရင် အန္တရာယ် ပိုသေးတယ်ဟ... အဲဒီနည်းနဲ့ သေသွားတဲ့သူတွေ ရှိတယ်၊ နွံမြေမျိုပြီး လုံးဝဥသုံ ပျောက်သွားခဲ့ရတဲ့ သူတွေရှိတယ်'

ဂရေဂရီသည် လက်ကျောများ တင်းသွားသည်ကို ခံစားလိုက်ရသည်။ လက်ဖဝါးများ ချွေးစို့သကဲ့သို့ စိုထိုင်းထိုင်း စေးကပ်ကပ်ဖြစ်သယောင်ပင်၊ ဝဲလ်စ်၏ မျက်နှာမှာမူ အတော်ပင် သွေးဆုတ်ဖြူရော်သွားသည်။

လော့ဂါဗင်က လေအေးလေးနှင့် ဆက်ပြောလိုက်သည်။

'အဲဒါကြောင့် သူလျှိုနှစ်ယောက် ဖမ်းမိပြီလို့ ကျုပ်လူတွေက ဖုန်းဆက်တာနဲ့ ဒီနေရာကို ခေါ်လာခဲ့နိုင်းလိုက်တာပဲ.... အခု ဒီရေကျနေတယ်၊ မနက် ၆ နာရီ ၁၀ မိနစ်မှာ အနိမ့်ဆုံးဖြစ်မယ်၊ ဒီအိမ်ကနေ ခဲတစ်ပစ်လောက်မှာ စကော့မြစ်ရှိတယ်၊ ဆန်စ်ဝစ်မြို့ကနေဖြတ်ပြီး ပင်လယ်အော်ထဲ စီးဝင်သွားတဲ့မြစ်ပဲ၊ မနက် ၅ နာရီ ဒီရေကျနေတုန်း အချိန်မှာ ကျုပ်လူတွေက ခင်ဗျားတို့ကို အဲဒီမြစ်အတိုင်းပင်လယ်ထဲ ခေါ်သွားမယ်.... ခင်ဗျားတို့ ရေမကူးသာအောင် ရေတိမ်



နေတဲ့ နေရာကျတော့ ခင်ဗျားတို့ကို လှေပေါ်က ပစ်ချလိမ့်မယ်၊ ခင်ဗျားတို့ ဂျိုင်းလောက်အထိ နစ်သွားချိန်မှာ အဲဒီမှာ ဒီရေ လုံးဝကင်းနေလိမ့်မယ်၊ အဲဒီလို အခြေအနေရောက်တော့ ဘာဖြစ်မယ်ဆိုတာကို တွေးဖို့ ခင်ဗျားတို့ သုံးနာရီကျော်ကျော်လောက် အချိန်ရပါသေးတယ်'

'ဘုရားရေ.... ခင်ဗျား လူမဟုတ်ဘူး'

ဂရေဂရီက အသက်ရှူမှားသည့် ပုံစံဖြင့် ပြောလိုက်သည်။

လော့ဂါဗင်က ရုတ်တရက် မတ်တပ်ရပ်လိုက်သည်။

'ကျုပ်ဟာ ခင်ဗျားတတဲ့ ဘုရား ဖန်ဆင်းထားတဲ့အတိုင်းပဲ... ခင်ဗျားတို့ဟာ ကျန်းမာခဲ့တယ်၊ သန်စွမ်းခဲ့တယ်၊ ပြေးနိုင်ခုန်နိုင်ခဲ့တယ်၊ ကြိုက်တဲ့မိန်းမနဲ့ ပျော်နိုင်ခဲ့တယ်.... အခုတော့ ခင်ဗျားတို့ရဲ့ ခြေထောက်တွေကို သဲနုံးမြေက ချုပ်ထားလိမ့်မယ်၊ ခင်ဗျားတို့ရဲ့ မဟာကြွက်သားကြီးတွေက ခင်ဗျားတို့ကို ကယ်နိုင်မှာ မဟုတ်ဘူး... ခင်ဗျားတို့က ကျုပ်နဲ့ ဥာဏ်ရည်ပြိုင်ဖို့ ကြိုးစားတယ်၊ ကျုပ်က ခင်ဗျားတို့ထက် အပြန်တစ်ရာ သာတယ်၊ ကျုပ်လုပ်မဲ့ အလုပ်ကို ခင်ဗျားတို့ ဦးနှောက်သေးသေးနဲ့ ဝင်ရှုပ်ဖို့ ကြံစည်တယ်၊ ကောင်းပြီ၊ ခင်ဗျားတို့နဲ့ နောင်တကြီးတွေ လှိုင်လှိုင်ရရင် နောက်ဆုံးထွက်သက် ရှူရမယ်

လူစဉ်မမှီသော ခန္ဓာကိုယ်ကြောင့် တစ်လောကလုံးပေါ်ကားသော ဒေါသအညှိုးအမျက် တဒင် ပွင့်ထွက်လာသည်။ ရုတ်တရက် ပြန်လည်ငြိမ်သက်သွားသည်။

'ခင်ဗျား ကြည့်စီစဉ်လိုက်ပါ'

လော့ဂါဗင်သည် ထော့ကျိုးအား တစ်ခွန်းမျှသာ ပြောပြီး အိမ်

ထဲမှ ပြန်ထွက်သွားသည်။

တံခါးပိတ်သွားသည်နှင့် ဝဲလ်စ်သည် သက်မကြီးတစ်ချက် မှုတ်ထုတ်လိုက်သည်။

'ခြေထောက်တွေ ကြိုးပြန်တုတ်လိုက်.... စတိုခန်းထဲ ထည့်ထားလိုက်'

ထော့ကျိုးက သူ့လူများကို အမိန့်ပေးလိုက်သည်။

စတိုခန်းထဲ ပိတ်ထားသည်နှင့် တစ်ယောက်ကြိုးကို တစ်ယောက် ပါးစပ်နှင့် ကိုက်ဖြတ်ရန် ကြိုးစားရမည်ဟု ဂရေဂရီက တွက်ဆလိုက်သည်။ သို့သော် ထော့ကျိုးထံမှ ဆက်လက်ထွက်ပေါ်လာသော အမိန့်ကြောင့် ခဲလေသမျှ သဲရေကျ ဖြစ်သွားရသည်။

'တံခါး မပိတ်နဲ့.... ဒီကောင်တွေကို မြင်မြင်ထင်ထင်ထားမှ မဟုတ်ရင် အတတ်ဆန်းချင် ဆန်းနေကြအုံးမှာ'

ထို့နောက် ထော့ကျိုးနှင့် သူ့အဖော်သုံးဦးသည် ဖဲဝိုင်းတစ်ဝိုင်း စလိုက်သည်။

သုံးနာရီတည်းဟူသော အချိန်ကုန်ရန် အတော်ကြာသည်ဟု ထင်ရသည်။ သို့သော် မည်သို့ ကုန်သွားမှန်းလည်း မသိလိုက်ရချေ။

ထော့ကျိုးသည် ဖဲဝိုင်းမှ ထပြီး အမိန့်တစ်ချက်ပေးလိုက်သည်။ ကျန်လူများသည် စတိုခန်းထဲ ဝင်လာပြီး ဂရေဂရီနှင့် ငဲလ်စ်အား ဧည့်ခန်းထဲသို့ ပြန်ဆွဲထုတ်သွား၏။

ခြေထောက်ကြိုးများကို ဖြုတ်၍ ဆွဲထူလိုက်သည်။ ထော့ကျိုးက သူ၏ ပစ္စတိုလ်ကို ထုတ်လိုက်သည်။

'အဲဒီနံ့မြေက လူသေအလောင်းသော ဘာသော ခွဲခြားမနေဘူး၊ အားလုံးကို မြိုသွားတယ်ဆိုတာ နားလည်ပါ.... လှေဆီကို လျှောက်



တဲ့အခါမှာ မင်းတို့နောက်မှာ ငါရှိမယ်၊ တစ်ချက်မှားတာနဲ့ အသက်ထွက်ပြီလို့သာ မှတ်'

ယင်းတို့သည် အိမ်အပြင်သို့ ထွက်လာကြ၏။ အိမ်ကို ကွေ့ပတ်၍ ရေဆိပ်သို့ ဆင်းခဲ့သည်။ ရေဆိပ်တံတားတွင် ဆိုက်ကပ်ထားသော လှေပေါ် တက်လိုက်ကြသည်။

ထော့ကျိုးက အလယ်တွင် ပစ္စတိုလ် အသင့်ကိုင်၍ ထိုင်သည်။ သူ၏ ဘေးတစ်ဖက်တစ်ချက်ရှိ ဂရေဂရီနှင့် ဝဲလ်စ်ကို သူတို့နောက်ဘွင် ထိုင်နေသောသူများက အင်္ကျီဂုတ်မှ ကိုင်ဆွဲထား၏။ ထွက်မပြေးသာ မလှုပ်သာအောင် ဖြစ်သည်။

ဒီရေ တရှိန်ထိုးကျနေသောကြောင့် မြစ်ရေ တဟုန်ထိုးစီးဆင်းနေသည်။ လှော်ခတ်ရန်ပင် မလိုအပ်ခဲ့ချေ။ ယင်းတို့သည် မြစ်နှင့် ပင်လယ်ဆုံသည့် ပင်လယ်ဝသို့ လျှင်မြန်စွာ ရောက်ရှိလာသည်။

ထော့ကျိုးသည် သူ၏ အိတ်ထဲမှ လမ်းပြအိမ်မြှောင်လေးကို ထုတ်ယူလိုက်သည်။ သူ၏ညာဘက် ခပ်လှမ်းလှမ်းတွင် တည်ရှိသော ဖယ်ဝေးအချက်ပြဗော့ကို အမှတ်ယူလိုက်သည်။ ထို့နောက် ဘာဖော်ယာကို အမှတ်ယူလိုက်ပြန်သည်။

'လှေဦး လှည့်လိုက် တို့ ဒီကနေ ဘယ်ဘက် ကိုက် ၅၀ လောက်မှာ အလုပ်လုပ်ရမယ်'

သူ့လူများ လှော်တက်များ မြိုင်မြိုင်ခတ်လိုက်သည်။ ဒီလှိုင်း အတော်လှမ်းနေပြီဖြစ်သောကြောင့် ရေပျပျသာ ခံရသည်။

သူတို့လက်က ကြိုး ဖြည်လိုက်.... နောက်ပိုင်း စောင့်ပြီး အနေအထားပြောင်းပြီး သူတို့အလောင်း ဒီရေနဲ့ ပါလာရင် မတော်တဆဖြစ်တဲ့ပုံ ပေါက်ဖို့လိုတယ်'

ထော့ကျိုးက ဝဲလ်စ်ဘက်သို့ ခေါင်းဆတ်ပြောလိုက်သည်။

ထော့ကျိုးက ဝဲလ်စ်၏ ပါးစပ်နှင့် နှစ်လက်မအကွာအထိ သေနတ်ဖြင့် တေ့ချိန်ထား၏။

'နည်းနည်းလေး လှုပ်တာနဲ့ ခေါင်းပွင့်ပြီမှတ်'

ဂယ်ရီဝဲလ်စ်၏ လက်များ လွတ်သွားသည်။ သူ့ရန်သူကို ချက်ချင်းထိုးနှက်ပစ်လိုက်ချင်စိတ် ပေါ်လာသော်လည်း ဆန္ဒသာလျှင်ဖြစ်သည်။ ငါးနာရီလုံးလုံး လက်ပြန်ကြိုး တုတ်ခံထားရ၍ လက်မလှုပ်သာအောင်ပင် ထုံကျင်နေသည်။

ထော့ကျိုးသည် ပတ်ဝန်းကျင်ကို သွက်လက်စွာ မျက်စေ့ကစားလိုက်သည်။ လှေတစ်စင်း၊ သင်္ဘောတစ်စင်းမျှ မတွေ့ရချေ။ ကမ်းပေါ်တွင် လူတစ်ယောက်မျှ မရှိချေ။ မိုးထိန်ထိန် မလင်းသေးချေ။ မိုးသောက်အလင်းပျပျ မှောင်တစ်ဝက် ရောယှက်လျက်ပင် ရှိသေးသည်။ ယင်းတို့ လှုပ်ရှားမှုကို ကုန်းပေါ်မှ မြင်ရန် မလွယ်ချေ။

'သူ့ကို တွန်းချလိုက်'

ထော့ကျိုးက အမိန့်ပေးလိုက်သည်။

ဝဲလ်စ်က တိုက်ခိုက်မည့်ပုံ လက်ကို ရှေ့လွှဲလိုက်သည်။ သို့သော် နောက်ကျသွားသည်။ သူ့ဘေးမှ လူသည် သူ့ဒူးခေါက်ကွေးကို လက်တစ်ဖက်ဖြင့် ဆွဲလှန်ပြီး လှေနံပေါ်မှ နောက်ပြန်ပစ်ချလိုက်သည်။

ထော့ကျိုးသည် ဂရေဂရီ၏ မျက်နှာကို သေနတ်ဖြင့် ထိုးချိန်လိုက်ပြန်သည်။ ဂရေဂရီသည်လည်း ဝဲလ်စ်၏ လမ်း လိုက်သွားသည်။

ပါးစပ်ထဲသို့ ပင်လယ်ရေလုံး ဝင်သွားသောကြောင့် ပျို့ရင်း



ထွေးရင်းဖြင့် ရေပြင်ထက် ပေါ်လာသည်။ မျက်လုံးထဲဝင်သော ရေစက်များကို ခါထုတ်ရင်း ပတ်ဝန်းကျင်ကို အရူးအမူး လှည့်ကြည့်လိုက်သည်။ ထော့ကျိုးတို့၏ လှေသည် မြစ်ဝသို့ ပြန်လည် ဦးတည်နေပြီး ထော့ကျိုးနှင့် သူ့လူများက အားကြိုးမာန်တက် လှော်ခတ်နေကြသည်။ ထို့နောက် ဝဲလ်စ်ကို သူ လှမ်းမြင်လိုက်သည်။ သူနှင့် ယ်ကိုက်ကျော်အကွာ ရေတိမ်ထဲတွင် အသဲအသန် ကူးခတ်နေသည်။

စက္ကန့်ပိုင်းအတွင်းမှာပင် သဲပြင်ကို ခြေထောက်မိသည်။ ခြေ တစ်ချက် ချော်သွားသည်။ဟန်ချက်ပြန်ထိန်းလိုက်နိုင်သည်။ မတ်တတ်ရပ် လိုက်သည်။ရေမှာခါးလည်သို့သာ ရောက်သည်။ သို့သော် သဲပြင်ကို ခြေထောက်မိသည်နှင့် သဲကျွံနေသည်ကို ခံစားလိုက်ရသည်။ခြေပြန် နုတ်နိုင်ခင်မှာပင် ခြေမျက်စိကျော်အထိ မြုပ်နေချေပြီ။

သူသည် သူ့ကိုယ်သူ အလျားလိုက် ပစ်ချပြီး ပင်လယ်အော် က်သို့ ကူးခတ်လိုက်သည်။ ရေနက်ရောက်မှ လွတ်လမ်းရှိမည်ဟု က်ဆမိ၍ တွင်တွင် ကြိုးစားသည့်တိုင်အောင် တရှိန်ထိုးကျနေ သာ ဒီရေကို လိုက်မမှီချေ။ တစ်ချက် ကန်ခတ်လိုက်သည်နှင့် ပြင်သို့ ခြေချောင်းလေးများ တိုးဝင်သွားသည်။ လက်ယက်လိုက် င်း သဲပြင်ထဲသို့ လက်ချောင်းများ ဝင်သွားသည်။

ဂယ်ရီဝဲလ်စ်သည် ကမ်းခြေသို့ရောက်အောင် အပြင်းအထန် ုးစားလျှောက်နေခဲ့သည်။ တစ်ဘက်မှတစ်ဘက်သို့ ယိုင်နေခဲ့ ည်။ သို့သော် ခြေလှမ်းတစ်ချက် ချလိုက်တိုင်း ခြေထောက် ာက်မှ နွံးမြေက ဆွဲစုပ်ထား၏။

'ရေပြင်ပေါ် မှောက်ချဟ အရူးရဲ့ ရေနက်ထဲရောက်အောင်

ကြိုးစား..... တို့ ရေကူးပြေးနိုင်မှ လွတ်မယ်’

ဂရေ့ဂရီက အသဲအသန် လှမ်းအော်လိုက်သည်။

‘မဖြစ်ဘူး.... ကျုပ် ရေမကူးတတ်ဘူး၊ ဒါပေမယ့် ဒီရေကျနေ ပြီ၊ ကျုပ် မြေမာကို ရောက်နိုင်ရင် အဲဒီ ခွေးမသားတွေကို ကောင်း ကောင်း လက်တုံ့ပြန်နိုင်မယ်’

ဝဲလ်စ် အမောတကော ပြန်ပြောလိုက်သည်။

နှစ်ပေမျှအထိ ရေကျသွားသည်။ ဂရေဂရီ အသဲအသန် ကူး ခတ်သည်။ သို့သော် သဲပြင်သက်သက်ပေါ် ကူးခတ်နေသကဲ့သို့ သဲတို့ကသာ တစ်ဖွားဖွား လွင့်တက်ကုန်သည်။

ဝဲလ်စ် ကျွံသွားသည်။ ရှေ့ဆက် မတိုးနိုင်တော့ချေ။ သူသည် ရေတိမ်တွင် ခြေကားယား လက်ကားယားရပ်နေခဲ့သည်။ ရှေ့သို့ တဟုန်ထိုး ခုန်ရန် ကြိုးပမ်းနေပုံရသည်။ သို့သော် သူ၏ ခြေ ထောက် ပေါင်လည်အထိ နစ်မြုပ်နေချေပြီ။

‘ကျုပ်ကို ကယ်ပါအုံးဗျ..... ကျုပ်ကို ဆွဲထုတ်စမ်းပါအုံး’

ဝဲလ်စ်က အသဲအသန် အော်ဟစ်လိုက်သည်။

ဂရေဂရီ အနည်းငယ် လှည့်လိုက်သည်။ ဝဲလ်စ်ထံသို့ ခွေးကူ ကူးလာသည်။ ကူးခတ်ချက်တိုင်းတွင် ဒူးခေါင်းနှင့် သဲပြင် ထိနေ သည်။

အတော်ပင် လင်းလင်းချင်းချင်းရှိနေသည်။ နေ ပြည့်ပြည့်ဝ ထိန် သကဲ့သို့ အမှောင်ပင် သိပ်မရှိတော့ချေ။ ခပ်လှမ်းလှမ်းတွင် ထော့ ကျိုးတို့၏ လှေကို တွေ့ရသည်။ မြစ်ဝဘက်သို့ ရွှေ့လျား သွားနေ သော အုံးခွံပျက်နှင့် တူနေသည်။

ဂရေဂရီ ဆက်လက် မကူးခတ်နိုင်တော့ချေ။ သူသည် မိချောင်



သွား တွားခဲ့သည်။ ခန္ဓာကိုယ်အလေးချိန် ဖြန့်နိုင်သမျှ ဖြန့်ထားမှ သာ သက်သာရာရမည်ကို တွက်ဆမိသည်။

ဝဲလ်စ်မှာ ပေါင်ရင်းအထိ နစ်နေပြီး အသဲအသန် အော်ဟစ် နေသည်။

ဂရေဂရီ သူ့အနီးသို့ ရောက်သွားသည်။ သူ့ကို ဆွဲမထုတ်နိုင် မှန်း သိသော်လည်း လက်တစ်ဖက် ကမ်းပေးလိုက်သည်။ ဝဲလ်စ် သည် ဂရေဂရီ လက်ကို ဖမ်းဆွဲလိုက်သည်။ သူ ဂရေဂရီထံသို့ ကြွပါမသွားပဲ ဂရေဂရီသာ သူ့ထံ မှောက်ရက် ဒရွတ်တိုက် ရောက် လာသည်။

ဂရေဂရီ၏ တစ်တောင်ဆစ်နှင့် ဒူးများပါ နစ်သွားသည်။ သူသည် စက္ကန့်အမျှ လှုပ်ရှားရန် ကြိုးစားမိသည်။ သဲစုပ်အား မမိရန် ကြိုးစားလိုက်သည်။

‘ရှေ့ကိုကိုင်း အလေးချိန် မျှလိုက်’

ဂရေဂရီ လှမ်းအော်လိုက်သော်လည်း ဝဲလ်စ်မှာ သူပြောသည့် အတိုင်း မလုပ်အားတော့ချေ။ ခါးလည်အထိ နစ်မြုပ်နေသည်။

သူတို့သည် တရှိန်ထိုး ကျပြီးရင်းကျနေသော ဒီရေကို တွေ့ရ သည်။ တဒင်္ဂတွင် ၆ လက်မမျှ နက်သော ရေသည် နောက် တစ်စက္ကန့်တွင် ၃ လက်မပင် မရှိတော့ချေ။

ဂရေဂရီ မည်သို့မျှ မတာတ်နိုင်တော့ချေ။ စေးပျစ်နေသော သဲပြင်၏ စုပ်အားကို မည်သို့မျှ မလွန်ဆန်နိုင်တော့ချေ။ ခါးလည် အထိ နစ်နေချေပြီ၊ ဝဲလ်စ်မှာ ဂျိုင်းအထိ မြုပ်နေပြီး..... ကြိုးစား သမျှ အချည်းအနှီး အလဟဿ၊ အရာမထင်။

ယင်းတို့ နှစ်ဦးလုံး အသံကုန်အော်ဟစ် အကူအညီတောင်း

လိုက်သည်။ သို့သော် ပြန့်ပြောလှသော သောင်ပြင်ကြီးပေါ်မှ မည်သည့်အသံဗလံမျှ တုံ့ပြန်မပေါ်လာ။ မည်သည့်လူသဏ္ဌာန်မှ ကမ်းပါးစွန်းတွင် မမြင်လာရချေ။



## အခန်း (၁၇)

ယင်းတို့ နစ်သွားသည်နှင့်အမျှ မြင်ကွင်းလည်း ကျဉ်းသွားသည်။ သဲပြင်အထက် တစ်ပေလောက်သာ ခေါင်းပြူနေတော့သည်။ ကုန်းတွင်းပိုင်းသို့ မျက်နှာပြုနေသော သူတို့သည် ပင်လယ်အော်၏ တောင်ဘက် အနိမ့်ပိုင်း ကမ်းရိုးတန်းကိုသာ မြင်ရတော့သည်။ ယင်းတို့ ဘယ်ဘက်မှ ဖြတ်သန်းစီးဆင်းနေသော စတော့မြစ်သည် တသွင်သွင် စီးဆင်းနေသော ရေပြင်ဖြင့် ပြည့်နေသော်လည်း ယင်းတို့၏ မြင်ကွင်းနိမ့်လွန်းသောကြောင့် ကိုက် ၃၀ မျှသာ ကွာဝေးသော ထိုရေစီးကြောင်းကို မမြင်ရချေ။

ယင်းတို့ နှစ်ဦးစလုံး အော်လည်း မအော်ဟာစ်တော့ချေ။ အကျိုးမဲ့ အားကုန်ရုံသာရှိမှန်း သဘောပေါက်သည်။ ကံကို အရှုံးပေးလိုက်သည့်ပုံစံဖြင့် လျော့လျော့ရဲရဲသာ ငြိမ်သက်နေခဲ့ကြသည်။

ထိုအချိန်မှာပင် လျှင်မြန်စွာ ချဉ်းကပ်လာသော ဓါတ်ဆီအင်ဂျင်တစ်ခု၏ အသံကို ကြားလိုက်ရသည်။ ရုတ်တရက် စက်သံ

တိတ်၍သွားသည်။ အမြောက်ကလေးတစ်လက် ပစ်ခတ်လိုက်သည်နှင့်တူသော အသံတစ်ချက် မြည်ဟီးသွားသည်။

ဂရေဂရီတို့သည် ဘယ်ဘက်ကို လှမ်းကြည့်ရန် ကြိုးစားလိုက်သည်။ ဘယ်ဘက် ကိုက် ၃၀ လောက်အကွာတွင် သဲပြင်ပေါ်တွင် ဒူးဆစ်မြုပ်သည်အထိ ရပ်၍ ယိမ်းနေသော လူတစ်စုကို တွေ့ရသည်။ ယင်းတို့ ဒုံးကျည်သေနတ်ဖြင့် ပတ်ခတ်လိုက်သော သက်ကယ်ကြိုးတန်းတစ်ခု လေထုကို ဖောက်ထွင်းလာသည်။ သူတို့နှစ်ဦးကြား သဲပြင်ထဲတွင် စိုက်ဝင်သွားသည်။

ယင်းတို့နှစ်ဦးလုံး ဖော်မပြနိုင်လောက်အောင် သက်သာရာရစိတ်ဖြင့် ကြိုးကို လှမ်းဆွဲလိုက်သည်။ ဒုံးကျည် ပစ်ခတ်သံတစ်ချက် ပေါ်လာပြန်သည်။ သက်ကယ်ကြိုးတန်းတစ်ခု လေထုကို ထွင်းဖောက်သွားပြန်သည်။ ဂရေဂရီ လက်လှမ်းမှီရုံ နေရာတွင် ကျသွားသည်။ သို့ကြောင့် ဂရေဂရီသည် ပထမကြိုးကို ဝဲလ်စ်အတွက် လွှတ်ပေးလိုက်သည်။

ယင်းတို့သည် နောက်ဆုံး ကြွင်းကျန်သော အင်အားဖြင့် ကြိုးကို ချိုင်းအောက်ထဲမှ ရစ်ပတ်လိုက်သည်။

'အသင့် ဖြစ်ပြီလား'

ဒုံးကျည်အမြောက်ဘေးရှိ လူစုထံမှ အသံထွက်လာသည်။

'ဆွဲတော့'

ဂရေဂရီ လှမ်းအော်လိုက်သည်။

သို့သော် နုံးမြေကဖိထားသော သားကောင်ကို လွယ်လွယ်ကူကူ မထွက်လိုသည့်ပုံဖြင့် တစ်အားရစ်ဆွဲထား၏။ ဂရေဂရီနှင့် ဝဲလ်စ် သည် အုပ်စုနှစ်စုကြားမှ လွန်ကြိုးကဲ့သို့ ခံစားလာရသည်။



ရင်ဘတ်များ အောင့်လာသည်။ အကြောအမျှင် အသွေးအသားများ စုတ်ပြတ် သွားတော့မည်ကဲ့သို့ ခံစားမိသည်။

တစ်နာရီကျော် ကြာပါမှ ဂရေဂရီ လွတ်သွားသည်။ နောက် ဆယ့်ငါးမိနစ် ကြာမှ ဝဲလ်စ်ပါ လွတ်လာသည်။ ယင်းတို့သည် စတော့မြစ်ပြင်ပေါ်တွင် ရပ်တန့်နေသော ဝမ်းပြားမော်တော်ဘုတ်ပေါ် ဆွဲတင်ခံရပြီးသည်နှင့် သတိလစ်သွားကြသည်။

ယင်းတို့ နောက်တစ်ကြိမ် မျက်လုံး ပြန်ဖွင့်လိုက်သောအခါတွင် အခန်းတစ်ခန်းထဲတွင် ကုတင်တစ်လုံးစီဖြင့် အိပ်နေသည့်အဖြစ်ကို ကြုံသည်။ သူတို့ဘေးတွင်မူ ဆာပလ်လီနော့ဂဝိန်းတပ်စ်နှင့် စုံထောက်ချုပ် မောရိုးဖတ် ရပ်နေသည်။

'ဘယ်လိုနေလဲ ငါ့လူ'

ဆာပလ်လီနော့က ဂရေဂရီ၏ ပခုံးပေါ် လက်တင်၍ မေးလိုက်သည်။

ဂရေဂရီသည် အခန်းကို မျက်စိ ကစားလိုက်သည်။

'ကျွန်တော်တို့..... ကျုပ်တို့ ဘယ်ရောက်နေလဲ'

ခဏအကြာတွင် ဂရေဂရီက မေးလိုက်သည်။

'ရပ်စ်ဂိတ်က ဂရန်ဗီလ်လီဟိုတယ်မှာ ရောက်နေတယ်..... မင်းတို့ တော်တော် ခံလိုက်ရတာပဲ..... ဟစ်သက်စာ စည်းစိမ်လေး ရမယ်ဆိုရင်တောင် မင်းတို့လို မခံရဲပါဘူးကွာ..... ဒါပေမယ့် အခုတော့ ဘေးကင်းပါပြီ'

'သွားကြဗျာ.... ကျုပ် အိပ်ချင်သေးတယ်'

ဂရေဂရီက ရေရွတ်လိုက်သည်။

'ဝမ်းနည်းပါတယ်.... ခင်ဗျားတို့ကို အိပ်ခွင့် ပေးနိုင်သမျှ ပေး

ခဲ့ပါတယ်၊ အခုတော့ သိသင့်တာလေးတွေ မြန်မြန်သိရမှ ဖြစ်မယ်၊ ကဲ.... ဝဲလ်စ် ပြောစမ်းပါအုံး မင်းတို့အဖြစ်'

ဂယ်လီဝဲလ်စ်သည် ခေါင်းထောင်ထရန် ကြိုးစားရင်း ညီးတွားလိုက်သည်။ သူ၏ခန္ဓာကိုယ် တစ်ခုလုံး ကိုက်ခဲနာကျင်နေသည်။

သူသည် သူ၏ အတွေ့အကြုံကို စာတ်ကြောင်းပြန်ပြောလိုက်သည်။

ဂရေဂရီသည် အားအင်ပြည့်လာပုံဖြင့် ဆာပလ်လီနော့ကို မေးလိုက်သည်။

'နေပါအုံး ခင်ဗျားတို့ ဘယ်လိုလုပ်ပြီး အချိန်ကိုက် ရောက်လာတာလဲ.... ခင်ဗျားတို့သာ ရောက်မလာရင် ကျုပ်တို့ အခုနေ နတ်ပြည်မှာပဲ စောင်းတီးနေရမလား၊ ငရဲပြည်မှာ မီးထိုးနေရမလား မသိဘူး'

ဆာပလ်လီနော့ ပြုံးလိုက်သည်။

'ငါ့ကို ကျေးဇူးတင်ရမှာ မဟုတ်ပါဘူး.... ငါ့လူ.... မင်းကို မိန်းမတွေ ဘာလို့ ခိုက်မှန်း မသိဘူး၊ ဒါပေမယ့် မင်းမှာ ဆေးကောင်းတစ်လက် ရှိပုံရတယ်၊ အဲဒီ အစွမ်းကြောင့်သာ မဟုတ်ရင် မင်းတို့ အခုနေ သဲပြင်အောက် ၁၂ ပေလောက် ရောက်နေရှာမယ်၊ မနေ့ည သန်းခေါင်ကျော်လောက်မှာ ဆာဗီနီ ငါ့ကို ဖုန်းဆက်တယ်၊ ကွက်စ်ခြံကပေါ့.... မင်းတို့ကို ဖမ်းမိထားပြီ၊ ဘက်ရှ်လီဗလ်စခန်းကို ဂါဗင်ဖောတက်စ်ကျူ ကိုယ်တိုင်သွားနေတဲ့အကြောင်း အကြောင်းကြားတယ်၊ မင်းတို့ကို ဘယ်လို အစဖျောက်မယ်ဆိုတာကိုပါ သိနေခဲ့တယ်.... လုပ်ရိုးလုပ်စဉ်နဲ့ တူတယ်''

ဂရေဂရီက မျက်မှောင်ကုပ်လိုက်သည်။



'သန်းခေါင်ကျော်ကျော်လေးမှာ ဖုန်းဆက်တယ် ဟုတ်လား.... ဒါဖြင့် ခင်ဗျားတို့ ဘာလို့ စောစောစီးစီး မရောက်လာရတာလဲ.... အဲဒီရောက်ဖို့ နှစ်နာရီတောင် ကြာမှာ မဟုတ်ဘူး၊ ခုတော့ ခင်ဗျားတို့ ခြောက်နာရီတောင် ကြာတယ်'

မောရီးဖတ် ချောင်းဟန့်လိုက်သည်။

'မှန်တယ်... ကျုပ်တို့ ခင်ဗျားတို့ကို ကယ်ချင်ပေမယ့် သူတို့လည်း မသိစေချင်ခဲ့ဘူး၊ ဒါ့ကြောင့် ခင်ဗျားတို့ကို ဖမ်းဆီးခေါ်ဆောင်သွားတာကို အဝေးကပဲ စောင့်ကြည့်နေခဲ့တယ်၊ သူတို့ မြစ်ဝထဲ ပြန်သွားမှ ထွက်လာပြီး ကယ်တာပဲ'

ဂရေဂရီ ခေါင်းညိတ်လိုက်သည်။

'ရိုးလုပ်ငန်းဘက်က ကြည့်ရင်တော့ အပိုင်ကွက် ဖန်လိုက်တာပဲပေါ့၊ ဒါပေမယ့် ကံကောင်းလို့ ကျုပ်တို့ အပြီးအပိုင် မကြွသွားတာပဲ'

'အေးဗျာ.... မစွန့်စားလို့ မဖြစ်တဲ့ အခြေအနေကိုး.... ခင်ဗျားတို့ ဘာသတင်းများ ရလာလဲလို့ သိချင်လို့ ခင်ဗျားတို့ကို နှိုးရတာ'

'ကျွန်တော် ရခဲ့ပါတယ်၊ ကျွန်တော့်ကို မမိခင် အဲဒီသေတ္တာပေါ်က လိပ်စာကို ရခဲ့တယ်၊ မစ်ဘာလွှန်းနှင့် အဲလစ်ဆန်.... ၄၃.... ဘာတာလမ်း အီတစ်လို့ ရေးထားတယ်'

'တော်တယ်... ငါ ဒီနေ့ လန်ဒန် ပြန်မယ်၊ ဒီည အဲဒီနေရာကို ဝင်ကြည့်မယ်၊ မင်းတို့ ဘာမှ မထိခိုက်ဘူးလို့ ဆရာဝန်က ပြောတယ်၊ မင်းတို့ နံရိုးတွေ နည်းနည်းထိခိုက်ပြီး တစ်ရက်နှစ်ရက်လောက် နာကျင်နေမယ်တဲ့၊ မင်းတို့ နားနားနေနေ နေပေါ့'

ဂလ်ရီဝဲလ်စ် မတ်မတ်ထိုင်လိုက်သည်။

'နေပါအုံး ဆရာ.... ကျွန်တော်ပါ လိုက်ပါရစေ.... အဲဒီနေရာကို ဘယ်အချိန် ဝင်စီးဖို့ ရည်ရွယ်ထားလဲ'

'မစီးပါဘူး၊ စီးလိုက်ရင် သူတို့ သိသွားမှာပဲ၊ အဲဒီနေရာကို တိုက်တဆိုက် ဝင်ကြည့်ဖို့ ရည်ရွယ်ထားတယ်၊ လိုရမယ်ရ ရှာဝရမ်း တစ်ခုတော့ ယူထားမယ်၊ ပြရမဲ့အခြေအနေ မရောက်ပါစေနဲ့လို့ပဲ ဆုတောင်းရမယ်'

'ကျွန်တော် နောက်ဆုံးရထားနဲ့ လန်ဒန် တက်လာရင် ဆရာနဲ့ အတူဝင်လို့ ရမှာပေါ့'

ဂယ်ရီဝဲလ်စ် က ပြောလိုက်သည်။

မောရီးဖတ် ခေါင်းဆတ်လိုက်သည်။

ဂရေဂရီသည် ဟိုတယ် အိပ်ရာထဲမှာပင် ၁၃ နာရီမျှ အနားယူလိုက်ပြီး အိပ်စက်လိုက်သည်။ ညနေ ၈ နာရီလောက် နီးသောအခါတွင် အတော် အားအင်ပြည့်နေကြပြီ။

ယင်းတို့ ဟိုတယ်အောက်သို့ ဆင်းသက်လာသောအခါတွင် ကားတစ်စင်း စောင့်ဆိုင်းနေသည်ကို တွေ့ရသည်။ ဘာဝတူသို့ မောင်းလာခဲ့သည်။ လန်ဒန်မြို့သို့ ၉ နာရီ ၈ မိနစ်တွင် ထွက်ခွာသော နောက်ဆုံးရထားကို မှီသည်။ လန်ဒန်မြို့ ချာရင်းကရော့ဘူတာရုံသို့ သန်းခေါင်မတိုင်ခင်လေးတွင် ရောက်ရှိသည်။

စကော့တလန်ယာဒ် ရောက်သောအခါတွင် မစ်ဘာလွန်းနှင့် အဲလစ်ဆန်ဂိုထောင်ကို တိတ်တဆိတ်ဝင်ရောက်ရန် အသင့်ပြင်ဆင်ထားပြီး ဖြစ်သည်ကို တွေ့ရသည်။ ဂိုထောင်တွင် ညစောင့်မရှိသော်လည်း လျှပ်စစ်သူခိုးလှန့် ကိရိယာများ တပ်ဆင်ထားသည်။ တစ်နာရီ နှင့် သုံးနာရီကြားတွင် ထိုအဆောက်အဦး မီးဖြတ်ထားရန်



ထိုဒေသ မီးအားလျှပ်စစ်ဌာနနှင့် အတိုင်အဖောက် လုပ်ထားသည်။

တစ်နာရီထိုးရန် ၁၅ မိနစ် အလိုတွင် ဂရေဂရီ၊ ဂယ်ရီဝဲလ်စ် အထူးဌာနမှ သော့ဝိဇ္ဇာတစ်ဦး၊ အခြား စုံထောက်တစ်ဦးနှင့် မောရီးဖတ်သည် ပတ္တရောင်ကားတစ်စီးထဲသို့ ဝင်ရောက်ခဲ့ကြသည်။ အရှေ့ဘက်အရပ်သို့ ဦးတည်မောင်းနှင်ခဲ့ကြသည်။

ဘာတာလမ်းသည် အဆောက်အဦးမြင့်ကြီးများကြားမှ မှောင်မဲနေသော လမ်းလေးဖြစ်သည်။ ယင်းလမ်းပေါ်တွင် လူနေအိမ် တစ်လုံးမျှ မရှိချေ။ မြင့်မားသော ဂိုထောင်ကြီးများသာ ရှိသည်။ လမ်းဘေးတွင် အမှိုက်ပုံများ တန်းစီနေသည်။ ကြောင်တစ်ကောင် စိမ်ပြေနပြေ လမ်းသလားနေသည်ကိုသာ တွေ့ရသည်။

မောရီးဖတ်တို့သည် ကားကို လမ်းထိပ်တွင် ရပ်တန့်လိုက်သည်။ ကားထဲတွင် ဒရိုင်ဘာကို ထားခဲ့သည်။ မောရီးဖတ်ကို တွေ့သောအခါတွင် မြို့တော်ရဲတစ်ဦးက အလေးပြုလိုက်သည်။ ယင်းတို့ လာရောက်မည့်အကြောင်း ကြိုတင်သတင်းရထားသော ရဲသည် ယင်းတို့အမှတ် ၄၃ သို့ ချီသွားစဉ် လမ်းထိပ်ကို ပိတ်၍ စောင့်ကြပ်ရန် ကျန်ခဲ့သည်။

ဂိုဏေင်များ၏ မြေညီထပ်တွင် ဖုံထူမှောင်ပိန်းနေသော ပြတင်းပေါက်များသာ တွေ့ရသည်။ ယင်းတို့ ခေါင်းထက်များစွင်မှု ဝန်ချီစက်များ၏ မောင်းတံကလေးများ တွေ့ရသည်။ မောရီးဖတ်က သူ့နာရီကို ကြည့်လိုက်သည်။

'တစ်နာရီ ငါးမိနစ်..... ကဲ စတော့ ဂျင်'

မောရီးဖတ်က ပြောလိုက်သည်။

သော့ဝိဇ္ဇာသည် သူ၏ ကိရိယာအိတ်ထဲမှ သော့တစ်ချောင်း

ရွေးထုတ်ပြီး တံခါးသော့ကို စမ်းကြည့်လိုက်သည်။

'သော့က လွယ်ပါတယ်.... ရှေးဟောင်းပုံစံကြီးပဲ'

တစ်ချက် လှည့်လိုက်ရုံဖြင့်ပင် မောင်းပြုတ်ပွင့်သွားသည်။

ယင်းတို့ တံခါးတွန်းဖွင့်ပြီး ငါးဦးစလုံး အထဲဝင်လိုက်သည်။ မောရိုးဖတ်က ဓါတ်မီးဖွင့်လိုက်သည်။ ဖုံထူသော စင်္ကြံလမ်းတစ်ခုနှင့် အပေါ်သို့တက်သည့် ကျောက်လှေကားတစ်ခုကို တွေ့ရသည်။ ယင်းတို့ ဘယ်ဘက်တွင်မူ မှန်တံခါး တပ်ဆင်ထားသော တံခါးနှစ်ချပ် တွေ့ရသည်။ ရုံးခန်းတံခါး၀ ဖြစ်ပုံရသည်။ အထဲသို့ ဝင်သွားသောအခါတွင် စာရွက်စာတမ်း ဖိုင်တွဲများ အထပ်လိုက် တင်ထားသော စင်များကို ပတ်ပတ်လည်တွင် တွေ့ရသည်။ သီးသန့်ဟု ရေးသားထားသော တံခါးတစ်ချပ်ကို တစ်ဘက်တွင် တွေ့ရသည်။ မောရိုးဖတ်သည် ထိုတံခါးသို့ လျှောက်သွားပြီး တွန်းကြည့်လိုက်သည်။ သော့ခတ်ထား၏။ သော့ဝိဇ္ဇာက ဖွင့်လိုက်သည်။

အတွင်းရုံးခန်းသည် အပြင်ရုံးခန်းထက် အနည်းငယ်သာ သာသည်။ နံရံပေါ်တွင် အသက်အရွယ်ကြီးကြီး ပုဂ္ဂိုလ်တချို့၏ ပုံတူပန်းချီများ ချိတ်ထားသည်။ ကုမ္ပဏီ ဥက္ကဋ္ဌများ၏ ပုံများ ဖြစ်ပုံရသည်။ အခန်းထောင့် ပြတင်းပေါက်အနီးတွင် စားပွဲတစ်လုံး တွေ့ရသည်။ ကြမ်းပြင်ပေါ်တွင် အတော်နွမ်းနေသော ကော်ဇောတစ်ထည် ခင်းထားသည်။ စားပွဲဘေးတွင်မူ စာအုပ်စာတမ်းများဖြင့် ပွနေသော စာအုပ်စင် တစ်ခုရှိသည်။

'နောက်မှ ဒီပြန်လာမယ်..... ငါ ဂိုထောင်ထဲက ပစ္စည်းကြည့်ချင်သေးတယ်'

မောရိုးဖတ်က ပြောလိုက်သည်။



ယင်းတို့ ပထမထပ်သို့ တက်လာခဲ့ကြသည်။ အခန်းမှာ ဘိုဆန်ဆန် အခန်းကြီးဖြစ်သည်။ အထဲတွင် သေတ္တာအချို့ ပုံထားသည်။ မောရိုးဖတ် လက်ညှိုးညွှန်လိုက်သည်။ ဝဲလ်စ်နှင့် အခြားစုံထောက်တစ်ဦးက သေတ္တာတစ်လုံး ချပြီး ကလန့်ဖွင့်လိုက်သည်။ အထဲတွင် ဆေးရွက်ကြီး ဘူးလေးများ တွေ့ရသည်။

ထိုသေတ္တာကို ခြေရာလက်ရာ မပျက်အောင် ပြန်လည်ပိတ်ပြီး နောက်ထက် သေတ္တာလေးကို ရွေးထုတ်ကြည့်လိုက်သည်။ မောရိုးဖတ်က တွေ့ရှိသော ပစ္စည်းများ၏ ထူးခြားချက်များကို သူ၏ မှတ်စုစာအုပ်ထဲတွင် ရေးမှတ်လိုက်သည်။ အပေါ်ထပ်သို့ ဆက်တက်ခဲ့သည်။ ထိုနေရာမှ ပစ္စည်းများကိုလည်း ဖွင့်လှစ် စစ်ဆေးကြည့်ရှုလိုက်သည်။ အပေါ်ဆုံးနှစ်ထပ်မှာမူ မည်သည့်ပစ္စည်းမျှ မရှိချေ။

'တို့ ရုံးခန်းထဲ ပြန်ဆင်းစို့'

မောရိုးဖတ်က ပြောပြောဆိုဆိုပင် ရှေ့မှ ခြေလှမ်းကျဲကျဲကြီးဖြင့် ဦးဆောင်ဆင်းခဲ့သည်။

ယင်းတို့အားလုံး ဓါတ်မီးကိုယ်စီ ကိုင်ထားပြီး ရုံးခန်းထဲမှ စာရွက်စာတမ်း ဖိုင်တွဲများကို အလျင်းသင့်သလို ဖွင့်လှစ် စစ်ဆေးလိုက်သည်။ အချက်အလက်အချို့ကို တေးမှတ်ထားလိုက်သည်။ သို့သော် ယင်းတို့ စစ်ဆေးကြည့်ရှုမိသမျှတွင် မှောင်ခိုကိစ္စနှင့် ပတ်သက်နေသော အထောက်အထား တစ်ချက်တစ်လေမျှ မတွေ့ရချေ။

ဂရေဂရီ အတွင်းခန်းထဲသို့ ဝင်သွားသည်။ အထောက်အထား ရှိလျှင် ထိုရုံးခန်းတွင်ပင် ရှိမည်ဟု ယူဆလိုက်မိသည်။

ရုံးစားပွဲကြီးကို ဖွင့်လှစ်၍ မောရိုးဖတ် မွှေနှောက်ထားသော်

လည်း ထူးခြားသည့် **စာရွက်စာတမ်း** တစ်ရွက်တစ်လေမှ မတွေ့ခဲ့ရချေ။

ဂရေဂရီသည် အခန်းလယ်တွင် ရပ်တန့်၍ ပတ်ချာလည်မျက်စိ ကစားလိုက်သည်။ နံရံပေါ်မှ ပန်းချီပုံများကို ကြည့်လိုက်သည်။ စာရွက်စာတမ်း ပွနေသော စားပွဲကို ကြည့်လိုက်သည်။ ထို့နောက် စာအုပ်စင်၏ အောက်ဆုံးအဆင့်ကို မျက်လုံး ရောက်သွားသည်။

စာရွက်စာတမ်းများအောက်တွင် ဖုံးကွယ်လုမတတ် ဖြစ်နေသော စာအုပ်တစ်တန်း တွေ့ရသည်။ ဂရေဂရီသည် ထိုစာအုပ်တန်းကို သေချာ ငုံ့ကြည့်လိုက်သည်။ ရှိတ်စပီးယား၏ ပြဇာတ်များပင် ဖြစ်သည်။ အတွဲ လေးဆယ်ရှိသည်။ ဂရေဂရီကိုယ်တိုင်မှာ စာအုပ်စုဆောင်းသူဖြစ်၍ ထိုစာအုပ်တွဲကို ကောင်းစွာသိသည်။ ရှိတ်စပီးယား၏ ပြဇာတ်တစ်တွဲ၊ စာအုပ်တစ်အုပ်နှုန်း ဖြစ်သည်။ အတွဲပေါင်း (၃၇)တွဲရှိသည်။ ကျန် သုံးအုပ်တွင်မူ ရှိတ်စပီးယား၏ ကဗျာနှင့်တေးများကို ဖော်ပြထားသည်။

ဂရေဂရီသည် ထိုစာအုပ်များကို အတန်ကြာ ပြုံးကြည့်မိသည်။ ဤသို့သော လုပ်ငန်းမျိုးနှင့် ဤသို့သော စာအုပ်မျိုးက မအပ်စပ်ချေ။ အကယ်၍ ဤဌာနမှူးက ရှိတ်စပီးယား စာပေဝါသနာရှင်ဆိုလည်း ဤစာအုပ်များကို သူ့အိမ်တွင်သာ ထားပေမည်။

စာအုပ်များကို စေ့စေ့ကြည့်မိသော **ဂရေဂရီ**သည် အချက်တစ်ချက်ကို သတိထားမိလိုက်သည်။ စာအုပ်**တွဲ** ၃၉ တွဲလုံးမှာ ဖုံများတင်နေသော်လည်း အတွဲနံပါတ် ၄၀ စာအုပ်**စင်**တွင် ၁၆ အုပ်မြောက်စာအုပ်မှာမူ ထူးထူးခြားခြား ဖုံမှုံကင်းစင် သန့်နေသည်။ ထို့အပြင်



မကြာခင်ကပင် ထုတ်သုံးပြီး အလျှင်စလို ထိုးထည့်ထားသည့်ပုံဖြင့်အပြင်သို့ အနည်းငယ် ကျွံထွက်နေသည်။

ဂရေဂရီသည် တံခါးဝတွင် ရပ်တန့်နေသော မောရီးဖတ်ကို လှမ်းပြောလိုက်သည်။

'ခင်ဗျား အသင့်ဖြစ်ရင် ကျုပ်တို့ ပြန်ကြမယ်.... ဒီမှာ ဘာမှ သိပ်တွေ့မယ် မထင်ဘူး၊ ဒါပေမယ့် ကျုပ်ကို ရှိတ်စပီးယားရဲ့ တန်ပက်စ်ပြဇာတ်တွဲကို ရှာပေးပါ၊ ကျုပ်တို့ ရထားတဲ့ လျှို့ဝှက်ကြေးနန်းစာကို ဖော်ပေးမယ်'

## အခန်း (၁၈)

ဂရေဂရီသည် တန်ပက်စ်ပြဇာတ် အခန်းစဉ်လိုက် နံပါတ်စဉ်လိုက် ခွဲထားသော စာကြောင်းရေများပေါ်တွင် မူတည်၍ ကြေးနန်းစာကို အဖြေထုတ်လိုက်သောအခါတွင် အောက်ပါအတိုင်း ထွက်ပေါ်လာသည်။

'ကိုရှေ့.... ဒီလာကိုလ်ချီကာဖေး.... ကာလေ့စ်မြို့၊ ခြောက်ရက်နေ့ ကာလေ့စ်မြို့စခန်းမှာ ပစ္စည်းများ သယ်ဆောင်မည်၊ ပက်ခ်ဝဲလ်ပင်လယ်အော်ထဲ လေယာဉ်ပျံဖြင့် သယ်ဆောင်မည် ဤတစ်ကြိမ် ပိုးထည်များ သယ်ဆောင်မည်။ ထိုမှ ချားလ်တွန် ဟိုတယ်သို့ ခရီးဆက်မည်။ ခုနစ်ရက်နေ့တွင် ရိုမန်နီစိမ့်တော ထဲတွင်ရှိသော ဖီးကွက်ညိုတည်းခိုဆောင်သို့ ပစ္စည်းများ ထပ်မံ ပို့ဆောင်မည်။ ဤတစ်ခေါက်တွင် ဆေးရွက်ကြီးပါမည်။ ရှစ်ရက်နေ့တွင် ဖီးကွက်ညိုတည်းခိုဆောင်တွင် ထပ်မံဆင်းသက်မည်။ ဤတစ်ကြိမ်တွင်လည်း ဆေးရွက်ကြီးများသာ



တင်ဆောင်မည်'

'ကဲ.. အဲဒါပဲ... အားလုံး အံဝင်ခွင်ကျ မဟုတ်လား'

ဂရေဂရီက ဝဲလ်စ်နှင့် မောရီးဖတ်ထံသို့ စာရွက်စာတမ်းပို့ရင်း ပြောလိုက်သည်။

မောရီးဖတ်သည် ခေါင်းဆတ်လိုက်သည်။

'တော်ပါပေတယ်.... ခင်ဗျာ..... ခင်ဗျား အလုပ်အကိုင်မရှိတဲ့ တစ်နေ့ကျရင် ကျုပ်ဆီကိုသာ လာခဲ့ပါ၊ ခင်ဗျားအတွက် ကျုပ်တို့ ဌာနမှာ တစ်နေရာ ပေးပါ့မယ်၊ ဒါပေမယ့် ဒီကြေးနန်းက ရှစ်ရက်နေ့မှာ နိဂုံးချုပ်နေတော့ ကျုပ်တို့အတွက် အသုံးမဝင်တော့ဘူး၊ ဒီနေ့က ဆယ်ရက်နေ့ မနက်ဖြစ်နေပြီ၊ ဘာမှ မတတ်နိုင်တော့ဘူး၊ သူတို့ကို လက်ပူးလက်ကြပ်သာ မိခဲ့ရင် သိမ်းကြုံးဖမ်းနိုင်မယ်၊ ခုတော့ ကွက်စ်ခြံ၊ ဘက်ရှ်လီဗလ်စဘန်၊ ရိုမန်နီစိမ့်တော စခန်းနှင့် လန်ဒန်မြို့ ကုန်ရုံတစ်ရုံကို သိရတာလောက်ပဲ ရှိတယ်'

'အေးဗျာ.... ကျုပ်တို့အတွက် နည်းနည်းတော့ ဝွကျနေပြီ'

ဂရေဂရီ ဝန်ခံပြီး ဆက်ပြောလိုက်သည်။

'နောက်နှစ်ရက်ဆို လဆန်းတော့မယ်၊ အဲဒီအချိန်ရောက်ရင် သူတို့လှုပ်ရှားမှုတွေ တန့်လိမ့်မယ်၊ စက်တင်ဘာလ လကွယ်ချိန်အထိ စောင့်လိမ့်မယ်၊ ဒါပေမယ့် ဒီညနဲ့ မနက်ဖြန်ညမှာ လှုပ်ရှားလိမ့်အုံးမယ်လို့ ကို ထင်နေတယ်၊ အဲဒီတော့ သူတို့စခန်းတွေကို မျက်လုံး ဒေါက်ထောက်စောင့်ကြည့်နေရင် ဒီညမှာ ပက်ပင်းမိမယ် ထင်တယ်'

'အေးဗျာ.... ခုတော့ ကျုပ် အိမ်ပြန်အိပ်တော့မယ်၊ ကျုပ် မနေ့ညကတည်းက ခင်ဗျားတို့နောက်လိုက်ရလို့ အိပ်ရေးပျက်ခဲ့တယ်၊

ခင်ဗျားတို့လည်း နာလံထပုံစံ ဖြစ်နေတော့ အနားယူရင် ကောင်းမယ်ထင်တယ်... မနက် ၁၁ နာရီလောက်မှ ထပ်တွေ့ပြီး တိုင်ပင်ကြတာပေါ့'

မောရိုးဖတ်က ပြောလိုက်သည်။

'ကောင်းပြီလေ.... ကျုပ် ရမ်ဂိတ်မှာ ကောင်းကောင်းအိပ်ခဲ့ပေမယ့် ရင်ဘတ် နည်းနည်းနာနေသေးတော့ နားလိုက်တာ ကောင်းမယ်ထင်တယ်'

ဝဲလ်စ်က ပြောလိုက်သည်။

ဂရေဂရီသည် တက္ကစီကားတစ်စင်းဖြင့် အိမ်ပြန်ခဲ့သည်။ အချိန်မှာ မနက် ၄ နာရီမျှသာ ရှိသေးသည်။ သော့ပိုဖြင့် အေးတံခါးပေါက်ကို ဖွင့်၍ ဝင်လိုက်သည်။ အိမ်ပေါ်ထပ်သို့ နွမ်းနွမ်းလျလျတက်လာခဲ့သည်။

ညှိခန်းထဲတွင် ရှဒ် အသင့်ပြင်ဆင်ထားခဲ့သော အစားအသောက်များကို တွေ့ရသည်။ ဂရေဂရီသည် စစ်စလီနှင့် ဆိုဒါ ရောလိုက်သည်။ သူ၏ အပေါ်ဝတ် ကုတ်အင်္ကျီကို ချွတ်ပစ်လိုက်သည်။ ဝီစကီကို တစိမ့်စိမ့် သောက်လိုက်သည်။

အတွေးများက ဆာဗီနီထံ ရောက်သွားသည်။ လော့ဂါဗင်တို့အဖွဲ့ကို မကြာခင် ဖမ်းနိုင်တော့မည်။ ဆာဗီနီလည်း လွတ်မည်မဟုတ်ချေ။ သူတို့ သောင်ပြင်တွင် ဘဝချုပ်ရကိန်း မဆိုက်အောင် သတင်းပေးခဲ့သောကြောင့် အပြစ်ဒဏ်လျှော့ပေါ့ရင် လျှော့ပေါ့မည်ထို့ထက် မပိုချေ။

ဆာဗီနီကို သူ တစ်နည်းနည်းနှင့် ကယ်တင်ရမည်။ ကွက်စ်ခြံသို့ ပြေး၍ ဆာဗီနီကို ခေါ်ထုတ်လိုက်ချင်သည်။ ရဲများ မဖမ်းဆီးခင် နိုင်ငံခြားသို့ တစ်ချိုးတည်း ပို့ထားလိုက်ချင်သည်။

သို့သော် ထိုသို့ လုပ်လိုက်လျှင် လော့ဂါဗင်ကို လက်ထောက်ချအရိပ်ပေးလိုက်ရာ ရောက်မည်။ သူတို့ ကြိုးပမ်းခဲ့သမျှ အလဟဿဖြစ်မည်။ ထိုသို့ အဖြစ်မခံနိုင်ချေ။ အချစ်အတွက်နှင့် နိုင်ငံအကျိုးကို မစတေးနိုင်။ ရဲများ တကယ်တမ်း ဝင်ဖမ်းလိုက်သော အချိန်ကျမှသာ ဆာဗီနီ လွတ်ရာလွတ်ကြောင်း ရအောင် မီးစင်ကြည့်ကရပေမည်။

ဂရေဂရီသည် သူ၏ အိပ်ခန်းတံခါးကို ဖွင့်လိုက်သည်။ ညှိခန်းမှ မီးက ကုတင်ပေါ် ဖြာကျနေသည်။ ကုတင်ပေါ်တွင် ကလေးတစ်ယောက်ကဲ့သို့ နှစ်နှစ်ခြိုက်ခြိုက် အိပ်မောကျနေသော ဆာဗီနီကို တွေ့လိုက်ရသည်။

## အခန်း (၁၉)

ဂရေဂရီသည် တံခါးဝတွင် ကြောင်ကြောင်ကြီး ငေးကြည့်နေမိခဲ့သည်။ ထို့နောက် အိပ်ပျော်နေသည့်တိုင်အောင် လူတစ်ယောက် အခန်းထဲ ဝင်လာသည်ကို စိတ်စေ့တသိတ်က နှိုးဆော်လိုက်သကဲ့သို့ ဆာဗီနီ နိုးလာသည်။ မျက်လုံး ဖွင့်ကြည့်လိုက်သည်။

'ရှင် အခုမှ ရောက်လာရလား.... မလာတော့ဘူးလို့တောင် မှတ်နေတာ... စောင့်ရင်းစောင့်ရင်းနဲ့ အိပ်ပျော်သွားတယ်'

သူမ ကုတင်ပေါ်တွင် ထထိုင်ရင်း ပြောလိုက်သည်။

ဂရေဂရီသည် သူမဘေးတွင် လျှင်မြန်စွာ ထိုင်ချလိုက်သည်။ သူမလက်နှစ်ဖက်ကို ဆုပ်ကိုင်လိုက်သည်။

'အချစ်.... မင်း ဘယ်လိုလုပ် ဒီရောက်နေတာလဲ.... မင်းကို ဘယ်သူ တံခါးဖွင့်ပေးလဲ'

'ရှင့်လူ.... ရဒ်လေ၊ ရှင် စကော့တလန်ယာဒ် ရောက်နေပြီ၊ ရှင့်ဆီကို သေ့ဘိုတစ်ချောင်းတောင် ပို့လိုက်ကြောင်း ပြောတယ်၊



ရှင့်ဆီ ဖုန်းဆက်ပေးမယ် ပြောပေမယ့်..... ကျွန်မ တားလိုက်တယ်၊ ရှင် ဘယ်လောက် ကြာမယ်မှန်း မသိတာနဲ့ သူ့ကို ပြန်အိပ်ခိုင်းလိုက်တယ်'

ဂရေဂရီ၏ မျက်နှာပေါ်တွင် အပြုံးတစ်ခု လင်းလာသည်။

'မင်းကို တွေ့ရလို့ ဘယ်လောက်ဝမ်းသာမှန်း မင်း သဘောပေါက်မယ် မထင်ဘူး'

သူမသည် သူ့ပခုံးကို ဖက်၍ ထလိုက်သည်။ ပါးချင်းအပ်လိုက်သည်။

'ရှင် ဘေးကင်းပြီ အချစ်..... အဲဒါပဲ အရေးကြီးတာ'

'မင်းကျေးဇူးပဲလေ... ငါတို့ လွတ်လာမှန်း မင်း ဘယ်လိုလုပ်သိလဲ'

'ဆာပလ်လီနော့လေ ည ၁၁ နာရီလောက်မှာ လော့ဂါဗင် အိပ်ရာထဲ ဝင်သွားတော့ ကျွန်မ အိမ်ကနေ တိတ်တဆိတ် ထွက်လာခဲ့တယ်.... အိမ်ကနေ ဖုန်းမဆက်ရဲဘူးလေ.... ရွာထဲကနေ ဆာပလ်လီနော့ဆီ လှမ်းဆက်တော့ ရှင်တို့ ဘေးကင်းလွတ်မြောက်လာကြောင်း သိရတယ်၊ ဒါကြောင့် ကားရုံတစ်ရုံကို နှိုးပြီး ကားတစ်စင်းငှားလိုက်တယ်၊ ရှင့်ဆီ တန်းတန်းမတ်မတ် မောင်းလာခဲ့တာပဲ'

ဂရေဂရီ ပြုံးလိုက်ပြန်သည်။

'မင်း ငါ့ဆီကို အပြီးအပိုင် လာတာလား'

'ရှင် လက်ခံမယ်ဆို အပြီးအပိုင်ပဲ'

'ဆာဗီနီ ကိုယ် လက်ခံမှန်း မင်း သိပါတယ်၊ မင်း ဂါဗင်ဖောတက်စ်ကျူ လုပ်ငန်းကနေ အပြီးအပိုင် ခွဲထွက်ခဲ့ပြီပေါ့'

'ခွဲထွက်ခဲ့ပြီ၊ ရှင်ပြောတာ မှန်တယ်၊ သူ ကျွန်မအပေါ် အမြဲ

တစေ ကောင်းခဲ့တော့ သူရဲ့ စရိုက်ဆိုးကို မသိခဲ့ဘူး၊ မနေ့က ရှင်တို့ကို ဖမ်းမိတော့ ဘယ်လို သတ်မယ်ဆိုတာ စိမ်ပြေနပြေ ပြောနေခဲ့တယ်၊ ကျွန်မ မနည်းဟန်ဆောင်နေခဲ့ရတယ်၊ မှောင်ခိုလုပ်တာက တစ်မျိုးပေါ့၊ လူသတ်တဲ့ကိစ္စတွေမှာတော့ ကျွန်မ မပတ်သက်ချင်ဘူး၊ ကျွန်မနဲ့ ကျွန်မအမေအတွက် ဘယ်လို အခက်အခဲဖြစ်ဖြစ် ဒီလို လူမျိုးဆီက ခွဲထွက်ရမှာပဲလို့ ဆုံးဖြတ်လိုက်တယ်၊ ရှင်တို့ကို သက်ဖို့ ဘက်ရှ်လီဖာကို သူ ထွက်သွားတာနဲ့ ဆာပလ်လီနော့ဆီ ဖုန်းဆက်ခဲ့တာပဲ'

ဂရေဂရီ က ခေါင်းဆတ်လိုက်သည်။

'အခု အရေးကြီးတာက လုပ်ရမယ့် ကိစ္စပဲ၊ ကိုယ် မောရီးဖတ်ကို ဖုန်းဆက်လိုက်မယ် တို့ စကော့တလန်ယာဒ်ကို သွားပြီး မင်း သိသမျှ ဖွင့်ချသင့်ပြီထင်တယ်'

သူမ ရုတ်တရက် နောက်တွန့်သွားသည်။

'အို.... အဲဒီလိုတော့ မလုပ်ဘူး၊ ဂါဗင်နဲ့ ခွဲထွက်လာတာက တစ်ဘာသာပဲ၊ သူ့ကို သစ္စာဖောက်တာတော့ မလုပ်နိုင်ဘူး၊ သူ ကျွန်မတို့ သားအမိအပေါ် ကောင်းခဲ့တာကို ထောက်ထားရမှာပဲ.... ကျွန်မအပေါ်မှာ ဖခင်တစ်ယောက်လို ကောင်းခဲ့တဲ့လူပါ'

'မဟုတ်သေးဘူး ဆာဗီနီ၊ ဂါဗင်က မင်းကို အသုံးချသွားတာ အဲဒါကို မင်း သဘောပေါက်သင့်တယ်၊ အင်း.... သူ့အတွက် ဥပဒေကို လက်တစ်လုံးခြားလုပ်ပြီး ဆောင်ရွက်ပေးခဲ့တာနဲ့ သူ ပြုခဲ့တဲ့ ကျေးဇူးကျေပြီလို့ နားလည်သင့်တယ်'

ဂရေဂရီက ဆာဗီနီကို မျက်နှာချင်းဆိုင်၍ ပြောလိုက်သည်။

'ဟုတ်ချင်ဟုတ်မယ်၊ ဒါပေမယ့် ကျွန်မ သစ္စာမဖောက်ဘူး'



'မဟုတ်သေးဘူး ဒါလင်၊ မင်းအတွက် မင်း စဉ်းစားသင့်တယ်၊ မင်း အစိုးရသက်သေ မလုပ်ရင် မင်းလည်း အပြစ်ဒဏ်ခံရမှာပဲ၊ ထောင်ကျရတဲ့ ဘဝကို စဉ်းစားကြည့်စမ်း၊ ဆိုးပေတေနေတဲ့ အကျဉ်းသားတွေကြား လောကငရဲခံရမှာ'

'ဘယ်လိုပဲဖြစ်ဖြစ် ကျွန်မ ဖော်ကောင် မလုပ်နိုင်ဘူး',

'ဆာဗီနီ ကိုယ် တောင်းပန်ပါတယ်'

'မလုပ်ဘူး ဂရေဂရီ၊ သူ ဘာပဲဖြစ်ဖြစ် သူဟာ ကျွန်မ မိတ်ဆွေပါ၊ ကျွန်မ ဖော်ကောင်လုပ်ခဲ့ရင် သစ္စာဖောက်ခဲ့ရင်..... ကျွန်မကို ကျွန်မ လေးစားနိုင်မှာ မဟုတ်တော့ဘူး၊ တစ်သက်လုံး...... တစ်သက်လုံး'

'ဒါဆို တစ်နည်းပဲ ရှိတော့တယ်၊ မင်းကို နိုင်ငံခြား ခိုးထုတ်သွားရမှာပဲ'

'အဲဒါဆိုရင် ရှင့်အလုပ်ကို စွန့်လွှတ်ရမှာပေါ့'

'သွားစမ်းပါ ဒီအလုပ်၊ လော့ဂါဗင်နဲ့ ထော့ကျိုးကို ပွဲသိမ်းဖမ်းတဲ့နေရာမှာ ငါ သိပ်ပါချင်တာပေါ့၊ ဒါပေမယ့် မင်း အေးကင်းရေးက အရေးကြီးတယ်'

'ကျွန်မတို့ ဘယ်ပြေးမလဲ'

ဂရေဂရီက မတ်တပ်ရပ်လိုက်သည်။ ကိုယ်လက်နာကျင်သည်ကို မေ့လျော့ပြီး လက်ဆန့်လိုက်သည်။ ရှုံ့မဲ့ပြီး လက်ပြန်ချလိုက်သည်။

'ကမ္ဘာမြေကြီးဟာ အကျယ်ကြီးပဲ တို့ ပုန်းခိုလို့ ရမယ့်နေရာ မရှားပါဘူး'

'ကျွန်မတို့ ဘယ်တော့ သွားမလဲ'

သူမက မဝံ့မရဲ မေးလိုက်သည်။

'နေ့ခင်းလောက်ဆို အတော်ဖြစ်မယ်.... မင်း ဒီရောက်နေတာကို ဘယ်သူမှ မသိဘူး။ ရဲတွေကလည်း ဂါဗင်တို့အုပ်စုကို ဒီညကျမှ ဝင်ဖမ်းမှာ၊ အဲဒါတောင် ဖမ်းချင်မှ ဖမ်းမှာ၊ ရက်အတော်ကြာကြာကြိုးရှည်ရှည်နဲ့ လှန်ရင် လှန်ထားမှာ.... သူ့အဖွဲ့အစည်းရဲ့ ခြေစလက်နအားလုံး ကောက်ပြီး အားလုံးကြဲ့ဖမ်းမိပြီဆိုမှ ဖမ်းမှာ'

'နေ့ခင်းလောက်ဆို ကျွန်မတို့ မရှိတော့တာကို သူ သိမယ်၊ အဲဒါဆို သူ စနိုးစနောင့် မဖြစ်ဘူးလား၊ ရှင့်အပေါ် ကျွန်မ သံယောဇဉ်ရှိတာကို သူ သိတယ်၊ ကျွန်မ ရှင့်ကို သံယောဇဉ်ရှိလွန်းလို့ သူ့ကို အငြိုးထားပြီး ရဲဆီကို ပြေးပြီလို့ မှတ်တယ်'

'အဲဒါ အမှန်ပဲ၊ အဲဒါဆို သူ ထွက်ပြေးဖို့ အချိန်ရသွားမယ်၊ ဆာဗီနီရဲ့ ရဲဆီမှာ ဖြောင့်ချက်ပေးလိုက်စမ်းပါ၊ အဲဒါဆို တို့လည်း ပြေးစရာ မလိုဘူး၊ ဂါဗင်လည်း လွတ်မှာ မဟုတ်ဘူး၊ အခုနေ သွားဖမ်းရရင် ဂါဗင်ကို အိပ်ရာထဲမှာတင် မိမှာ'

ဆာဗီနီ ခေါင်းယမ်းလိုက်သည်။

'ဂါဗင်ကို ကျွန်မ သစ္စာမဖောက်ဘူး'

'ကောင်းပြီ၊ ဒါဆိုရင် ခုချက်ချင်းပဲ တို့ ရှောင်ပြေးရလိမ့်မယ်'

ဂရေဂရီသည် နာရီကို ကြည့်လိုက်သည်။ မနက် ငါးနာရီထိုးနေပြီ၊ သူသည် ကုတင်အောက်မှ သားရေသေတ္တာနှစ်လုံးကို ဆွဲထုတ်လိုက်သည်။

'ကဲ.... သင့်တော်မယ်ထင်တဲ့ ပစ္စည်းတွေ ထုတ်ပိုးလိုက်တော့... ရဒ်က မြေအောက်ခန်းမှာ အိပ်တော့ သူ့ကို ဆင်းပြီး နှိုးမနေတော့ဘူး အချိန်ပုတ်တယ်'



ဆာဗီနီသည် ချက်ချင်းပင် ထ၍ စားပွဲပေါ်မှ ပစ္စည်းများကို စတင်သိမ်းသည်။

'ကိုယ် ကားသွားယူလိုက်မယ်၊ ဒီကနေ ဆယ်မိနစ်လောက် လျှောက်ရတဲ့ အလ်ဗက်ထွန်ဖြူဂိုထောင်မှာ ညသိပ်ထားတာ.... ၁၅ မိနစ်နေ ကိုယ်ပြန်ရောက်လာမယ်.... သွားမယ်'

ဂရေဂရီသည် ပြောပြောဆိုဆိုပင် ခပ်သုတ်သုတ် ထွက်ခဲ့သည်။

ဆာဗီနီသည် ငါးမိနစ်အတွင်းမှာပင် သားရေသေတ္တာနှစ်လုံးကို လိုရမယ်ရ ပစ္စည်းများဖြင့် ဖြည့်လိုက်သည်။ ထို့နောက် သူမ ယူလာနိုင်ခဲ့သော အလှပြင် သေတ္တာလေးနှင့်အတူ တံခါးချပ် နောက်ဘက်နားတွင် အသင့်ချထားလိုက်သည်။

သေတ္တာများ မလိုက်ချိန်မှာပင် ခြေသံများ ကြားလိုက်ရသောကြောင့် တန့်ခနဲ ရပ်သွားသည်။ ဂရေဂရီ ဤမျှ မြန်မြန်ဆန်ဆန် ရောက်မည်ဟု မထင်ချေ။

တစ်စက္ကန့်အကြာတွင်မူ တံခါးသော့ ပွင့်သွားသည်။ တံခါးဟင်းလင်းပွင့်သွားပြီး တံခါးဝတွင် ရပ်တန့်နေသော ထော့ကျိုးနှင့် လူနှစ်ယောက်ကို တွေ့လိုက်ရသည်။

သူမ အော်ဟစ်ရန် အချိန်မရခင်မှာပင် ထော့ကျိုးသည် အသံတိတ်ကိရိယာ တပ်ဆင်ထားသော ပစ္စတိုလ်ဖြင့် ချိန်လျက် အခန်းထဲသို့ ဝင်လာသည်။

'တို့ သုံးသပ်ချက် မှန်သားပဲ.... မင်း ဂလိုချက်စတာကို ပြောလိုက်သံကို ကားပိုင်ရှင်ရဲ့ ခနီးက ကြားလိုက်တယ်၊ ဂရေဂရီရဲ့ အိတ်ထဲက သိမ်းခဲ့တဲ့ စာတွေမှာ ဂလိုချက်စတာ လိပ်စာ ပါနေတော့

မင်း ဒီကို လာတာပဲဖြစ်မယ်လို့ ငါ တွက်မိတယ်'

ဆာဗီနီသည် ထော့ကျိုးကို ထိတ်လန့်တုန်လှုပ်စွာ ကြည့်၍ နောက်သို့ ဖြည်းဖြည်းဆုတ်လိုက်သည်။

'ရှင် ဘာလိုချင်လဲ'

သူမ အသံက လေသံမျှသာ။

'မင်း.... ကို လိုချင်တာပဲ၊ ခေါင်းဆောင်ကြီးက အအိပ်ဆတ်တယ်၊ ကျောက်လမ်းမှာ ခြေသံကြားပြီး ပြတင်းပေါက်က လှမ်းကြည့်လိုက်တော့ မင်း ထွက်သွားတာကို တွေ့လိုက်တယ်၊ မင်း ဘယ်ကားရုံက ကားငှားတယ်ဆိုတာ စုံစမ်းဖို့ မခဲယဉ်းခဲ့ပါဘူး၊ သူက အက်ရှ်လီဗာမှာ ရှိနေတဲ့ ငါ့ကို ဖုန်းလှမ်းဆက်ပြီး မင်းကို ပြန်ခေါ်လာခိုင်းလိုက်တယ်'

'ပြန်ခေါ်လာခိုင်းတယ်'

ဆာဗီနီ၏ မျက်နှာမှာ သွေးဆုတ်သွားသည်။

'ဟုတ်တယ်၊ မင်း ရည်းစားကို တို့ သတ်လိုက်လို့ မင်း ရဲ့ဆီ ပြေးပြီ မှတ်တာ၊ အဲဒီအဖြစ်မျိုး မဖြစ်မခံနိုင်ဘူးလေ..... မင်း စကော့တလန်ယာဒ် မသွားပဲ ဒီကို လာခဲ့တာ ကံကောင်းတာပဲ၊ နေပါအုံး မင်း ဘာလို့ ဒီကိုလာတာလဲ၊ ဆောလပ်စ် သေပြီပဲ'

'သူ..... သူ စာရွက်စာတမ်းတွေ ရှာဖွေပြီး သူ ဘယ်လောက်များ သိသလဲလို့ ကြည့်မလို့၊ ကျွန်မတို့အတွက် အသုံးဝင်နိုင်တယ်လေ'

ဆာဗီနီက လိမ်လိုက်သည်။

'မင်းကို ဘယ်သူ တံခါးဖွင့်ပေးလဲ၊ တစ်နေ့ညက သူ့ဆီက ယူတဲ့ သော့က ငါ့ဆီမှာ ရှိတယ်၊ မင်းမှာတော့ သော့မရှိနိုင်ဘူး၊



မင်း ဘယ်လိုလုပ် ဝင်လာတာလဲ'

'သူ့အစေခံ ရဒ်က တံခါးဖွင့်ပေးတာ၊ သူ့ဆရာ သေပြီဆိုတာ သူ မသိသေးဘူး၊ ကျွန်မ ဒီကို တစ်ခါရောက်ဘူးလို့ ကျွန်မကိုလည်း သူ သိတယ်၊ ဆောလပ်စ်က ဒီကိုလာဖို့ ဖုန်းဆက်လိုက်လို့ လိုက်လာတာလို့ ပြောလိုက်တယ်၊ ပြီးတော့ ရဒ်ကို ပြန်အိပ်ခိုင်းလိုက်တယ်'

'ဟုတ်လား..... အဲဒီလိုပေါ့၊ ဒါပေမယ့် ဆောလ်လပ်စ်ရဲ့ စာရွက်စာတမ်းတွေ မွှေမယ်လို့ ရှေ့ဥာဏ်တော် စူးရောက်ခဲ့ရင် ဘာလို့ လော့ဂါဗင်ကို မပြောခဲ့လဲ'

ဆာဗီနီက ရုတ်တရက် ရင်ကော့ ရပ်လိုက်သည်။

'ကျွန်မ ရှင့်ကို ပြောနေစရာ မလိုဘူး'

'စာရွက်စာတမ်းတွေ တွေ့လား'

'ဒီနေရာ ရှာပြီးပြီ၊ ဟုတ်တိပတ်တိ ဘာမှ မတွေ့ဘူး၊ အရေးကြီးတဲ့ စာရွက်စာတမ်းတွေကို တစ်ခြား တစ်နေရာမှာ ထားပုံရတယ်'

'ကောင်းပြီ၊ ဒါဖြင့် သွားကြစို့၊ မင်းအပြောကို ငါ မယုံဘူး၊ ခေါင်းဆောင်ကြီးလည်း ယုံမယ်မထင်ဘူး၊ ဒါပေမယ့် သူက မင်းကို သိပ်တွေ့ချင်နေတယ်၊ စစ်ဆေးမေးမြန်းချင်တယ်၊ ကဲ လာ အောက်မှာ ကားစောင့်နေတယ်'

ဆာဗီနီသည် တစ်စက္ကန့်မျှသာ တုံ့ဆိုင်းဆိုင်း ဖြစ်သွားသည်။ ဂရေဂရီ မကြာခင် ပြန်ရောက်မည်။ ပြန်ရောက်လည်း ထော့ကျိုးတို့သုံးဦးနဲ့ မမျှော်လင့်ပဲ ရင်ဆိုင်ရမည်။ သုံးယောက်တစ်ယောက် အခြေအနေတွင် ဂရေဂရီ နာရန် အလားအလာများသည်။ သူမသည် လော့ဂါဗင်ကို ရင်မဆိုင်ရဲချေ။ သို့သော် သူမ ရင်မဆိုင်ရဲသည်ထက်

ဂရေဂရီကို အန္တရာယ် မဖြစ်စေချင်ပေ။

မိနစ်အနည်းငယ်အကြာတွင် ဂရေဂရီ၏ကားသည် အိမ်ရှေ့သို့ ဆိုက်လာသည်။ လမ်းထောင့်ချိုးမှ ကွေ့သွားသောကားကို သူ သတိမထားမိလိုက်ချေ။ အပေါ်ထပ်သို့ ရောက်သောအခါတွင် အသင့်ထုတ်ပိုးထားသော သေတ္တာများကို တွေ့ရသော်လည်း ဆာဗီနီကို မတွေ့ရချေ။

သူ လှမ်းခေါ်လိုက်ပြန်သည်။ တုံ့ပြန်သံ မပေါ်။ အခန်းစေ့ လိုက်ကြည့်သော်လည်း အရိပ်အယောင်မျှ မမြင်။

တစ်ကြောင်းကြောင်းကြောင့် ဆာဗီနီ စိတ်ပြောင်းသွားပြီး တစ်နေရာသို့ ထွက်ခွာသွားပြီဟုသာ စိတ်ပျက်လက်ပျက် တွက်ဆလိုက်မိသည်။



## အခန်း (၂၀)

ဂရေဂရီသည် ချိန်းဆိုထားသည့်အတိုင်း မနက် ၁၁ နာရီအချိန်တွင် စကော့တလန်ယာဒ်သို့ ရောက်လာခဲ့သည်။ သူနှင့် ဆာဗီနီ၏ အဖြစ်အပျက်ကိုမူ ခဏလျှို့ထားရန် ဆုံးဖြတ်လိုက်သည်။

မောရီးဖတ်၏ အခန်းထဲတွင် ဂယ်ရီဝဲလ်စ်ကို တွေ့ရသည်။ ဂရေဂရီ ရောက်ရှိလာပြီး ခဏအကြာတွင် ဆာပလ်လီနော့ပါ ရောက်လာသည်။

မောရီးဖတ်က ရှင်မြူးစွာ နှုတ်ဆက်ပြီး စားပွဲကို ဝိုင်းထိုင်လိုက်ကြသည်။ သူတို့ထံသို့ ကြေးနန်းစာတစ်စောင် ထိုးပို့လိုက်သည်။

'သူတို့ ဒီည လှုပ်ရှားအုံးမယ်၊ ဘယ်မှာလဲလို့ အတိအကျ မဆိုသာသေးဘူး၊ ကျုပ်တို့ မသိသေးတဲ့ စခန်းတစ်ခုကို သုံးမဲ့ပုံပဲ'

ဂရေဂရီက ထိုကြေးနန်းကို ကောက်ယူလိုက်သည်။

'ခင်ဗျား ဒီကြေးနန်းကို ဘယ်ကရလဲ'

'ပုံးစံအတိုင်းလေ မစ်ဘာလွန်းနှင့် အဲလစ်ဆွန် ကုန်လှောင်ရုံကို ပို့သမျှ ကြေးနန်းမိတ္တူကို ပို့ဖို့ စာတိုက်ကို အကြောင်းကြားထား

သည်။

မောရီးဖတ်က သဘောကျစွာ ပြုံး၍ ပြောလိုက်သည်။

ဂရေဂရီ ကြေးနန်းကို အသံထွက် ဖတ်လိုက်သည်။

'မစ်ဘလွန်း ၄၃။ ဘာတာလမ်း၊ လန်ဒန် အီး၊ တစ်၊ ဆယ်ရက် ၂၁။ ၃၃။ ကိုရော့'

ဝဲလ်စ်သည် လက်ထဲတွင် စာရွက်လေးတစ်ရွက်ကို ကိုင်ထားသည်။

'မနေ့ညက ရှိတ်စပီးယား သီချင်းက သော့ချက်ကိုပြပြီး ဖော်ထားတဲ့ ပုံစံအရဆို ကြေးနန်းရဲ့ အဓိပ္ပါယ်က အနက်ဆုံး ငါးလံမလွဲ အချိန်ယူတဲ့ သူ 'အဓိပ္ပါယ် သိပ်ရှိပုံမရဘူး'

ဂရေဂရီက တဒင်္ဂမျှ တွေးတွေးဆဆ ကြည့်ပြီး ဖြေလိုက်သည်။

'အနက်သုံးပါးလံ မလွဲဆိုတာ စခန်းတစ်ခုခုရဲ့ အနေအထားဖြစ်ပုံရတယ်.... ကမ်းခြေ တစ်နေရာရာမှာပဲ ဒါပေမယ့် ဘယ်မှာဖြစ်မလဲ'

'ဒီရေ ကျနေတဲ့အချိန်မှာ တောင် ငါးလံလောက်နက်မယ့် နေရာဖြစ်မယ် ထင်တယ်'

မောရီးဖတ်က ပြောပြောဆိုဆိုပင် ကန့်ပြည်နယ်မြေပုံကြီးတစ်ချပ်ကို ထုတ်ယူ၍ စားပွဲပေါ် ဖြန့်ချလိုက်သည်။

'ဒါဆိုရင် ပင်လယ်ကမ်းရိုးတန်းမှာ မဖြစ်နိုင်ဘူး၊ ဒါပေမယ့် ရှက်ပီနှင့် မက်ဝေးတူးမြောင်းကြားမှာ အဲဒီလိုနေရာတွေ အများကြီးရှိတယ်၊ ကုန်းတွင်းပိုင်း တော်တော်ကျတဲ့နေရာတွေ ဒါပေမယ့် ဘယ်တော့မှ ငါးလံထက်ပိုပြီး ရေကျလေ့မရှိဘူး'

'အဲဒါ ဟုတ်ပါပြီ ဆရာ၊ ဒါပေမယ့် ဒီကျွန်းတွေမှာ အဲဒီလို



နေရာတွေ အများကြီးပဲ၊ ဘယ်နေရာလဲ အဲဒါက ပြဿနာပဲ'

'ဘာလို့ ရေနက်ကို ပြေးနေကြလဲ.... အဲဒီအချက်က စဉ်းစားစရာပဲ၊ ဂါဗင်ဖောတက်စ်ကျူဟာ သူ့ပစ္စည်းတွေကို ချဖို့ လေယာဉ်ပျံ သုံးသလို စက်အားကောင်းတဲ့ မော်တော်ဘုတ်တွေပါ သုံးနေလားမသိဘူး၊ ဖြစ်တော့ ဖြစ်နိုင်တယ်၊ သိပ်လေးလံတဲ့ ပစ္စည်းတွေကျ သင်္ဘောနဲ့ တင်ကောင်းတင်မယ်'

ဂရေဂရီက တွေးတွေးဆဆ ပြောလိုက်သည်။

'အမှန်ပဲ၊ ဒုတိယနံပါတ် ၃၃ က ကုန်ပစ္စည်းရဲ့ သဘာဝကို ပြောပြသင့်တယ် မဟုတ်လား၊ အချိန်ယူတဲ့သူ ... အချိန်ဆိုတဲ့ စကားလောက်ကိုပဲ အရေးထား တွက်လောက်စရာရှိတယ်'

မောရီးဖတ်က ပြောလိုက်သည်။

'အချိန်ကိုက် စနက်တံတွေ ဆင်ထားတဲ့ ဗုံးတွေလေ.... သူငယ်ချင်းရဲ့ ခဲယမ်းမီးကျောက်ဆိုတော့ လေးကလည်း လေးမယ်လေ'

ဆာပလ်လီနော့ က လေအေးလေးဖြင့် ဝင်ပြောလိုက်သည်။

'ဘုရားရေ..... အမှန်ပဲ..... သူတို့ သိမ်းမြစ်ဝကျွန်းပေါ် တစ်နေရာ ဒီရေကျချိန်မှာတော့ ငါးလံထက် ရေမကျတဲ့နေရာမှာ ဗုံးတွေချပေးဖို့ပဲ'

ဝဲလ်စ်က ဆာပလ်လီနော့၏ စကားကို အပြည့်အဝ ထောက်ခံလိုက်သည်။

ယင်းတို့ လေးယောက်လုံး တဒင်္ဂတိတ်ဆိတ်သွားသည်။

'နေရာ အတိအကျသာ သိရရင် သူတို့ကို ဒီည ဖမ်းပစ်တယ်၊ သူ့နေရာကို ကျုပ်တို့ စောင့်ကြည့်နေမှန်း ဂါဗင် သိမှာပဲ၊ သူ အချိန်မရွေးထွက်ပြေးဖို့ ပြင်လိမ့်မယ်၊ ဒီည နောက်ဆုံးအသုတ် ချတာ

ဖြစ်နိုင်တယ်'

မောရိုးဖတ် က မချင့်မရဲ ပြောလိုက်သည်။

ထိုအခိုက်မှာပင် ဝဲလ်စ်အတွက် တယ်လီဖုန်းလာသည်။ စကားပြောခွက်ကို ကောက်ယူလိုက်သောအခါတွင် တစ်ဘက်မှ ပြောနေသူမှာ မီလ်လီဖြစ်ကြောင်း သိရသည်။

မီလ်လီသည် ဘာချင်တွန်မြို့ရှိ အများသုံး တယ်လီဖုန်းမှ ဆက်နေခြင်းဖြစ်သည်။ ထိုနေ့ မနက်စာ စားပြီးချိန်တွင် ဆာဗီနီနှင့် လော့ဂါဗင့်တို့ အကြီးအကျယ် စကားများခဲ့သည့်အကြောင်းကို ပြောသည်။ စကားများပြီးနောက် နာရီဝက်အကြာတွင် ဆာဗီနီအား သူမအခန်းသို့ ခေါ်ဆောင်သွားပြီး သော့ခတ်ပိတ်ထားခဲ့သည်။ သူမအခန်းထဲမှာပင် သူမကို အကျဉ်းချထားပုံရသည်။

မီလ်လီသည် တယ်လီဖုန်းဆက်သည့် အကြောင်းရင်းမှာ အသုံးဝင်မည်ဟု ယူဆမိသော စကားတစ်ခွန်း တစ်စကြားမိ၍ ဖုန်းဆက်လိုက်ခြင်းပင် ဖြစ်သည်။ သူမသည် လော့ဂါဗင်နှင့် ထော့ကျိုးတို့ ထိုင်စကားပြောနေသော အခန်းကို အပြင်ဘက်မှ တိတ်တဆိတ် ဖြတ်လျှောက်ခိုက်တွင် လော့ဂါဗင်က ဒီည အိစ်ချပ်စ်စီမ့်တောမှာ ငါ လုပ်စေချင်တာကတော့ ဟု ပြောလိုက်သံကို ကြားခဲ့ရသည်။ သူမ ချောင်းနားမထောင်ရဲသောကြောင့် ထိုမျှသာ ကြားခဲ့ရသည်။ သို့သော် ဝဲလ်စ်ကို ချက်ချင်းဖုန်းဆက်ရန် ရွာထဲသို့ အမြန်ဆုံး ဆင်းခဲ့သည်။

ဂရေဂရီသည် စားပွဲပေါ်တွင် ဖြန့်ချထားသော မြေပုံကို ကြည့်လိုက်သည်။ ဆက်ပီကျွန်းလေး၏ တောင်ဘက် ကမ်းရိုးတန်းတွင် အိစ်ချပ်စ်စီမ့်တောကို တွေ့ရသည်။ အိစ်ချပ်စ်စီမ့်တော အောက်ဘက်



နားတွင် စိမ့်တောအတွင်းသို့ စီးဝင်သော ဝင်းန်မီလ်ချောင်းကို တွေ့ရသည်။

'အဲဒီနေရာပဲ'

ဆာပလ်လီနော့က လက်ညှိုးဖြင့် ထောက်၍ ဆက်ပြောလိုက်သည်။

'အဲဒီ ဆာလီနှင့် ဝင်းန်မီလ်ချောင်းမှာ တောင်ပေါ်ပေမယ့် ဒီရေကျချိန်မှာ တောင်ရေက ငါးလံလောက် နက်တယ်၊ အဲဒီနေရာမှာသာ သူတို့ ပစ္စည်းချလိမ့်မယ်'

'ဒါဖြင့် ဒီည အဲဒီကို ဝိုင်းထားဖို့ လိုပြီပေါ့'

မောရိုးဖတ်က ခေါင်းတဆတ်ဆတ်ဖြင့် ပြောလိုက်သည်။

ဂရေဂရီတို့သည် ညနေ ၇ နာရီကျမှ ပြန်ဆုံရန် သဘောတူပြီး လမ်းခွဲခဲ့ကြသည်။

ဂရေဂရီ အိမ်ပြန်ရောက်သောအခါတွင်မူ ကမ္ဘာစစ်ကာလ ၅-၉ ကျည်ဆံခွံကြီးကို ဖြတ်၍ ပြုလုပ်ထားသော ပြာခွက်ကို တိုက်ချွတ်နေသော ရဒ်ကို တွေ့ရသည်။ ရဒ်က ဂရေဂရီကို စာရွက်တစ်ရွက် ဆီးပေးလိုက်သည်။ လွန်ခဲ့သော နာရီဝက်လောက်ကသာ အိမ်ရှေ့တံခါး အတွင်းဘက်ရှိ ခြေသုတ်ဖုံပေါ်တွင် တွေ့ခဲ့သော စာဖြစ်သည်။ စာကို လက်မှတ်မထိုးထားချေ။ သို့သော် ဂါဗင်ဖောတက်စ်ကျူ၏ စာမှန်း ဖက်ရှုသည်နှင့် သိလိုက်သည်။

မိတ်ဆွေကြီး ဆောလပ်စ်.....

ခင်ဗျား ကျုပ်ကိစ္စထဲ ဝင်မရှုပ်နိုင်အောင် ကိစ္စပြတ်ရှင်းခဲ့ပေမယ့်..... ကျုပ် အကြံ အောင်ခဲ့ပုံမရဘူး၊ ခင်ဗျား... စပ်စပ်စုစု တက်တက်ကြွကြွ လှုပ်ရှားနေတုံးပဲ။

အခု ခင်ဗျားကို ဒီစာနဲ့ သတိပေးလိုက်တာပဲ..... ကျုပ်လက်ထဲမှာ ဆာဗီနီ ရှိတယ်၊ ခင်ဗျား တစ်ချက်ချက်၊ တစ်ကွက်ကွက်မှားတာနဲ့ ဆာဗီနီကို အသက်ရှင်ရက် ပြန်တွေ့ရမှာ မဟုတ်ဘူး။

ခင်ဗျား ဆာဗီနီ ပျော်ရွှင်ချမ်းမြေ့စေချင်ရင် ကျုပ်ကို ဆက်ပြီး ဒုက္ခမပေးပါနဲ့၊ ကျုပ်ရဲ့ စခန်းတွေကို နောက်နှစ်ရက် သုံးရက်အတွင်းမှာ ရဲတွေ ဝင်မစီးအောင် ခင်ဗျား တစ်ခုခု လုပ်ကြံပြောဆိုပြီး ထိန်းသိမ်းထားပါ။

ခင်ဗျား ကျုပ်ပြောသလို မဆောင်ရွက်ပေးနိုင်ရင် ဆာဗီနီကို အသက်ရှင်ရက်နဲ့ တွေ့ဖို့ လမ်းမရှိပါဘူး။



## အခန်း (၂၁)

ဖြစ်နေတာကို ဖြစ်ချင်တာက မလွန်ဆန်နိုင်လျှင် ဖြစ်နေတာကို အကွက်ချောင်းပြီး မီးစင်ကြည့်ကရန်သာရှိသည်။ ဆာဗီနီကို မှဲ့တစ်ပေါက် မစွန်းစေလိုသော်လည်း လက်တလောအချိန်တွင် သူ မည်သို့မျှ မတတ်နိုင်ချေ။ မတတ်နိုင်တာကို စိတ်သောကရောက်နေသည့်အစား တတ်နိုင်သမျှ လုပ်နေခြင်းကသာ အကျိုးရှိမည်။

အိပ်ချပ်စ်ရွာလေး၏ မလှမ်းမကမ်း စိမ့်တော၏ ချုံပုတ်များတွင် အခြား ရဲအဖွဲ့ဝင်များကဲ့သို့ပင် နေရာယူထားသော ဂရေဂရီသည် ထိုသို့သာ ရသေ့စိတ်ဖြေ တွေးလိုက်မိသည်။ ဆာဗီနီကို ကွက်စ်ခြံထဲမှာပင် ချုပ်နှောင်ထားဆဲ ဖြစ်မည်ဟု သူ တွက်ဆမိသည်။ ဤနေရာတွင် လော့ဂါဗင်တို့ကို ဖမ်းဆီးပြီးနောက်တွင် သူသည် ကွက်စ်ခြံသို့ ရဲများထက် ဦးအောင်ပြေး၍ ဆာဗီနီကို လွတ်ရာကျွတ်ရာ ခေါ်ပြေးမည်ဟု တွက်ဆထားသည်။ ထို့ကြောင့် မိုင်ဝက်ကျော် ကွာလှမ်းသော အိစ်ချပ်ဖ့်ရွာတွင် ထားခဲ့သော သူ၏ကားကို

ပင် ခရီးတစ်ဝက်မျှပေါက်အောင် မောင်းလာရန် ရဒ်ကို လွှတ်လိုက်သည်။ မောင်းလာရုံမကသေး.... ထိုခရီး တစ်ဝက်အရောက်တွင် တစ်ဘက်သို့ ခေါင်းပြန်တည်ထားပြီး တရှိန်ထိုး ပြေးသွားနိုင်အောင် အသင့်ပြင်ထားခိုင်းလိုက်သည်။

ရဒ် ထွက်ခွာသွားသည်နှင့် ဂရေဂရီသည် သူ့ပတ်ဝန်းကျင်ကို ကြည့်လိုက်သည်။ စိမ့်တောစပ်တွင် လူနေအဆောက်အဦးတစ်လုံးနှင့် ဂိုထောင်ဆန်ဆန် အဆောက်အဦး သုံးလုံးတွေ့ရသည်။ ဂရေဂရီနှင့် ဝဲလ်စ်တို့သည် ထိုဂိုထောင်များထဲသို့ တိတ်တဆိတ် ဝင်ကြည့်ခဲ့သည်။ ဂိုထောင်ထဲတွင် မည်သည့်ပစ္စည်းများမှ မတွေ့ရသော်လည်း သေတ္တာများ ချသိုထားခဲ့ဘူးသည့် လက္ခဏာများ တွေ့ခဲ့ရသည်။

ည ဆယ်နာရီလောက် အချိန်တွင် မောရီးဖတ်သည် သူ၏လူများကို လိုက်လံစစ်ဆေးကြည့်ရှုသည်။ အထူးသဖြင့် မြစ်ဝတွင် အသင့်စောင့်ဆိုင်းနေသော တိုက်ရေယာဉ်များနှင့် အဆက်အပြတ်ဆက်သွယ်ထားသော ဆက်သွယ်ရေး စက်သမားကို စစ်ဆေးကြည့်ရှုလိုက်သည်။ သို့သော် သူ့ထံမှ ခေါင်းယမ်းချက်သာ တုံ့ပြန်ရောက်သည်။

ည ၁၁ နာရီခွဲလောက်မှသာလည်း ဟာနီပင်လယ်အော်၏ အရှေ့မြောက်ဘက်မှ ဝင်လာနေသော ရေယာဉ်အုပ်စုတစ်စု၏ အသံကို ကြားရကြောင်း တိုက်ရေယာဉ်များထံမှ သတင်းဝင်လာသည်။ ခဏအကြာတွင်မူ ဆွာလီမြစ်အတိုင်း ဆန်တက်လာနေသည်ဟု သတင်း ရောက်လာပြန်သည်။

၁၂ နာရီထိုးရန် ၁၅ မိနစ် အလိုတွင်မူ ထိုရေယာဉ်အုပ်စုက



ဝင်းနဲမီလ်ချောင်းထဲ ရောက်နေပြီဟု စိမ့်တောစပ်မှ စောင့်နေသူများ တွက်ဆလိုက်သည်။ မရှေးမနှောင်းမှာပင် တိုက်ရေယာဉ်များ ဆွာလီမြစ်ကို ပိတ်၍ ဆန်တက်လာနေကြောင်း သတင်းဝင်လာသည်။

ငါးမိနစ်အကြာတွင်မူ ချောင်းစပ် တစ်မိုင်အကွာတွင် နေရာယူထားသော ကင်းအဖွဲ့တစ်ဖွဲ့မှ သတင်းဝင်လာသည်။ မော်တော်စက်လှေကြီး ခြောက်စင်းပါဝင်သော လေယာဉ်အုပ်စုတစ်စု အမှောင်ချ၍ ဆန်တက်လာနေသည်ဟု မောရီးဖတ်တို့အုပ်စု လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။

'သူတို့ ဒီနေရာမှာ ဆိုက်ချင်ဆိုက်မယ်၊ ဒါပေမယ့် ပြဿနာရင်းမြစ်က အဲဒီအိမ်မှာ ဖြစ်လိမ့်မယ်၊ အဲဒီကို သွားရအောင်'

ကမ်းစပ် ရေဆိပ်နားတွင် နေရာယူထားသော ဂရေဂရီက ပြောလိုက်သည်။

'အိမ်ကို လူ တစ်ဒါဇင်လောက် ဝိုင်းထားတယ်၊ ဒါပေမယ့် ခင်ဗျားပြောတာ မှန်တယ်၊ ကျုပ်လည်း ပွဲသိမ်းမှာ ပါချင်တယ်'

ဝဲလ်စ်က ပြန်ဖြေလိုက်သည်။

ယင်းတို့သည် စီးကရက်မီးများ ငြိမ်းသတ်လိုက်ပြီး ကမ်းစပ်အတိုင်း ခပ်သုတ်သုတ် လျှောက်ခဲ့သည်။ တိတ်ဆိတ်ငြိမ်သက်မှောင်မဲနေသော အိမ်၏အထက်တွင် အထပ်ထပ်ပြတင်းပေါက်တစ်ပေါက်မှ အလင်းရောင် ထိန်ထိန်ဖြာထွက်နေသည်။ ယင်းအလင်းရောင်ရှေ့ပြတင်းပေါက် ဘောင်ပေါ်တွင်မူ ကြောင်အနက်တစ်ကောင် ထိုင်နေပုံရသည်။

ဂရေဂရီသည် ထိုကြောင်ကို သေချာကြည့်လိုက်မိသည်။ ကြောင်နက်မှာ တုတ်တုတ်ပင် လှုပ်ပုံမရချေ။ ပြတင်းပေါက်မှ ကိုက်

၂၀ မျှသာ လှမ်းသော အကွာအဝေးတွင် ရပ်တန့်နေသော ဂရေဂရီသည် ထိုသဏ္ဌာန်မှာ ကြောင်ရုပ်သက်သက်သာဖြစ်ကြောင်း သဘောပေါက်သွားသည်။ မှောင်ရိုအုပ်စုအား အားလုံးကောင်းကြောင်း လျှို့ဝှက်အချက်ပြကွက်ပင် ဖြစ်ပုံရသည်။

သူတို့ မှောင်ရိပ်တွင် ခိုနေခိုက်မှာပင် ချောင်းဆီမှ ပြန့်လွင့်လာသော မော်တော်စက်သံကို ကြားရသည်။ ဂရေဂရီ ဝပ်ချလိုက်သည်။ သူ၏ဘေးတွင် ရပ်နေသော ဝဲလ်စ်ကိုပါ ဆွဲချလိုက်သည်။ သူ့နောက်တွင် ရှိနေသော ရဒ်မှာ မြေပြင်ပေါ် ဝပ်ပြီးသားပင်။

စက်လှေကြီး ခြောက်စင်းသည် ချောင်းကွေ့တစ်ဘက်မှ ပေါ်ထွက်လာသည်။

'သူတို့ ကမ်းကို ဆိုက်တာနဲ့ ဖမ်းမှာလား'

ဂရေဂရီက လေသံဖြင့် မေးလိုက်သည်။

'မောရိုးဖတ်က မဖမ်းသေးဘူး၊ သူတို့ ပစ္စည်းတွေချပြီး ကျုပ်တို့ တိုက်ရေယာဉ်တွေ ရောက်လာချိန်ကျမှ ဖမ်းလိမ့်မယ်'

ဝဲလ်စ်က လေသံဖြင့်ပင် တုံ့ပြန်လိုက်သည်။

စက်သံများ တိုးသွားသည်။ ထို့နောက် တိတ်ဆိတ်သွားသည်။ လူသူ ကင်းမဲ့ပုံရသော ရပ်ဝန်းတစ်ခုလုံးကို တိတ်ဆိတ်မှု လွှမ်းခြုံသွားပြန်သည်။ စက်လှေများ ဆိုက်ကပ်ရန် ကြိုးစားခိုက် စက်လှေပေါ်မှ လူသံအချို့ကိုသာ ရေးရေးကြားရသည်။

ဝဲလ်စ်သည် ဂရေဂရီ၏ ပခုံးကို လက်နှင့် ပုတ်လိုက်ပြီး အိမ်ရှေ့တံခါးကို လှမ်းမြင်သာသည့် နေရာသို့ တွားလာခဲ့သည်။

သူတို့ နေရာသစ်ယူပြီးစမှာပင် လူသွားလူလာနည်းသော လမ်းအတိုင်း လူနှစ်ယောက် လျှောက်လာသည်ကို တွေ့ရသည်။ တစ်



ယောက်က တစ်ဦးထက် ပို၍ အရပ်ရှည်ပြီး ခြေတစ်ဖက်ရှည်ကို ဒရွက်ဆွဲသွားနေသည်။ ထော့ကျိုးပင်။

ချောင်းဘက်ဆီမှ အသံတစ်ခု ပေါ်လာသည်။ ပို၍ အားကောင်းသော စက်သံများပင်။ ဂရေဂရီ ထိုအသံကို ကြားလိုက်စဉ်မှာပင် ထော့ကျိုးလည်း ကြားလိုက်၏။ သူသည် အိမ့်တံခါးဝ မီးရောင်တွင် ရပ်လျက် နားစိုက်ထောင်လိုက်သည်။

စူးရှသော ခရာတွက်သံတစ်ချက် ပေါ်လာသည်။ စက်သံ အုပ်အုပ်တို့ကို ရုတ်တရက် ဖောက်ထွင်းထွက်လာပေသည်။ အိမ်နောက်ဘက်တွင် ဝပ်နေသော မောရိုးဖတ်သည် ချဉ်းကပ်လာနေသော တိုက်ရေယာဉ်များ အသံကို ကြားပြီး သူ့လူများကို တပ်လှန့်လိုက်ခြင်းပင် ဖြစ်သည်။

## အခန်း (၂၂)

ထော့ကျိုးသည် အိမ်ထဲသို့ တဟုန်ထိုး ခုန်ဝင်သွားသည်။ ဝဲလ်စ်သည်လည်း သူ့ခရာမှုတ်၍ အိမ်ဆီသို့ တဟုန်ထိုး ပြေးသွားသည်။

အမှောင်ထဲမှ သင်္ဘောနက် ၁၂ ခုလောက်ပေါ်လာသည်။ သို့သော်တံခါးဝသို့ ဝဲလ်စ်အရင်ရောက်သွား၏။ သူ့လူများနောက်မှ ထပ်ချပ်ပါလာသည်။

ဂရေဂရီသည် အိမ်အောက်ထပ်တွင် ပြတင်းပေါက်တစ်ပေါက်သို့ ပြေးသွားသည်။ အင်္ဂါးရထားသော ရဲပစ္စတိုလ်ဒင်ဖြင့် ပြတင်းပေါက်မှန်ကို ရိုက်ခွဲလိုက်သည်။

တံခါးကို ဂျမ်းတုံးခံထား၏။ ဝဲလ်စ်တို့အုပ်စုသည် ထိုတံခါးကို ပခုံးစောင်းတိုက်ချနေသည်။ ဂရေဂရီနှင့် ရုဒ်သည် ပြတင်းပေါက်မှ ထောင်ထွက်နေသော မှန်ကွဲစများကို လက်စသိမ်းလိုက်ပြီးလိုက်ကာကို ဖယ်ရှားလိုက်သည်။ အခန်းတွင်းသို့ ချောင်းကြည့်လိုက်သည်။

အခန်းထဲတွင် ထော့ကျိုးသည် အခြားလူနှစ်ယောက်နှင့် ဆံပင်ဖြူဖြူမျက်နှာ ပိန်ပိန်အမျိုးသမီးကြီးတစ်ယောက်ရှိသည်။ ထော့ကျိုး



ကဖုန်းထဲ သို့အော်ပြောနေခဲ့သည်။

'ဖုန်းချလိုက် .. ဖုန်းမချရင် ပစ်ထည့်လိုက်မယ်'

ဂရေဂရီက ပြတင်းပေါက်ထဲသို့ ကိုယ်တစ်ပိုင်းထိုးသွင်းပြီး သေနတ်ဖြင့် ထိုးချိန်ရင်း အော်ဟစ်အမိန့်ပေးလိုက်သည်။

ထော့ကျိုးကချာခနဲ လှည့်လိုက်သည်။ လက်ထဲတွင် စကားပြောခွက်ကိုင်လျက်သားပင် ဂရေဂရီကို ပြူးကြည့်လိုက်သည်။ ထိုအချိန်မှာပင် ရဲများက တံခါးကိုဖြို၍ အခန်းထဲသို့ တဟုန်ထိုး ပြေးဝင်လာသည်။

ရန်းရင်းဆန်ခတ်မှု သိပ်မကြာချေ။ ဂရေဂရီ ပြတင်းပေါက်မှ ခွာ၍ အိမ်ရှေ့တံခါးမှ ပြေးဝင်လာချိန်တွင် ထော့ကျိုးကို ရဲများချုပ်ပြီးဖြစ်သည်။

ခဏတိတ်ဆိတ်သွားသောအခါတွင် ဆိပ်ခံတံတားဘက်မှ အော်ဟစ်သံနှင့် ပြေးလွှားသံများကြားရသည်။ မောရိုးဖတ်နှင့် ကျန်လူများ၊ စက်လှေများပေါ်ရောက်နေချေပြီ။ ရဲအင်အားများပြားလွန်းလှသောကြောင့် မှောင်ခိုသမားများ ထွက်ပြေးရန် အခွင့်အရေးမရချေ။

အိမ်ထဲတွင် အခြေအနေထိန်းထိန်းသိမ်းသိမ်း ဖြစ်သွားသည်နှင့် ဝဲလ်စ်က သူ့လူများကို အမိန့်ပေးလိုက်သည်။

'ဒီလူနှစ်ယောက်နဲ့ အမျိုးသမီးကို တစ်ဘက်ခန်းထဲခေါ်သွား'

ထို့နောက် ထော့ကျိုးကို မျက်နှာချင်းဆိုင်လိုက်သည်။

'ကဲ .. မင်းကိုမိပြီ .. အဲဒီတော့ ဖြောင့်ချက်ပေးပေတော့ .. စောစောက ဘယ်ကို ဖုန်းဆက်နေခဲ့တာလဲ'

ထော့ကျိုး၏ မှုံကုပ်ကုပ်မျက်နှာပေးတွင် ဒေါသနှင့် အာဃာတသာတွေ့ရသည်။

'သွား .. သေလိုက် .. မင်းတို့ ငါတို့ကို မိထားတာမှန်တယ် ဆရာကြီးကို ဘယ်တော့မှ မသိဘူး'

သူသည် ဂရေဂရီကို ခပ်လှောင်လှောင်ကြည့်လိုက်သည်။

'မင်းကတော့ မင်းနဲ့ထိုက်တန်တာ ရလိမ့်မယ် .. မင်းကောင်မကို ခိုက်နေတယ်ဆိုရင်ပေါ့ .. သူတို့ကို နှစ်ဖက်ခွသတ်သွားတာ ဒီည ဒီအလုပ်လုပ်မဲ့နေရာကို တစ်နည်းနည်းနဲ့ သတင်းပို့လိုက်တာပဲ .. ဒါပေမယ့် ငါအချိန်မှီ ဖုန်းဆက်လိုက်တော့ ကောင်မကြွဖို့ သေချာတယ် .. ငါထောင်ကျမှာ သေချာတယ် .. သူ့အတွက်တော့ ပန်းခွေသာ ဝယ်ထားတော့'

ဂရေဂရီမျက်နှာတရားလွန်သွေးဆုတ်ဖြူယော်သွားသည်။ သူ တစ်ခွန်းမျှ မတုံ့ပြန်နိုင်ချေ။ သို့သော် တယ်လီဖုန်းကို ဖြတ်ခနဲ ဆွဲလိုက်ပြီး တဒင်္ဂအတွင်းမှာပင် တယ်လီဖုန်းအော်ပရေတာနှင့် အဆက်အသွယ်ရသည်။

'ဒါ ရဲကိစ္စ .. အရေးကြီးတယ် .. လွန်ခဲ့တဲ့ နှစ်မိနစ်လောက် ကဒီကနေဖုန်းဆက်တယ် ဘယ်လိုဆက်လဲ'

ဂရေဂရီ တိတ်ဆိတ်သွားသည်။ ထို့နောက် ဝဲလ်စ်ကိုလှမ်းကြည့်လိုက်သည်။

'ဘုရားမတာပဲ .. ဒီတယ်လီဖုန်းအော်ပရေတာ တော်တော်တော်တယ် .. ဒီခွေးမသားက ကွက်စ်ခြံကို လှမ်းဆက်တယ် .. ၂၁–၃၅–၁၉ လို့ပြောလိုက်တယ် .. နှစ်ကြိမ်တောင်ရွတ်ခဲ့တယ်'

ဝဲလ်စ်သည် သူ၏ မှတ်စုစာအုပ်ကို လျှင်မြန်စွာ ဆွဲထုတ်လိုက်သည်။

'၂၁ .. ငါး .. လံတိတိ ဖခင်ပျံသန်း .. ၃၅ .. အိမ်စက်မှုကို



ချေဖျက်သတိရှိပေ .. ၁၉ အိမ်စောင့်ခွေးဟောင်သည်။ အောက်က နှစ်လိုင်းစလုံးသတိပေးတာပဲ .. အရေးအကြီးဆုံး အခြေအနေ ဆိုက်မှန်း လျှို့ဝှက်သင်္ကေတနဲ့ သတိပေးတာပဲဖြစ်မယ်'

ဂရေဂရီသည် သူ၏ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်လိုက်သည်။ လက်သန်းများပင် လက်ဖဝါးထဲ စူးဝင်သွားသည်။ လေကြောင်းမှတွက်လျှင် ကွက်စ်ခြံသည် မိုင် ၂၀ မျှသာ လှမ်းသည်။ ထော့ကျိုးယူဆသကဲ့သို့ပင် လော့ဂါဗင် ဖောတက်ကျုက ဆာဗီနီကိုသစ္စာဖောက်ဟု ယုံကြည်လျှင် ဆာဗီနီကိုလွတ်ရန်လမ်း မရှိတော့ချေ။ သူမကို ချက်ချင်းသတ်ဖြတ်ခိုင်းပြီး ပြင်သစ်နိုင်ငံသို့ ထွက်ပြေးသွားနိုင်သည်။

ဂရေဂရီ၏ မျက်နှာပေါ်တွင် ချွေးသီးချွေးပေါက်စို့လာသည်။ သူဘာလုပ်ရမည်နည်း။ ထိုအချိန်မှာပင် ဝဲလ်စ်၏ လူတစ်ယောက်က ထော့ကျိုး၏ အိမ်များကို မွှေနှောက်လိုက်သည်။ အိမ်ထဲမှ ပစ္စည်းများကို စားပွဲပေါ်တင်လိုက်သည်။ ထိုအထဲတွင် စာထုတ်တစ်ခုပါနေသည်။ ဝဲလ်စ်သည် ထိုစာထုတ်ကို ကောက်ယူလိုက်သည်။ ထိုနေ့နေ့ခင်းကပင် ဘာချင်တွန်မှ ရိုးချက်စတာမြို့သို့ ပေးပို့သော ကြေးနန်းစာပါရှိသည်။ ဝဲလ်စ်က ဂဏန်းများကို ဖတ်ရှုလိုက်သည်။

'၄၄ .. ၃၂ .. ၂၇'

ဝဲလ်စ်က ရှိတ်စပီးယား၏ တေးပေါ်ဖူတည်ထုတ်ထားသော သင်္ကေတမှတ်စုကို ကြည့်လိုက်သည်။

'၄၄ .. လင်းတို့တောင်နဲ့ .. ငါပျံသန်း .. ၃၂ .. မျက်လုံးပွင့်ပွင့်ကြဲစည်ချက် .. ၂၇ ရေသူမတွေနာရီနဲ့အမျှထိုးသည်။

ဂရေဂရီ ရှေ့သို့ ခြေတစ်လှမ်းတိုးလိုက်မိသည်။

'ဒါဖြင့် မှောင်ခိုတွေသင်္ဘောတွေရော လေယာဉ်ပျံတွေပါ သုံးမဲ့သဘောပဲ .. မျက်လုံးပွင့်ပွင့်ကြဲ့စည်သည်ဆိုတော့ ဂါဗင်က သူ့ကိစ္စပေါ်ပြီလို့ သိပြီး ဒီည ကွန်မြူနစ်လှူ့ဆော်ရေးသမားတွေကို နောက်ဆုံး– သွန်ထည့်ပြီး လှူပ်ရှားတော့မယ်'

'အမှန်ပဲ... ဒါပေမယ့် ဘယ်မှာလဲ၊ ရေသူတွေ နာရီနှင့်အမျှ ထိုးသည်။ ဆိုတာ နေရာကို ဖော်ပြတာပဲ၊ ဒါပေမယ့် ကျုပ်တို့ တစ်ခါမှ မကြဲ့ဘူးသေးတဲ့ နေရာပဲ'

ဂရေဂရီ၏ မျက်လုံးထဲတွင် မျှော်လင့်ချက်လေးသဲ့သဲ့ လင်းလက်သွားသည်။

'လေယာဉ်ပျံတွေပါ အရေးကြီးဆုံးပစ္စည်းတွေနဲ့ လာမယ်ဆိုတော့ ဂါဗင်လည်း အဲဒီရောက်နေမှာပဲ.... ဆာဗီနီကို ကွက်စ်ခြံထဲမှာ ထားခဲ့လိမ့်မယ်၊ ဒီခွေးမသားက အဲဒီလို ဖုန်းလှမ်းဆက် သတိပေးတော့ အဲဒီကနေ သူ့ဆီကို လှမ်းပြီး ဆက်ရအုံးမှာ၊ သူ့ဆီ သတိပေးချက်ရောက်ရင် ဆာဗီနီကို ပြန်ရှင်းဖို့တောင် အချိန်ရမှာ မဟုတ်ဘူး၊ ပြင်သစ်နိုင်ငံကို တစ်ချိုးတည်း ထွက်ပြေးကောင်း ထွက်ပြေးမယ်၊ ဒါပေမယ့် ဆာဗီနီကိုပါ သူနဲ့ ခေါ်ရင် ခေါ်သွားခဲ့မှာ၊ အဲဒီတော့ ဆာဗီနီသာ သူနဲ့အတူ ရှိနေရင် အခြေအနေ ပိုဆိုးနိုင်တယ်'

သော့ကျိုးက ဟားတိုက်လိုက်သည်။

'အမှန်ပဲ၊ မင်းတို့ သိပ်တော်ပေမယ့် အချည်းအနှီးပဲ၊ မင်းတို့ ရေသူမ ရှာနေတုံးမှာ ဆရာကြီး လစ်သွားမှာပဲ၊ နောက်ပြီး သူနဲ့အတူ ဆာဗီနီ ပါရှိတယ်.... ယုံ'

အခန်းထောင့်တွင် ရပ်နေသော ရုဒ်က လျှင်မြန်စွာ လှမ်းပြောလိုက်သည်။



'ရေသူမ.... ဆိုတော့ အဖိုးကြီးဟာ ရေသူမလို့ခေါ်တဲ့ အရက်ဆိုင်ဖြစ်ဖြစ်၊ တည်းခိုဆောင်ဖြစ်ဖြစ်၊ အစားအသောက်ဆိုင်ဖြစ်ဖြစ် ရောက်နေလိမ့်မယ် မှတ်တယ်၊ ဒီကမ်းရိုးတန်းဝန်းကျင်မှာ အဲဒီနာမည်နဲ့ ဆိုင်နေရာတစ်ခုခုတော့ ရှိကောင်းတယ်'

'ဟုတ်မယ်..... မင်း မောရိုးဖတ်တို့ကို သွားခေါ်စမ်း၊ တို့လူကို မိထားပြီလို့ ဖြစ်နိုင်ရင် ဒီနယ်မြေရဲတွေနဲ့ အမြန်ဆုံး လာခိုင်းစမ်း'

ရုဒ် အိမ်အပြင်ဘက်သို့ သွက်လက်စွာ ပြေးထွက်သွားသည်။

သို့သော် မောရိုးဖတ်၊ ဆာပလ်လီနော့နှင့် နယ်မြေရဲမှူးများ ရောက်လာသော်လည်း ထင်တိုင်းမပေါက်ချေ။ ထိုကမ်းရိုးတန်း တစ်လျှောက်တွင် ရေသူမ အမည်တပ်ထားသော နေရာပေါင်း ၂၀ ကျော် ရှိသည်။

မည်သို့ပင်ဆိုစေ ထိုနေရာပေါင်း ၂၀ ကို အမြန်ဆုံး စုံစမ်းရန် မောရိုးဖတ်နှင့် သူ၏အုပ်စု ခပ်သုတ်သုတ် ထွက်ခွာသွားသည်။

ငါးမိနစ်အကြာတွင် အိမ်၏ ဧည့်ခန်းထဲတွင် ဂရေဂရီနှင့် ရုဒ်၊ ဝဲလ်စ်၊ သော့ကျိုးနှင့် သူ့ကို စောင့်ကြပ်နေသော ရဲနှစ်ဦးသာ ကျန်တော့သည်။

ဂရေဂရီသည် ကြမ်းပြင်ကိုသာ ငေါင်ကြည့်နေခဲ့မိသည်။ ကန့်ရေသရဲများအားလုံး တကဲတကဲကြွကြွ မြေလှန်ရှာနေရာ အနေးနှင့် အမြန် ရေသူမစခန်းကို တွေ့မည်။ သို့သော် အနေးကို သူ လုံးဝလက်မခံနိုင်ချေ။ အမြန် အခြေအနေတွင်ပင် ဆာဗီနီကို အသက်မှီပါ့မည်လား။

ဂရေဂရီသည် ဝဲလ်စ်ကို တစ်ချက် လှမ်းကြည့်လိုက်သည်။

'ကျုပ်နဲ့ အပြင် ခဏလိုက်ခဲ့စမ်းပါ'

'ကျုပ်အတွက် တစ်ခုခု လုပ်ပေးစေချင်တယ် ဝဲလ်စ်'

ဂရေဂရီ က ပြောလိုက်သည်။

'ဘာလဲ'

ဝဲလ်စ်က သတိဖြင့် မေးလိုက်သည်။

'ခင်ဗျားလူတွေကို အပြင် ခေါ်ထုတ်ထားစမ်းပါ၊ ကျုပ် ထော့ကျိုးနဲ့ သီးသန့် စကားပြောချင်တယ်'

'ဘာလို့လဲ'

'ဘာလို့လဲ မမေးနဲ့၊ ကျုပ်နဲ့အတူ ရှဒ်ပါ ရှိနေမယ်၊ ကျုပ်တို့ နှစ်ယောက် လက်က ထော့ကျိုး မလွတ်ပါဘူး၊ ကျုပ်တို့ နှစ်ယောက်ကို ဆော်ထည့်နိုင်ရင်တောင် အပြင်မှာ ခင်ဗျားနဲ့ ခင်ဗျားလူတွေ အသင့်ရှိနေမယ်'

ဝဲလ်စ်က ခေါင်းခါယမ်းလိုက်သည်။

'ဆောရီးပဲ၊ မဖြစ်ပါဘူး၊ သူဟာ ရဲလက်ထဲ ရောက်နေပြီ'

'ဖြစ်တယ်၊ ဖြစ်အောင်လည်း မင်း လုပ်ရမယ်'

ဂရေဂရီက ဖော်ရွေစွာ ပြုံး၍ ဆက်ပြောလိုက်သည်။

'ဒီအမှုပြီးရင် ခင်ဗျား ရာထူးတိုးဖို့ သေချာတယ်၊ မကြာခင်မှာ မေဂျာဖတ် ရာထူးမျိုးရဖို့ သေချာတယ်၊ ခင်ဗျား ကြိုးစားမှုကြောင့် ထိုက်ထိုက်တန်တန် ရတာပါ၊ ဒါပေမယ့် ကျုပ်ရဲ့ ကူညီပံ့ပိုးမှုကိုလည်း မမေ့နဲ့၊ ကျုပ် လေယာဉ်ပျံပေါ်က ခုန်ဆင်းခဲ့တဲ့ညကို မှတ်မိလား၊ ဆာဗီနီ နဲ့ ပတ်သက်ရင် တက်နိုင်သမျှ အကူအညီပေးပါမယ်လို့ ကတိပြုခဲ့တာလေ၊ အခု အဲဒီအကူအညီ လိုတယ်၊ အဲဒီအကူအညီလေးကလဲ ထော့ကျိုးနဲ့ သီးသန့် စကားနည်းနည်းပြောခွင့် သက်သက်ပဲ'



'ကဲ.... ဗျာ... ခင်ဗျားသဘော ကျုပ်လူတွေကို အပြင် ခေါ်ထုတ်ပြီး ပြတင်းပေါက်နားမှာ ချထားမယ်၊ ခင်ဗျား အထဲဝင်တော့'

ခဏအကြာတွင် ဂရေဂရီသည် ထော့ကျိုးနှင့် တစ်ယောက်ချင်း မျက်နှာချင်းဆိုင်နေချေပြီ၊ ရှဒ်က အခန်းထောင့်တွင် တိတ်တဆိတ် ရပ်တန့်နေသည်။

'ကဲ.... အဲဒီ ရေသူမတွေ နာရီနဲ့အမျှ ထိုးနေသည်ဆိုတဲ့ နေရာ ဘယ်နေရာလဲ မြန်မြန်ပြောစမ်း'

ဂရေဂရီက ခက်ထန်စွာ မေးလိုက်သည်။

'ဘာလို့ ပြောရမှာလဲ.... မပြောဘူး'

ထော့ကျိုးက ပြန်ဟောက်လိုက်သည်။

ဂရေဂရီသည် သူတို့နှစ်ဦးကြားတွင် ရောက်နေသော စားပွဲကို ဘေးသို့ ဆွဲဖယ်လိုက်သည်။

'ရှဒ် မင်းနေရာမှာပဲနေ.... ဒီပွဲ မျှမျှတတ ဖြစ်ပါစေ'

နောက်တစ်စက္ကန့်တွင်မူ ထော့ကျိုး၏ ဝမ်းဗိုက်ကို ဘယ်လက်သီးတစ်ချက် ပစ်သွင်းလိုက်သည်။

ထော့ကျိုးသည် မျက်နှာကို လက်နှင့် ကွယ်ထားခဲ့သည်။ မမျှော်လင့်သော လက်သီးချက်ကြောင့် ခါးကိုင်းသွားသည်။ ဂရေဂရီ၏ ညာလက်သီးတစ်လုံးက သူ၏ နားသယ်စပ်ကို ဝင်လာသည်။ ခြေကားယား လက်ကားယား ပစ်ကျသွားစေသည်။

'ကဲ... အခု ပြောမလား'

သူ့ပေါ် မိုး၍ ရပ်နေသော ဂရေဂရီက မေးလိုက်သည်။

ထော့ကျိုးသည် အသက်ရှူမှန်အောင် တဒင်္ဂမျှ ကြိုးစားလိုက်ရသည်။ ရုတ်တရက် ဂရေဂရီ၏ ခြေထောက်ကို ဒိုင်ဗင်ထိုးလိုက်

သည်။ ဂရေဂရီ နောက်ပြန်လန်ကျသွားသည်။ သို့သော် ဂရေဂရီသည် နောက်လှန်ကျရင်း ခြေစောင်းဖြင့် လှမ်းခတ်လိုက်သည်။ ထော့ကျိုး လက်လွတ်သွားပြီး နှစ်ဦးစလုံး တစ်ယောက်တစ်ဖက် လိမ့်သွားသည်။

နှစ်ယောက်စလုံး လူးလဲထလိုက်သည်။ အသက်ပြင်းပြင်းရှူရင်း တစ်ယောက်ကိုတစ်ယောက် ဒေါသတကြီး ရင်ဆိုင်လိုက်သည်။ ထော့ကျိုးက ပို၍ ခန္ဓာကိုယ် ထွားသည်။ သို့သော် ဂရေဂရီက ပို၍ သွက်လက်သည်။ ဂရေဂရီသည် ဖိနပ်လက်သီးတစ်လုံး ပြပြီး နောက်တစ်လုံး ပစ်သွင်းလိုက်သည်။ ထော့ကျိုး၏ နှာခေါင်းပေါ်သို့ တည့်တည့်မတ်မတ် ကျသွားသည်။

ထော့ကျိုး မျက်လုံးထဲတွင် မျက်ရည်ဝေ့တက်ပြီး တဒင်္ဂတွေသွားသည်။ နောက်သို့ ယိုင်သွားသည်။ သို့သော် ခေါင်းတစ်ချက် ခါယမ်းလိုက်ပြီး နွားသိုးကြိုးပြတ် တိုးဝင်လာသည်။ ဂရေဂရီအား ဘယ်ပြန်ညာပြန် ထိုးနှက်လိုက်သည်။

ဂရေဂရီ စားပွဲစွန်းကို လှမ်းဆွဲရက် ကျသွားသည်။ ထော့ကျိုးသည် သူ့အပေါ် ခုန်ချလိုက်ပြီး ဝမ်းဗိုက်ကို ဒူးဖြင့် တိုက်လိုက်သည်။

ဂရေဂရီသည် တစ်စက္ကန့်မျှ တွန့်သွားသည်။ ထော့ကျိုးသည် လည်ပင်းကို လက်နှစ်ဖက်ဖြင့် ဖျစ်ညှစ်လိမ်လိုက်သည်။ ထော့ကျိုး၏ အောက်မှ လိမ့်ထွက်လိုက်သည်။

တစ်ယောက်နှင့်တစ်ယောက် လွတ်သွားသည်နှင့် လူးလဲထလိုက်သည်။ အသက်ရှူမှားပြီး မျက်နှာ သွေးအလူးလူးဖြင့် ရင်ဆိုင်လိုက်ပြန်သည်။ ထော့ကျိုးသည် ဗလအားကိုးဖြင့် ဝါးလုံးထိုး



ဝင်လာသည်။ ဂရေဂရီသည် ကြောင်တစ်ကောင်ကဲ့သို့ ပေါ့ပါးမှုဖြင့် ဘေးသို့ ခုန်လိုက်ပြီး မေးစေ့ကို လက်သီးတစ်ချက် ပစ်သွင်းလိုက်သည်။

ထော့ကျိုး ဘေးတစ်စောင်းကျသွားသည့် အရှိန်နှင့် ကြမ်းပြင်တစ်ခုလုံး သိမ့်သိမ့်ခါသွားသည်။ သူ တစ်စုံတစ်ရာ ရေရွတ်လိုက်ပြီး ကြမ်းပေါ် မျက်နှာအပ် ငြိမ်နေခဲ့သည်။

'ကဲ.... ပြောမလား၊ မပြောရင် အသေထိုးသတ်ပစ်မယ်၊ မင်းလိုကောင်ရဲ့ အသက်ကို ညှာစရာ မလိုဘူး၊ ညှာမနေနိုင်ဘူး'

ဂရေဂရီက သက်ပြင်းကြီးရှူရင်း ခြိမ်းခြောက်လိုက်သည်။

ထော့ကျိုးက လေးဘက်ထောက်ထလိုက်သည်။

'ခွေးမသား မပြောဘူးကွာ.... မင်း ကြိုက်တာလုပ်'

'မင်း ပြောအောင်ကိုပဲ ငါ လုပ်မယ်'

ဂရေဂရီသည် ပြောပြောဆိုဆိုပင် ထော့ကျိုး၏ မျက်နှာတည့်တည့်ကို အရှိန်ပြင်းစွာ ကန်ထည့်လိုက်သည်။ ထော့ကျိုးသည် အခန်းထောင့်သို့ နောက်ပြန် လွင့်သွားသည်။

နှာခေါင်းနှင့် ပါးစပ်မှ သွေးစီးကျနေသော ထော့ကျိုးသည် အခန်းထောင့်တွင် ခွေရင်း ညီးလိုက်သည်။

'ကဲ ပြောစမ်း မပြောရင် သတ်ပစ်မယ်'

ဂရေဂရီက မီးဝင်းဝင်းတောက်သော မျက်လုံးဖြင့် ဟောက်လိုက်သည်။

ထော့ကျိုးက ခေါင်းကို ဖျော့ဖျော့လေး ခါယမ်းလိုက်သည်။

ဂရေဂရီသည် သူ့ အင်္ကျီလည်ဂုတ်ကို ဆွဲ၍ မှောက်ရက်ပစ်ချလိုက်သည်။

'ကောင်းပြီ၊ ရဒ်..... အဲဒီ အဝတ်ကြိုးတန်း ပေးစမ်း'

ရဒ်က ချက်ချင်း ပြေးဖြုတ်လိုက်သည်။ ထော့ကျိုးကို ရှန်းကန်နေသည့်ကြားကပင် သူ၏လက်နှစ်ဖက်ကို နောက်ပြန်ချည်နှောင်လိုက်ကြသည်။

'အဲဒီကြိုးစကို ဟို တံခါးပေါက်က ချိတ်ကြီးပေါ် ချိတ်လိုက်၊ ဒီခွေးမသားရဲ့ လက်နှစ်ဖက်ကို ချိုးဖို့လိုရင် ချိုးပစ်မယ်'

ရဒ်သည် ငါးပေခန့်မြင့်သော ချိတ်ပေါ်သို့ ကြိုးလျှိုလိုက်သည်။ ကြိုးစတစ်ဘက်ကို သူ၏လက်ထဲတွင် ကိုင်ထားသည်။

'ဟုတ်ပြီ...... ဆွဲ'

ဂရေဂရီက အသံသေဖြင့် ပြောလိုက်သည်။

ရဒ်က အားရပါးရ ဆွဲလိုက်သည်။ ကြိုးတင်းသွားသည်နှင့် ထော့ကျိုး၏ လက်နှစ်ဖက်သည် ကမ်းကုန် ဆန့်ထွက်လာသည်။ သူ၏ ခန္ဓာကိုယ် အလေးချိန် ပိလာသည်။

'ဆက်ဆွဲ'

ဂရေဂရီက မညှာမတာ အမိန့်ပေးလိုက်သည်။

ရဒ်က အားကုန်ခိုလိုက်သည်နှင့် ထော့ကျိုး၏ ပခုံးနှစ်ဘက် ရုတ်တရက် မြောက်တက်သွားသည်။ အပေါ်ပိုင်း ကြွသွား၏။ ကြမ်းပြင်ပေါ် တွဲလောင်းကျသွားသည်။ ထော့ကျိုး နာကျင်စွာ မြည်လိုက်သည်။

'ကဲ..... ပြောတော့မလား'

ဂရေဂရီက အေးစက်စွာ မေးလိုက်သည်။

'ငါ့ကိုလွှတ်..... ငါ့ကိုလွှတ်'

အညှင်းပန်းခံနေရသူက ငြီးတွားလိုက်သည်။



'မင်း ဖွင့်မပြောမချင်း မလွှတ်ပေးဘူး၊ အခုမှ နမူနာရှိသေးတယ်'

ဂရေဂရီက မညှာမတာ ပြောလိုက်သည်။

ထော့ကျိုး တိတ်ဆိတ်မြဲ တိတ်ဆိတ်နေသောအခါတွင် ဂရေဂရီသည် ဓါတ်ငွေ့မီးဖိုသို့ လျှောက်သွားသည်။ ဖရောင်းစက္ကူစာရွက် ကောက်ယူ၍ မီးမြှိုက်လိုက်သည်။

ခြေလှမ်းကျဲကျဲကြီး နှစ်လှမ်းဖြင့်ပင် ထော့ကျိုးဆီ ပြန်ရောက်လာသည်။ သူသည် မီးစွဲနေသော ဖရောင်းစက္ကူကို ထော့ကျိုး၏ မျက်နှာတည့်တည့် တေ့လိုက်ပြီး လျှင်မြန်စွာ ရုတ်လိုက်သည်။

'တွေ့လား..... မင်း အမှန်အတိုင်း ဖွင့်မပြောရင် မင်း မျက်လုံးတွေကို မီးရှို့ပစ်မယ်'

'ဘုရားရေ..... အဲဒီလို မလုပ်သင့်ဘူး ဆရာ'

ရဒ်က အမှတ်တမဲ့ ပြောလိုက်မိသည်။

ဂရေဂရီက သူ့ကို ချာခနဲ လှည့်ကြည့်လိုက်သည်။

'သောက်ရူး၊ ဒီခွေးမသားရဲ့ လျှာဖျားပေါ်မှာ ငါ့အမျိုးသမီးရဲ့ အသက်တည်နေတယ်၊ ငါ တကယ်လုပ်မှာပဲ....'

ရဒ် တုန်လှုပ်သွားသည်။

'ဆောရီးပဲ ဆရာ အဲဒီလို ကြည့်ရင်တော့ ဆရာ မှန်ပါတယ်'

ဂရေဂရီသည် ထော့ကျိုး၏ မျက်နှာကို ဖရောင်းစက္ကူဖြင့် တေ့လိုက်ပြန်သည်။ သို့သော် တဒင်္ဂမျှသာ။

ထော့ကျိုး ရုတ်တရက် အော်လိုက်သည်။

'ကောင်းပြီ၊ ငါပြောမယ်.... ပြောမယ်'

'ပြော'

ဂရေဂရီသည် မီးတောက်နေသော ဖရောင်းစက္ကူအစကို အသင့်ကိုင်လျက် ပြောလိုက်သည်။

'မင်း.... မင်းစာကောက်တာ မှားနေတယ်၊ အဲဒီမှာ ရေသူမက အဓိက မဟုတ်ဘူး၊ ထိုးသည်က သေ့ချက် စကားပဲ၊ ခေါင်းလောင်းထိုးတာ.... ကွက်စိခြံက ဘဲလ်ခေါင်းလောင်း မျှော်စင်ကို ရည်ညွှန်းတာ၊ ဒီည ကွက်စိခြံထဲမှာ လေယာဉ်ပျံတွေ ဆင်းမှာ၊ ဒါပေမယ့် မင်း အဲဒီမရောက်ခင် သူတို့ ပျံထွက်သွားကြမှာပဲ'

ထော့ကျိုးက အသက်ရှိုက်ရင်း ပြောလိုက်သည်။

'သူ့ကို ကြိုးဖြည်လိုက်'

ဂရေဂရီက အမိန့်ပေးလိုက်သည်။

ရဒ်က ကြိုးကို လျှော့ချလိုက်သည်။ ထော့ကျိုး၏ ကိုယ်ခန္ဓာသည် ကြမ်းပြင်ပေါ်သို့ ဝုန်းခနဲ ပစ်ကျသွားသည်။ ထော့ကျိုး၏ ခန္ဓာကိုယ်ကို တံခါးဝမှ ဆွဲဖယ်ပြီး အပြင်သို့ ပြေးထွက်ခဲ့ကြသည်။ ဝဲလ်စ်သည် အိမ်နှင့် ၁၅ ကိုက်အကွာတွင် ရပ်နေခဲ့သည်။

'ခင်ဗျား ဘာတွေ လုပ်ခဲ့လဲ'

ဝဲလ်စ်က မသက်မသာ မေးလိုက်သည်။

'အဲဒါ အကြောင်းမဟုတ်ဘူး၊ ခင်ဗျားလူ အထဲမှာ'

ဂရေဂရီက အမောတကော ဆက်ပြောလိုက်သည်။

'သေ့ချက် စကားက ခေါင်းလောင်း.... ရေသူမ မဟုတ်ဘူး၊ ခင်ဗျား ကျုပ်ကို ကူညီခဲ့တဲ့အတွက် အဲဒါလေး ပြောခဲ့မယ်၊ ခင်ဗျား ဘာသာ ခင်ဗျား အဓိပ္ပါယ်ဖော်ကြည့်'

ဂရေဂရီသည် ပြောပြောဆိုဆိုပင် ရဒ်နှင့်အတူတကွ အမှောင်ထဲသို့ ပြေးဝင်သွားသည်။



## အခန်း (၂၃)

ငါးမိနစ်အတွင်းမှာပင် ရဒ်ကား ရွေ့လာခဲ့ရာ မိုင်ဝက်ခရီးကို ပေါက်လာသည်။ နှစ်ယောက်သား ကားပေါ်သို့ ဒရောသောပါး ပြေးတက်လိုက်သည်။

'ဘယ်လိုမှ အချိန်မရှိဘူး ဆရာ... လမ်းအတိုင်းသွားရင် မိုင် ၄၀ ဝေးတယ်၊ အနည်းဆုံး တစ်နာရီ ကြာမယ်၊ အဲဒါတောင် လမ်းမှာ ယာဉ်ထိန်းရဲ အဆွဲမခံရရင်'

ရဒ်က အသက်ရှူမှန်လာသည်နှင့် ပြောလိုက်သည်။

'မှီ မမှီ ဘုရားပဲ သိမယ်၊ ဒါပေမယ့် ကွက်စိခြံကို ၁၅ မိနစ် အတွင်း ရောက်လိမ့်မယ်'

ဂရေဂရီက ပြောလိုက်သည်။

'မဖြစ်နိုင်တာ ဆရာ'

'ဖြစ်နိုင်တာပေါ့၊ ငါ ဒီကားလောက်ကိုပဲ အားကိုးမဲ့ တော့မှ မဟုတ်တာ... ငါ လန်ဒန်က တက်စ်တွန်ကို ဖုန်းဆက်ခဲ့တယ်၊

အငှားယာဉ်မှူးတစ်ယောက်ကို ငါ့လေယာဉ် မောင်းလာခိုင်းတယ်'

'ဟုတ်ပြီလား.... ဆရာ တကယ်တော်တာပဲ၊ ဒါပေမယ့် ဘယ်မှာလဲ အဲဒီလေယာဉ်ပျံ'

သူတို့သည် မကြာခင်မှာပင် မြင်းပြိုင်ကွင်းတစ်ခု၏ တံခါးဝသို့ ရောက်လာသည်။ ကားကို ထိုးဆိုက်လိုက်သည်။ ခြံစည်းရိုးကို ကျော်တက်လိုက်သည်။ ပြီး ခြံထဲ ပြေးဝင်ခဲ့ကြသည်။ ကွင်းလယ်ခေါင်တွင် မီးကျည်ထိန်ထိန်နှင့် ရပ်တန့်နေသော လေယာဉ်ပျံကြီးကို တွေ့ရသည်။

မြင်းပြိုင်ကွင်း ပိုင်ရှင်နှင့် သူ့လူနှစ်ဦးလည်း တွေ့ရသည်။ ယင်းတို့သည် ဂရေဂရီကို တွေ့သည်နှင့် ဒေါသတကြီးနှင့် တစ်ခုခုပြောရန် ဟန်ပြင်လိုက်သည်။

သို့သော် ဂရေဂရီက သူတို့၏ ကန့်ကွက်စကားကို လက်တစ်ဘက်ဖြင့် ယမ်းခါလိုက်ပြီး ပယ်ချလိုက်သည်။

'ရဲကိစ္စ.... စကားပြောချိန် မရဘူး'

သူသည် အငှားလေယာဉ်မှူးကို ကမန်းကတန်း လက်ဆွဲနှုတ်ဆက်ပြီး လေယာဉ်ပျံပေါ် ပြေးတက်ခဲ့သည်။ နောက်တစ်စက္ကန့်တွင် ပန်ကာလည်လာသည်။ နောက်တစ်စက္ကန့်တွင် ယင်းတို့ မြင်းပြေးလမ်းအတိုင်း တရှိန်ထိုး ပြေးလွှားနေသည်။ နောက်တစ်စက္ကန့်တွင် လေထဲမြောက်တက်နေပြီး ဂရေဂရီသည် ကွက်စ်ခြံသို့ ဦးတည်ပျံသန်းလိုက်သည်။

မိုင် ၂၀ ခရီးကို ခုနစ်မိနစ်အတွင်းမှာပင် ပေါက်သွားသည်။ ယင်းတို့နှင့် အတော့်ရင်းနီးနေပြီဖြစ်သော သစ်တောအုပ်ကို လှမ်းမြင်လိုက်ရသည်။ နောက် စက္ကန့်အတွင်းတွင်မူ ပန်းခြံလယ်တွင် ထိန်



လင်းနေသော မီးများကို တွေ့ရသည်။ ဂါဗင်ဖောတက်စ်ကျူနှင့် သူ့လူများ ရှိနေသေးသည်။ သူတို့ အနီးတွင် လေယာဉ် ဆင်းသက်လိုက်လျှင် သူတို့ကို တပ်လှန့်ရာ ရောက်သွားမည်။

ဂရေဂရီသည် ကြယ်တာရာများ မမြင်နိုင်အောင် ထူထပ်သော တိမ်တိုက်များကို ကျိန်ဆဲရင်း လေယာဉ်ပျံကို ကွေ့ချလိုက်သည်။ ခြံကြီး၏ အရှေ့ဘက်အစွန်းသို့ ဝဲပျံလိုက်သည်။ ထို့နောက် လေယာဉ်မီးများကို ဖွင့်လိုက်ပြီး အရှေ့ ခြံတံခါးအပြင်ဘက် ယခင်ဆင်းနေကျကွင်းပြင်တွင် လေဟုန်စီး ဆင်းသက်လိုက်သည်။

ဤတစ်ကြိမ် အဆင်းကြမ်း၏။ လေယာဉ်ပျံသည် မြေပြင်ကို တစ်ချက်ထိပြီး မြောက်တက်သွားပြန်သည်။ မြေကြီးကို ပြန်ထိသည်။ မရပ်တန့်သွားခင် တစ်စက္ကန့်တွင် လေယာဉ်တောင်ပံဖျားတစ်ဘက် စုတ်ပြတ်သွားသံကို ကြားရသည်။ ခါတ်တိုင်တစ်တိုင်ကို တိုက်မိခြင်းကြောင့် ဖြစ်သည်။

'ဘုရား'

ရဒ်က ဘုရားတပြီးမှ လေယာဉ်ပေါင်းမိုးကို ဖွင့်လိုက်သည်။

'ပျက်ပစေ ဒီလေယာဉ်ပျံ'

ဂရေဂရီက အားရပါးရ ရေရွတ်ပြီး အောက်သို့ ခုန်ဆင်းလိုက်သည်။

သူတို့သည် အရှေ့ဘက် ဂိတ်တံခါးသို့ ပြေးခဲ့ကြသည်။ သံတံခါးကို တွန်းဖွင့်ဝင်လိုက်သည်။ အတွင်းခြံစည်းရိုးတစ်ခုကို ကျော်ဖြတ်၍ ခြေကုန်ပြေးခဲ့ကြသည်။ သစ်ပင်များကြားမှ မြွေလိမ်မြွေကောက် ပြေးသွား၍ ချုံပုတ်များကြားမှ တိုးထွက်ခဲ့သည်။ အိမ်အနီးကွင်းပြင်သို့ ရောက်လာသည်။

လေယာဉ်အုပ်စုကို တွေ့လိုက်ရသောကြောင့် ဂရေဂရီ စိတ်သက်သာရာ ရသွားသည်။ လေယာဉ်ပျံများနားတွင် အချို့လူများ ရပ်တန့်နေသည်။ သို့သော် အိမ်ရှေ့တွင် ရပ်တန့်နေသော လူစုက ပို၍ များသည်။ ယင်းတို့ တစ်စုံတစ်ရာကို စောင့်ဆိုင်းနေပုံရသည်။ ဂါဗင်ကို စောင့်နေခြင်းဖြစ်နိုင်သည်။ လေယာဉ်မှူးများအား ပြင်သစ်သို့ ချက်ချင်းပျံသန်းရန် အမိန့်ပေးပြီး ဖြစ်နိုင်သည်။ တစ်စက္ကန့်မျှ အဆုံးအရှုံး မခံနိုင်တော့ချေ။

ဂရေဂရီတို့သည် အိမ်နောက်ဖေးဘက်သို့ ချဉ်းကပ်လာခဲ့သည်။ အိမ်ရှေ့ ပြတင်းပေါက်များတွင် မီးထိန်နေသော်လည်း အိမ်နောက်ဘက်တွင် မှောင်မဲနေသည်။

အိမ်အစွန်းဘက်အထိ လျှောက်ခဲ့ကြသည်။ အလုပ်သမားအခန်းများသို့ ရောက်လာသည်။ ဂရေဂရီသည် သူ့သေနတ်ကို ဆွဲထုတ်ပြီး တံခါးနား ကပ်လိုက်သည်။ တံခါးသော့ မခတ်ထားချေ။ အိမ်ထဲ ဝင်လိုက်သည်။ မစ္စစ်ဘပ်ဒ်၏ အခန်းသို့ ခြေဖျားထောက်လျှောက်ခဲ့သည်။ မစ္စစ်ဘပ်ဒ်၏ အခန်းလည်း မှောင်မဲနေသည်။ အခန်းထောင့်မှ ညီးတွားသံသဲ့သဲ့ ကြားရသည်။

ဂရေဂရီသည် သူ၏ ဓါတ်မီးကို ဆွဲထုတ်ပြီး အသံလာရာဘက်သို့ ထိုးကြည့်လိုက်သည်။ အခန်းထောင့်တွင် တုန်လှုပ်ခြောက်ခြားစွာ ရပ်နေသော မီလ်လီကို တွေ့ရသည်။ သူမသည် မီးရောင်နောက်မှ သူ့ကို မမြင်ရသောကြောင့် ရန်သူမှတ်ပြီး လက်ကာလိုက်သည်။

'မကြောက်ပါနဲ့.... ငါတို့ပါ.... ဂရေဂရီဆောလ်လပ်စ်နဲ့ ရှဒ်ပါ' ဂရေဂရီက လေသံဖြင့် ပြောလိုက်သည်။

မီလ်လီသည် ရှိုက်သံလေးဖြင့် ခုန်ထလိုက်သည်။ ဂရေဂရီကို



အသဲအသန် ဖက်လိုက်သည်။

'အို.... ရှင်တို့ ရောက်လာလို့ တော်သေးတယ်၊ သိပ် ကြောက်စရာကောင်းတာပဲ၊ သူတို့ လူသတ်နေကြတယ်၊ ကျွန်မကို တွေ့ရင်လည်း သတ်မှာပဲ'

ဂရေဂရီသည် တုန်လှုပ်သွားသည်။ လူသတ်နေတယ်.... ဤသို့ဆိုလျှင် ဆာဗီနီကို သတ်လိုက်ပြီလော.... သူ နောက်ကျသွားပြီလော.....။

'စိတ်ငြိမ်ငြိမ်ထား မီလ်လီ ဘာတွေ ဖြစ်ပျက်နေလဲ၊ မြန်မြန်ပြောစမ်း.... မစ္စစ်ဘပ်ဒ် ရော'

'သူ့ကို အပေါ်ထပ် အခန်းထဲမှာ ထည့်ပိတ်ထားတယ်၊ ကျန်ခဲ့တဲ့ မိနစ် ၂၀ လောက်ကပဲ၊ သူ့ကို သွားလွှတ်ပေးဖို့ရာ တစ်ယောက်ယောက်နဲ့ တိုးမိမှာကို ကြောက်လို့'

'ဒါဖြင့် သူတို့ ဘယ်သူ့ကို သတ်တာလဲ'

ဂရေဂရီက အသံခပ်တုန်တုန်ဖြင့် မေးလိုက်သည်။

'ဂယ်ရီရဲ့ လူတွေကို မစ္စတာဆိုင်မွန်နှင့် သူ့မိတ်ဆွေနှစ်ယောက်ကို.... သိပ် ကြောက်စရာကောင်းတာပဲ'

မီလ်လီက ပြောပြောဆိုဆို ရုတ်တရက် အော်ငိုရန် ဟန်ပြင်လိုက်သောကြောင့် ဂရေဂရီသည် သူမ၏ မျက်နှာကို သူ၏ ရင်ဘက်နှင့် ကပ်ထားလိုက်သည်။

'မကြောက်နဲ့တော့..... မကြောက်နဲ့တော့.... စိတ်ငြိမ်ငြိမ်ထား၊ ဘယ်လိုကစပြီး ပြဿနာတက်လဲ ငါ့ကို ပြော့ပြစမ်း'

မီလ်လီသည် တဒင်္ဂမျှ သိမ့်သိမ့်တုန်အောင် ရှိုက်ငိုလိုက်ပြီး အသံအစ်အစ်ဖြင့် ပြောလိုက်သည်။

'ဒီမနက် လော့ဂါဗင်နှင့် ဆာဗီနီတို့ စကားများကတည်းက ကျွန်မတို့ ရင်တထိတ်ထိတ် ဖြစ်နေခဲ့တာ.... ကျွန်မ ဂယ်ရီကို ဖုန်းဆက်လိုက်သေးတယ်'

'ဟုတ်တယ် – အဲဒါကို ငါသိတယ် .. ဒီနေ့ခင်းကဘာဖြစ်ခဲ့သေးလဲ'

'ဘာမှ သိပ်မဖြစ်ဘူး လူစိမ်း ၆ ယောက်လောက် ရောက်လာတယ် .. နေ့ခင်း လက်ဖက်ရည်သောက်ပြီးချိန်လောက်မှာ ကြေးနန်းပို့ဖို့ဆိုပြီး လူတစ်ယောက် မြို့ထဲဆင်းသွားတယ် .. နေဝင်သွားတော့ သူတို့အိမ်ပတ်လည်ခွဲထွက်ပြီး ပတ္တရောင်လှည့်ကြည့်ကြတယ် .. အဲဒီမှာ ဆိုင်မွန်နဲ့ သူ့လူတွေကို မိတာဖြစ်မယ် .. အန်တီက ဆယ်နာရီခွဲလောက်ကျတော့ ကျွန်မကို တက်အိပ်ခိုင်းတယ် .. ဒါပေမယ့် ဆိုင်မွန်တို့ဆီ သတင်းပို့စရာများရှိမလား ဆိုပြီး ကျွန်မ စောင့်နေခဲ့တယ် .. ဆိုင်မွန်တို့ သေနေမှန်း ကျွန်မ မသိခဲ့ဘူး။'

'မင်း တော်တော် သတ္တိရှိတာလဲ ... သတ္တိရှိရှိ .. စုံစုံစေ့စေ့ ပြောပြစမ်းပါကွယ်'

မီလ်လီသည် တစ်ချက်မျှ တုန်ယင်သွားပြီး ဂရေဂရီအား မျက်ရည်ပြည့်နေသော မျက်လုံးများဖြင့် မော့ကြည့်လိုက်သည်။

'လူနှစ်ယောက်အိမ်ထဲ ပြန်ဝင်လာခဲ့တယ် .. ကျန်တဲ့လူတွေကတော့ ခြံထဲမှာပဲ စောင့်နေခဲ့တယ်မှတ်တယ် .. ဆယ့်တစ်နာရီခွဲလောက်ကျတော့ အန်တီက ကျွန်မကို ဒီမှာထားခဲ့ပြီး ခြံထဲဆင်းကြည့်တယ် .. သူပြန်လာတော့ ဘဲလ်ခေါင်းလောင်းမျှော်စင်ထက်မှာ မီးမောင်းကြီး သုံးလုံးထွန်းထားတယ်လို့ပြောတယ် .. အဲဒီမှာ ဘယ်တုန်းကမှ မီးမထွန်းဖူးဘူး ဆိုင်မွန်တို့ကို သတိပေးသင့်တယ်လို့



ပြောတယ်'

'အဲဒီတော့ အပြင်ထွက်ဖို့ ကျွန်မကုတ်အကျီတက်ယူခဲ့တယ် .. ကျွန်မ အိပ်ခန်းပြတင်းပေါက်က လှမ်းကြည့်လိုက်တော့ ခြံထဲမှာ လူတွေ ဓါတ်မီးတဝင်းဝင်းနဲ့ လမ်းလျှောက်နေတာကို တွေ့ရတယ် ... တစ်ခုခု နေရာချနေပုံရတယ်'

'ဒါ ဘယ်အချိန်လဲ '

ဂရေဂရီက မေးလိုက်သည်။

'၁၂ နာရီလောက်ပဲ '

'လေယာဉ်တွေ ဆင်းသက်ဖို့ အချက်ပြမီးကျည်တွေ ချနေခဲ့တာပဲ'

ရဒ်က ရေရွတ်လိုက်သည်။

'ဆက်ပြောပါ '

ဂရေဂရီက မီလ်လီကို တိုက်တွန်းလိုက်သည်။

'ကျွန်မ လှေကားက အဆင်းမှာပဲ တယ်လီဖုန်းမြည်သံကြားလိုက်ရတယ် .. ခဏအကြာမှာပဲ အိမ်အောက်ထပ် အခန်းကနေ လော့ဂါဗင်ရဲ့လူတစ်ယောက် ပြေးထွက်လာတယ် .. လှေကားကို သုံးထစ်ကျော် ပြေးတက်လာတယ် .. သူကျွန်မကို မမြင်ခင်ပဲ ကျွန်မ လှေကားထိပ် အခန်းဆီဝင်ရောက်ပုန်းနေလိုက်တယ်'

'မင်းပုန်းလိုက်လို့ တော်သေးတာပေါ့ .. အဲဒါထော့ကျိုးဆီက သတိပေးဖုန်းပဲနေမယ်'

ရဒ်က ရေရွတ်လိုက်သည်။

'ခဏကြာတော့ အိမ်ပေါ်ပြေးတက်သွားတဲ့ လူနဲ့ လော့ဂါဗင် ထွက်လာတယ် .. နှစ်ယောက်လုံး အတော်စိတ်လှုပ်ရှား ဒေါသဖြစ်

နေပုံရတယ် လှေကားအောက်ခြေကိုလည်း လူတစ်ယောက်ရောက်လာပြီး သူတို့ကို လှမ်းအော်ပြောလိုက်တယ် ..

'ခင်ဗျား ကောင်မ ကျုပ်တို့ကို ဖော်ကောင်လုပ်လိုက်ပြီ'

'လှေကားထိပ်နဲ့ လှေကားအောက်ကလူက ယုတ်ယုတ်မာမာ ဆဲကြတယ် .. အဲဒီမှာ လော့ဂါဗင်ဟာ သူ့တုတ်ကောက်နဲ့ ကြမ်းပြင်ကို တဒုံးဒုံးထုလိုက်တယ် .. အဲဒီတော့မှ သူတို့ ငြိမ်သွားတယ် .. တို့ဘာမှ မဆုံးရှုံးသေးဘူး .. ခေါင်းအေးအေးထားဖို့ပဲ လိုတယ် .. ငါတို့ကို စောင့်ကြည့်နေခဲ့တဲ့ ရဲတွေကို ရှင်းလိုက်ပြီ ဆောလ်လပ်စ်ဝဲလ်စ်နှင့်ရဲတွေရဲ့ မိုးပျံတပ်တွေလည်း မိုင် ၂၀ လောက်ဝေးတဲ့ ဆက်လီကျွန်းမှာ တို့ဒီမှာ နာရီဝက်လောက် အချိန်ရသေးတယ် .. ၁၂ နာရီ ၁၅ မိနစ်လောက်မှာ လေယာဉ်တွေရောက်လာလိမ့်မယ် .. အခု ၁၂ နာရီ ၁၅ မိနစ်ရောက်တော့မယ် .. လေယာဉ်ပျံ ဆင်းတာနဲ့ သူတို့ တင်လာတဲ့ လူတွေကို လူစုခွဲ ဖြန့်လိုက်မယ် .. အဲဒါတွေအတွက် အားလုံးစီစဉ်ပြီးပြီ .. တို့ကတော့ ပြင်သစ်ကို ချက်ချင်းပျံထွက်ခွာကြမယ် .. အခု မစ္စစ်ဘပ်ဒ်ကို သွားဖမ်းစမ်း .. ဒီမှာဖြစ်ပျက်နေတာကို ဘယ်သူမှ ဘာမှ မသိဘူး .. ဒါပေမယ့် ပြဿနာလုပ်နိုင်တယ် .. သူမအိပ်သေးဘူး .. လွန်ခဲ့တဲ့ ဆယ်မိနစ်က သူ့အခန်းမီးကို လှမ်းတွေ့ခဲ့တယ် .. သူ့အိပ်ခန်းထဲခေါ်သွားကြိုးနဲ့တုတ်ပြီး ပိတ်ထားခဲ့ အိမ်အောက်ပြန်ဆင်းလာတော့ ဆာဗီနီဇဆန့်တီကိုပါ ကြိုးနဲ့တုတ်ပြီး ခေါ်ခဲ့ ... ငါ့လေယာဉ်ပျံဆီ သယ်ထုတ်သွား ။ ကျောက်တုံးကြီးတစ်လုံးရှာပြီး သူ့ခြေထောက်မှာ ချည်ထား .. အင်္ဂလိပ်ရေလက်ကြားတစ်ဝက်ရောက်ရင် လေယာဉ်ပျံပေါ်က ပစ်ချလိုက်မယ် .. သူ့အသံက အေးစက်နေတာပဲ .. အတော်ကြောက်စရာ



ကောင်းတယ်'

မီလ်လီက တုံတုံလှုပ်လှုပ်ပြောလိုက်သည်။

'အဲဒီနောက် ဘာဖြစ်သလဲ'

ဂရေဂရီက မေးလိုက်သည်။

'အန်တီကို အိမ်ပေါ်ထပ် ခေါ်သွားတဲ့အထိ ကျွန်မပုန်းနေခဲ့တယ်။သူတို့ထွက်သွားတာနဲ့ ကျွန်မအိမ်နောက်ဖေး ပေါက်ကိုဆင်းခဲ့တယ် .. လော့ဂါဗင်က ရဲတွေကို ရှင်းလိုက်ပြီဆိုတော့ ကျွန်မနားမလည်ခဲ့ဘူး .. ဒါပေမယ့် အိမ်ပြင်ရောက်လာတော့ .. အိမ်နဲ့ ကိုက် ၅၀ လောက်မှာ ပုံထားတဲ့ သူတို့အလောင်းတွေကို တွေ့တယ်။ ကျွန်မ အဲဒီမှာ ရပ်နေတုံး မှာပဲ လေယာဉ်ပျံသံတွေကြားလိုက်တယ်။ ကွင်းပြင်ထဲမှာ မီးတွေထိန်နေတာပဲ တွေ့ရတယ်။ ကျွန်မအဲဒီအလောင်းတွေမြင်ပြီး ကြောက်လွန်းလို့ နောက်ဘာလုပ်မိမှန်းတောင်မသိတော့ဘူး ခေါင်းထဲ မိုက်ခနဲဖြစ်သွားတယ်ထင်တယ်။ ကျွန်မဒီကို ပြန်ပြေးခဲ့တာပဲနေမယ်။ ကျွန်မသတိရတော့ ကျွန်မ ဒီချောင်ထဲ ကုပ်နေပြီး ရှင်မီးထိုးလိုက်တာခံခဲ့ရတာပဲ'။

"မင်းကို ဘာလို့ မဖမ်းခဲ့ပါလိမ့်"

ဂရေဂရီက ရုတ်တရက် ပြောလိုက်သည်။

မီလ်လီက ခေါင်းခါလိုက်သည်။

'ကျွန်မဒီမှာ နေမှန်းတောင် မသိဘူးထင်တယ်။ အန်တီဒီမှာ အလုပ်ဝင်တော့ ကျွန်မပါနေခွင့်ပေးဖို့ လော့ဂါဗင်က သဘောတူခဲ့တယ်၊ ဒါပေမယ့် နောက်ပိုင်း စိတ်ပြောင်းသွားမှာစိုးလို့ အန်တီက ကျွန်မကို ဖွက်ထားခဲ့တယ်။ သူတို့လည်း တစ်ခါတစ်လေမှလာ၊ တစ်ရက်တစ်လေမှနေတော့ ပုန်းနေဖို့ သိပ်မခဲယဉ်းဘူး၊ ကျွန်မ

တစ်ယောက်နဲ့မှ မျက်နှာချင်းမဆိုင်ဖူးဘူး။

တစ်နာရီထိုးရန် မိနစ်နှစ်ဆယ်မျှသာ လိုတော့သည်။ အပြင်ဘက်တွင် လူ ၅၀-၆၀ လောက် ရှိမည်ကိုလည်း ပြေးရင်းလွှားရင်း တွက်ဆမိခဲ့သည်။ ရှုပ်ရှုပ်ထွေးထွေး အစီအစဉ်လုပ်ရန် အချိန်မရှိချေ။ ဂါဗင်၏ လေယာဉ်ပျံထဲတွင် ဆာဗီနီရှိနေသည်ဟု လက်ခံယုံကြည်ပြီး လှုပ်ရှားရန်သာရှိသည်။ သူသည် မီလ်လီကို ရုတ်တရက် လှည့်မေးလိုက်သည်။

'ခေါင်းလောင်း မျှော်စင်တံခါးသော့ပိုရှိလား'

သူမသည် ဘေးစင်တစ်ခုသို့ မေးဆတ်ပြလိုက်သည်။

'အဲဒီညာဘက် အံဆွဲထဲမှာ သော့ပိုတစ်ချောင်းရှိတယ် ထင်တယ်။ သော့တွေအားလုံး အဲဒီအံထဲ လည်းထည့်ထားတယ်။

ရှဒ်က အံဆွဲကို ဆွဲထုတ်လိုက်သည်။ ဂရေ ဂရီကဓါတ်မီးနှင့် ထိုးပြလိုက်သည်။ မီလ်လီက ရှေးဟောင်းပုံ သော့တံရှည်ကြီး တစ်ချောင်းကို ဆွဲထုတ်လိုက်သည်။

'ဟုတ်ပြီ၊ ရှဒ်က ငါနဲ့လိုက်ရလိမ့်မယ်။ သူ့အကူအညီလိုတယ်။ ဒီအရှုပ်အထွေးတွေကြား မင်းမပါစေချင်ဘူး၊ ဒါပေမယ့် မင်းနည်းနည်းလေး စွန့်စားပေးစေချင်တယ်။

'ကျွန်မကြိုးစားပါ့မယ်'

မီလ်လီက ထစ်ထစ် ငေါ့ငေါ့ဆိုလိုက်သည်။

'အဲဒါမှပေါ့၊ ငါလုပ်စေချင်တာက ဒီလို သူတို့ခေါင်းလောင်းမျှော်စင်က အချက်ပေးနေတယ်၊ ဆိုတော့ တံခါးပွင့်နေမှပဲ၊ မင်းဒီနေရာကို ကျွမ်းကျင်တော့ ဘယ်သူနဲ့မှ မတိုးပဲ အဲဒီရောက်အောင် သွားနိုင်မှာသေချာတယ်။ အဲဒီမျှော်စင်ကို ပြေးပြီး ပွင့်နေတဲ့ တံခါး



အတွင်းဘက်သော့ပေါက်ထဲ သော့တံ ထိုးထည့်ထားလိုက်ပြီးတော့ သစ်ပင်တွေကြားထဲဝင်ပြီး အဝေးဆုံးပြေးပြီး၊ ပုန်းနှင့် ကိစ္စဝိစ္စဟေ့ ပြီးမှ ထွက်လာ"

ယင်းတို့ သုံးဦးစလုံး အိမ်ထဲမှ ထွက်လာသည်။ မီလ်လီက ခေါင်းလောင်းမျှော်စင်ဘက်သို့ ပြေးသည်။ ဂရေဂရီနှင့် ရှဒ်ကမူ လော့ဂါဗင်၏ လေယာဉ်ရှိရာဘက်သို့ ဦးတည်လာသည်။

အိမ်ရှေ့မြက်ခင်းပြင်ပေါ်တွင် မီးထိန်နေသည်။ လေယာဉ်များရပ်ချင်သလို ရပ်ထား၏။ လေယာဉ်တစ်စင်းတိုင်းနားတွင် လူတစ်ယောက်နှစ်ယောက်ရှိသည်။ လေယာဉ်မှူးများ ဖြစ်ပုံရသည်။ သို့သော် လူများစုမှာ အိမ်ရှေ့တွင် စုနေသည်။

တံခါးဝထွင်မှ ဒုတ်နှစ်ချောင်းထောက်၍ ရပ်နေသော လော့ဂါဗင်ကို တွေ့ရသည်။ ဗြိတိသျှစက်မှုလုပ်ငန်းယန္တရားကြီး တစ်ခုလုံးကို အကြမ်းဖက်ဖျက်ဆီးရန် ခေါ်သွင်းလာခဲ့သော နိုင်ငံခြားသားအဖျက်သမားများကို ညွှန်ကြားချက် ပေးနေပုံရသည်။

သူ၏ လေယာဉ်ပျံကို ဂိုထောင်ရှေ့ ဂရေဂရီ ဝပ်နေသည့်နေရာနှင့် ဆယ်ကိုက်ကျော်လောက်တွင် ရပ်တန့်ထားသည်။

ဂရေ ဂရီသည် ရှဒ်ကိုလည်း ပြန်ကြည့်၍ လေသံဖြင့် မေးလိုက်သည်။

'မင်း မောင်းချပါပါလား'

'ပါတယ်ဆရာ'

'ကောင်းတယ်၊ သူ့ကြိုးဖြတ်ဖို့ လိုလိမ့်မယ်၊ တို့ကို တားဖို့ကြိုးစားရင် လက်ဦးအောင်သာ ပစ်ဟုတ်လား၊ သွားစို့။

ဂရေ ဂရီ တို့သည် လေယာဉ်ပျံဆီသို့ လေးဘက်တွား

ခဲ့ကြသည်။

ကောင်းကင်ထုတွင် တိမ်ထူထပ်ပြီး ပိန်းမှောင်နေသည့်အတွက် ဤတစ်ကြိမ် တိမ်ထူကို ကျေးဇူးတင်မိလိုက်သည်။ မြက်ခင်းပြင်ပေါ်မှ မီးကျည်တို့၏ အလင်းရောင်သည် ကိုက် ၅၀ လောက်အကွာ ထိသာ ပေါက်သည်။

ဂရေ ဂရီ သည် လေယာဉ်တံခါးသို့ ဝပ်ပြေးပြေးပြီး ဆွဲဖွင့်လိုက်သည်။ လေယာဉ်ခေါင်းခန်းထဲသို့ ကြည့်လိုက်သည်။ နောက်ဘက်ခုံတန်းပေါ်တွင် ချထားသော ရှည်မျောမျောသဏ္ဍာန်တစ်ခုကို ရေးရေးမြင်လိုက်ရသည်။ မျက်နှာကို အဝတ်စည်းထားပြီး လက်ပြန်ခြေပြန်ကြိုးတုတ်ခံရသော ဆာဗီနီ၏သဏ္ဍာန်ပင်။ သူမ၏ ခြေထောက်တွင် သံချောင်းကြီးတစ်စုံ တွဲချည်ထားသည်။

ဂရေ ဂရီ နှင့် ရှဒ်သည် သူမကို အသာဆွဲလိုက်သည်။ မြက်ခင်းပေါ်အသာအယာချလိုက်သည်။ ရှဒ်ကကြိုးများကို ဖြတ်လိုက်သည်။ ဂရေ ဂရီက မျက်နှာပိတ်ထားသော အဝတ်ကို ဖယ်ပြီး ပါးစပ်ကို ကမန်းကတန်း အုပ်လိုက်လိုက်သည်။ သူ့ကိုသူမှန်းမသိခင် လန့်အော်မည်စိုးသောကြောင့် ဖြစ်သည်။

နောက်တဒင်္ဂတွင် သူမကို ဆွဲထူပြီး ဖေးတွဲထားလိုက်သည်။

'ပြေးနိုင်မယ်ထင်လား အချစ်'

ဂရေ ဂရီ က လေသံဖြင့် မေးလိုက်သည်။

သူမသည် ဂရေ ဂရီ လည်ပင်းကို အားရပါးရ ဖက်လိုက်သည်။

'အဲအချစ်...လက်တွေ ခြေတွေ သွေးမလည်တော့သလောက်ပဲ... ခဏစောင့်နေ ကျွန်မကောင်းသွားမှာပါ"

သူမက တီးတိုးဖြေလိုက်သည်။



'သူ့ကို တွဲထား'

ဂရေ ဂရီ သည် ရှဒ်ကို လွှဲပေးလိုက်ပြီး လေးဘက်ထောက်လိုက်သည်။ လေယာဉ်အောက် ချောင်းကြည့်လိုက်သည်။ လေယာဉ်ကိုယ်ထည်နှင့် ကွယ်နေသော လေယာဉ်မှူးကို တွေ့ရသည်။ သူသည် ၇ ကိုက် လောက်အကွာတွင် ရပ်တန့်နေပြီး အိမ်ဘက်သို့ လှမ်းကြည့်နေသည်။

အိမ်ရှေ့လူအုပ်ထဲမှ တီးတိုးသံထွက်လာသည်။ လော့ဂါဗင်၏ မိန့်ခွန်း ပြီးစီး၍ လူစုခွဲနေကြသည်။

အချိန်မဖြုန်းနိုင်ချေ။ ဂရေ ဂရီသည် လေယာဉ်တစ်ဖက်သို့ ပြန်ကူးပြီး ရှဒ်ကို ကမန်းကတန်း ပြောလိုက်သည်။

'သူတို့လာနေပြီ...မင်းသူ့ကို ထမ်းပြီးပြေးရလိမ့်မယ်။ မီးသတ်သမား ထမ်းနည်းထမ်း ညာလက်မှာ သေနတ်အသင့်ကိုင်ထား၊တို့ကွေ့ပတ်ပြေးဖို့ အချိန်မရှိဘူး၊ ကွင်းပြင်ကို ဖြတ်ပြေးရမှာပဲ။

ရှဒ်သည် ဆာဗီနီကို ပခုံးပေါ်ကန့်လန့်တင်လိုက်သည်။ ထို့နောက် ခေါင်းလောင်းမျှော်စင်ဆီသို့ ဦးတည်ပြေးသည်။ ဂရေ ဂရီသည် နောက်ပြန်ခပ်သုတ်သုတ် လျှောက်ရင်းလိုက်သွားသည်။ သူ့လက်ထဲမှ သေနတ်က ပစ်ရန်အသင့်။

ရှဒ်ကိုက် ၆၀ မျှ ခရီးပေါက်သောအခါတွင် မီးကျည်နားမှ လူတစ်ယောက် လှမ်းမြင်လိုက်သည်။ အော်ဟစ်လိုက်သည်။ ဂါဗင်၏ လေယာဉ်မှူးချာခန့် လှည့်လိုက်သည်။ သူ၏ လက်ထဲတွင် သေနတ်တစ်လက်အသင့်။ သူပစ်လိုက်သော ကျည်ဆန်သည် ဂရေ ဂရီ၏ ခေါင်းနားပွတ်သွားသည်။ ဂရေ ဂရီပစ်လိုက်သော ကျည်ဆန်က တည့်တည့်မှန်သွားသည်။ သူမှောက်ရက်လဲသွားသည်။

ဂရေ ဂရီ သည် အချက်ပြ မီးကျည်များအနားမှ ပစ်ခတ်လိုက်သော ကျည်ဆန်များကို ဝပ်ရှောင်လိုက်သည်။ သေနတ်တံမှာ ချောင်းဆိုးသံ သာသာ။ အသံတိတ် ကိရိယာများ တပ်ဆင်ထားမှန်း သဘောပေါက်လိုက်သည်။

ဂရေ ဂရီသည် ချာခနဲ လှည့်ပြေးလိုက်သည်။ ကိုက်ငါးဆယ်မျှ ပြေးပြီးသောအခါတွင် ချာခနဲလှည့်လိုက်သည်။ သုံးလေးချက်ဆင့် ပစ်လိုက်သည်။ မီးကျည်နားမှ လူတစ်ယောက် ငယ်သံပါအောင် ဟာစ်၍လဲကျသွားသည်။

မြက်ခင်းပြင်ပေါ်တွင် ပြေးလွှားနေသော သဏ္ဍာန်များ ပြည့်နေသည်။ အိမ်နားမှ လူစုသည် ရှေ့သို့ တဟုန်ထိုး ပြေးလာကြသည်။ အိမ်တံခါးဝတွင် ရပ်တန့်နေခဲ့ဆဲ လော့ဂါဗင်သည် တုတ်ကောက် တရမ်းရမ်းဖြင့် တစ်စုံတစ်ခု အော်ဟာစ်နေသည်။ ရဒ်သုံးပုံနှစ်ပုံမျှ ခရီးပေါက်ချိန်တွင် ဆာဗီနီက အော်ဟာစ်လိုက်သည်။

"ကျွန်မကို အောက်ချပေး ကျွန်မ ပြေးနိုင်ပြီ"

ရဒ်က သူမကို ပခုံးပေါ်မှ လျှောချလိုက်သည်။ သူမ ဒယီးဒယိုင် စပြေးချိန်တွင် ရဒ်သည် ပြေးလွှားလာနေသော လူအုပ်ကို ချာခနဲလှည့်၍ သေနတ်နှင့် ပစ်လိုက်သည်။ ရှေ့မှ ဦးဆောင်ပြေးလာသူကို နှစ်ချက်ဆင့် ပစ်လိုက်သည်။ ထိုသူ တစ်ပတ်လည်ပြီး ကျသွားသည်။

ရဒ် ပစ်ခတ်မှုကြောင့် ဂရေ ဂရီ အခွင့်အရေး ရလိုက်သည်။ သူ တစ်ဟုန်ထိုး ပြေးလာသည်။ သူတို့သည် မြက်ခင်းပြင်ကို တစ်ဟုန်ထိုး ဖြတ်ပြေးလာနေသော လူအုပ်ထဲသို့ နှစ်ချက်ဆင့်စီ ပစ်လိုက်ပြီး လှည့်ပြေးခဲ့ကြသည်။



ဂရေဂရီ၏ ခြေရင်းနားတွင် မြေစိုင်မြေခဲများ တက်သွားသည်။ နားရွက်နားကပ်သွားသည့် လေချွန်သံ ကြားလိုက်ရသည်။ တတိယကျည်တစ်တောင့်က ရဒ် လက်ထဲမှ သေနတ်ကို မှန်သွားသည်။ လွင့်ကျသွားစေသည်။

ဂရေဂရီသည် ချာခနဲ လှည့်ရပ်လိုက်သည်။ ပြေးလာနေသောအုပ်စုထဲသို့ ကျည်ကုန်အောင် ပစ်ထည့်လိုက်သည်။ ရဒ်က ကျသွားသော သေနတ်ကို သုတ်ကနဲ ကောက်လိုက်သည်။ ဆက်ပြေးခဲ့သည်။ နောက်တဒင်္ဂတွင် ဆာဗီနီကို မှီလာသည်။ သူမသည် ခေါင်းလောင်းမျှော်စင်နှင့် ကိုက် ၂၀ မျှသာ လှမ်းတော့သည်။

ဂရေဂရီသည် ကျည်ကုန်နေသော သေနတ်ကို အိတ်ထဲသို့ ထိုးထည့်ပြီး တစ်ဟုန်ထိုး ပြေးလာသည်။ ဆာဗီနီကို တစ်ယောက်တစ်ဖက်ဆွဲပြီး ဆက်ပြေးခဲ့သည်။

'မြန်မြန် .. မြန်မြန် '

မျှော်စင် တံခါးဝတွင် မီလ်လီ ပေါ်လာသည်။ တံခါးကို ဟင်းလင်းဖွင့်၍ အသံကုန် အော်လိုက်သည်။

'ဘုရားရေ .. မင်းငါပြောတဲ့အတိုင်း ဘာလို့ မပုန်းတာလဲ"

အထဲသို့ ပြေးဝင်ရင်း ဂရေဂရီက အမောတကော မေးလိုက်သည်။

သူမ ခေါင်းယမ်းလိုက်သည်။

'ကျွန်မ တတ်နိုင်သမျှ ကူညီဖို့ စောင့်နေတာ'

သူမသည် ပြောပြောဆိုဆို မျှော်စင်တံခါးကြီးကို ဝုန်းကနဲပိတ်လိုက်သည်။ ရဒ်က သော့ပေါက်မှ သော့တံကို လှည့်ပိတ်လိုက်သည်။

သူတို့သည် အမှောင်ထဲတွင် အသက်ရှူမှန်အောင် ကြိုးစားရင်း တဒင်္ဂမျှ ငြိမ်နေမိသည်။ ထို့နောက် ဆာဗီနီက တံခါး၏ အပေါ်အောက် မင်းတုံးကို ထိုးပြီး တံခါးနှင့်လှမ်းလှမ်းသို့ ဆုတ်လိုက်ကြသည်။

'အဲဒီသော့ကို သေနတ်နဲ့ ပစ်ဖွင့်လို့ရတယ်'

သူမ စကားမဆုံးခင်မှာပင် တံခါးချပ်ကို ကျည်တစ်ထောင့် ဖေါက်ထွင်းဝင်ရောက်လာသည်။ မကြာခင်မှာပင် တဝုန်းဝုန်းတအုံးအုံး ထုရိုက်သံပေါ်လာသည်။ ဝက်သစ်ချသစ်ထဲသို့ ကျည်ဆန်များ တသောသောဝင်လာသံကို ကြားရသည်။ ဂရေဂရီသည် အုတ်နံရံကို မှီရင်း အမှောင်ထဲတွင် ပြုံးလိုက်သည်။

'သိပ်မပူပါနဲ့ အဲဒီတံခါးကြီးက ဟောင်းပေမဲ့ ခိုင်ခိုင်ခန့်ခန့် ကြီးပါ .. အဲဒီတံခါး ချိုးချဖို့ တစ်နာရီလောက်ကြာမယ် .. သူတို့ အဲဒီလောက် အချိန်မရဘူး ... သူတို့ တစ်နာရီထိုးလို့မှ မပြေးရင် အဖမ်းခံရလိမ့်မယ် .. အခုတစ်နာရီထိုးဖို့ ငါးမိနစ်။

ဆာဗီနီက သူ၏လက်မောင်းကို ဖမ်းဆွဲလိုက်သည်။

'မဟုတ်ဘူး .. ဂါဗင်က ရဲတွေအားလုံး ဟိုစခန်းရောက်နေတယ်မှတ်တာ .. ဒီမှာ ဘယ်သူမှ တပ်လှန့်စရာမရှိဘူး .. သူ ဘယ်သူ့မှ သတင်းပို့ စရာမရှိဘူး .. ဒီနေရာမှာ နောက် တစ်နာရီ၊ နှစ်နာရီအထိ ဘေးကင်းတယ် .. လို့ယူဆတယ် .. အကူအညီသာ ရောက်မလာရင် ကျွန်မတို့သွားပြီ'

အပြင်ဘက်မှ တံခါးဖျက်ရန်ကြိုးစားစဉ် ရှဒ်က မျှော်စင်ဘက်သို့ ဓါတ်မီးဖြင့် ထိုးကြည့်နေခဲ့သည်။ မျက်နှာကျက်ကြမ်းပြင်ပေါက်များမှ တွဲကျနေသော ခေါင်းလောင်းကြီးများကို တွေ့ရသည်။



' ကောင်းပြီ ငါတို့အကူအညီ တောင်းရမယ်ဆိုရင် ခေါင်းလောင်းထိုးလိုက်ကြပုံပဲ'

ဂရေဂရီကပြောပြောဆိုဆိုပင် ခေါင်းလောင်းကြိုးတစ်ချောင်းကို ခုန်ခိုလိုက်သည်။ မျှော်စင်ထက်တွင် ကျယ်လောင်သော ခေါင်းလောင်းသံကြီး ပေါ်ထွက်လာသည်။

ရှဒ်ကနောက်ကြိုးတစ်ချောင်းကို ဆွဲလိုက်သည်။ မီလ်လီက တတိယကြိုးကို ခိုလိုက်သည်။ တံခါးကို အပြင်းအထန်ထုနက်နေသော အသံများကို စည်းဝါးမကျသော ခေါင်းလောင်းသံကြီးများက လွှမ်းမိုးသွားသည်။ မျှော်စင်တစ်ခုလုံး သိမ့်သိမ့်ခါသည်ဟုပင် ထင်မှတ်ရသည်။

ဆာဗီနီသည် ဂရေဂရီထံသို့ ပြေးကပ်ပြီး နားရွက်နားကပ် အော်လိုက်သည်။

'အပေါ်မှာ ဆင်ထားတဲ့ မီးလုံးတွေ အဲဒီခလုတ်တွေ ဟိုဘက်ခန်းမှာ ရှိတယ် .. အဲဒီမီးလုံးတွေနဲ့ အချက်ပြမယ်'

သူမ ပြေးထွက်သွားသည် မကြာခင်မှာပင် အက်စ်အိုအက်စ် .. အက်စ်အိုအက်စ် .. အက်စ်အိုအက်စ် .. ဟူသော သင်္ကေတကို နှိပ်နေခဲ့သည်။

ရှဒ်သည် လက်တစ်ဖက်တွင် ခေါင်းလောင်းကြိုးတစ်ချောင်း စီဆွဲ၍ ဘယ်ပြန်ညာပြန်အားရပါးရ ခိုလိုက်သည်။ ဂရေဂရီသည် တစ်ကြိုးပြီးတစ်ကြိုးကို ဆွဲခိုရာနောက်ဆုံး ခေါင်းလောင်းဆယ်လုံးစလုံး၏ အသံများညံသွားသည်။ ဆာနက်မြို့တဝက် အထိ အသံလွှင့် ထွက်သွားသည်။

နှစ်မိနစ်အကြာတွင် ဂရေဂရီသည် ရှဒ်နှင့်မီလ်လီတို့ကို ထားခဲ့

ပြီး လှေကားအတိုင်း ပြေးတက်သွားသည်။ လှေကားတစ်ဝက်သို့ ရောက်သောအခါတွင် ပြတင်းပေါက်ကျဉ်းမှ အပြင်သို့ ချောင်းကြည့်လိုက်သည်။

အပြင်မှလူသည် တံခါးကို ဖျက်ချရန် မကြိုးစားတော့ချေ။ မီးကျည်များ အနားရပ်နေသော ဂါဗင်ဖေါ်တက်စ်ကျူကိုတွေ့ရသည်။သူသည် သူ၏ဒုတ်ကောက်များ တရမ်းရမ်းဖြင့်' လေယာဉ်မှူးများကို အမိန့်ပေးနေသည်။ ဂရေဂရီလှမ်းကြည့်ခိုက်မှာပင် အိမ်ပတ်လည်လမ်းအတိုင်းကားတစ်စင်း တဟုန်ထိုးမောင်းတက်လာ ပြီး အိမ်ရှေ့တွင် ထိုးရပ်လိုက်သည်။ကားပေါ်မှ ခုန်ဆင်းလိုက်သော လူများကို တွေ့ရသည်။ သဏ္ဌာန်များ. မပီမပြင်လှချေ။ထို့နောက် ကားတစ်စီးပြီး တစ်စီး တဟုန်ထိုးမောင်းဝင်လာသည်။

ခေါင်းလောင်းသံများ ဆူညံနေသောကြောင့် အသံတိတ်ကိရိယာများ တပ်ဆင်ထားသော ပစ္စတိုလ်သံများ မကြားရချေ။ သို့တိုင်အောင် သေနတ်မီးပွင့်သည့်ကို မြင်နေရသည်။ အချိန်မှီရောက်လာသော ရဲများနှင့် ဂါဗင်၏လူများ အကြီးအကျယ်တိုက်ပွဲဖြစ်ပွားနေကြောင်း ထင်ရှားသည်။

ဂရေဂရီသည် လက်ပတ်နာရီကို ကြည့်လိုက်သည်။ မနက်တစ်နာရီထိုးနေသည်။ ခေါင်းလောင်းများ တီးသည့်အချိန်မှာ ငါးမိနစ်ပင်ရှိမည်မဟုတ်ချေ။ရဲများ ဤမျှလျှင်မြန်စွာ ရောက်လာသည်ကို မထွေးတတ်အောင်ဖြစ်မိသည်။ သို့သော် ထိုအတွေးဖြင့် ခေါင်းရှုပ်မခံနေတော့ချေ။ ဂရေဂရီသည် လှေကားကျဉ်းမှ ပြေးဆင်းရင်း ဆာဗီနီကို အော်ခေါ်လိုက်သည်။ ရဒ်နှင့် မီလ်လီအား ခေါင်းလောင်းထိုးရပ်ရန် ခြေကားယား လက်ကားယား အချက်ပြလိုက်သည်။



ယင်းတို့ ရပ်တန့်သွားသည်နှင့် သံကုန် ဟစ်ပြောလိုက်သည်။

'ရဲတွေ ရောက်နေပြီ .. ရဒ်တံခါးမြန်မြန်ဖွင့် .. ငါဆာဗီနီကို ထုတ်သွားနိုင်မှဖြစ်မယ် .. သူတို့ တိုက်ပွဲဖြစ်နေတုံး တို့ လော့ဂါဗင်ရဲ့ လေယာဉ်ပျံနဲ့ ထွက်ပြေးမယ်'

ရဒ်က တံခါးမင်းတုံးကို ဆွဲဖြုတ်လိုက်သည်။ မီလ်လီကသော့ခလောက်ဖွင့်လိုက်သည်။ သူတို့ လေးဦးစလုံး အပြင်သို့ ပြေးထွက်လာသည်။ မီးကျည်အလင်းရောင်များကြောင့် မှောင်တစ်ဝက်လင်းတစ်ဝက်ဖြစ်နေသည်။ ခေါင်းလောင်းသံများ တိုးသွားသောကြောင့် သေနတ်သံများ ကြားလာရသည်။ အရှေ့အနောက်လမ်းများမှ ကားများ လော်လီကားများတစ်စင်းပြီးတစ်စင်းရောက်ရှိလာနေသည်။ ကားပေါ်မှ ရဲများက ရာနှင့်ချီ၍ ခုန်ဆင်းလာကြသည်။ ပစ်ရင်းခတ်ရင်း တိုက်ပွဲကြားသို့ ပြေးဝင်သွားကြသည်။ လော့ဂါဗင် ပျောက်သွားချေပြီ .. သူ့လူများ မျှော်စင်ကို ကျောပေးထားကြသည်။

ဂရေဂရီတို့ မျှော်စင်ထဲမှ ပြေးထွက်ချိန်သူတို့ အနောက်ဘက်ချုံပုတ်များကို လူတိုးသံကြားရသည်။ ရန်သူများကို နောက်မှ ဝိုင်းရန်တာဝန်ပေးခံရသော ရဲသားများ ပြေးထွက်လာကြသည်။

တစ်စုံတစ်ဦးက ဂရေဂရီတို့အုပ်စုကို ရပ်ခိုင်းလိုက်သည်။ ဂရေဂရီသည် ထိုအမိန့်ကို လစ်လျူရှုပြီး ဆာဗီနီကို ပြေးရန်သာ ဇောဆော်လိုက်သည်။ ယင်းတို့သည် မြက်ခင်းပြင်ကို ဖြတ်၍ လေယာဉ်ဂိုဒေါင်နားရောက်သွားသည်။ အမှောင်ထဲမှ မောရိုးဖတ်အသံထွက်လာသည်။

'ဟော့ ရပ်လိုက် .. ပစ်လိုက်မယ်'

ဂရေဂရီတို့သည် ရှေ့နောက်ပိတ်မိသွားသည်။ နောက်တစ်

စက္ကန့်တွင် ဝိုင်းမိသွားသည်။

ဂရေဂရီသည် စိတ်ဓါတ်ကျသွားသည်။

မောရိုးဖတ်ဘေးတွင် ဆာပလ်လီနော့၊ နယ်မြေစခန်းမှူးနှင့် ဂယ်ရီဝဲလ်စ်ကိုပါ တွေ့ရသည်။

ဂရေဂရီသည် အသက်တစ်ရှိုက် ရှူရင်း ဝဲလ်စ်ကို ပြုံးကြည့်လိုက်သည်။

'ခင်ဗျားက ခေါင်းလောင်းလို့ ပြောလိုက်တာနဲ့ ကွက်ခ်ဖြိုက ခေါင်းလောင်းစင်မှန်း တွက်မိလိုက်တယ်'

မီလ်လီက ရှေ့သို့ လျှောက်သွားပြီး သူ၏လက်မောင်းကို ကိုင်လိုက်သည်။

'သိပ်ကြောက်စရာကောင်းတာပဲ .. ဒါပေမယ့် အခုမကြောက်တော့ပါဘူး .. ရှင်ရောက်လာပြီပဲ'

ဝဲလ်စ်သည် အလိုလိုပင် သူမ၏ ခါးကို ဖက်လိုက်မိသည်။

မောရိုးဖတ်က ဆာဗီနီထံသို့ သွက်လက်စွာလျှောက်လာသည်။

'မဒမ်မွိုင်ဆလ်ဇန်တီ စိတ်မကောင်းပါဘူး .. ဒါပေမယ့် ကျုပ်တစ်ခြားရွေးစရာ လမ်းမရှိပါဘူး .. ခင်ဗျားကို လော့ဂါဗင်ဖေါ်တက်စ်ကျုရဲ့ကြံရာပါအဖြစ် ဖမ်းဆီးပါတယ်'

'ခင်ဗျားအဲဒီလို လုပ်လို့မရဘူး .. ကျုပ်နဲ့ ဝဲလ်စ်ကို ကယ်ခဲ့တာ သူပဲ'

ဂရေဂရီသည် အသဲအသန်ပြောလိုက်သည်။

'ဝမ်းနည်းပါတယ် .. ခင်ဗျာ .. အဲဒီကိစ္စတွေကို တရားရုံးကျမှ ပြောရပါလိမ့်မယ် .. လတ်တလောတော့ သူ့ကို ထိန်းသိမ်းထားဖို့ ရည်ရွယ်ပါတယ်'



မောရိုးဖတ်က ပခုံးကျယ်ကြီးများတွန့်၍ ပြောလိုက်သည်။

မြင်ကွင်းအတော်ငြိမ်သက်သွားချေပြီ။ လော့ဂါဗင်နှင့်သူ၏ လုံ့ခေါ်ရေးသမားများ၊ အဖျက်သမားများကို ရဲအဖွဲ့ဝင်ပေါင်း ၃၀၀ မျှ ဝိုင်းဝန်းဖမ်းဆီးထားခဲ့ပြီးဖြစ်သည်။ လေယာဉ်တစ်စင်းမှ လွတ်မသွားခဲ့ချေ။ဒဏ်ရာရသူများကို သူနာပြုယာဉ်များဖြင့် တင်ဆောင်သွား၏။ ရဲအရာရှိများသည် တရားခံများကို စီစစ်စာရင်းပြုနေသည်။ ဆာပလ်လီနော့၊ မောရိုးဖတ်၊ ဝဲလ်စ်၊ နယ်မြေရဲမှူး၊ ဂရေဂရီ၊ ရုဒ်နှင့်မိန်းမပျိုနှစ်ဦးတို့သည် ကျန်လူများနှင့်ကိုက်တစ်ရာခန့်အကွာ လော့ဂါဗင်၏ လေယာဉ်ပျံအနီးတွင် ရပ်နေသည်။

ရုတ်တရက် အနီးရှိ ချုံပုတ်ထဲမှ လှုပ်ရှားမှု တစ်ခုပေါ်သွားသည်။ ရုဒ် မျက်နှာနားမှ အလင်းတန်းတစ်ခုဖြတ်သွားသည်။ မီလ်လီ အသံကုန်အော်လိုက်သည်။ သူမ ပခုံးထဲသို့ ဓါးမြှောင်တစ်လက်စိုက်ဝင်နေသည်။

ဂရေဂရီသည် ဓါးပစ်သူ မည်သူမှန်း ချက်ချင်းသိလိုက်သည်။ နောက်ဆုံးအချိန်ထိ အညိုးကြီးမား သွေးဆာနေသော ကိုရှေ့ပင်။ ဝဲလ်စ်ကို ရည်ရွယ် ပစ်ပေါက်လိုက်ပုံရသည်။ မီလ်လီသည် ရှိုက်သံတစ်ချက်ဖြင့် ဝဲလ်စ်၏ ပခုံးပေါ် မျက်နှာအပ်သွားသည်။ ဝဲလ်စ်သည် မီလ်လီ၏ ပခုံးထဲ စိုက်ဝင်နေသည့် ဓါးကို ဆွဲထုတ်၍ ဒဏ်ရာကို ဖိသိပ်လိုက်သည်။ ဝဲလ်စ်သည် သူ၏ မျက်လုံးများကို ကိုရှေ့ကို အရှင်လတ်လတ် အရေခွံနွှာလိုစိတ် ဝင်းဝင်းတောက်သွားသည်။ သို့သော် မီလ်လီကို ပွေ့ထားရသောကြောင့် မလှုပ်သာချေ။

နယ်မြေရဲမှူးက သွက်လက်စွာ လှုပ်ရှားလိုက်သည်။ သူ၏ နံပါတ်တုတ် တရမ်းရမ်းဖြင့် ခြုံပုတ်ထဲ ပြေးဝင်သွားသည်။ ကိုရှေ့

၏ မျက်နှာကို ဖြတ်ရိုက်လိုက်သည်။ ကိုရှော့ ညီးသံတစ်ချက်ပြုပြီး ခွေကျသွားသည်။ ဆာပလ်လီနော့နှင့် မောရိုးဖတ်က ဝိုင်းကူရန်ပြေးသွားသည်။

မီလ်လီ ဝါးထိ၍ စိတ်မကောင်းဖြစ်မိသော ဂရေဂရီသည် ရုတ်ချည်းပင် သူ့အခွင့်အရေးကို မြင်လိုက်သည်။ သူ၏ အနားတွင်ရပ် နေသော ဆာဗီနီကို လျှင်မြန်စွာ ပြောလိုက်သည်။

'လေယာဉ်ပေါ်တက်'

ဆာဗီနီသည် လေယာဉ်ဆီသို့ တစ်ချိုးတည်း လှည့်ပြေးခဲ့သည်။ ထပ်ချင်မကွာ လိုက်လာသော ဂရေဂရီသည် လေယာဉ်ပေါ်ခုန်တက်၍ စက်နှိုးလိုက်သည်။ သူ့နောက်မှ ပြေးလိုက်လာသော ရဒ်က လေယာဉ်တံခါးကို တွန်းပိတ်လိုက်သည်။

ဝဲလ်စ်သည် သူတို့ကို မျက်နှာပြုနေသော်လည်း မီလ်လီကို တွဲထား၏။ ဤကိစ္စတွင် ဝင်မပတ်သက်မှုအတွက် ခိုင်လုံသော အကြောင်းပြချက်ရှိကြောင်း ချက်ချင်း သဘောပေါက်လိုက်သည်။

မောရိုးဖတ်သည် တဒင်္ဂအတွင်းမှာပင် အဖြစ်အပျက်ကို ရိပ်မိလိုက်သည်။ ချုံပုတ်များဆီသို့ ဦးတည်နေရာမှ လေယာဉ်ပျံဆီသို့ ချာခနဲ လှည့်လိုက်သည်။

ထိုအချိန်မှာပင် ဆာပလ်လီနော့သည် အခြေအနေကို ရိပ်မိလိုက်သည်။

သူသည် မောရိုးဖတ်၏ ကုတ်အင်္ကျီစကို ဆွဲလိုက်သည်။

'တကယ့်အောင်ပွဲကြီးပဲဗျာ.... ခင်ဗျားကို လှိုက်လှိုက်လှဲလှဲ ချီးကျူးပါတယ်'

'ဟာ..... ကျုပ်ကို လွှတ်စမ်းပါ'



မောရိုးဖတ်က ဒေါသတကြီး အော်လိုက်သည်။ သို့သော် သူ၏ အော်ဟစ်သံကို လေယာဉ်စက်သံက ဖုံးလွှမ်းသွားသည်။

'ခင်ဗျား ကျုပ်နဲ့ နေ့လယ်စာ စားရမယ်၊ ခင်ဗျားကို ပြည်ထဲရေးဝန်ကြီးနဲ့ တွေ့ပေးမယ်'

ဆာပလ်လီနော့က လေယာဉ်စက်သံကျော်အောင် အော်ဟစ်လိုက်သည်။

မောရိုးဖတ်သည် ဆာပလ်လီနော့ကို တွန်းထုတ်ရန် ကြိုးစားလိုက်သည်။ သို့သော် ဆာပလ်လီနော့သည် အရှုယ်နှင့်မလိုက်အောင် အားသန်နေပုံရသည်။

'ဘုရင်မင်းမြတ်ကို လျှောက်ရမယ်၊ ဘုရင်မင်းမြတ်က ခင်ဗျားကို ဆုတံဆိပ် တစ်ခုခု ချီးမြှင့်မှာ သေချာတယ်'

ဆာပလ်လီနော့သည် အတင်းရုန်းကန်နေသော မောရိုးဖတ်၏ နားနားကပ်၍ အော်ပြောလိုက်သည်။

'ကျုပ်ကို လွှတ်ဗျာ... လွှတ်.... မလွှတ်ရင် ဝတ္တုရား နှောင့်ယှက်မှုနဲ့ ဖမ်းချုပ်ပစ်မယ်'

မောရိုးဖတ် မျက်နှာမှာ ဒေါသဖြင့် နီတွတ်နေသည်။

'ဘာလဲ.... ဘာပြောတာလဲ မကြားလိုက်ဘူး'

ဆာပလ်လီနော့က တုံ့ပြန်လိုက်သည်။

လေယာဉ်ပျံသည် ရှေ့သို့ တဟုန်ထိုး ပြေးသွားသည်။ လေယာဉ်ပျံကို လှမ်းကြည့်နေသူပေါင်း တစ်ရာလောက်ရှိသည်။ သို့သော် လေယာဉ်ပျံကို ဖမ်းတားရန် ကြိုးစားသည့်အထိ မည်သူမျှ မမိုက်ကန်းခဲ့ချေ။ လေယာဉ်ပျံသည် လေစုန်ကို မျက်နှာပြုလိုက်သည်။ ကြွတက်သွားသည်။ တစ်ချက် ခုန်သွားသည်။ ထို့နောက်

ရဲများနှင့် အချုပ်သားများ ခေါင်းထက်မှ ကပ်၍ ပျံသန်းသွားသည်။

ဆာပလ်လီနော့ သည် အသဲအသန် ရုန်းကန်နေသော မောရိုးဖတ် ကို ဆွဲထားရင်း အော်ပြောလိုက်သည်။

'နောက်အပတ်..... ပြည်ထဲရေးဝန်ကြီး ဘယ်နေ့အားမယ်ဆိုတာ ကျုပ် စုံစမ်းလိမ့်မယ်၊ နေ့လယ်စာ စားကြတာပေါ့၊ ခင်ဗျား ဝဲလ်စ်ကိုပါ ခေါ်လာရမယ်၊ ဝဲလ်စ်က အတော်တော်တဲ့ ချာတိတ်ပဲ၊ ဆောလပ်စ်လည်း လာမှာပေါ့၊ သူ အင်္ဂလန်မှာ ရှိနေရင်'

ထွက်ခွာသွားသော လေယာဉ်ပျံကို လက်ဝှေ့ယမ်းနှုတ်ဆက်နေသော ရဒ်၏ မျက်နှာပေါ်မှ အပြုံးသည် နားရွက်တစ်ဖက်မှ တစ်ဖက်သို့ ချိတ်နေသည်။ လေယာဉ်ပျံသည် အိမ်ခေါင်မိုးပေါ်မှ ဖြတ်ကျော်ပျံသန်းသွားသည်။ မီးခိုးခေါင်းတိုင်ထက် ၁၂ ပေမျှသာ လွတ်သည်။ အောက်တွင် ကုန်းမြေ တစ်မိုင်မျှ တွေ့ရသည်။ ထို့နောက် ပင်လယ်ပြင်ကြီးသာ။

ဂရေဂရီသည် ဆာဗီနီ၏ လက်ကို အသာဆုပ်လိုက်သည်။

'တို့ ဒီကနေ ဘယ်သွားမလဲ လေယာဉ်မှာ ဆီအပြည့်ပါတာတော့ သေချာတယ်'

'သွားချင်ရာ သွားပါရှင်'

ဆာဗီနီက ဂရေဂရီ၏ ပခုံးကို ခေါင်းမှီရင်း ဆက်ပြောလိုက်သည်။

'ပြီးခဲ့တဲ့ တစ်ပတ်လုံး အင်မတန် ဆိုးဝါးခြောက်ခြား ထူးဆန်းတဲ့ စွန့်စားခန်းထဲ ခြာခြာလည်ခဲ့ရတယ်၊ ကံကောင်းလို့ လွတ်လာတာ၊ နိဂုံးချုပ်သွားလို့ တော်ပါသေးရဲ့။

ဂရေဂရီက သူမစကားကို ရယ်မောလိုက်သည်။



'နိဂုံးချုပ်သွားပြီဆိုတာ မင်း မှားတာပဲ၊ တို့ရဲ့ တကယ့်စွန့်စားခန်းက အခုမှ အစပျိုးတုန်းရှိသေးတယ်'

ဂရေဂရီသည် ကြီးမားကျယ်ပြန့်သော ရေပြင်ကြီးကို ဖြတ်ကျော် ပျံသန်းရင်း ရွှင်မြူးစွာ ပြောလိုက်သည်။

❖ ❖ ✳ ❖ ❖

ပြီး ပါ ပြီ

**နေမင်းရာဇာ**